မြတ်ဗုဒ္ဓ၏အဘိဓမ္မာဒေသနာတော်ကို
လွယ်ကူစွာသိရှိနိုင်စေသော

# သင်္ဂြိုဟ်ကိုးပိုင်း

# သင်တန်းလေ့လာချက်များ

## ဒုတိယတွဲ

[ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်း၊ ရုပ်ပိုင်း]

မခင်နွဲ့ဟန်ကြည်

သာသနာ-၂၅၄၅ ကောဇာ-၁၃၆၃ ခရစ်-၂၀၀၂

၂၅၃၇၉

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်ကို

လွယ်ကူစွာသိရှိနိုင်စေသော

သင်္ဂြိုဟ်ကိုးပိုင်း

# သင်တန်းလေ့လာချက်များ

ဒုတိယတွဲ

[ ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်း၊ ရုပ်ပိုင်း ]

မခင်နွဲ့ဟန်ကြည်

သာသနာ-၂၅၄၅ ကောဇာ-၁၃၆၄ ခရစ်-၂၀၀၂

ပထမအကြိမ် - ၂၀၀၂ ခု
အုပ်ရေ - ၁၀၀၀

၂၅၃၇၉

**ထုတ်ဝေသူ**
ဦးထွန်းမြအောင်(ယာယီမှတ်ပုံတင်အမှတ် ၅၄၉)
ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန၊ ကမ္ဘာအေး၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဒေါက်တာဒေါ်အေးအေးမြင့်(၀၃၉၉၉)၊ မြစ်မခအော့ဖဆက်
အမှတ် ၁၁၂၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

# သဂြိုဟ်ကိုးပိုင်းသင်တန်းလေ့လာချက်များ

## ဒုတိယတွဲ

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဝီထိပိုင်း | |


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဝတ္ထုဆက္က | ၁ |
| ၂။ | ဒွါရဆက္က | ၂ |
| ၃။ | ဝီထိဆက္က | ၃ |
| ၄။ | ဝိသယပ္ပဝတ္တိဆက္က | ၄ |
| ၅။ | အတိမဟန္တာရုံ | ၅ |
| ၆။ | အဝိဘူတာရုံ | ၆ |
| ၇။ | ပဉ္စဒွါရဝိသယပ္ပဝတ္တိ | ၇ |
| ၈။ | မနောဒွါရဝိသယပ္ပဝတ္တိ | ၈ |
| ၉။ | ဝီထိစိတ်အစဉ်ဖြစ်ပုံ | ၉ |
| ၁၀။ | သဟာဓာတကမ္မ | ၁၃ |
| ၁၁။ | နာနာက္ခဏိကကမ္မ | ၁၄ |
| ၁၂။ | ဟာဒယဝတ္ထုရွေးခြင်း | ၁၇ |
| ၁၃။ | ဒွါရ | ၁၈ |
| ၁၄။ | ဝိသယပ္ပဝတ္တိ | ၁၉ |
| ၁၅။ | စက္ခုဒွါရဝီထိ-၁၅ | ၂၀ |
| ၁၆။ | အတိမဟန္တာရုံဝီထိ | ၂၂ |
| ၁၇။ | ပထမမဟန္တာရုံဝီထိ | ၂၃ |
| ၁၈။ | ပထမပရိတ္တာရုံဝီထိ | ၂၄ |
| ၁၉။ | ပထမအတိပရိတ္တာရုံဝီထိ | ၂၅ |

၂၀။ သောတဒွါရဝီထိ ၂၆
၂၁။ မနောဒွါရဝီထိ ၂၇
၂၂။ အဝိဘူတာရုံဝီထိ ၂၈
၂၃။ ကိုယ်တွေ့ဝီထိကျပုံ ၂၉
၂၄။ အတ္တဂ္ဂါဟဝီထိ ၃၀
၂၅။ ဈာနဝီထိ ၃၂
၂၆။ မဂ္ဂဝီထိ ၃၅
၂၇။ တိ[illegible]ပုဂ္ဂိုလ်နှင့် မနု[illegible]လ် ၃၆
၂၈။ သကဒါဂါမိမဂ် ပုဂ္ဂိုလ် ၃၇
၂၉။ အရဟတ္တမဂ် ပုဂ္ဂိုလ် ၃၈
၃၀။ ဈာနဝီထိ၊ မဂ္ဂဝီထိတွင် ပါဝင်သော ဇောများ ၃၉
၃၁။ ပုဂ္ဂလဘေဒ ၄၂
၃၂။ ပုဂ္ဂိုလ် (၁၂) ယောက် ၄၃
၃၃။ ပုထုဇဉ် ပုဂ္ဂိုလ် (၄) ယောက် ၄၄
၃၄။ ဖိုလ်ပုဂ္ဂိုလ် (၄) ယောက် ၄၆
၃၅။ ပုဂ္ဂိုလ် (၁၂) ယောက်နှင့် ရသောစိတ်များ ၄၆
၃၆။ ၂-သုဂတိမဟိတ် ပုဂ္ဂိုလ် ၄၇
၃၇။ ၄-တိဟိတ်ပုဂ္ဂိုလ် ၄၈
၃၈။ ၉- သောတာပတ္တိဖိုလ် ပုဂ္ဂိုလ် ၄၉
၃၉။ ၁၀-သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် ၅၀
၄၀။ ၁၂-အရဟတ္တဖိုလ်ပုဂ္ဂိုလ် ၅၁
၄၁။ ပုဂ္ဂိုလ် စိတ်ရ ၅၂
၄၂။ ပုဂ္ဂိုလ်ခွဲခြားခြင်း ၅၃
၄၃။ သေက္ခပုဂ္ဂိုလ် (၇) ယောက်တို့ ရနိုင်သော စိတ်များ ၅၄
၄၄။ တဒါရမ္မဏာနိယမ ၅၅
၄၅။ ဣဋ္ဌာရုံအဆင်း ၅၆
၄၆။ ဇောများနောက်၌ တဒါရုံကျပုံ ၅၉
၄၇။ တဒါရုံ၏ အင်္ဂါလေးချက် ၆၀

၄၈။ ဓဝနနိယမ ၆၂
၄၉။ အထက်မဂ် (၃) ပါး ၆၃
၅၀။ နိရောဓသမာပတ်အကြောင်း ၆၅
၅၁။ နိရောဓသမာပတ်ဖြင့် နေနိုင်သည့် သက်တမ်း ၆၆
၅၂။ နိရောဓသမာပတ် ဝင်စားနေသူတို့၏ လက္ခဏာ ၆၇
၅၃။ အလျဉ် (၄)မျိုး ၆၈
၅၄။ ဇောများရေတွက်ခြင်း အကျဉ်းချုပ် ၆၈
၅၅။ ဈာနသမာပတ္တိဝီထိ ၆၉
၅၆။ ဘူမိဝိဘာဂ ၇၀
၅၇။ ကာမဘုံ၌ဖြစ်သော ဝီထိစိတ် ၇၂
၅၈။ ရူပဘုံ၌ဖြစ်သော ဝီထိစိတ် ၇၃
၅၉။ အသညသတ်ဘုံ ၇၅
၆၀။ အရူပဘုံ၌ဖြစ်သော ဝီထိစိတ် ၇၆
၆၁။ အရူပဘုံအဆင့်ဆင့်နှင့် အရူပဈာန်စိတ်များ ၇၈
၆၂။ ပဿာဒချို့ယွင်းသော ပုဂ္ဂိုလ်များ ၇၉
၆၃။ ဘုံအသီးသီးတွင် ဖြစ်နိုင်သော စိတ်များ အကျဉ်းချုပ် ၈၀

## ဝီထိမုတ်ပိုင်း

၆၄။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စများ ဆောင်ရွက်သောစိတ်များ ၈၁
၆၅။ ဝီထိမုတ်ပိုင်းတွင် ပါဝင်သော အခန်းများ ၈၂
၆၆။ အပါယ်ဘုံ ၈၃
၆၇။ ငရဲဘုံ ၈၄
၆၈။ တိရစ္ဆာန်ဘုံ ၈၅
၆၉။ ကာမသုဂတိ (၇) ဘုံ ၈၆
၇၀။ လူ့ဘုံ ၈၇
၇၁။ တုသိတာနတ်ဘုံ ၈၈
၇၂။ ပရနိမ္မိတ ဝသဝတ္တီနတ်ဘုံ ၈၉
၇၃။ ဗြဟ္မာ့ဘုံ (၂၀) ၉၀

| | | |
|---|---|---|
| ၇၄။ | အရူပ (၄) ဘုံ | ၉၄ |
| ၇၅။ | နေဝသညာ နာသညာ ယတနဘုံ | ၉၅ |
| ၇၆။ | နေဝသညာန သညာယတန ဈာန် | ၉၆ |
| ၇၇။ | ပုဂ္ဂိုလ် (၁၂) ယောက် | ၉၇ |
| ၇၈။ | ဘုံအသီးသီး၌ ဖြစ်နိုင်သော ပုဂ္ဂိုလ်များ | ၉၈ |
| ၇၉။ | ပဋိသန္ဓိ စတုက္က | ၁၀၁ |
| ၈၀။ | ပဋိသန္ဓေ (၄) မျိုး | ၁၀၃ |
| ၈၁။ | ကာမပဋိသန္ဓေ (၁၀) ပါး | ၁၀၄ |
| ၈၂။ | ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်း | ၁၀၆ |
| ၈၃။ | ရူပပဋိသန္ဓေ (၆) ပါး | ၁၀၆ |
| ၈၄။ | ရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း | ၁၀၇ |
| ၈၅။ | အရူပပဋိသန္ဓေ (၄) ပါး | ၁၀၉ |
| ၈၆။ | အရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း | ၁၀၉ |
| ၈၇။ | ကမ္မစတုက္က | ၁၁၁ |
| ၈၈။ | ဇနကကံ | ၁၁၂ |
| ၈၉။ | ဥပတ္ထမ္ဘကကံ | ၁၁၃ |
| ၉၀။ | ဥပပီဠကကံ | ၁၁၃ |
| ၉၁။ | ဥပဃာတကကံ | ၁၁၄ |
| ၉၂။ | ဂရုကကံ | ၁၁၇ |
| ၉၃။ | အာသန္နကံ | ၁၁၉ |
| ၉၄။ | အာစိဏ္ဏကံ | ၁၂၀ |
| ၉၅။ | ကဋတ္တာကံ | ၁၂၁ |
| ၉၆။ | အကျိုးပေးသော အချိန်အားဖြင့် ကံလေးပါး | ၁၂၂ |
| ၉၇။ | အကျိုးပေးရာ ဌာနအားဖြင့် ကံလေးပါး | ၁၂၅ |
| ၉၈။ | အကုသိုလ်ကံ အကျိုးပေးသော ဘုံ | ၁၂၇ |
| ၉၉။ | အရူပါဝစရ ကုသိုလ်ကံ အကျိုးမပေးသော ဘုံ | ၁၂၈ |
| ၁၀၀။ | ဆောင်ရွက်ပုံအားဖြင့် ကံလေးပါး | ၁၂၈ |
| ၁၀၁။ | ကာမအကုသိုလ်ကံ၊ ကုသိုလ်ကံ | ၁၂၉ |
| ၁၀၂။ | ကာယကံ၊ ဝစီကံ၊ မနောကံ | ၁၃၀ |

၁၀၃။ ကာယဒွါရ စရိုက် (၃) ပါး ၁၃၀
၁၀၄။ ဝစီဒွါရ စရိုက် (၄) ပါး ၁၃၁
၁၀၅။ မနောဒွါရ စရိုက် (၃) ပါး ၁၃၃
၁၀၆။ ဒွါရ စရိုက် (၁၀) ပါးကို တရားကိုယ် ကောက်ပြခြင်း၊
ဟိတ်တရားနှင့် ယှဉ်တွဲပြခြင်း ၁၃၄
၁၀၇။ ဒွါရစရိုက်ကံ (၁၀) ပါးကို အကုသိုလ်စိတ် (၁၂) ပါးနှင့်
နှိုင်းယှဉ်၍ ပြခြင်း ၁၃၇
၁၀၈။ စေတနာစေတသိက် ၁၃၉
၁၀၉။ ကာမကုသိုလ်ကံ (၃) ပါး ၁၄၀
၁၁၀။ ဒါန၊ သီလ၊ ဘာဝနာ ၁၄၂
၁၁၁။ ပုညကြိယာ ဝတ္ထု (၁၀) ပါး ၁၄၅
၁၁၂။ ကာမာဝစရကံ (၂၀) ၁၄၆
၁၁၃။ ရူပကုသိုလ်ကံ (၅) ပါး ၁၄၇
၁၁၄။ အရူပကုသိုလ်ကံ (၄) ပါး ၁၄၇
၁၁၅။ ကာမကံ၏ အကျိုးပေးရာဘုံ ၁၄၈
၁၁၆။ တိဟိတ် ဥက္ကဋ္ဌစသည်ကွဲပြားခြင်း ၁၅၀
၁၁၇။ ရူပကံ၏ အကျိုးပေးရာဘုံ ၁၅၆
၁၁၈။ အရူပကံ၏ အကျိုးပေးရာဘုံ ၁၅၈
၁၁၉။ သေခြင်း (၄) မျိုး ၁၅၉
၁၂၀။ စုတေခါနီး ကာလနိမိတ် အစဉ်ဖြစ်ပုံ ၁၆၂
၁၂၁။ စုတေခါနီး ကာလစိတ် အစဉ်ဖြစ်ပုံ ၁၆၄
၁၂၂။ မရဏာသန္နဝိထိ ၁၆၅
၁၂၃။ ပဋိသန္ဓေစိတ်ဖြစ်ပုံ ၁၆၇
၁၂၄။ ကာမပဋိသန္ဓေစိတ် ၏အာရုံ ၁၆၉
၁၂၅။ ရူပပဋိသန္ဓေစိတ်၏ အာရုံ ၁၆၉
၁၂၆။ အရူပပဋိသန္ဓေစိတ်၏ အာရုံ ၁၇၀
၁၂၇။ အသညသတ် ဗြဟ္မာ ၁၇၀
၁၂၈။ စုတိစိတ်နောက် ပဋိသန္ဓေဖြစ်ပုံ ၁၇၁
၁၂၉။ သံသရာစက်လည်ပုံနှင့် သံသရာစက်ပြတ်ပုံ ၁၇၃

## ရုပ်ပိုင်း


၁၃၀။ ရူပသမုဒ္ဒေသ ၁၇၅
၁၃၁။ ပသာဒရုပ် (၅) ပါး ၁၇၆
၁၃၂။ ဂေါစရရုပ် (၇) ပါး ၁၇၆
၁၃၃။ ဘူတရုပ်(၄) ပါး ၁၇၇
၁၃၄။ ပသာဒရုပ် (၅) ပါး ၁၇၉
၁၃၅။ ဘာဝရုပ် ၁၈၁
၁၃၆။ အာဟာရရုပ် ဩဇရုပ် ၁၈၂
၁၃၇။ နိပ္ဖန္နရုပ် (၁၈) ပါး ၁၈၃
၁၃၈။ အနိပ္ဖန္နရုပ် (၁၀) ပါး ၁၈၄
၁၃၉။ ဝိကာရရုပ် ၁၈၅
၁၄၀။ လက္ခဏာရုပ် ၁၈၇
၁၄၁။ ရူပရုပ်ဖောက်ပြန်ပြောင်းလဲခြင်း (၂၈) ပါး ၁၈၈
၁၄၂။ ရူပဝိဘာဂ ၁၉၃
၁၄၃။ အဟေတုက ၁၉၄
၁၄၄။ ရုပ်နှင့်စိတ် ကွာခြားပုံ ၁၉၅
၁၄၅။ သပ္ပစ္စယ ၁၉၅
၁၄၆။ သာသဝ ၁၉၆
၁၄၇။ မည်ကဲ့သို့ စီးသွားသနည်း ၁၉၇
၁၄၈။ သင်္ခတ ၁၉၉
၁၄၉။ လောကိယ ၁၉၉
၁၅၀။ ကာမာဝစရ ၂၀၀
၁၅၁။ အနာရမ္မဏ ၂၀၁
၁၅၂။ အပ္ပဟာတဗ္ဗ ၂၀၁
၁၅၃။ ရုပ် ၂၈–ပါး၏ စွမ်းရည်များ ၂၀၃
၁၅၄။ ရုပ်ကိုဖြစ်စေသောအကြောင်း ၂၂၀
၁၅၅။ ကံ ၂၂၁
၁၅၆။ စိတ် ၂၂၄
၁၅၇။ ဈာန်ဝင်စားသူနှင့် ဖိုလ်ဝင်စားသူ၏ ခြားနားချက် ၂၂၇

၁၅၈။ မည်သည့်စိတ်က မည်သည့်ရုပ်ကို ဖြစ်စေကြောင်း ၂၂၈
၁၅၉။ စိတ္တဇရုပ်ကလာပ်နှင့် စိတ္တပစ္စယ ဥတုဇရုပ်ကလာပ် ၂၂၉
၁၆၀။ ကံကြောင့် ဖြစ်သောရုပ် –၁၈ ၂၃၀
၁၆၁။ ရုပ် (၂၈) ပါး ၂၃၁
၁၆၂။ ဘာဝရုပ် ဖြစ်ခြင်း ၂၃၂
၁၆၃။ မိန်းမဖြစ်ခြင်းအကြောင်း ၂၃၃
၁၆၄။ ယောကျာ်းဖြစ်ခြင်းအကြောင်း ၂၃၃
၁၆၅။ ကလာပ်စည်း ၂၃၃
၁၆၆။ ကမ္မဇကလာပ် (၉) စည်း ၂၃၅
၁၆၇။ စိတ္တဇကလာပ် (၆) စည်း ၂၄၇
၁၆၈။ ဥတုဇကလာပ် (၄) စည်း ၂၄၂
၁၆၉။ အာဟာရဇကလာပ် ၂၄၄
၁၇၀။ လဟုတာ ဒိကောဒသကကလာပ် ၂၄၄
၁၇၁။ ရူပပဝတ္တိက္ကမ ၂၅၀
၁၇၂။ ပဋိသန္ဓေနေခြင်း ၂၅၁
၁၇၃။ ဩပပါတိက ပဋိသန္ဓေရှင် စ၍တည်ပုံ ၂၅၂
၁၇၄။ ဂဗ္ဘသေယျက ပဋိသန္ဓေရှင် စ၍ တည်ပုံ ၂၅၃
၁၇၅။ ရုပ်၏ဖြစ်၊ တည်၊ ပျက်ပုံ ၂၅၅
၁၇၆။ ပဋိသန္ဓေနေပြီးနောက် ကလာပ် (၃) မျိုးစသည်ဖြစ်ပေါ်ပုံ ၂၅၆
၁၇၇။ ပဋိသန္ဓေနေသည်မှ စ၍ မွေးဖွားလာပုံ ၂၅၇
၁၇၈။ ကမ္မဇရုပ်နှင့် ဥတုဇရုပ် စ၍ဖြစ်ပုံ ၂၅၈
၁၇၉။ စိတ္တဇရုပ်စ၍ဖြစ်ပုံ ၂၆၀
၁၈၀။ ဥတုဇရုပ်စ၍ဖြစ်ပုံ ၂၆၁
၁၈၁။ အာဟာရဇရုပ်စ၍ဖြစ်ပုံ ၂၆၃
၁၈၂။ ရုပ် (၂၄)ပါးသည် မဟာဘုတ် (၄)ပါးပေါ်တွင် မှီတည်နေကြောင်း ၂၆၄
၁၈၃။ ဩဇာရုပ် ၂၆၅
၁၈၄။ သန္တတိညတ်နှင့် သဏ္ဍာန်ပညတ် ၂၆၆
၁၈၅။ စိတ်သက်နှင့် ရုပ်သက် ၂၆၈

# ဝိထိပိုင်း

## ဆ ဆက္က

ဆ ဆက္က = ၆ × ၆ (၆ × ၆ လီ)
= ၃၆

ဆ ဆက္ကတွင်ပါဝင်သော အခန်းများ

| | | |
|---|---|---|
| ၁။ ဝတ္ထုဆက္က | .. | ၆ |
| ၂။ ဒွါရဆက္က | .. | ၆ |
| ၃။ အာရုံဆက္က | .. | ၆ |
| ၄။ ဝိညာဉ်ဆက္က | .. | ၆ |
| ၅။ ဝိထိဆက္က | .. | ၆ |
| ၆။ ဝိသယပဝတ္တိဆက္က | .. | ၆ |
| | | -------- |
| | | ၃၆-ပါး |

### ၁။ ဝတ္ထုဆက္က

ဝတ္ထု + ဆက္က

ဝတ္ထု = စိတ်စေတသိက်တို့၏နေရာ။ ဆက္က = ၆။

ဝတ္ထုဆက္က= စိတ်စေတသိက်တို့၏နေရာ (၆) မျိုး

**ဝတ္ထုဆက္က**

၁။ စက္ခုပသာဒရုပ်

၂။ သောတပသာဒရုပ်

၃။ ဃာနပသာဒရုပ်

၄။ ဇိဝှါပသာဒရုပ်

၅။ ကာယပသာဒရုပ်

၆။ ဟဒယရုပ်

## ၂။ ဒွါရဆက္က

| | | |
|---|---|---|
| ဒွါရ | + | ဆက္က |
| ဒွါရ | = | အာရုံ၏ ဝင်ရာတံခါး |
| | = | စိတ်စေတသိက်တို့၏ ထွက်ရာတံခါး |
| ဆက္က | = | ၆ |
| ဒွါရဆက္က= | | အာရုံတို့၏ဝင်ရာ၊ စိတ် စေတသိက်တို့၏ ထွက်ရာ တံခါး (၆) မျိုး |

### ဒွါရဆက္က

၁။ စက္ခုဒွါရရုပ်

၂။ သောတဒွါရရုပ်

၃။ ဃာနဒွါရရုပ်

၄။ ဇိဝှါဒွါရရုပ်

၅။ ကာယဒွါရရုပ်

၆။ ဘဝင်စိတ် (ဘဝင်ကိစ္စကိုဆောင်ရွက်သောစိတ် (၁၉) ပါး)

## ၃။ အာရုံဆက္က

| | | |
|---|---|---|
| အာရုံ | + | ဆက္က |
| အာရုံ | = | စိတ်စေတသိက်တို့၏ပျော်မွေ့စရာ၊ သိစရာ။ |
| ဆက္က | = | ၆ |
| အာရုံဆက္က= | | စိတ်စေတသိက်တို့၏သိစရာ (၆) မျိုး |

### အာရုံဆက္က

၁။ ရူပါရုံ

၂။ သဒ္ဒါရုံ

၃။ ဂန္ဓာရုံ

၄။ ရသာရုံ

၅။ ဖောဋ္ဌဗ္ဗာရုံ

၆။ ဓမ္မာရုံ

**၄။ ဝိညာဉ်ဆက္က**

| | | |
|---|---|---|
| ဝိညာဉ် | + | ဆက္က |
| ဝိညာဉ် | = | ထူးခြားသော အသိစိတ် |
| ဆက္က | = | ၆ |
| ဝိညာဉ်ဆက္က | = | ထူးခြားသော အသိစိတ် (၆)မျိုး |

**ဝိညာဉ်ဆက္က**

၁။ စက္ခုဝိညာဉ်

၂။ သောတဝိညာဉ်

၃။ ဃာနဝိညာဉ်

၄။ ဇိဝှါဝိညာဉ်

၅။ ကာယဝိညာဉ်

၆။ မနောဝိညာဉ်

**၅။ ဝိထိဆက္က**

| | | |
|---|---|---|
| ဝိထိ | + | ဆက္က |
| ဝိထိ | = | စိတ်အစဉ် |
| ဆက္က | = | ၆ |
| ဝိထိဆက္က | = | စိတ်အစဉ်ဖြစ်ပုံ (၆)မျိုး |

ဝိထိဆက္က (စိတ်အစဉ်ဖြစ်ပုံ (၆)မျိုး)တွင် စံနစ်နှစ်မျိုးရှိသည်။ တမျိုးမှာ ဒွါရဖြင့်ဝိထိ (၆)မျိုးဖြစ်၍၊ ကျန်တမျိုးမှာ ဝိညာဉ်ဖြင့် ဝိထိ (၆) မျိုးဖြစ်သည်။

**ဝိထိဆက္က**

**ဒွါရဖြင့် ဝိထိ (၆)မျိုး**

၁။ စက္ခုဒွါရဝိထိ.. မျက်စိတံခါးပေါက်က ထွက်သောစိတ်အစဉ်
၂။ သောတဒွါရဝိထိ .. နားတံခါးပေါက်က ထွက်သော စိတ်အစဉ်
၃။ ဃာနဒွါရဝိထိ .. နှာခေါင်းတံခါးပေါက်ကထွက်သောစိတ်အစဉ်
၄။ ဇိဝှါဒွါရဝိထိ .. လျှာတံခါးပေါက်က ထွက်သော စိတ်အစဉ်
၅။ ကာယဒွါရဝိထိ .. ကိုယ်တံခါးပေါက်က ထွက်သော စိတ်အစဉ်
၆။ မနောဒွါရဝိထိ .. စိတ်တံခါးပေါက်က ထွက်သော စိတ်အစဉ်

**ဝိညာဉ်ဖြင့်ဝိထိ (၆)မျိုး**

၁။ စက္ခုဝိညာဏဝိထိ .. စက္ခုဝိညာဉ်ပါဝင်သော စိတ်အစဉ်
၂။ သောတဝိညာဏဝိထိ.. သောတဝိညာဉ်ပါဝင်သောစိတ်အစဉ်
၃။ ဃာနဝိညာဏဝိထိ .. ဃာနဝိညာဉ်ပါဝင်သော စိတ်အစဉ်
၄။ ဇိဝှါဝိညာဏဝိထိ .. ဇိဝှါဝိညာဉ်ပါဝင်သော စိတ်အစဉ်
၅။ ကာယဝိညာဏဝိထိ .. ကာယဝိညာဉ်ပါဝင်သော စိတ်အစဉ်
၆။ မနောဝိညာဏဝိထိ .. မနောဝိညာဉ်သာပါဝင်သော စိတ်အစဉ်

**၆။ ဝိသယပဝတ္တိဆက္က**

ဝိသယ + ပဝတ္တိ + ဆက္က
ဝိသယ = အာရုံ
ပဝတ္တိ = ဖြစ်ပုံ

**ဝိသယပဝတ္တိ** = (၁) အာရုံများက ဒွါရများ၌ လာ၍ ထင်ပုံ၊ ဖြစ်ပုံ အဆင်းက မျက်စိ၌လာ၍ ထင်ခြင်း၊ အသံက နား၌ လာ၍ထင်ခြင်း စသည်ဖြစ်၏။

(၂) စိတ်စေတသိက်များက အာရုံများ၌ ပြန်၍သိပုံ၊ ဖြစ်ပုံ၊ အဆင်းအာရုံက မျက်စိတွင်လာ၍ ထင်ရာ၌ စိတ်ကပြန်၍ အဆင်းကိုသိခြင်း၊ အသံ အာရုံက နားတွင် လာ၍ထင်ရာ၌ စိတ်က ပြန်၍ အသံကိုသိခြင်း စသည်ဖြစ်၏။

ဆက္က = ၆
ဝိသယပဝတ္တိဆက္က= (၁) အာရုံများက ဒွါရများ၌လာ၍ ထင်ပုံ၊
ဖြစ်ပုံ (၆)မျိုး
(၂) စိတ် စေတသိက်များက အာရုံများ၌
ပြန်၍ သိပုံ၊ ဖြစ်ပုံ (၆)မျိုး။

**ဝိသယပဝတ္တိဆက္က**

၁။ အတိမဟန္တာရုံ
၂။ မဟန္တာရုံ ပဉ္စဒွါရ အတွက်
၃။ ပရိတ္တာရုံ
၄။ အတိပရိတ္တာရုံ
၅။ ဝိဘူတာရုံ
မနောဒွါရ အတွက်
၆။ အဝိဘူတာရုံ

**အတိမဟန္တာရုံ** .. အလွန်ကြီးသော အာရုံ
အရာဝတ္ထု၏ အကြီးအသေးကို လိုက်၍ လည်းကောင်း၊ အနီး အဝေးကို လိုက်၍ လည်းကောင်း၊ အာရုံ၏အား အပြင်း၊ အပျော့ကို လိုက်၍ လည်းကောင်း၊ အလွန် ထင်ရှားသော အာရုံ။

**မဟန္တာရုံ** .. ကြီးသော အာရုံ
အရာဝတ္ထု၏ အကြီးအသေးကို လိုက်၍ လည်းကောင်း၊ အနီးအဝေးကို လိုက်၍ လည်းကောင်း၊ အာရုံ၏ အား အပြင်း၊ အပျော့ကို လိုက်၍ လည်းကောင်း၊ ထင်ရှားသော အာရုံ။

**ပရိတ္တာရုံ** .. သေးသောအာရုံ
အရာဝတ္ထု၏အကြီးအသေးကို လိုက်၍လည်းကောင်း၊

အနီးအဝေးကို လိုက်၍ လည်းကောင်း၊ အာရုံ၏ အားအပြင်း၊ အပျော့ကို လိုက်၍ လည်းကောင်း၊ မထင်ရှားသော အာရုံ။

**အတိပရိတ္တာရုံ** .. အလွန်သေးသောအာရုံ
အရာဝတ္ထု၏ အကြီးအသေးကို လိုက်၍ လည်းကောင်း၊ အနီးအဝေးကို လိုက်၍ လည်းကောင်း၊ အာရုံ၏ အားအပြင်း၊ အပျော့ကို လိုက်၍ လည်း ကောင်း၊ အလွန်မထင်ရှားသောအာရုံ။

**ဝိဘူတာရုံ** .. ထင်ရှားသောအာရုံ

**အဝိဘူတာရုံ** .. မထင်ရှားသောအာရုံ

အတိမဟန္တ၊ မဟန္တ၊ ပရိတ္တ၊ အတိပရိတ္တ (၄)မျိုးတို့သည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသည့် အာရုံ (၅)မျိုးနှင့်သာ သက်ဆိုင်သည်။ ဝိဘူတာရုံ အဝိဘူတာရုံ နှစ်မျိုးသည်ကား မနော (စိတ်)နှင့်သာ သက်ဆိုင်သည်။

အရာဝတ္ထုတစ်ခုကို မြင်ရာတွင် အကြီးအသေး၊ အနီးအဝေး ရှိသည်။ အဆင်းကြီးကြီးကို ထင်ရှားစွာ မြင်လျှင် အတိမဟန္တာရုံ ဖြစ်၍၊ အဆင်းတော်ရုံကြီးလျှင် မဟန္တာရုံ၊ အဆင်းသေးလျှင် ပရိတ္တာရုံ၊ အဆင်း အလွန်သေးလျှင် အတိပရိတ္တာရုံ ဖြစ်သည်။

ထိုသို့ပင် အနံ့တစ်ခုကို ရရာ၌ စူးဝါးသော အနံ့ဖြစ်လျှင် အတိမဟန္တာဖြစ်၍၊ အနည်းငယ် စူးသော အနံ့ဖြစ်လျှင် မဟန္တာ၊ အလောတော်ရုံ အနံ့ဖြစ်လျှင် ပရိတ္တာ၊ အနံ့ဖြစ်ရုံမျှဖြစ်လျှင် အတိပရိတ္တာဖြစ်သည်။

အနီးအဝေးတွင် အဆင်း၊ အသံသာရှိသည်။ အသံကျယ်လျှင် တိုးလျှင် အကြီးအသေး ကဏ္ဍထဲမှာပါ၏။ နောက်မှ အနီးအဝေးကို ဆင်ခြင်ရမည်။ ဝမ်းဗိုက်ထဲမှ အသံများသည် အတိပရိတ္တာရုံဖြစ်သည်။ လွယ်ကူစွာ မကြားနိုင်ပေ။

ဝိထိပိုင်း

## ပဥ္စဒွါရဝိသယပ္ပဝတ္တိ

○ ○○ ○○○ ∘∘∘ ∘∘∘...

အတိမဟန္တ မဟန္တ ပရိတ္တ အတိပရိတ္တ

အရာဝတ္ထုတစ်ခုကို မျက်စိနှင့်မြင်ရာတွင် အနီးဆုံးမှ အဝေးဆုံးအထိ အဆင့်အတန်း ကြီးအသေး (၁၅) မျိုးရှိသည်။ အရာဝတ္ထုသည် အနီးဆုံးတွင် အကြီးဆုံး ဖြစ်သည်။ ယင်းကို အတိမဟန္တဟု ခေါ်သည်။ အနည်းငယ် ဝေးသွားလျှင် အကြီးကား ကြီးသေး၏၊ အကြီးဆုံးကား မဟုတ်တော့ပြီ။ နှစ်ဆင့်ထား၍ ပဌမ မဟန္တ၊ ဒုတိယ မဟန္တဟုခေါ်သည်။ ထိုထက် အနည်းငယ် ဝေးသွားပြန်လျှင် သေးငယ်သွားသည်။ ယင်းကို ခြောက်ဆင့်ထား၍၊ ပဌမမှ ဆဋ္ဌအထိ ပရိတ္တဟု ခေါ်သည်။ ထိုထက်ပိုပြီး ဝေးသွားပြန်လျှင် အသေးဆုံး ဖြစ်သွားသည်။ ယင်းကို ခြောက်ဆင့်ထား၍ ပဌမမှ ဆဋ္ဌအထိ အတိပရိတ္တဟု ခေါ်သည်။

ထိုထက်ပို၍ ဝေးမှုကား မျက်စိနှင့် အဆက်အသွယ် ပြတ်၍ ကွယ်ပျောက်သွားတော့သည်။ ကွယ်ပျောက် သွားသော အရာဝတ္ထုကို ရေတွက်ခြင်း မပြုရတော့ပေ။ ရေတွက်ရန်လည်း မမြင်နိုင်တော့ပေ။

အထက်ပါနည်းအားဖြင့် စက္ခုပသာဒ၌ ရူပါရုံ ထင်ပုံသည် အတိမဟန္တ အမျိုးအစား (၁) မျိုး၊ မဟန္တအမျိုးအစား (၂) မျိုး၊ ပရိတ္တအမျိုးအစား (၆)မျိုး၊ အတိပရိတ္တအမျိုးအစား (၆)မျိုး၊ ပေါင်း (၁၅)မျိုးရှိသည်။

ထို့အတူပင် သောတပသာဒ၌ သဒ္ဒါရုံထင်ပုံ (၁၅)မျိုး၊ ဃာနပသာဒ၌ ဂန္ဓာရုံထင်ပုံ (၁၅)မျိုး၊ ဇိဝှါပသာဒ၌ ရသာရုံထင်ပုံ (၁၅)မျိုး၊ ကာယပသာဒ၌ ဖောဋ္ဌဗ္ဗာရုံထင်ပုံ (၁၅)မျိုး၊ အားဖြင့် ပသာဒငါးပါး၌ အာရုံငါးပါး ထင်ပုံကို အသေးစိတ် ပေါင်းကြည့်လျှင် (၇၅) မျိုးဖြစ်သည်။

မှတ်ချက်။ ။ စက္ခု သောတနှစ်မျိုး၌ အာရုံထင်ပုံမှာ အကြီးအသေး၊ အနီး အဝေး နှစ်မျိုးလုံးနှင့် သက်ဆိုင်သည်။ ဃာန၊ ဇိဝှါ၊ ကာယ ၌ အာရုံထင်ပုံမှာ အကြီးအသေး တမျိုးတည်းနှင့်သာ သက်ဆိုင်သည်။

## မနောဒွါရဝိသယပ္ပဝတ္တိ

ပဉ္စဒွါရဝိသယပ္ပဝတ္တိသည် လက်ငင်း ဆောင်ရွက် သိရှိသည်ဖြစ်၏။ မနောဒွါရဝိသယပ္ပဝတ္တိသည်ကား စိတ်နှင့် တွေးထင်ရသည်ဖြစ်၏။ မနောဒွါရဝိသယပ္ပဝတ္တိတွင် ဝိဘူတာရုံ (ထင်ရှားသောအာရုံ)နှင့် အဝိဘူတာရုံ (မထင်ရှားသောအာရုံ) နှစ်မျိုး ပါဝင်သည်။ ထင်ရှားသော အာရုံတွင် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူ၍ ဝိဘူတာရုံ (၆)ပါး၊ မထင်ရှားသောအာရုံတွင်လည်း ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူ၍ အဝိဘူတာရုံ (၆)ပါးရှိသည်။

မိမိ၏ စိတ်ထဲတွင် ထင်ထင်ရှားရှား ပေါ်လာသော အာရုံသည် ထင်ရှားသော ဝိဘူတာရုံဖြစ်သည်။ စိတ်ထဲတွင် မထင်မရှား ရေးရေးမျှသာ ပေါ်လာလျှင် မထင်ရှားသော အဝိဘူတာရုံဖြစ်သည်။ စိတ်ထဲတွင် လုံးဝ မပေါ်လာလျှင်ကား ဝိဘူတာရုံနှင့် အဝိဘူတာရုံများ မဟုတ်တော့ပေ။ ရူပါရုံမှ ဓမ္မာရုံထိ အာရုံ (၆)မျိုးကို စိတ်နှင့်စဉ်းစားသော်၊ ထင်ရှားစွာ ဖြစ်ပေါ်က ဝိဘူတာရုံဖြစ်၏။ မထင်မရှား ရေးရေးသာပေါ်က အဝိဘူတာရုံဖြစ်သည်။

ပြီးခဲ့သော အတိတ်ဘဝကိုလည်းကောင်း၊ ငယ်စဉ်က အဖြစ်အပျက်များကိုလည်းကောင်း၊ ပြန်၍ စဉ်းစား တွေးတောသော် မှန်ကန်စွာ ပေါ်သည်ဖြစ်စေ၊ မှားယွင်းစွာ ပေါ်သည်ဖြစ်စေ၊ ထင်ရှားစွာ ပေါ်လာပါက ဝိဘူတာရုံဖြစ်၏။ မထင်မရှား ပေါ်ပါက အဝိဘူတာရုံဖြစ်သည်။

အနာဂတ် အာရုံများကို တွေးတောရာတွင်လည်း ထင်ရှားသော အာရုံဖြစ်ပေါ်လျှင် ဝိဘူတာရုံဖြစ်၍၊ မထင်ရှားသော အာရုံဖြစ်ပေါ်လျှင် အဝိဘူတာရုံဖြစ်သည်။

အဘိညာဉ်ရပြီးသော ပုဂ္ဂိုလ်သည်ကား ပြီးခဲ့သော ဘဝဟောင်းကို မြင်ရာတွင် ထင်ရှားသော ဝိဘူတာရုံသာ ဖြစ်သည်။

လူတစ်ဦးတစ်ယောက်ကို တွေးတော သတိရရာတွင် ထိုသူ၏ ရုပ်ဆင်းအင်္ဂါ၊ အသားရောင်သည် ရူပါရုံဖြစ်၍၊ ကိုယ်လုံးကိုယ်ထည်၊ နေပုံထိုင်ပုံသည် ဓမ္မာရုံဖြစ်သည်။

ထမင်းစားသည်ကို တွေးတောရာတွင် ထမင်း၏အရသာသည် ရသာရုံ ဖြစ်၍ ထမင်း၏ အနေအထား၊ ပုံပန်းသည် ဓမ္မာရုံဖြစ်၏။ ငယ်စဉ်က ဆရာ ရိုက်ခြင်း ခံရသည်ကို တွေးတောမိလျှင် ဆရာရိုက်သည်ကို ခံရခြင်းသည် ဖောဋ္ဌဗ္ဗာရုံ၊ ဆရာ၏ရုပ်ဆင်းအင်္ဂါသည် ရူပါရုံ၊ ဆရာ၏ပုံပန်း ကိုယ်ဟန် လက်ဟန်သည် ဓမ္မာရုံဖြစ်သည်။ ထိုသို့သော ဖောဋ္ဌဗ္ဗာရုံ၊ ရူပါရုံ၊ ဓမ္မာရုံ စသည်တို့သည် ထင်ရှားစွာ ပေါ်လာလျှင် ဝိဘူတာရုံဖြစ်၏။ မထင်မရှား ပေါ်လာလျှင် အဝိဘူတာရုံဖြစ်သည်။

နိဗ္ဗာန်သည် ဓမ္မာရုံဖြစ်၏။ နိဗ္ဗာန်ကို ထင်ရှားသော ဝိဘူတာရုံ အဖြစ်နှင့် တွေးတောလျှင် ဒုက္ခမျိုးစုံ အေးငြိမ်းသွားနိုင်သည်။ မဂ်ဖိုလ်ရသူများ၊ ရဟန္တာများသည် နိဗ္ဗာန် (ဓမ္မာရုံ)ကို တွေးတောသော် အလုံးစုံ အေးချမ်းသွား၏။ နိဗ္ဗာန်သည် မဂ်ဖိုလ် ရပြီးသူများ အတွက်၊ ရဟန္တာများ အတွက်သာလျှင် ဝိဘူတာရုံဖြစ်သည်။ မဂ်ဖိုလ်မရသေးသူ ပုထုဇဉ်တို့သည်ကား မှန်းဆတွေးတော ရသည်ဖြစ်၍ အဝိဘူတာရုံသာ ဖြစ်သည်။

## ဝိထိ-စိတ်အစဉ်ဖြစ်ပုံ




ဇယားကွက်တွင် ဖော်ပြထားသည့်အတိုင်း ရူပါရုံက ဥပါဒ်နှင့် စက္ခုပသာဒက ဥပါဒ်သည် ပြိုင်နေသည်။ ဆိုလိုသည်မှာကား မျက်လုံးထဲမှ စက္ခုဒသက ကလာပ်၊ အပြင်မှ သုဒ္ဓဋ္ဌက ကလာပ်နှစ်မျိုးတို့သည် တပြိုင်နက် ဖြစ်ပေါ်ကြသည်။ စက္ခုဒသက ကလာပ်တွင် ပါဝင်သော စက္ခုပသာဒ ရုပ်နှင့် သုဒ္ဓဋ္ဌက ကလာပ်တွင် ပါဝင်သော ရူပါရုံတို့သည် ဥပါဒ်ချင်း ပြိုင်၍ ဖြစ်ပေါ်ကြ ခြင်းဖြစ်သည်။

ထိုသို့ရူပါရုံနှင့် စက္ခုပသာဒရုပ်သည် ဥပါဒ်ချင်းပြိုင်၍ ဖြစ်ပေါ်ကြသော်လည်း၊ ရူပါရုံသည် ဖြစ်လျှင်ဖြစ်ခြင်း စက္ခုပသာဒသို့လာ၍ မထိခိုက်နိုင်သေးပေ။ စိတ်တစ်ခုစာမျှသော အချိန်နောက်ကျပြီးမှ (စိတ်တခုစာမျှသော အချိန်ကို ကျော်လွန်ပြီးမှ ) စက္ခုပသာဒသို့လာ၍ ထိခိုက်နိုင်သည်။

ရူပါရုံက စက္ခုပသာဒကို ဥပါဒ်ပြီးနောက် မထိခိုက်မီ ကျော်လွန်သွားသော အချိန်ပိုင်းကို တိုင်းတာသော စိတ်သည် ဘဝင်စိတ်ဖြစ်သည်။ လွန်သော အချိန်ပိုင်းကို တိုင်းရသောကြောင့် ထိုဘဝင်စိတ်ကို "အတီတဘဝင်" ဟု ခေါ်သည်။

ရူပါရုံက စက္ခုပသာဒသို့ ထိခိုက်သောအခါ လှုပ်ရှားသော ဘဝင်စိတ်ကို ဘဝင်္ဂစလနဟု ခေါ်သည်။ ဒုတိယအကြိမ် လှုပ်ရှားသော ဘဝင်စိတ်ကို ရပ်စဲသွားပြီ ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်သည်။

ဇယားကွက်တွင် ဖော်ပြထားသော " ဘ " သည် ဘဝင်ဖြစ်သည်။ "တီ"သည် အတီတဘဝင် ဖြစ်သည်။ "အတီတ"ဟူသည်မှာ "လွန်ခြင်း" ဟု အဓိပ္ပါယ်ရသည်။ လွန်သော အချိန်ပိုင်းကို တိုင်းသောကြောင့် အတီတ ဘဝင်ဟု ခေါ်သည်။ အာရုံသည် စိတ်တခုစာကြာသော အချိန်ပိုင်းကို လွန်မှသာ စက္ခုပသာဒသို့ ထိသည်။

"န"သည် ဘဝင်္ဂစလန ဖြစ်သည်။ ရူပါရုံက စက္ခုပသာဒကို ထိခိုက်သောကြောင့် ဘဝင်္ဂစလနဟု ခေါ်သည်။

"ဒ"သည် "ဘဝင်္ဂုပစ္ဆေဒ"ဖြစ်သည်။ ဘဝင်္ဂုပစ္ဆေဒ ဆိုသည်မှာ ပြတ်သော ဘဝင်ဖြစ်သည်။ ရူပါရုံက စက္ခုပသာဒကို ထိခိုက်၍ လှုပ်ရှားရာတွင် လှုပ်ရှား လွန်းအားကြီးသောကြောင့် ပြတ်သွားသည်။ ဘဝင်စိတ်တို့၏ အစဉ်အလာ သည် ကံကိုသာပြန်၍သိ၏။ ဘဝင်္ဂုပစ္ဆေဒတွင်ကား ကံကိုပြန်၍ သိသောစိတ် အစဉ်သည် ပြတ်သွား ရပ်သွားတော့သည်။

"ပ"သည် ပဉ္စဒွါရာဝဇ္ဇန်းဖြစ်သည်။ ငါးခုသော တံခါးပေါက်မှ လှည့်၍ ဆင်ခြင်သော စိတ်ဖြစ်သည်။ ထိုပဉ္စဒွါရာ ဝဇ္ဇန်းစိတ်တွင် တဘက်သို့ မလှည့်တော့မူ၍၊ ရူပါရုံသို့သာ လှည့်၍ ဆင်ခြင်တော့သည်။

"စ"သည် စက္ခုဝိညာဉ်စိတ် ဖြစ်သည်။ ရူပါရုံကို မြင်သည့်အလုပ် (ဒဿနကိစ္စ)ကို လုပ်သောစိတ်ဖြစ်သည်။ စက္ခုဒွါရ ဝီထိဖြစ်လျှင် စက္ခုဝိညာဉ်

ပါဝင်၍ သောတဒွါရဝီထိဖြစ်လျှင် သောတဝိညာဉ်ပါဝင်သည်။ ဃာနဒွါရဝီထိ ဖြစ်လျှင် ဃာနဝိညာဉ် စသဖြင့် ဒွါရနှင့် သက်ဆိုင်ရာ ဝိညာဉ်ပါဝင်သည်။

"သံ"သည် သမ္ပဋိစ္ဆန်းစိတ်ဖြစ်သည်။ လက်ခံသော လုပ်ငန်းကို ဆောင်ရွက်သည်။ စက္ခုဒွါရဝီထိတွင် ရူပါရုံကို လက်ခံသည်။

"ဏ"သည် သန္တီရဏစိတ်ဖြစ်သည်။ စုံစမ်းစစ်ဆေးသော လုပ်ငန်းကို ဆောင်ရွက်သည်။ စက္ခုဒွါရဝီထိတွင် ရူပါရုံကို စုံစမ်းစစ်ဆေးသည်။

"ဝု"သည် ဝုဋ္ဌောဖြစ်သည်။ ဆုံးဖြတ်သော လုပ်ငန်းကို ဆောင်ရွက်သည်။ ဝုဋ္ဌောသည် တခါတရံ မှားယွင်းသော ဆုံးဖြတ်မှုကိုလည်း ပေးတတ်သည်။ ရူပါရုံက ကောင်းသော်လည်း မကောင်းဘူးဟူ၍လည်းကောင်း၊ ရူပါရုံ မကောင်းသော်လည်း ကောင်းသည်ဟူ၍ လည်းကောင်း ဆုံးဖြတ်ပေးတတ်သည်။

"ဇ"သည် ဇောဖြစ်သည်။ ဝုဋ္ဌော၏ ဆုံးဖြတ်ချက်အရ ဇော(၇)ကြိမ်က အဟုန်ပြင်းစွာ၊ လျှင်မြန်စွာ၊ ထက်သန်စွာ အာရုံ၏ အရသာကို ခံစားခြင်းအားဖြင့် အလုပ်လုပ်သည်။

ဝီထိစဉ် (၁)ပါးတွင် ဇောသည် (၇)ကြိမ်ဆက်ကျသည်။ ဇော (၇)ကြိမ်ဆိုသည်မှာ ကာမဇော (၂၉)ပါးတွင် ပုဂ္ဂိုလ်အားလျော်စွာ တစ်ခုသော ဇောက (၇)ကြိမ် ထပ်၍ ကျခြင်းပင်ဖြစ်သည်။ ပုထုဇဉ် တစ်ယောက်က ရူပါရုံကို မြင်ရာတွင် အကုသိုလ်ဇော (၁၂)ပါး၊ မဟာကုသိုလ်ဇော (၈)ပါး၊ ပေါင်း (၂၀)နှင့် သက်ဆိုင်သည်။ သောတာပန်၊ သကဒါဂါမ်က ရူပါရုံကိုမြင်ရာတွင် ပုထုဇဉ် နှင့် သက်ဆိုင်သော ဇော (၂၀)မှ ဒိဋ္ဌိသမ္ပယုတ် (၄)ပါး၊ ဝိစိကိစ္ဆာသမ္ပယုတ် (၁)ပါး၊ ပေါင်း (၅)ပါးကြဉ်သော၊ ကျန် (၁၅)ပါးနှင့်သာ သက်ဆိုင်သည်။ အနာဂါမ်ဖြစ်လျှင် သောတာပန် နှင့် သက်ဆိုင်သော (၁၅)ပါးမှ ဒေါသမူ (၂)ပါးကြဉ်သည့် ကျန်ဇော (၁၃)ပါး နှင့်သာ သက်ဆိုင်သည်။ ရဟန္တာသည်ကား ဟသိတုပ္ပါဒ်ဇော (၁)ပါး၊ မဟာကြိယာ (၈)ပါး၊ ပေါင်း ဇော (၉)ပါးနှင့်သာ သက်ဆိုင်သည်။

"ရုံ" သည် တဒါရုံဖြစ်သည်။ ဇော၏ နောက်လိုက် ခံစားခြင်းဖြစ်သည်။ ဇော (၇)ကြိမ် ကျပြီးနောက် တဒါရုံသည် (၂)ကြိမ် ဆက်ကျသည်။ တဒါရုံ (၂)ကြိမ် ဆိုသည်မှာ တဒါရုံကိစ္စကို ဆောင်ရွက်သော စိတ် (၁၁)ပါးမှ

တစ်ပါး တစ်ပါးသော စိတ်က နှစ်ကြိမ်ထပ်၍ ဖြစ်ခြင်းကို ခေါ်သည်။ တဒါရုံသည် ဇောခံစားပြီးသော အာရုံကြွင်းကို နောက်လိုက်ခံစားခြင်း ဖြစ်သည်။

ဝီထိစိတ်အစဉ်တခုဖြစ်ပုံကို ဋီကာကျော်က အောင်ပါအတိုင်း ဥပမာ ပေးထားလေသည်။

သရက်ပင် တစ်ပင်အောက်တွင် လူတစ်ယောက်သည် ခေါင်းမြီးခြုံ၍ အိပ်ပျော်နေစဉ်၊ သရက်သီးမှည့် တစ်လုံးသည် ကြွေကျ၏။ ထိုအခါ ယင်းလူသည် လန့်နိုး၍ ခေါင်းမြီးခြုံကို ဖွင့်ကာ ကြည့်လိုက်သည်။ သရက်သီးကို တွေ့သော် လှမ်းယူ၍ မှည့်သည်၊ မမှည့်သည်ကို စုံစမ်းကာ၊ မှည့်သည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုနောက် သရက်သီးကို မြိန်ယှက်စွာ စား၏။ နောက်ဆုံးတွင် ခံတွင်းထဲမှ အကြွင်းအကျန်များကို မြို့ပြီးသော် ပြန်၍ အိပ်ပျော်သွားတော့သည်။

အာရုံ

ဘ. . . . .ဘတီ နှဒပစသံဏဝ ဇဇဇဇဇဇဇ ရုံ ရုံ ဘ

၁ ၃၄ ၅ ၆ ၇ ၈ ၉ ၁၀

စက္ခုပသာဒ

၂

ထိုဥပမာကို ဝီထိစဉ်နှင့်ဟပ်စပ်သော်

| | | |
|---|---|---|
| အိပ်ပျော်ခြင်း | .. | ဘဝင်စိတ် |
| ကြွေကျခြင်း | .. | ရူပါရုံစက္ခုပသာဒကို ထိခိုက်ခြင်း၊ |
| လန့်နိုးခြင်း | .. | ပဉ္စဒွါရာဝဇ္ဇန်းစိတ် |
| ဖွင့်ကြည့်ခြင်း | .. | စက္ခုဝိညာဉ်စိတ် |
| လှမ်းယူခြင်း | .. | သမ္ပဋိစ္ဆန်းစိတ် |
| စုံစမ်းခြင်း | .. | သန္တီရဏစိတ် |
| ဆုံးဖြတ်ခြင်း | .. | ဝုဋ္ဌော |
| မြိန်ယှက်စွာစားခြင်း | .. | ဇော |
| အကြွင်းကိုမြို့ခြင်း | .. | တဒါရုံ |
| ပြန်အိပ်ပျော်ခြင်း | .. | ဘဝင်–ဟု ယူရန်ရှိသည်။ |

အဆင်းတစ်ခုကို မြင်ရာ၌ မြင်သည်ကို သိသောစိတ် (စက္ခုဝိညာဉ်စိတ်) သည် စိတ်အစဉ်မပြတ်မလတ်မြင်သည်ဟု ယူဆရသည်။ လူနှစ်ယောက်လာရာတွင် ထိုသူနှစ်ယောက်ကို မြင်ရာ၌ တစ်ယောက်ကို မြင်ပြီးမှ ကျန်တစ်ယောက်ကို မြင်၏။ သို့သော် နှစ်ယောက်စလုံးကိုပင် ချက်ခြင်း တစ်ပြိုင်နက် မြင်သည်ဟု ထင်ရသည်။ တစ်ယောက်စီကို မြင်ရာ၌လည်း ခေါင်းကိုမြင်စဉ် အင်္ကျီကို မမြင်သေး၊ အင်္ကျီကိုမြင်စဉ် ခေါင်းကို လည်းကောင်း၊ အခြားကိုယ်အင်္ဂါအစိတ် အပိုင်းများကိုလည်းကောင်း မမြင်ပေ။ သို့သော် စိတ်ကတခါတည်းပြိုင်တူမြင်ရသည်ဟု မှတ်ထင်သည်။

လူတစ်ယောက်၏ကုသိုလ်ကံ အကုသိုလ်ကံသည် ဇောစိတ်၏ဆုံးဖြတ်ချက်အရ အဟုန်ပြင်းစွာ ဆောင်ရွက်ပြုလုပ်သော ကုသိုလ်၊ အကုသိုလ်ဇောစိတ်များ၌ ပါဝင်သည့် စေတနာ စေတသိက်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် မြတ်စွာဘုရားက "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"ဟု ဟောကြားထားသည်။ "ရဟန်းတို့ စေတနာ စေတသိက်ကို ကံဟူ၍ ငါဘုရား ဟောတော်မူ၏" ဟုတွေ့ရှိရသည်။

စေတနာစေတသိက်သည် စိတ်အားလုံးနှင့် ယှဉ်၏။ ထို့ကြောင့် စိတ်အားလုံးမှာပင် ကံရှိသည်။ ထိုကံကို သဟဇာတကမ္မဟု ခေါ်သည်။ ကုသိုလ်၊ အကုသိုလ်၊ ဇောစိတ်၌ရှိသော စေတနာစေတသိက်ကိုမူကား သဟဇာတကမ္မအပြင် နာနက္ခဏိကကမ္မဟူ၍လည်း ခေါ်သေးသည်။

**သဟဇာတကမ္မ**

သဟဇာတကမ္မ ဆိုသည်မှာ အတူဖြစ်ဘက်စိတ် စေတသိက်နှင့် စိတ္တဇရုပ်များကို အကျိုးပြုသော ကံကို ခေါ်သည်။

မနောဒွါရာဝဇ္ဇန်းကို ဝုဋ္ဌောစိတ်ဟူ၍လည်း ခေါ်သည်။ ဝုဋ္ဌောစိတ် (၁)ပါး+စေတသိက် (၁၁)ပါး၊ ပေါင်း (၁၂)ပါးတွင် စေတနာ စေတသိက်ပါသည်။ ဝုဋ္ဌောစိတ်နှင့် ဥပါဒ်ချင်းပြိုင်၍ စိတ္တဇရုပ်လည်း ဖြစ်ပေါ်လာသည်။ ဝုဋ္ဌောစိတ် (၁)ပါး၊ စေတသိက် (၁၁)ပါး +စိတ္တဇရုပ် (၁)ပါး၊ ပေါင်း (၁၃)ပါး ဟူ၍ အတူဖြစ်ဖက်စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ဖြစ်လာတော့သည်။ ထို (၁၃)ပါးတွင် စေတနာ စေတသိက်သည် မိမိ၏ စေ့ဆော်တတ်သော အလုပ်စွမ်းရည်ဖြင့် အတူဖြစ်ဖက် စိတ် စေတသိက်၊ စိတ္တဇရုပ်များကို စေ့ဆော်ခြင်းအားဖြင့် အကျိုးပြုသည်။

စေတနာ စေတသိက်နှင့် အတူဖြစ်ဖက် ဖဿ၊ ဝေဒနာ၊ သညာစသော စေတသိက်များကလည်း တွေ့ထိခြင်း၊ ခံစားခြင်း၊ မှတ်သားခြင်းစသည့် အလုပ်များကို မိမိတို့အလိုအလျောက် မလုပ်ဆောင်နိုင်ကြပေ။ စေတနာ စေတသိက်က နိုးဆော်မှသာလျှင် မိမိတို့၏ အလုပ်များကို လုပ်နိုင်ကြသည်။ အတူဖြစ်ဖက် စိတ်၊ စေတသိက်၊ စိတ္တဇ ရုပ်တို့ကို ဆိုင်ရာဆိုင်ရာ အလုပ်ကိစ္စများအား လုပ်ဆောင်ကြစေရန်၊ နိုးဆော်ပေးခြင်းကိုပင်လျှင် သဟဇာတကမ္မ စွမ်းရည်ဖြင့် ကျေးဇူးပြုသည်ဟုဆိုသည်။

**နာနက္ခဏိက ကမ္မ**

နာနက္ခဏိက ကမ္မဆိုသည်မှာ နောက်နောင် အခိုက်အတန့်များ၌ ဝိပါက်၊ စိတ်၊ စေတသိက်များနှင့် ကမ္မဇရုပ်များကို အကျိုးပြုသော ကံကို ခေါ်သည်။

ဇောစိတ်တွင် ပါဝင်သော စေတနာ စေတသိက်သည် အတူဖြစ်ဘက် စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်များကို နှိုးဆော်သောအားဖြင့် ကျေးဇူးပြုရုံမျှ မကသေး၊ နောင်သောအခါ ဝိပါက်၊ စိတ်၊ စေတသိက်များနှင့် ကမ္မဇရုပ်များကို ဖြစ်ပေါ်အောင် ထူထောင်ပေးသော အကြောင်းနှင့် အကျိုး အခိုက်အတန့်ချင်း မတူဘဲ အကျိုးပြုနိုင်သော နာနက္ခဏိက ကမ္မ စွမ်းရည်အားဖြင့်လည်း ကျေးဇူးပြုနိုင်သေးသည်။

ဥပမာ–လူတစ်ယောက်သည် သူတစ်ပါး၏ ပစ္စည်းကို လိုချင်လှ၍ စေတနာက စေ့ဆော်သောကြောင့် ခိုးယူ၏။ ခိုးယူသဖြင့် ဖမ်းမိသော် နှိပ်စက်ကြ၏။ ထိုအခါ ထိုသူ၌ ဒုက္ခကာယဝိညာဉ်စိတ် ဖြစ်ပေါ်သည်။ ဒုက္ခကာယဝိညာဉ်စိတ်သည် စေတနာကြောင့် ဖြစ်ရသည်။ ဒုက္ခကာယဝိညာဉ်စိတ်နှင့် စေတနာသည် အခိုက်အတန့်ကွာဝေးစွာ ဖြစ်သော်လည်း စေတနာက အကျိုးပြုပေးနိုင်သည်။

ရှင်မောဂ္ဂလာန်သည် မိခင်ကိုသတ်ခဲ့သည်မှာ ဘဝပေါင်းများစွာ ကြာပြီဖြစ်သော်လည်း စေတနာ စေတသိက် ပါခဲ့သောကြောင့် ရဟန္တာဘဝတွင် အသတ်ခံရသည်။

**စက္ခုဝိညာဉ်စိတ်၏ မှီရာ စက္ခုပသာဒ ဝတ္ထုရုပ်ကိုရွေးချယ်ခြင်း**

စက္ခုပသာဒရုပ်သည် မျက်လုံးအိမ်ထဲ၌ ခဏတိုင်း ခဏတိုင်း အသစ်အသစ် ဖြစ်ပေါ်ကြသည်။ မည်သို့သော ခဏမျိုးဖြစ်သနည်း ဆိုလျှင်

စိတ်၏ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏနှင့် ညီမျှသော ခဏမျိုးဖြစ်သည်။ စိတ်သည် ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏအားဖြင့် ခဏငယ် သုံးခုသာ အသက်ရှင်လျက် ရှိ၏။ စက္ခုပသာဒရုပ်မှာ စိတ် ခဏငယ်နှင့် တိုင်းတာလျှင် ခဏငယ် (၅၁) ခုနှင့် ညီမျှအောင် အသက်ရှင်၏။ အဘယ်ကြောင့် ဆိုသော် စိတ်တခုမှာ ဥပါဒ်၊ ဌီ၊ ဘင် ပေါင်းထားသော ခဏကြီးတစ်ခု၊ ဥပါဒ်၊ ဌီ၊ ဘင် ခွဲထားသော ခဏငယ် သုံးခုရှိသည်။

စက္ခုပသာဒရုပ် တစ်ခုသည် စိတ်၏ခဏကြီး (၁၇) ခုစာ အသက်ရှင်၍၊ စိတ်၏ခဏငယ် (၅၁) ခုစာ အသက်ရှင်သောကြောင့် ဖြစ်သည်။ ထိုစက္ခုပသာဒ ရုပ်မှာလည်း ဥပါဒ်၊ ဌီ၊ ဘင် ပေါင်းထားသော ခဏကြီးတစ်ခု၊ ဥပါဒ်၊ ဌီ၊ ဘင် ခွဲထားသော ခဏငယ်သုံးခု ရှိနေသည်။

စိတ်နှင့် စက္ခုပသာဒရုပ် နှစ်ဦးတို့၏ ခဏချင်း တိုင်း၍ကြည့်လျှင် စိတ်၏ဥပါဒ် ခဏငယ်တစ်ခုနှင့် စက္ခုပသာဒရုပ်၏ ဥပါဒ် ခဏငယ် တစ်ခုသည် လည်းကောင်း၊ စိတ်၏ ဘင် ခဏငယ်တခုနှင့် စက္ခုပသာဒရုပ်၏ ဘင် ခဏငယ်တစ်ခုသည် လည်းကောင်း၊ ညီမျှကြသည်။ စက္ခုပသာဒရုပ်၏ ဌီ ခဏငယ် တစ်ခုမှာမူကား စိတ်၏ခဏငယ် (၄၉) ခုစာလောက် အသက်ရှည်လျက်နေ၏။

ဖြစ်ပေါ်လာသော ရုပ်တခု၏အသက်ရှည်ချိန်သည် ထိုရုပ်၏ ဥပါဒ် အခိုက်မှာ စိတ်၏ ခဏငယ်တခုစာ အသက်ရှည်၍၊ ဘင် အခိုက်မှာလည်း စိတ်၏ခဏငယ်တခုစာ အသက်ရှည်ပြီး ဌီအခိုက်မှာ စိတ်၏ခဏငယ် (၄၉) ခုစာ အသက်ရှည်သောကြောင့် စိတ်၏ခဏငယ်ပေါင်း (၅၁) ခုစာ အသက်ရှည်၏။

စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်သောအချိန်မှာ စောလွန်သော အချိန်က ဖြစ်ပေါ်ခဲ့သော စက္ခုပသာဒရုပ်များသည် ပျက်စီးပြီးဖြစ်သည်။ နောက်မှ ဖြစ်ပေါ်မည့် စက္ခုပသာဒရုပ်များသည်လည်း မရှိကြသေးပေ။ ရှိနေဆဲ စက္ခုပသာဒရုပ်များမှာမူကား အဟောင်းဆုံးမှ အသစ်ဆုံးအထိ စေ့ငှအောင် ရေတွက်ကြည့်လျှင် (၅၁) ခုရှိလေသည်။

စက္ခုဝိညာဉ်စိတ် ဖြစ်သောအခါ ရှိနေသော စက္ခုပသာဒရုပ်များသည် (၅၁) ခုဖြစ်ရာ၊ ယင်းတို့တွင် ဘဝင်္ဂပစ္ဆေဒမှ နောက်ဆုတ် ရေတွက်သော်

သောဠသမ (၁၆ ခုမြောက်) ဘဝင်၏ ဌီအခိုက်မှ စ၍ ဖြစ်ပေါ်လာသော စက္ခုပသာဒ ရုပ်ကို ဘင်ဖြစ်နေသောကြောင့် စက္ခုဝိညာဉ်စိတ်ကမမှီပေ။ စက္ခုဝိညာဉ်စိတ်နှင့် ဥပါဒ်ချင်းပြိုင်၍ ဖြစ်ပေါ်သော စက္ခုပသာဒရုပ်ကိုလည်း ဥပါဒ်ဖြစ်နေ၍ အလွန်နုနယ်သောကြောင့် မမှီပေ။ ကျန် (၄၉) ခုသော စက္ခုပသာဒတို့သည် စက္ခုဝိညာဉ်စိတ် ဥပါဒ်ဖြစ်ချိန်တွင် ဌီအခိုက်သို့ ရောက်နေသောကြောင့် စက္ခု ဝိညာဉ်စိတ်၏ မှီရာဖြစ်နိုင်ကြသည်။

သို့သော် စတုတ္ထဘဝင်၏ ဘင်အခိုက်မှ သောဠသမ ဘဝင်၏ ဘင် အခိုက်တိုင်အောင် ဖြစ်ပေါ်တည်ရှိကြသော စက္ခုပသာဒ (၃၇) ခုတို့သည် မန္ဒာယုက (တိုသောသက်တမ်း) ဖြစ်၍ စက္ခုဝိညာဉ်စိတ်အာရုံပြုသော ရူပါရုံအောက် အသက်တမ်း တိုကြပြီးဖြစ်၍၊ ယင်းတို့ကို စက္ခုဝိညာဉ်စိတ် ကမမှီပေ။

အတီတဘဝင်၏ ဌီအခိုက်မှ ပဥ္စဒွါရာဝဇ္ဇန်း၏ ဘင် အခိုက်တိုင်အောင် ဖြစ်ပေါ်ကြသော (၁၁)ခုသော စက္ခုပသာဒတို့သည် အမန္ဒာယုက (ရှည်သော သက်တမ်း) ဖြစ်၍ စက္ခုဝိညာဉ်စိတ် အာရုံပြုသော ရူပါရုံထက် အသက်တမ်း ရှည်ကြသောကြောင့် ယင်းတို့ကိုလည်း စက္ခုဝိညာဉ်စိတ်က မမှီပေ။

အတီတဘဝင်၏ ဥပါဒ်အခိုက်၌ ဖြစ်ပေါ်သော စက္ခုပသာဒသည် မဇ္ဈိမာယုက (အလယ်အလတ်ဖြစ်သောသက်တမ်း) ဖြစ်၍၊ စက္ခုဝိညာဉ်စိတ် အာရုံပြုသော ရူပါရုံနှင့် အသက်တမ်း ညီမျှသောကြောင့် ယင်းကို စက္ခုဝိညာဉ် စိတ်က မှီသည်။

စက္ခုဝိညာဉ်စိတ်၏ မှီရာ စက္ခုပသာဒဝတ္ထုရုပ်ကို ရွေးချယ်ရာတွင် အောက်ပါ ဇယားကွက်ကို ကြည့်ရှုက ပို၍ရှင်းလင်းပြတ်သားနိုင်ပါသည်။




စက္ခုဝိညာဉ်စိတ်၏ မှီရာ စက္ခုဝတ္ထုကို ရွေးချယ်သော မူအတိုင်း သောတဝိညာဉ်စိတ်၊ ဃာနဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ်စိတ်၊ ကာယဝိညာဉ်စိတ် တို့၏ မှီရာ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုများကိုလည်း ရွေးချယ်နိုင်သည်။

## ဟဒယဝတ္ထုရွေးခြင်း

ဟဒယဝတ္ထုများသည် ကမ္မဇရုပ်ဖြစ်သောကြောင့် မည်သည့်စိတ်၏ ခဏငယ်နှင့် ပြိုင်သော မည်သည့်အချိန်တွင်မဆို ဖြစ်နိုင်၏။ စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဉ် စိတ်မှတပါး ကျန်သောစိတ်များသည် ဟဒယဝတ္ထုကို မှီကြသည်။ မည်သည့် ဟဒယဝတ္ထုကို မှီကြသနည်းဆိုသော် မိမိ၏ရှေ့မှဖြစ်သော စိတ်နှင့် ဥပါဒ်ချင်းပြိုင် ၍ ဖြစ်လာခဲ့သော ဟဒယဝတ္ထုကိုမှီသည်။

ဥပမာ – (၁၅) နံပါတ်ဘဝင်စိတ်သည် (၁၆) နံပါတ်ဘဝင်စိတ်နှင့် ဥပါဒ်ချင်းပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုကိုမှီသည်။




ဝတ္ထု

စက္ခုဒွါရ ဝီထိတွင်ပါဝင်သော ဝီထိစိတ် (၁၄) ပါးတို့သည် မည်သည့် ဝတ္ထုရုပ်ကို မှီကြသနည်းဆိုသော် ..

စက္ခုဝိညာဉ်စိတ်သည် အတီတဘဝင်၏ ဥပါဒ်နှင့် ပြိုင်၍ဖြစ်သော စက္ခုဝတ္ထုကို မှီ၏။ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းစိတ်၏ ဥပါဒ်နှင့် ပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုကို မှီ၏။ ဒုတိယ တဒါရုံသည် ပထမ တဒါရုံ၏ ဥပါဒ်နှင့် ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုကိုမှီ၏။ အချုပ်အားဖြင့်ဆိုသော် စက္ခုဝိညာဉ်စိတ်မှ တစ်ပါး ကျန်သောစိတ်များသည် မိမိတို့၏ရှေ့မှ ဖြစ်သောစိတ်နှင့် ဥပါဒ်ချင်း ပြိုင်၍ ဖြစ်လာခဲ့သော ဟဒယဝတ္ထုကို အမှီပြုကြသည်။

ဤသို့လျှင် ဝီထိစိတ်နှင့် ဝီထိမုတ် စိတ်တို့ကိုမှီရာ ဝတ္ထုရုပ်နှင့် ဆက်စပ်၍ သိနိုင်သည်။

ဒွါရ

စက္ခုဒွါရ ဝီထိတွင် ပါဝင်သော ဝီထိစိတ် (၁၄)ပါးတို့သည် စက္ခုဒွါရ၌ ဖြစ်၍၊ မျက်စိတံခါးပေါက်က ထွက်ကြသည်။

**အာရုံ**

စက္ခုဒွါရ ဝီထိတွင် ပါဝင်သော ဝီထိစိတ် (၁၄)ပါးတို့သည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုကြသည်။

**ဝိညာဉ်**

စက္ခုဒွါရဝီထိတွင် ပါဝင်သော ဝီထိစိတ် (၁၄)ပါးတို့တွင် စက္ခုဝိညာဉ် စိတ်တစ်ပါးသည် စက္ခုဝိညာဉ်ဖြစ်သည်။ ကျန်သော စိတ်(၁၃)ပါးသည် မနောဝိညာဉ်ဖြစ်သည်။

**ဝီထိ**

စက္ခုဒွါရ ဝီထိတွင်ပါဝင်သော ဝီထိစိတ် (၁၄)ပါးတို့သည် မျက်စိ တံခါးပေါက်၌ဖြစ်သော စိတ်အစဉ်ဖြစ်သောကြောင့် စက္ခုဒွါရဝီထိဟူ၍ လည်း ကောင်း၊ စက္ခုဝိညာဉ်စိတ် ပါဝင်သော စိတ်အစဉ် ဖြစ်သောကြောင့် စက္ခုဝိညာဏဝီထိဟူ၍ လည်းကောင်း ခေါ်သည်။

**ဝိသယပ္ပဝတ္တိ**

စက္ခုဒွါရ ဝီထိအစဉ်သည် အတိတဘဝင် တချက်သာ လွန်၍ဒွါရ၌ ထင်လာသော အလွန်ကြီးသော ထင်ရှားသော ရူပါရုံကို အာရုံပြု၍ ဖြစ်ကြသော ကြောင့် အတိမဟန္တ ဝိသယပ္ပဝတ္တိဖြစ်သည်။

## စက္ခုဒွါရဝီထိ - ၁၅။

အတိမဟန္တာရုံဝီထိ. တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ တဒါရမ္မဏဝါရ
(၁)
အဟန္တာရုံ ဝီထိ . . . . . တီ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဇဝနဝါရ (၂)
တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ
ပရိတ္တာရုံဝီထိ . . တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ ဘ ဘ ဘ ဝေါဋ္ဌဗ္ဗနဝါရ (၆)
တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ ဘ ဘ
တီ တီ တီ တီတီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ ဘ
တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ
တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဝု
တီ တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု
အတိပရိတ္တာရုံဝီထိ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘဘ ဘ
တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘဘ ဘ
တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ မောဃဝါရ (၆)
တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ
တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ
တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န

**စက္ခုဒွါရဝိထိ**

| | |
|---|---|
| အတိမဟန္တာရုံဝိထိ.. | အလွန်ကြီးသော၊ ထင်ရှားသော အာရုံကိုသိလျက် ဖြစ်ပေါ်လာသော စိတ်အစဉ်။ အတိမဟန္တာရုံ ဝိထိသည် တမျိုးတည်းသာ လျှင်ရှိသည်။ |
| မဟန္တာရုံဝိထိ .. | ကြီးသော၊ ထင်ရှားသော အာရုံကိုသိလျက် ဖြစ်ပေါ်လာသော စိတ်အစဉ်။ မဟန္တာရုံဝိထိသည် နှစ်မျိုးရှိသည်။ |
| ပရိတ္တာရုံဝိထိ .. | သေးသော၊ မထင်ရှားသော အာရုံကိုသိလျက် ဖြစ်ပေါ်လာသော စိတ်အစဉ်။ ပရိတ္တာရုံဝိထိသည် ခြောက်မျိုးရှိသည်။ |
| အတိပရိတ္တာရုံဝိထိ.. | အလွန်သေးသော မထင်ရှားသော အာရုံကို သိလျက် ဖြစ်ပေါ်လာသော စိတ်အစဉ်။ အတိပရိတ္တာရုံဝိထိသည် (၆)မျိုးရှိသည်၊ |

**စက္ခုဒွါရဝိထိ**

| | |
|---|---|
| တဒါရမ္မဏဝါရ .. | တဒါရုံပါဝင်သောအကြိမ်၊ တကြိမ်သာရှိ၏။ |
| ဇဝနဝါရ .. | ဇောသာပါဝင်သောအကြိမ်၊ နှစ်ကြိမ်ရှိ၏။ |
| ဝေါဋ္ဌပ္ပနဝါရ .. | ဝုဋ္ဌောသာပါဝင်သောအကြိမ်၊ ခြောက်ကြိမ်ရှိ၏။ |
| မောဃဝါရ .. | ဝိထိစိတ်မပါ၊ အချည်းနှီးသာ ဖြစ်သောအကြိမ် ခြောက်ကြိမ်ရှိ၏။ |

စက္ခုဒွါရဝိထိ၌ ဝိထိစဉ် (၁၅)ပါးရှိသည်။

| | |
|---|---|
| အတိမဟန္တာရုံဝိထိ.. | ၁ |
| မဟန္တာရုံဝိထိ .. | ၂ |
| ပရိတ္တာရုံဝိထိ .. | |
| အတိပရိတ္တာရုံဝိထိ.. | ၆ |

-----

ပေါင်း = ၁၅ ပါး ဖြစ်သည်။

၂၂၃၇၉

## စက္ခုဒွါရဝီထိ၌ ဝီထိစိတ် (၁၄)ပါး ရှိသည်

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | .. | ၁ |
| စက္ခုဝိညာဉ်စိတ် | .. | ၁ |
| သမ္ပဋိစ္ဆန်းစိတ် | .. | ၁ |
| သန္တီရဏစိတ် | .. | ၁ |
| ဝုဋ္ဌောစိတ် | .. | ၁ |
| ဇောစိတ် | .. | ၇ |
| တဒါရုံစိတ် | .. | ၂ |
| ပေါင်း | = | ၁၄ ပါး ဖြစ်သည်။ |

## အတိမဟန္တာရုံ ဝီထိ

ကံ ရူပါရုံ
ကမ္မနိမိတ် တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ
ဂတိနိမိတ် စက္ခုပသာဒ

မျက်စိအကြည်သို့ လာ၍ ထိခိုက်ကြသော၊ သို့မဟုတ် ထင်ကြသော ရူပါရုံတို့သည် အနီးအဝေးအားဖြင့် လည်းကောင်း၊ အကြီးအသေးအားဖြင့် လည်းကောင်း၊ ထင်ရှားသော ရူပါရုံ၊ မထင်ရှားသော ရူပါရုံ အဖြစ်ဖြင့် အမျိုးအစား များပြားစွာရှိ၏။ ရူပါရုံ အမျိုးအစား များပြားသည့်အတွက် အတီတဘဝင် တချက်လွန်သောဝီထိ၊ နှစ်ချက်လွန်သော ဝီထိ စသည်ဖြင့် အတီတဘဝင် လွန်ပုံချင်း ခြားနားကြသည်။

ရူပါရုံက မျက်စိအကြည်သို့ ထိခိုက်သော အချိန်မှာမူကား တူညီ

ကြသည်။ အကြီးအသေး အနီးအဝေးအားဖြင့် ထင်ရှားသော၊ မထင်ရှားသော ရူပါရုံ အားလုံးတို့သည် ပထမ ဘဝင်္ဂစလနနှင့် ဥပါဒ်နှင့်ပြိုင်သော အချိန်မှာသာလျှင် မျက်စိအကြည်၌ လာ၍ ထင်ကြသည်။ သို့မဟုတ် မျက်စိအကြည်သို့ လာ၍ ထိခိုက်ကြသည်။ ဘဝင်္ဂစလန၏ ဥပါဒ်အချိန်ထက် စော၍ လည်းကောင်း၊ နောက်ကျ၍ လည်းကောင်း မျက်စိအကြည်သို့ ထိခိုက်နိုင်ခြင်း မရှိပေ။

အတိမဟန္တာရုံ ဝိထိတွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁) ပါး၊ စက္ခုဝိညာဉ် စိတ် (၁) ပါး၊ သမ္ပဋိစ္ဆန်းစိတ် (၁) ပါး၊ သန္တီရဏစိတ် (၁) ပါး၊ ဝုဋ္ဌောစိတ် (၁)ပါး၊ ဇောစိတ် (၇)ပါး၊ တဒါရုံစိတ် (၂)ပါး၊ ပေါင်း စိတ် (၁၄)ပါး ပါဝင်သည်။

တီ၊ န၊ ဒ စသော ဘဝင်စိတ်တို့၏ အာရုံသည်။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတွင် တစ်ပါးပါးဖြစ်သည်။ ဘဝင်စိတ်တို့သည် အထက်ပါ (၃) ပါးတွင် တစ်ပါးပါးကိုဝိုင်း၍ အာရုံပြုကြသည်။ ထို ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့သည် ယခင်ဘဝ သေခါနီးတွင် မရဏာသန္နဇော (၅) ကြိမ် စောစဉ်က ထိုဇောများ အာရုံပြုခဲ့သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တို့သာဖြစ်သည်။ အခြားကံ စသည်တို့နှင့် မည်သို့မျှမသက်ဆိုင်ပေ။

## ပဉ္စမ မဟန္တာရုံ ဝိထိ

### ရူပါရုံ

တီ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

စက္ခုပသာဒ

အာရုံ ဥပါဒ်ပြီးနောက် စိတ်နှစ်ခုစာ ကျော်လွန်၍ ဒွါရသို့လာ၍ ထင်သောအာရုံကို မဟန္တာရုံဟု ခေါ်သည်။

တဒါရုံသည် နှစ်ကြိမ်ဖြစ်ရိုး ထုံးစံရှိသည်။ တကြိမ်ထဲမှုကား မည်သည့်အခါမျှမဖြစ်ပေ။ ထို့ကြောင့် ပဉ္စမ မဟန္တာရုံဝိထိ၌ ဇော (၇) ကြိမ်၏ အဆုံးတွင် စိတ်တခုစာမျှ အာရုံရှိသေးသော်လည်း တဒါရုံမကျပဲ၊ ဘဝင်သာ ကျလေတော့သည်။

မဟန္တာရုံ ဝိထိ၌ ပဉ္စဒွါရာဝဇ္ဇန်းမှ ဇောအထိ ဝိထိစိတ် (၁၂)ပါးသာ ရှိလေသည်။

## ပဉ္စမပရိတ္တာရုံ ဝိထိ

ရူပါရုံ

တီ တီ တီ တီ န ဒ ပ စ သံ ဏ ၀ ၀ ၀ ဘ ဘ ဘ ဘ

စက္ခုပသာဒ

အတိပရိတ္တာရုံ ဝိထိတွင် ဇော (၇) ကြိမ် မကျတော့ပေ။ ဇော၏ ထုံးစံကား (၇) ကြိမ်စာ ကျလောက်သော အာရုံတွင်မှ လာ၏။ (၇) ကြိမ်စာ မလုံလောက်ပါက အာရုံတွင် မလာတော့ပေ။ အတိပရိတ္တာရုံ ဝိထိတွင် ဝုဋ္ဌောသည် နောက်က ဇော ဆက်မလာသောကြောင့် ဝုဋ္ဌောပင် လျှင် နှစ်ကြိမ်ထပ်၍ ဆုံးဖြတ်သည်။ သုံးကြိမ်တိုင်အောင်ပင် ဝုဋ္ဌောက ဆုံးဖြတ်သော်လည်း ဇောမလာပေ၊ ဝုဋ္ဌောနောက် ဘဝင်စိတ်များသာ ဆက်လိုက်လာတော့သည်။

## ဆဋ္ဌပရိတ္တာရုံ ဝိထိ

ရူပါရုံ

တီ တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ၀ ၀

စက္ခုပသာဒ

ဆဋ္ဌ ပရိတ္တာရုံဝိထိတွင် ဝုဋ္ဌောသည်ပင်လျှင် နှစ်ကြိမ် ဆက်ဖြစ်နိုင်တော့၏၊ ဝုဋ္ဌောသည် နောက်က ဇောပါလာလျှင် တကြိမ်တည်းလာသည်၊ နောက်က ဇောမပါလာလျှင်မူကား ဝုဋ္ဌောသည်ပင် ဆက်တိုက်နှစ်ကြိမ် သုံးကြိမ်ဖြစ်၏၊ နောက်က ဇောလည်းမပါလာ၍ ဝုဋ္ဌောလည်းနှစ်ကြိမ် သုံးကြိမ်ဆက်မဖြစ်နိုင်သော် တကြိမ်တည်းလည်း မဖြစ်တော့ပေ၊ ဘဝင်စိတ်သာ လာသည်။

ဝိထိစိတ် အစဉ်များ နောက်တွင် ဘဝင်စိတ်ကား အမြဲဖြစ်နေ၏။ ဘဝင်စိတ် အနည်းအများကို ရေတွက်၍ကား အကြောင်းမထူးတော့ပေ။

**ပဉ္စမ အတိပရိတ္တာရုံဝိထိ**

ရူပါရုံ

တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ဘဘ

စက္ခုပသာဒ

အတိပရိတ္တာရုံဝိထိတွင် ဝိထိစိတ်အစဉ်၌ ဝုဋ္ဌောသည် နောက်ကဇောမပါသောကြောင့် လည်းကောင်း၊ ဝုဋ္ဌောပင်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ဆက်မလာနိုင်သောကြောင့် လည်းကောင်း ဝုဋ္ဌောမလာတော့ပေ။ ဘဝင်သာ လာတော့သည်။ ဆုံးဖြတ်ပေးသူဝုဋ္ဌောမရှိသောကြောင့် စုံစမ်းသူသန္တီရဏ၊ လက်ခံသူ သမ္ပဋိစ္ဆန်းလည်း မလာတော့ပေ။ တံခါး ပေါက် (၅) ခုဘက်သို့ လှည့်၍ ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းပင် မဖြစ်ပေါ်လာတော့ပေ။

ဘဝင်္ဂုပစ္ဆေဒသည် ပြတ်သော ဘဝင်ဖြစ်သည်။ သို့သော် ဤဝိထိစဉ်၌ ဘဝင်များ ဆက်ကျနေသေးသဖြင့် မပြတ်သေးပေ။ ထို့ကြောင့် ဘဝင်္ဂစလန နောက်တွင် ဘဝင်္ဂုပစ္ဆေဒ မလာမူ၍၊ ဘဝင်္ဂစလနသာလျှင် ဆက်လာသည်။

အချုပ်အားဖြင့်ဆိုသော် အတိပရိတ္တာရုံဝီထိတွင် အာရုံသည် စက္ခုပသာဒကို လာတိုးရာ၌ အလွန်အားနည်းသည်။ ရူပါရုံသည် အလွန်အားနည်းသဖြင့် ဝီထိစိတ်တွင် ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်စိတ်၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောတို့သည် မလာနိုင်တော့ပေ။

ရူပါရုံမှ စက္ခုပသာဒသို့လာ၍ ထိခိုက်ရာ၌ အတိမဟန္တ၊ မဟန္တ၊ ပရိတ္တ၊ အတိပရိတ္တဟူ၍၊ ကြီးကျယ် ထင်ရှားရာမှ သေးငယ်မှေးမှိန်ခြင်းသို့ ရောက်ရှိနိုင်သော အကြောင်းများမှာ –

(၁) အနီးအဝေး

(၂) ရူပါရုံ အကြီးအသေး

(၃) အလင်း အမှောင်

(၄) မျက်စိ အကြည်ဓါတ်အား ကောင်းခြင်း၊ မှုန်ခြင်း၊

(၅) နှလုံးသွင်းအားကောင်းခြင်း၊ မကောင်းခြင်း တို့ဖြစ်သည်။

### သောတဒွါရ ဝီထိ (အတိမဟန္တာရုံ ဝီထိ)

သဒ္ဒါရုံ

ကံ
ကမ္မနိမိတ် | တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ
ဂတိနိမိတ်

သောတပသာဒ

စက္ခုဒွါရဝီထိနှင့် အလားတူပင် သောတဒွါရ ဝီထိသည်လည်း အတိမဟန္တ၊ မဟန္တ၊ ပရိတ္တ၊ အတိပရိတ္တ အားဖြင့် (၁၅) ဝီထိရှိသည်။

ထို့အတူပင် ဃာနဒွါရဝီထိစဉ် (၁၅)၊ ဇိဝှါဒွါရဝီထိစဉ် (၁၅)၊ ကာယဒွါရဝီထိစဉ် (၁၅)၊ ဟူ၍ရှိရာ၊ ပဉ္စဒွါရဝီထိစဉ် ပေါင်းသည် (၇၅) ဝီထိဖြစ်သည်။

ဝီထိစဉ်တို့သည် ပြိုင်တူမလာပေ၊ ထင်ရှားသော ဝီထိက အလျင်လာသည်။ ဥပမာ – အရာဝတ္ထု တခုနှင့် ထိတွေ့ရာတွင် ကာယ ဒွါရဝီထိလည်း ရှိ၏။ သောတဒွါရဝီထိလည်း ရှိသည်။ သို့သော် ထိတွေ့ ခြင်းနှင့် အသံကြားခြင်းတွင် ထိတွေ့ခြင်းက ထင်ရှား၍ အသံကြားခြင်းက မထင်ရှားပေ။ ထို့ကြောင့် ထိတွေ့ခြင်းကို သိသော ကာယဒွါရဝီထိ စဉ်က အလျင်လာသည်။

တံခါတရံ သဒ္ဒါရုံက ထင်ရှားသော် သောတဒွါရ ဝီထိစဉ်သာ ပေါ်လာ၍ အသံကိုသာ သိနေသည်။

ဤသို့အားဖြင့် ဝီထိစဉ်တို့တွင် ထင်ရှားသော ဝီထိစဉ်သာ အလျင်ဖြစ်ပေါ်သည်။

**မနောဒွါရဝီထိ – ကာမဇောဝါရ**

**စိတ်တံခါးပေါက်၌ဖြစ်သော စိတ်အစဉ်**

**ဝိဘူတာရုံဝီထိ**




အာရုံတခုကို ပြန်၍ စဉ်းစားလျှင်သော် လည်းကောင်း၊ တွေးကြည့်လျှင် သော်လည်းကောင်း၊ စိတ်ထဲ၌ ထင်ရှားစွာပေါ်လာသော အာရုံကိုပြန်၍ သိသောစိတ် အစဉ်ကို ဝိဘူတာရုံဝီထိဟုခေါ်သည်။

**အဝိဘူတာရုံဝီထိ**




အာရုံတခုကို ပြန်၍ စဉ်းစားလျှင်သော် လည်းကောင်း၊ တွေးကြည့်လျှင်သော် လည်းကောင်း စိတ်ထဲ၌ မထင်မရှား ပေါ်လာသော အာရုံကို ပြန်၍ သိသော စိတ်အစဉ်ကို အဝိဘူတာရုံ ဝီထိဟု ခေါ်သည်။

**ကိုယ်တွေ့ဝီထိကျပုံ**

**စက္ခုဒွါရဝီထိ**

တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ (၁၆) စက္ခုဒွါရဝီထိ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ (၁၆) .. အတီတဂ္ဂါဟဝီထိ

| | |
|---|---|
| န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ (၁၆) .. သမူဟဂ္ဂါဟဝီထိ | **မနောဒွါရ ဝီထိ** |
| န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ (၁၆) .. အတ္ထ ဂ္ဂါဟဝီထိ | |
| န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ (၁၆) .. နာမဂ္ဂါဟဝီထိ | |

စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိစသဖြင့် ဝီထိစဉ်များ ကျပြီးသည် နောက်၌ အတီတဂ္ဂါဟ ဝီထိ၊ သမူဟဂ္ဂါဟ ဝီထိ၊ **အတ္တဂ္ဂါဟ ဝီထိ၊** နာမဂ္ဂါဟ ဝီထိဟူသော မနောဒွါရဝီထိစဉ် (၄) ပါးသည် လိုက်သည်။ ထို့ကြောင့် ထိုဝီထိစဉ် (၄) မျိုးကို တဒနုဝတ္တက မနောဒွါရ ဝီထိဟုခေါ်သည်။ အဓိပ္ပါယ်မှာ ထိုပဉ္စဒွါရဝီထိ၏ နောက်မှလိုက်၍ ဖြစ်သော မနောဒွါရ ဝီထိများ ဟူ၍ ဖြစ်သည်။

**အတီတဂ္ဂါဟဝီထိ**

အတီတ + ဂါဟ + ဝီထိ

| | |
|---|---|
| အတီတ | .. လွန်သွားသော အာရုံကို |
| ဂါဟ | .. မှတ်ယူသော |
| ဝီထိ | .. စိတ်အစဉ် |
| အတီတဂ္ဂါဟဝီထိ | .. လွန်သွားသော အာရုံကို မှတ်ယူသော စိတ်အစဉ်။ |

**သမူဟဂ္ဂါဟဝီထိ**

သမူဟ + ဂါဟ + ဝီထိ

| | |
|---|---|
| သမူဟ | .. အပေါင်း |
| ဂါဟ | .. မှတ်ယူသော |
| ဝီထိ | .. စိတ်အစဉ် |
| သမူဟဂ္ဂါဟဝီထိ | .. လွန်သွားသောအာရုံအပေါင်းကို မှတ်ယူသော စိတ်အစဉ်။ |

**အတ္တဂ္ဂါဟဝီထိ**

အတ္တ + ဂါဟ + ဝီထိ

အတ္တ .. ပုံစံ၊ အထည်ကိုယ်၊ ဒြပ်

ဂါဟ .. မှတ်ယူသော

ဝီထိ .. စိတ်အစဉ်

အတ္တဂ္ဂါဟဝီထိ .. လွန်သွားသော အာရုံ၏ပုံစံ၊ အထည်ကိုယ်ကို မှတ်ယူသော စိတ်အစဉ်။

**နာမဂ္ဂါဟဝီထိ**

နာမ + ဂါဟ + ဝီထိ

နာမ .. အမည်ကို

ဂါဟ .. မှတ်ယူသော

ဝီထိ .. စိတ်အစဉ်

နာမဂ္ဂါဟဝီထိ.. လွန်သွားသော အာရုံ၏အမည်ကို မှတ်ယူသော စိတ်အစဉ်။

အာရုံတခုကို မြင်ရာတွင် စက္ခုဒွါရ ဝီထိစဉ်သည် ဖြစ်ပေါ်၏။ ယင်းနောက် ထိုအာရုံသည် လွန်မြောက် ပျောက်ကွယ်သွားသော်လည်း ထိုလွန်သွားသော အာရုံကို မှတ်ယူသောစိတ်အစဉ် အတီတဂ္ဂါဟ ဝီထိဖြစ်ပေါ်လာသည်။

ဥပမာ– အနီရောင်နှင့် အဝါရောင် အဆင်းကို မြင်ရာတွင် အနီရောင်ကို မြင်သောအခါ စက္ခုဒွါရဝီထိဖြစ်သည်။ ထို့နောက် အနီရောင်ကို မှတ်ယူနေသော အတီတဂ္ဂါဟဝီထိ ဖြစ်ပေါ်သည်။ တဖန်အဝါရောင်ကို မြင်သောအခါ စက္ခုဒွါရဝီထိ ဖြစ်ပေါ်၍၊ ထို့နောက်တွင် အတီတဂ္ဂါဟဝီထိဖြစ်ပေါ်သည်။ လွန်သွားသော အနီရောင်၊ အဝါရောင်ကို တခုစီမှတ်သားသော စိတ်ဖြစ်ပြီးနောက်၊ အနီနှင့် အဝါရောင်ကို တပေါင်းတည်းမှတ်ယူသော စိတ်အစဉ် သမူဟဂ္ဂါဟ ဝီထိဖြစ်ပေါ်သည်။ ထို့နောက် ပုံစံ၊ အထည်ကို မှတ်ယူသော စိတ်အစဉ် အတ္တဂ္ဂါဟ ဝီထိ သည်ဖြစ်ပေါ်သည်။ စာအုပ်ပုံစံ၊ စားပွဲပုံစံ စသည်ဖြင့် သိလာသည်။ ထို့နောက်မှ အမည်ကို မှတ်ယူသော စိတ်အစဉ်နာမဂ္ဂါဟ ဝီထိ ဖြစ်ပေါ်လာသည်။

ပဥ္စဒွါရဝီထိစဉ်များ ဖြစ်ပေါ်ရာတွင် လောကီရေးရာနှင့် ပတ်သက်၍ အတ္တဂ္ဂါဟဝီထိနှင့် နာမဂ္ဂါဟဝီထိသို့မရောက်သေးသမျှ လောကထဲတွင် အသုံးမဝင်ပေ။ ပုံစံနှင့် နာမည်ကို အတိအကျ သိရှိနားလည်မှသာ အရေးပါ အရာရောက်နိုင်ပေမည်။

သို့ရာတွင် လောကုတ္တရာရေးရာနှင့် ပတ်သက်၍ အတ္တဂ္ဂါဟဝီထိနှင့် နာမဂ္ဂါဟဝီထိသို့ ရောက်နေသေးသမျှ ဝိပဿနာ ဉာဏ်စဉ်ကို မရနိုင်ပေ။ စက္ခုဒွါရဝီထိနှင့် အတီတဂ္ဂါဟဝီထိတွင်သာ ရပ်တန့်နေပါမှ မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ၊ နံလျှင်နံကာမျှ စသည်ဖြင့် ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဖြစ်နိုင်သည်။

ပဥ္စဒွါရ ဝီထိနှင့် အတီတဂ္ဂါဟဝီထိတွင် စိတ်စွဲလမ်းစရာမရှိသေးပေ။ ပဥ္စဒွါရဝီထိ အဆင့်ဆင့်တွင် ရှိဆဲပရမတ်ဖြစ်နေသေးသည်။ အတီတဂ္ဂါဟဝီထိအဆင့်တွင် လွန်ခါစ ပရမတ်ဖြစ်နေသည်။ သမူဟဂ္ဂါဟဝီထိအဆင့်တွင်လည်း ပရမတ်ပင်ဖြစ်သေးသည်။ အတ္တဂ္ဂါဟဝီထိနှင့် နာမဂ္ဂါဟဝီထိတွင်ကား ပညတ်ဖြစ်သွားသည်။ ထို့ကြောင့် လောကုတ္တရာ ရေးရာအတွက် ပဥ္စဒွါရဝီထိနှင့် အတီတဂ္ဂါဟဝီထိတွင်သာ ရှိနေသင့်ပေသည်။

**ဈာန်ဝီထိ**

ဈာနဝီထိ .. ဈာန်ရသော စိတ်အစဉ်

**ကသိုဏ်း**

န ဒ မ ပ ဥ နု ဂေါ ဈ ဘ

ဈာန်ဟူသော ဝေါဟာရသည် ပါဠိစကား ဈာန– မှ ဆင်းသက်လာ၍ ရှု့ခြင်း၊ လောင်မြိုက်ခြင်း၊ ရှူးစိုက်ခြင်းဟု အဓိပ္ပါယ်ရသည်။ ရှူးဖြင့် သစ်သားကို စိုက်သကဲ့သို့ တခုတည်းသော အာရုံ၌ ခိုင်မြဲစွာ ရှူးစိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် အာရုံတခုကို မြင်ရာတွင် နာမည်ဖော်နိုင်သည်အထိ ဝီထိစိတ်ငါးမျိုးဖြစ်ရမည်။ အာရုံ၏အရောင်သည် တမျိုးတည်းရှိလျှင် ဝီထိ လေးကြိမ်ကျသည်။ သမူဟဂ္ဂါဟဝီထိစဉ် ကျရန်မလိုတော့ပေ။ အရောင်နှစ်မျိုး ရှိလျှင် ဝီထိစဉ် (၇) ကြိမ် ကျသည်။ အရောင်သုံးမျိုးရှိလျှင် ဝီထိစဉ် (၉) ကြိမ် ကျနိုင်သည်။

ဥပမာ – နီ ပြာတံ ခဲတချောင်းကို မြင်ရာတွင် အောက်ပါဝီထိစဉ် များကျသည်။

| | | |
|---|---|---|
| အနီရောင်ကိုမြင်ခြင်း | .. | (၁) စက္ခုဒွါရဝီထိ |
| | | (၂) အတီတဂ္ဂါဟဝီထိ |
| အပြာရောင်ကိုမြင်ခြင်း | .. | (၁) စက္ခုဒွါရဝီထိ |
| | | (၂) အတီတဂ္ဂါဟဝီထိ |
| ခဲရောင်ကိုမြင်ခြင်း | .. | (၁) စက္ခုဒွါရဝီထိ |
| | | (၂) အတီတဂ္ဂါဟဝီထိ |

**အနီရောင်၊ အပြာရောင်**

| | | |
|---|---|---|
| ခဲရောင်ကို တပေါင်းတည်းမြင်ခြင်း | | (၇) သမူဟဂ္ဂါဟဝီထိ |
| ခဲတံ၏ပုံစံကိုမှတ်ခြင်း | .. | (၈) အတ္ထဂ္ဂါဟဝီထိ |
| ခဲတံ၏အမည်ကို မှတ်သိခြင်း | .. | (၉) နာမဂ္ဂါဟဝီထိ |

လူတိုင်း လူတိုင်းတွင် ဝီထိစဉ် အမျိုးအစားအားဖြင့် အမြဲ(၅) မျိုး မကျနိုင်ပေ။ စက္ခုဒွါရဝီထိ၊ အတီတဂ္ဂါဟဝီထိ၊ သမူဟဂ္ဂါဟဝီထိ၊ အတ္ထဂ္ဂါဟဝီထိ ဝီထိစဉ် (၄) မျိုးသည် ဖြစ်ပေါ်နိုင်သည်။ နာမဂ္ဂါဟဝီထိစဉ် သည်ကား လူတိုင်းတွင် မဖြစ်ပေါ်စေနိုင်ပေ။ ကလေးငယ်များသည် လည်း ကောင်း၊ တခါတရံမေ့နေတတ်သော သူများသည်လည်းကောင်း နာမဂ္ဂါဟ ဝီထိ မကျနိုင်ပေ။

ကိုယ်တွေ့ဝီထိကျရာတွင် စက္ခုဒွါရဝီထိစဉ်အတိုင်း၊ သောတဒွါရ ဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိတို့သည် ဖြစ်ပေါ်၍၊ ထိုဝီထိစဉ်များနောက်၌ အတီတဂ္ဂါဟဝီထိစသည့် ဝီထိစဉ် (၄) မျိုး၊ သို့မဟုတ် (၅) မျိုး ဖြစ်ပေါ်သည်။

ဈာန်ဝီထိစဉ်တွင် န ဒ မ ပ ဥ နု ဂေါ ဈ ဘ တို့ပါဝင်သည်
အရှည်ကောက်မှာ

| | | | | |
|---|---|---|---|---|
| န | .. | ဘဝင်္ဂစလန | = | လှုပ်ရှားသောဘဝင်စိတ် |
| ဒ | .. | ဘဝင်္ဂုပစ္ဆေဒ | = | ပြတ်သောဘဝင်စိတ် |
| မ | .. | မနောဒွါရာဝဇ္ဇန်း | = | စိတ်တံခါးပေါက်၌ဖြစ်သော စိတ် |
| ပ | .. | ပရိကမ္မ | = | ဈာန်စိတ်ရရန် ရှေးဦးစွာ ပြင်ဆင် ခြင်း |
| ဥ | .. | ဥပစာရ | = | နီးကပ်သော ပြင်ဆင်ခြင်း |
| နု | .. | အနုလောမ | = | အသင့်လျော်ဆုံး ပြင်ဆင်ခြင်း |
| ဂေါ | .. | ဂေါတြဘူ | = | ကာမအနွယ်ကို ဖြတ်၍ မဟဂ္ဂုတ် အနွယ်ကို တိုးပွါးစေခြင်း |
| ဈ | .. | ဈာန် | = | ဈာန်စိတ် |
| ဘ | .. | ဘဝင် | = | ဘဝင်စိတ် |

ဈာန်ကို လေ့ကျင့်ရာတွင် အများအားဖြင့် ကသိုဏ်း (၁၀) ပါးကို စူးစိုက်စွာ ရှုကြည့်ရသည်။ (မည်သည့်စရိုက်ရှင်သည် မည်သည့်ကသိုဏ်းကို ရှုကြည့်ရကြောင်း သမထကမ္မဋ္ဌာန်း နည်းတွင် ဖော်ပြထားသည်။)

ဈာန်ရရန် မဟာကုသိုလ်စိတ်နှင့် ဆောင်ရွက် လေ့ကျင့်ရသည်။ သာမန်လူတို့၏ စိတ်တွင်ကား ကာမဇောသာလျှင် ရှိသည်။ ဈာန်ရသောအခါမှ ဈာန်ဝီထိစိတ် အစဉ်ဝင်လာသည်။ ပ ဥ နု ဂေါ လေးပါးသည် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောများဖြစ်သည်။ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ် လေးပါးအနက် တပါးပါးသော စိတ်က လေးကြိမ်ထပ်၍ ဖြစ်သည်။

ဈာန်ဇောလာခါနီးတွင် အလွန်ထက်သန်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇောဝင်လာသည်။ ထိုဇောကျပြီးမှ ဈာန်ဇောကျသည်။ ဉာဏသမ္ပယုတ်ဇောသည် ဈာန်ဇောကို ကြိုဆိုရန်အတွက် နီးကပ်သော ပြင်ဆင်ခြင်း၊ အသင့်လျော်ဆုံးပြင်ဆင်ခြင်း၊ ကာမအနွယ်ကို ဖြတ်၍ မဟဂ္ဂုတ်အနွယ်ကို တိုးပွားစေခြင်းတို့ကို ဆောင်ရွက်သည်။

ကာမအနွယ် ပြတ်သည်နှင့် မဟဂ္ဂုတ်အနွယ် ဝင်လာသည်။ မဟဂ္ဂုတ် စိတ်သည် မြတ်သောအဆင့်အတန်းသို့ ရောက်ရှိသောစိတ် ဖြစ်သည်။

ဈာန်ဓောဝင်ခါနီးတွင် အနှောင့်အယှက်ဖြစ်သော နီဝရဏတရားဆိုးတို့ကို ပရိကမ္မဇော၊ ဥပစာရဇော၊ အနုလောမဇော၊ ဂေါတြဘူဇောတို့က တိုက်ထုတ်ခြင်းဖြစ်သည်။ နီဝရဏတရားများအား ဖယ်ရှားခြင်းကိုပင် ပြင်ဆင်သည်၊ ကာမအနွယ်ကို ဖြတ်သည်ဟုဆိုသည်။

## ဉာဏ်ထက်မြက်သောသူနှင့် ဉာဏ်နုံ့နှေးသော သူတို့ဈာန်ဇောကျပုံ

န ဒ မ ပ ဥ န ဂေါ ဈ ဘ .. ဉာဏ်နုံ့နှေးသော မန္ဒပညာပုဂ္ဂိုလ်။
န ဒ မ ဥ န ဂေါ ဈ ဘ .. ဉာဏ်ထက်မြတ်သော တိက္ခပညာဂ္ဂိုလ်။

ဉာဏ်ထက်မြက်သောသူသည် ဈာန်ဝီထိတွင် ပရိကမ္မဇော မလာတော့ပေ။ ဥပစာရဇော၊ အနုလောမဇော၊ ဂေါတြဘူဇောကျပြီးနောက်၊ ဈာန်ရနိုင်သည်။

ဉာဏ်နုံ့နှေးသော သူသည်ကား သုံးကြိမ်နှင့် မရပေ။ ပရိကမ္မ၊ ဥပစာရ၊ အနုလောမ၊ ဂေါတြဘူဇော လေးကြိမ်ကျပြီးမှသာ ဈာန်ရနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဉာဏ်ထက်မြတ်သောသူသည် ဥပစာရ၊ အနုလောမ၊ ဂေါတြဘူဟူ၍ သုံးကြိမ်နှင့်ပင် နီဝရဏတရားများကို ပယ်ဖျောက်နိုင်သည်။ ဉာဏ်နုံ့နှေးသောသူသည်ကား ပရိကမ္မ၊ ဥပစာရ၊ အနုလောမ၊ ဂေါတြဘူဟူ၍ လေးကြိမ်နှင့်မှသာ နီဝရဏတရားများကို ပယ်ဖျောက်နိုင်ပေသည်။

န ဒ မ ဥ န ဂေါ ဈ ဘ .. ဈာနဝီထိ (တိက္ခပညာပုဂ္ဂိုလ်)

န ဒ မ ဓ ဓ ဓ ဓ ဓ ဓ ဓ ဘ .. မနောဒွါရဝီထိ
ပစ္စဝေက္ခဏာဝီထိ

ဈာန်ဝီထိကျပြီးနောက် တဖန်ပြန်၍ဈာန်ကို တွေးတောဆင်ခြင်ရာတွင် မနောဒွါရဝီထိစဉ်ကျသည်။ ထိုဝီထိကို တနည်းအားဖြင့် ပစ္စဝေက္ခဏာဝီထိ ဟုလည်းခေါ်သည်။ ထိုမနောဒွါရဝီထိတွင် ပါဝင်သော ဇောများမှာ ကာမဇော များသာဖြစ်သည်။

## မဂ္ဂဝီထိ
## မဂ်ဇောပါဝင်သော စိတ်အစဉ်

### သောတာပတ္တိမဂ်ပုဂ္ဂိုလ်




ပုထုဇဉ်ပုဂ္ဂိုလ် သောတာပတ္တိမဂ်ပုဂ္ဂိုလ် သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်

သောတပန်ပုဂ္ဂိုလ်ရရှိသောဝီထိစဉ်တွင်

ဘဝင်္ဂစလန (န)၊ ဘဝင်္ဂုပစ္ဆေဒ (ဒ)၊ မနောဒွါရာဝဇ္ဇန်း (မ)၊ ပရိကမ္မ (ပ) ၊ ဥပစာရ (ဉ) ၊ အနုလောမ (နု) ၊ ဂေါတြဘူ(ဂေါ)၊ သောတာပတ္တိမဂ်စိတ်(မ)၊ သောတာပတ္တိဖိုလ်စိတ်(ဖ)၊ (နှစ်ကြိမ်ကျသည်။) နှင့် ဘဝင်စိတ်(ဘ) တို့ပါဝင်သည်။

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ စိတ်များသည်၊ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံများကို အာရုံပြုသည်။ မနောဒွါရာဝဇ္ဇန်း၊ ပရိကမ္မ၊ ဥပစာရ၊ အနုလောမ စိတ်များသည် ရုပ်နာမ်သင်္ခါရကို အာရုံပြုသည်။ ဂေါတြဘူ၊ သောတာပတ္တိမဂ်စိတ်၊ သောတာပတ္တိဖိုလ်စိတ်များသည် နိဗ္ဗာန်ကို အာရုံပြုသည်။

မဂ္ဂဝီထိစဉ်တွင် န ဒ မ ပ ဉ နု ဂေါ အထိ ပုထုဇဉ်ပုဂ္ဂိုလ်သာဖြစ်သေးသည်။ ဂေါတြဘူစိတ်သည် မဟာကုသိုလ်၊ ဉာဏသမ္ပယုတ်၊ သောမနဿစိတ်ဖြစ်၍ နိဗ္ဗာန်ကိုအာရုံပြုသည်။ ပုထုဇဉ်အနွယ်ကို သတ်ဖြတ်နိမ်နင်းပြီး၊ အရိယာအနွယ်ကို တိုးပွားစေ၍ ဖြစ်ပေါ်လာသည်၊ ဂေါတြဘူစိတ်အဆင့်တွင် ပုထုဇဉ်ပုဂ္ဂိုလ်သာ ရှိသေးသည်။

မဂ္ဂဝီထိစဉ်၌ သောတာပတ္တိမဂ်စိတ် ဖြစ်နေသော အခိုက်အတန့်တွင်ပင် သောတာပတ္တိမဂ် ပုဂ္ဂိုလ်ဟု ခေါ်သည်။ အခိုက်အတန့်ဟုဆိုရသော်လည်း

စိတ်တက္ခဏာတစ်ချက်မျှသာ ဖြစ်သည်။ သက်တမ်းကို ပြော၍မရနိုင်အောင် ပင် တိုတောင်းလှသည်။

သောတာပတ္တိမဂ်စိတ်ဖြစ်ပြီးနောက်၊ သောတာပတ္တိ ဖိုလ်စိတ် ဆက် ဖြစ်သည်။ ဖိုလ်ပုဂ္ဂိုလ်သည်သာလျှင် အချိန်ကြာမြင့်စွာ တည်ရှိနေသည်။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၏ သက်တမ်းနယ်ပယ်မှာ သောတာပတ္တိမဂ်၏ နောက် သောတာပတ္တိဖိုလ်မှ သကဒါဂါမိမဂ်၏ရှေ့ ဝေါဒန်အထိဖြစ်သည်။ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်သည် အချိန်ကာလအားဖြင့် ရက်၊ လ၊ နှစ်ပင်မက၊ သေသည်အထိလည်းကောင်း သေပြီးနောက် ဘဝကူးသည်အထိ လည်း ကောင်း မည်သို့ပင် နေထိုင်စေကာမူ ဖိုလ်ပုဂ္ဂိုလ်သာဖြစ်နေသည်။ နောင်ဘဝ များတွင်မှ ဆက်လက်၍ တရားအားထုတ်သော် အထက်မဂ် ဖြစ်သော သကဒါဂါမိမဂ်စသည်ကို ရနိုင်လေသည်။

သောတာပတ္တိမဂ်စိတ် ရပြီးနောက် ,သောတာပန်ပုဂ္ဂိုလ်များသည် ရှစ်ကြိမ်မြောက်ဘဝကိုမူ မယူပေ။ ခုနစ်ဘဝသာလျှင်နေသည်။ ခုနစ်ဘဝတွင် တချို့ကားတဆင့်ပြီး တဆင့်နား၍ လည်းကောင်း၊ တချို့ကားခုနစ်ဘဝ မြောက်ကျမှ လည်းကောင်း၊ တရားအားထုတ်ကြသည်။ အများဆုံး ခုနစ်ဘဝ မြောက်ပြီးသော်ကား အထက်မဂ်သို့လည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း သွားကြသည်။

## တိက္ခပညာပုဂ္ဂိုလ်နှင့် မန္ဒပညာပုဂ္ဂိုလ်

န ဒ မ ပ ဥ န ဂေါ မ ဖ ဖ ဘ .. မန္ဒပညာပုဂ္ဂိုလ်
န ဒ မ ဥ န ဂေါ မ ဖ ဖ ဘ .. တိက္ခပညာပုဂ္ဂိုလ်

မန္ဒပညာပုဂ္ဂိုလ် (ဉာဏ်နုံ့နှေးသောပုဂ္ဂိုလ်)၏ သောတာပတ္တိ မဂ်ဝီထိ စဉ်မှာ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကမ္မ၊ ဥပစာရ၊ အနုလောမ၊ ဂေါတြဘူ၊ သောတာပတ္တိမဂ်စိတ်၊ သောတာပတ္တိဖိုလ်စိတ် (၂-ကြိမ်) နှင့် ဘဝင်စိတ်တို့ ဖြစ်သည်။

တိက္ခပညာပုဂ္ဂိုလ် (ဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်) ၏ မဂ်ဝီထိစဉ်မှာ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဥပစာရ၊ အနုလောမ၊ ဂေါတြဘူ၊

သောတာပတ္တိမဂ်စိတ်၊ သောတာပတ္တိဖိုလ်စိတ် (၃) ကြိမ်နှင့် ဘဝင်စိတ်တို့ဖြစ်သည်။

တိက္ခပညာပုဂ္ဂိုလ်၏ ဝီထိစဉ်တွင် ပရိကံ မပါသောကြောင့်။ ဇော(၇) ကြိမ်နှင့် တွက်ရာ၌ ဖိုလ်ဇော (၃) ကြိမ်ကျမှ ဇော (၇) ကြိမ်ပြည့်သည်၊ ထို့ကြောင့်ဖိုလ်ဇော (၃) ကြိမ်ကျရသည်။

## သကဒါဂါမိမဂ်ပုဂ္ဂိုလ်




သကဒါဂါမိမဂ် ဝီထိစဉ်တွင် ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကမ္မ၊ ဥပစာရ၊ အနုလောမ၊ ဝေါဒန်၊ သကဒါဂါမိမဂ်စိတ်၊ သကဒါဂါမိဖိုလ်စိတ် (၂- ကြိမ်)၊ ဘဝင်စိတ်တို့ပါဝင်သည်။

သကဒါဂါမိမဂ် ဝီထိစဉ်တွင် ပုထုဇဉ်အနွယ်ကို ထပ်ဖြတ်ရန် မလိုသောကြောင့် ဂေါတြဘူကိစ္စ မလာတော့ပေ။ ဝေါဒန်စိတ်ဖြစ်လာသည်။ ဝေါဒန် သည် ဖြူစင်ခြင်းဟု အဓိပ္ပါယ်ရသည်။ သောတာပတ္တိမဂ်ဝီထိစဉ်နောက်ဖြစ် ပေါ်သော အထက် မဂ်ဝီထိစဉ်များတွင် ပို၍ပို၍ ဖြူစင်သောကြောင့် ဝေါဒန် ကိစ္စလာသည်။

သကဒါဂါမိမဂ် ပုဂ္ဂိုလ်၏ သက်တမ်းမှာသကဒါဂါမိမဂ်စိတ်ဖြစ်ပေါ်နေခိုက်မျှ သာဖြစ်သည်။

သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်၏ သက်တမ်းမှာ သကဒါဂါမိမဂ်၏ နောက်ဖိုလ်မှ စ၍ အနာဂါမိမဂ်၏ရှေ့ ဝေါဒန်အထိဖြစ်သည်။

အနာဂါမိမဂ်ပုဂ္ဂိုလ်




အနာဂါ မိမဂ်ပုဂ္ဂိုလ်

အနာဂါမိမဂ် ပုဂ္ဂိုလ်၏ သက်တမ်းမှာ အနာဂါမိမဂ်စိတ် ဖြစ်ပေါ်နေခိုက်မျှသာ ဖြစ်သည်။

အနာဂါမိဖိုလ်ပုဂ္ဂိုလ်၏ သက်တမ်းမှာ အနာဂါမိမဂ်၏ နောက်ဖိုလ်မှစ၍ အရဟတ္တမဂ်၏ ရှေ့ ဝေါဒန်အထိဖြစ်သည်။

အရဟတ္တမဂ်ပုဂ္ဂိုလ်




အရဟတ္တမဂ်ပုဂ္ဂိုလ်

အရဟတ္တမဂ်ပုဂ္ဂိုလ်၏ သက်တမ်းမှာ အနာဂါမိဖိုလ်ပုဂ္ဂိုလ်ဝေါဒန်၏နောက်၊ အရဟတ္တဖိုလ်၏ ရှေ့စိတ်တခုစာဖြစ်သော အရဟတ္တမဂ်စိတ်သည်သာ အရဟတ္တမဂ်ပုဂ္ဂိုလ်၏ သက်တမ်းဖြစ်သည်။

အရဟတ္တဖိုလ် ပုဂ္ဂိုလ်၏ သက်တမ်းမှာ အရဟတ္တမဂ်၏နောက် ဖိုလ် မှစ၍ ပရိနိဗ္ဗာန်စံသော စုတိစိတ်အထိ ဖြစ်သည်။

## ဈာနဝီထိ၊ မဂ္ဂဝီထိတွင် ပါဝင်သောဇောများ

ဉာဏ်နှင့် ယှဉ်သော၊ ကာမဘုံ၌ များသောအားဖြင့် ဖြစ်သော မဟာကုသိုလ်ဇော (၈) ပါးတို့တွင် တပါးပါးသည် ပရိကမ္မ၊ ဥပစာရ၊ အနုလောမ၊ ဂေါတြဘူအမည်အားဖြင့် လေးကြိမ် သော်လည်းကောင်း၊ သုံးကြိမ်သာလျှင် သော်လည်းကောင်း အစဉ်အတိုင်း ဖြစ်ပြီး၍ ချုပ်ပါသည်။ ထိုဇောစိတ်များ၏ အခြားမဲ့၌ ထိုက်သည့်အားလျော်စွာ လေးကြိမ်မြောက်၌ လည်းကောင်း၊ ငါးကြိမ်မြောက်၌လည်းကောင်း (၂၆) ပါးသော မဟဂ္ဂုတ်၊ လောကုတ္တရာဇောတို့တွင် အကြောင်းအားလျော်သော အစွမ်းအားဖြင့် တခုခု သောဇောသည် အပ္ပနာစိတ်အစဉ်သို့သက်ဆင်း၏။ အပ္ပနာ၏အဆုံး၌ ဘဝင် ကျသည်သာလျှင်ဖြစ်သည်။

န ဒ မ ပ ဥ နု ဂေါ ဈ ဘ

× × × × ×

(၄) .. (၄၀)

(၄) .. ကာမဇောထဲမှ မဟာကုသိုလ်၊ သောမနဿဇော (၄) ပါး

(၄၀) .. အပ္ပနာဇောထဲမှ သောမနဿဇော (၄၀) (အကျယ်)

န ဒ မ ပ ဥ နု ဂေါ ဈ ဘ

— — — — —

(၄) (၁၈)

(၄) .. ကာမဇောထဲမှ မဟာကုသိုလ်၊ ဥပေက္ခာဇော (၄) ပါး

(၁၈) .. အပ္ပနာဇောထဲမှ ဥပေက္ခာဇော (၁၈) ပါး

ဈာနဝီထိ၊ မဂ္ဂဝီထိတွင် ပ ဥ နု ဂေါ သည် သောမနဿဇော များဖြစ်လျှင် ထိုဇောများ၏ နောက်၌ (အခြားမဲ့၌) ကျသော အပ္ပနာဇော များသည် သောမနဿ အပ္ပနာဇောများ ဖြစ်ရသည်။ ပ ဥ နု ဂေါ သည် ဥပေက္ခာဇောများ ဖြစ်လျှင်၊ ထိုဇောများ၏ နောက်၌ကျသော အပ္ပနာဇောများ သည် ဥပေက္ခာ အပ္ပနာဇောများ ဖြစ်သည်။

န ဒ မ ပ ဥ နု ဂေါ ဈ ဘ
× × × × ×
(၄) (၄၀)

ကုသိုလ်
× ...... ×
(၂) (၃၂)
ကြိယာ
× ...... ×
(၂) (၈)

(၂) .. ကာမဇော ကုသိုလ် (၂) ပါး
ကုသိုလ်
(၃ = ၂) .. ရူပကုသိုလ် (၄) ပါး၊ လောကုတ္တရာမဂ် (၁၆)၊ အောက်ဖိုလ် (၁၂) ပါး (အကျယ်)

×

(၂) .. ကာမဇောကြိယာ (၂)ပါး
ကြိယာ
(၈) .. ရူပကြိယာ(၄)ပါး၊ အရဟတ္တဖိုလ် (၄)ပါး

မဟာကုသိုလ် ဉာဏသမ္ပယုတ်တွင်ရှိသော သောမနဿဇော (၂) ပါးမှာ အသင်္ခါရိကဇောနှင့် သသင်္ခါရိကဇောတို့ဖြစ်သည်။ အသင်္ခါရိကဇောတခုသည် ဈာနဝီထိ၊ မဂ္ဂဝီထိတွင် ပ ဥ နု ဂေါ ဟူ၍ (၄) ကြိမ်ဖြစ်သည်။ ယင်း၏ နောက်၌ သောမနဿ အပ္ပနာဇော (၄၀) တွင် ကြိယာသောမနဿ အပ္ပနာဇော (၄) ပါးနှင့် အရဟတ္တဖိုလ်သော မနဿ (၄) ပါး မပါသည့် သောမနဿအပ္ပနာဇော (၃၂) ပါးတို့သည် အလဲအလှယ်နှင့် ဖြစ်နိုင်သည်။ သသင်္ခါရိကဇော၏ နောက်၌လည်း ထိုသောမနဿ အပ္ပနာဇော (၃၂) ပါးတို့သည် အလဲအလှယ်နှင့် ဖြစ်နိုင်သည်။

မဟာကြိယာဉာဏသမ္ပယုတ် သောမနဿဇော (၂) ပါး၏ နောက်၌လည်း ကြိယာသောမနဿ အပ္ပနာဇော(၄) ပါးနှင့် အရဟတ္တဖိုလ် သောမနဿ (၄) ပါး၊ ပေါင်း (၈) ပါးတို့သည် အလဲအလှယ်နှင့် ဖြစ်နိုင်သည်။

န ဒ မ ပ ဥ နု ဂေါ ဈ ဘ

(၄) (၁၈)

ကုသိုလ်

(၂) (၁၂)

ကြိယာ

(၂) (၆)

ကုသိုလ်
(၂) .. ကာမဇောကုသိုလ် (၂) ပါး
(၁၂) .. ရူပကုသိုလ် (၁) ပါး၊ အရူပကုသိုလ် (၄) ပါး၊ လောကုတ္တရာမဂ် (၄)၊ အောက်ဖိုလ် (၃) ပါး

ကြိယာ
(၂) .. ကာမဇောကြိယာ (၂)ပါး
(၆) .. ရူပကြိယာ(၁)ပါး၊ အရူပကြိယာ(၄) ပါး၊ အရဟတ္တဖိုလ် (၁)ပါး

မဟာကုသိုလ် ဉာဏသမ္ပယုတ်တွင်ရှိသော ဥပေက္ခာဇော (၂) ပါးမှာ အသင်္ခါရိက ဇောနှင့် သသင်္ခါရိကဇောတို့ဖြစ်သည်။ ဥပေက္ခာအသင်္ခါရိကဇော၏နောက်၌ ရူပကုသိုလ် (၁) ပါး၊ အရူပကုသိုလ် (၄) ပါး၊ လောကုတ္တရာမဂ် (၄) ပါး၊ အောက်ဖိုလ် (၃) ပါး၊ ပေါင်း (၁၂) ပါးသော ဥပေက္ခာ အပ္ပနာဇောတို့သည် အလဲအလှယ်နှင့် ဖြစ်နိုင်သည်။ ဥပေက္ခာ သသင်္ခါရိက

ဇော၏ နောက်၌လည်း ထိုဥပေက္ခာ အပ္ပနာဇော (၁၂) ပါးတို့ သည် အလဲအလှယ်နှင့် ဖြစ်နိုင်သည်။

မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာဇော (၂) ပါး၏ နောက်၌၊ ရူပကြိယာ (၁) ပါး၊ အရူပကြိယာ (၄) ပါး၊ အရဟတ္တဖိုလ် (၁) ပါး၊ ပေါင်း (၆) ပါးသော ဥပေက္ခာ အပ္ပနာဇောများသည် အလဲအလှယ်နှင့် ဖြစ်နိုင်သည်။

ကာမဇောနောင် အပ္ပနာဇောနှောင်းပုံ ဥပဒေသ

၁။ သော နောင်သော

| | | ကာမဇော | | အပ္ပနာဇော |
|---|---|---|---|---|
| (က) ကု–နောင်ကု၊ အောက်ဖိုလ်(၃) | .. | × (၂) | .. | × (၃၂) |
| (ခ) ကြိ–နောင်ကြိ၊ အရဟတ္တဖိုလ် | .. | × (၂) | .. | × (၈) |

၂။ ဥ နောင်ဥ

| | | ကာမဇော | | အပ္ပနာဇော |
|---|---|---|---|---|
| (က) ကု–နောင်ကု၊ အောက်ဖိုလ် (၃) | .. | – (၂) | .. | – (၁၂) |
| (ခ) ကြိ–နောင်ကြိ၊ အရဟတ္တဖိုလ် | .. | – (၂) | .. | – (၆) |

**မှတ်ချက်။**

သော–နောင် သော–သည် သောမနဿနောက်တွင် သောမနဿ လိုက်ကြောင်း၊ ကု–နောင် ကု–သည် ကုသိုလ်နောက်တွင် ကုသိုလ် လိုက်ကြောင်း၊ ကြိ–နောင် ကြိ–သည် ကြိယာနောက်တွင် ကြိယာလိုက် ကြောင်း၊ ဥ–နောင် ဥ–သည် ဥပေက္ခာနောက်တွင် ဥပေက္ခာလိုက်ကြောင်း ဆိုလိုသည်။

## ပုဂ္ဂလဘေဒ

ပုဂ္ဂလ + ဘေဒ

ပုဂ္ဂိုလ်သည် ပါဠိစကား ပုဂ္ဂလမှ ဆင်းသက်လာ၍ ငရဲသို့သွားနေသူ၊ ဆင်းရဲခြင်းရှိရာသို့သွား နေသူ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းသို့သွားနေသူဟု

အဓိပ္ပါယ်ရှိလေသည်။ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ရာထူးဂုဏ်သိန်ကြီးခြင်း၊ သေးငယ်ခြင်း၊ အသက်ကြီးခြင်း၊ အသက်ငယ်ခြင်းစသည့် အချက်များ ပေါ်တွင် မှီ၍ ပုဂ္ဂိုလ်ဟု ခေါ်နေခြင်းမှာ တိကျစစ်မှန်သော အဓိပ္ပါယ်သို့ မသက်ရောက်ပေ။ စင်စစ်ကား၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်မှစ၍ ပရိနိဗ္ဗာန် မစံသေးသော အရဟတ္တဖိုလ် ပုဂ္ဂိုလ်များသည်ပင် ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။ အားလုံးသော သက်ရှိ သတ္တဝါများသည် ၊ အိုခြင်း၊ နာခြင်း၊ သေခြင်း သို့ သွားနေကြသူများ ဖြစ်ခြင်းကြောင့် ပုဂ္ဂိုလ်များပင် ဖြစ်လေသည်။ ဘေဒ–ဟူသည်မှာ ကွဲပြားခြင်း၊ အမျိုးအစားဟု အဓိပ္ပါယ်ရလေသည်။

ထို့ကြောင့် ပုဂ္ဂလဘေဒခန်းတွင် ပုဂ္ဂိုလ်အမျိုးအစားများကို ခွဲခြား ဖော်ပြထားသည်။ ပုဂ္ဂလဘေဒ အားဖြင့် ပုဂ္ဂိုလ် (၁၂) ယောက်ရှိသည်။

## ပုဂ္ဂိုလ် (၁၂) ယောက်

| | |
|---|---|
| ၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်<br>၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်<br>၃။ ဒွိဟိတ်ပုဂ္ဂိုလ်<br>၄။ တိဟိတ်ပုဂ္ဂိုလ် | ပုထုဇဉ်ပုဂ္ဂိုလ် (၄) ယောက် |
| ၅။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်<br>၆။ သကဒါဂါမိမဂ်ပုဂ္ဂိုလ်<br>၇။ အနာဂါမိမဂ်ပုဂ္ဂိုလ်<br>၈။ အရဟတ္တမဂ်ပုဂ္ဂိုလ် | မဂ်ပုဂ္ဂိုလ် (၄) ယောက် |
| ၉။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်<br>၁၀။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်<br>၁၁။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်<br>၁၂။ အရဟတ္တဖိုလ်ပုဂ္ဂိုလ် | ဖိုလ်ပုဂ္ဂိုလ် (၄) ယောက် |

**ပုထုဇဉ်ပုဂ္ဂိုလ် (၄) ယောက်**

ပုထု + ဇဉ်

ပုထု - = - ကြီးသော၊ ထူသော
ဇဉ် - = - ဖြစ်စေသော

ပုထုဇဉ်ပုဂ္ဂိုလ် (၄) ယောက်

ပုထုဇဉ်ဟူသည်မှာ ကြီးသော လောဘကို ဖြစ်စေသော ပုဂ္ဂိုလ်၊ ထူသော ကိလေသာကို ဖြစ်စေသော ပုဂ္ဂိုလ်ဟု အဓိပ္ပါယ်ရလေသည်။

**၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်**

ဒု + ဂတိ + အဟိတ် + ပုဂ္ဂိုလ်
ဒု .. မကောင်းသော
ဂတိ .. လားခြင်း၊ သွားခြင်း

အဟိတ် .. မူလအရင်းအမြစ် မရှိသည့် အဟိတ်စိတ်နှင့် ပဋိသန္ဓေနေသော ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်များသည် အကုသလဝိပါက်၊ ဥပေက္ခာသန္တီရဏ၊ အဟိတ်စိတ်နှင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်များဖြစ်၍၊ မကောင်းသဖြင့် လားရာဖြစ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံများသို့ သွားရောက် နေသည့်သူများဖြစ်သည်။

**၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်**

သု + ဂတိ + အဟိတ် + ပုဂ္ဂိုလ်

သုဂတိအဟိတ် ပုဂ္ဂိုလ်များသည် မူလအရင်းအမြစ် မရှိသည့် အဟိတ်စိတ်နှင့် ပဋိသန္ဓေ နေသော်လည်း ကောင်းရာသို့ သွားနေသူများဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် ကုသလဝိပါက်၊ ဥပေက္ခာသန္တီရဏ၊ အဟိတ်စိတ်နှင့် ပဋိသန္ဓေ နေကြသည်။ အမိဝမ်းမှ စ၍ အကန်း၊ အပင်း၊ အဆွံ့၊ အအ၊ အချည့်အနဲ့များ၊ ကျား၊ မ မဟုတ်သူများ၊ ကျား တလှည့်၊ မ တလှည့် ဖြစ်သော သူများနှင့် တစ္ဆေသူရဲခေါ် စတုမဟာရာဇ်၏ အောက်တန်းစား နတ်များသည် သုဂတိ အဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

၃။ ဒွိဟိတ်ပုဂ္ဂိုလ်

ဒွိဟိတ် .. အလောဘ၊ အဒေါသဟိတ်နှစ်ပါးရှိသော

ဒွိဟိတ်ပုဂ္ဂိုလ်များသည် အလောဘ၊ အဒေါသဟိတ်နှစ်ပါးရှိသည့် မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်နှင့် ပဋိသန္ဓေ နေကြသည်။ ဉာဏ်ထိုင်းသော နတ်များနှင့် လူများသည် ဒွိဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

၄။ တိဟိတ်ပုဂ္ဂိုလ်

တိဟိတ် .. အလောဘ၊ အဒေါသ၊ အမောဟဟိတ်သုံးပါးရှိသော

တိဟိတ်ပုဂ္ဂိုလ်များသည် အလောဘ၊ အဒေါသ၊ အမောဟဟိတ် သုံးပါးရှိသည့် မဟာဝိပါက်၊ ဉာဏသမ္ပယုတ်စိတ်၊ ရူပဝိပါက် စိတ် အရူပဝိပါက်စိတ်များနှင့် ပဋိသန္ဓေ နေကြသည်။ ဉာဏ်ကောင်းသော လူများ ဉာဏ်ကောင်းသော နတ်များ ရူပဗြဟ္မာများ၊ အရူပဗြဟ္မာများသည် တိဟိတ် ပုဂ္ဂိုလ်များဖြစ်ကြသည်။

မဂ်ပုဂ္ဂိုလ် (၄) ယောက်

မဂ်ပုဂ္ဂိုလ်များသည် မဂ်စိတ်အခိုက်အတန့်သို့ ရောက်ရှိနေသော ပုဂ္ဂိုလ်များဖြစ်ကြသည်။

၁။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်

သောတာပတ္တိမဂ် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်စိတ် အခိုက်အတန့် သို့ ရောက်ရှိနေသော ပုဂ္ဂိုလ်ဖြစ်သည်။

၂။ သကဒါဂါမိမဂ်ပုဂ္ဂိုလ်

သကဒါဂါမိမဂ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်စိတ် အခိုက်အတန့်သို့ ရောက်ရှိနေသော ပုဂ္ဂိုလ်ဖြစ်သည်။

၃။ အနာဂါမိမဂ်ပုဂ္ဂိုလ်

အနာဂါမိမဂ် ပုဂ္ဂိုလ်သည် အနာဂါမိမဂ်စိတ်အခိုက်အတန့်သို့ ရောက်ရှိနေသော ပုဂ္ဂိုလ်ဖြစ်သည်။

၄။ အရဟတ္တမဂ်ပုဂ္ဂိုလ်

အရဟတ္တမဂ် ပုဂ္ဂိုလ်သည် အရဟတ္တမဂ်စိတ် အခိုက်အတန့်သို့ ရောက်ရှိနေသော ပုဂ္ဂိုလ်ဖြစ်သည်။

## ဖိုလ်ပုဂ္ဂိုလ် (၄) ယောက်

ဖိုလ်ပုဂ္ဂိုလ်များသည် မဂ်စိတ်တခုကို ရပြီးနောက် အခြားမဲ့၌ ပေါ်လာသောစိတ်မှစ၍ နောက်တဆင့် မဂ်၏ ရှေ့ဝေါဒန်တိုင်အောင် ကာလအတွင်း၌ တည်ရှိနေသော ပုဂ္ဂိုလ်များဖြစ်သည်။

**၁။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်**

သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ရပြီးနောက် အခြားမဲ့၌ ပေါ်လာသော ဖိုလ်စိတ်မှစ၍ သကဒါဂါမိမဂ်၏ ရှေ့ ဝေါဒန်တိုင်အောင် ကာလအတွင်း၌ တည်ရှိနေသော ပုဂ္ဂိုလ်ဖြစ်သည်။

**၂။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်**

သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ကို ရပြီးနောက် အခြားမဲ့၌ ပေါ်လာသော ဖိုလ်စိတ်မှစ၍ သကဒါဂါမိမဂ်၏ ရှေ့ ဝေါဒန်တိုင်အောင် ကာလအတွင်း၌ တည်ရှိနေသော ပုဂ္ဂိုလ်ဖြစ်သည်။

**၃။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်**

အနာဂါမိဖိုလ် ပုဂ္ဂိုလ်သည် အနာဂါမိမဂ်ကို ရပြီးနောက် အခြားမဲ့၌ ပေါ်လာသော ဖိုလ်စိတ်မှစ၍ အနာဂါမိမဂ်၏ ရှေ့ ဝေါဒန်တိုင်အောင် ကာလအတွင်း၌ တည်ရှိနေသော ပုဂ္ဂိုလ်ဖြစ်သည်။

**၄။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်**

အရဟတ္တဖိုလ် ပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို ရပြီးနောက် အခြားမဲ့၌ ပေါ်လာသော ဖိုလ်စိတ်မှစ၍ ပရိနိဗ္ဗာန်စံသော စုတိစိတ် အရဟတ္တမဂ်၏ ရှေ့ဝေါဒန်တိုင်အောင် ကာလ အတွင်း၌ တည်ရှိနေသော ပုဂ္ဂိုလ်ဖြစ်သည်။

**ပုဂ္ဂိုလ် (၁၂) ယောက်နှင့် ရသောစိတ်များ**

**၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်**

× × – – >

– (အကုသိုလ်စိတ် ၁၂– ပါး)

− − − − V − −<br>
− − − − ^ − × − (ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် ၁၇ − ပါး)<br>
− − ⊗

× × − −<br>
(မဟာကုသိုလ်စိတ် ၈ − ပါး)<br>
× × − −

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ဖြစ်နိုင်သော စိတ် (၃၇) ပါးရှိသည်။

ယင်းတို့မှာ−

| | | |
|---|---|---|
| အကုသိုလ်စိတ် | .. | ၁၂ ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် | .. | ၁၇ ပါး |
| မဟာကုသိုလ်စိတ် | .. | ၈ ပါး |
| ပေါင်း | = | ၃၇ ပါးဖြစ်သည်။ |

**၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်**

× × − − > − − (အကုသိုလ်စိတ် ၁၂ − ပါး)<br>
× × − − >

− − − − V − −<br>
− − − − ^ − × − (ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇ − ပါး)<br>
− − ⊗

× × − −<br>
(မဟာကုသိုလ်စိတ် ၈ − ပါး)<br>
× × − −

[×] × − [−] (မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄ − ပါး)<br>
[×] × − [−]

သုဂတိအဟိတ်ပုဂ္ဂိုလ်၌ဖြစ်နိုင်သော စိတ် (၄၁) ပါးရှိသည်။

ယင်းတို့မှာ–

| | | |
|---|---|---|
| အကုသိုလ်စိတ် | .. | ၁၂ ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | .. | ၁၇ ပါး |
| မဟာကုသိုလ်စိတ် | .. | ၈ ပါး |
| မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် | .. | ၄ |
| ပေါင်း | = | ၄၁ ပါးဖြစ်သည်။ |

၃။ ဒွိဟိတ်ပုဂ္ဂိုလ်

ဒွိဟိတ်ပုဂ္ဂိုလ်၌ ဖြစ်နိုင်သော စိတ်သည်လည်း (၄၁) ပါးရှိသည်။

ယင်းတို့မှာ–

| | | |
|---|---|---|
| အကုသိုလ်စိတ် | .. | ၁၂ ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | .. | ၁၇ ပါး |
| မဟာကုသိုလ်စိတ် | .. | ၈ ပါး |
| မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် | .. | ၄ |
| ပေါင်း | = | ၄၁ ပါးဖြစ်သည်။ |

၄။ **တိဟိတ်ပုဂ္ဂိုလ်**

× × – – >

– – (အကုသိုလ်စိတ် ၁၂– ပါး)

× × – – >

– – – – V – –

– – – – ^ – × – (ဟသိတု ပ္ပါဒ်ကြဉ်သောအဟိတ်စိတ် ၁၇ – ပါး)

– – (×)

× × – –

(မဟာကုသိုလ်စိတ် ၈ – ပါး)

× × – –

× × – –
(မဟာဝိပါက် ၈ – ပါး)
× × – –

တိဟိတ်ပုဂ္ဂိုလ်၌ဖြစ်နိုင်သော စိတ် (၄၅) ပါးရှိသည်။

ယင်းတို့မှာ–

| | | |
|---|---|---|
| အကုသိုလ်စိတ် | .. | ၁၂ ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် | .. | ၁၇ ပါး |
| မဟာကုသိုလ်စိတ် | .. | ၈ ပါး |
| မဟာဝိပါက် | .. | ၈ |
| ပေါင်း | = | ၄၅ ပါး ဖြစ်သည်။ |

တိဟိတ်ပုဂ္ဂိုလ်များထဲမှ ဈာန်ရပုဂ္ဂိုလ်များတွင် အထက်ပါစိတ် (၄၅) ပါးနှင့် ရူပကုသိုလ် (၅) ပါး၊ အရူပကုသိုလ် (၄) ပါး၊ ပေါင်း (၅၄) ပါးသော စိတ်တို့သည် ဖြစ်နိုင်သည်။

၅။ သောတာပတ္တိမဂ် ပုဂ္ဂိုလ်သည် သူနှင့် သက်ဆိုင်ရာသော တာပတ္တိမဂ်စိတ်တစ်ပါးသာ ဖြစ်နိုင်သည်။

၆။ သကဒါဂါမဂ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်စိတ်တပါးသာ ဖြစ်နိုင်သည်။

၇။ အနာဂါမိမဂ် ပုဂ္ဂိုလ်သည် အနာဂါမိမဂ်စိတ်တပါးသာ ဖြစ်နိုင်သည်။

၈။ အရဟတ္တမဂ် ပုဂ္ဂိုလ်သည် အရဟတ္တမဂ်စိတ်တပါးသာ ဖြစ်နိုင်သည်။

၉။ **သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်**



(ဒိဋ္ဌိသမ္ပယုတ်၊ ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စိတ် ၇–ပါး)

– – – – V – –
– – – – V – × –
– – ⊠

(ဟသိတုပ္ပပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇ – ပါး)

× × – –
(မဟာကုသိုလ်)
× × – –

× × – –
(မဟာကုသိုလ်)
× × – – ×

သောတာပတ္တိဖိုလ်

သောတာပတ္တိဖိုလ်၌ဖြစ်နိုင်သော စိတ် (၄၁) ပါးရှိသည်။

ယင်းတို့မှာ–

| | | | |
|---|---|---|---|
| ဒိဋ္ဌိသမ္ပယုတ်၊ဝိစိကိစ္ဆာကြဉ်သောအကုသိုလ်စိတ် | .. | ၇ | ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် | .. | ၁၇ | ပါး |
| မဟာကုသိုလ်စိတ် | .. | ၈ | ပါး |
| မဟာဝိပါက်စိတ် | .. | ၈ | ပါး |
| သောတာပတ္တိဖိုလ်စိတ် | .. | ၁ | ပါး |

ပေါင်း = ၄၁ ပါး ဖြစ်သည်။

သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်ထဲမှ ဈာန်ရပုဂ္ဂိုလ်တွင် အထက်ပါစိတ် (၄၁) ပါးနှင့် ရူပကုသိုလ် (၅) ပါး၊ အရူပကုသိုလ် (၄) ပါး၊ ပေါင်း (၅၀) သောစိတ်တို့ဖြစ်နိုင်သည်။

## ၁၀။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်

သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်၌ ဖြစ်နိုင်သော စိတ် (၄၁) ပါးရှိသည်။

ယင်းတို့မှာ–

| | | | |
|---|---|---|---|
| ဒိဋ္ဌိသမ္ပယုတ်၊ဝိစိကိစ္ဆာကြဉ်သောအကုသိုလ်စိတ် | .. | ၇ | ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် | .. | ၁၇ | ပါး |
| မဟာကုသိုလ်စိတ် | .. | ၈ | ပါး |
| မဟာဝိပါက်စိတ် | .. | ၈ | ပါး |
| သကဒါဂါမိဖိုလ်စိတ် | .. | ၁ | ပါး |

ပေါင်း = ၄၁ ပါးဖြစ်သည်၊

ရှာန်ရပုဂ္ဂိုလ်သည် ၄၁ + မဟဂ္ဂုတ် ရှာန်ဇော (၉) ပါးပေါင်း စိတ် (၅၀) ဖြစ်နိုင်သည်။

**၁၁။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်**

အနာဂါမိဖိုလ် ပုဂ္ဂိုလ်၌ ဖြစ်နိုင်သော စိတ် (၃၉) ပါးရှိသည်။ ယင်းတို့မှာ–

ဒိဋ္ဌိသမ္ပယုတ် ဒေါသမူစိတ်၊ ဝိစိကိစ္ဆာကြဉ်သော

| | | |
|---|---|---|
| အကုသိုလ်စိတ် | .. | ၅ ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် | .. | ၁၇ ပါး |
| မဟာကုသိုလ်စိတ် | .. | ၈ ပါး |
| မဟာဝိပါက်စိတ် | .. | ၈ ပါး |
| အနာဂါမိဖိုလ်စိတ် | .. | ၁ ပါး |
| | | ------- |
| ပေါင်း | = | ၃၉ ပါးဖြစ်သည်။ |

ရှာန်ရပုဂ္ဂိုလ်သည် ၃၉ + မဟဂ္ဂုတ် ရှာန်ဇော (၉) ပါး၊ ပေါင်း (၄၈) ပါးသော စိတ်တို့ဖြစ်နိုင်သည်။

**၁၂။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်**

– – – – V – –

– – – – ^ – × – (အဟိတ်စိတ် ၁၈ – ပါး)

– – ×

× × – –

(မဟာဝိပါက် ၈ – ပါး)

× × – –

× × – –

(မဟာကြိယာ ၈ – ပါး)

× × – –

×

အရဟတ္တဖိုလ်စိတ်

အရဟတ္တဖိုလ်ပုဂ္ဂိုလ်၌ဖြစ်နိုင်သော စိတ် (၃၅) ပါးရှိသည်။ ယင်းတို့မှာ–

| | | |
|---|---|---|
| အဟိတ်စိတ် | .. | ၁၈ ပါး |
| မဟာဝိပါက်စိတ် | .. | ၈ ပါး |
| မဟာကြိယာစိတ် | .. | ၈ ပါး |
| အရဟတ္တဖိုလ်စိတ် | .. | ၁ ပါး |
| ပေါင်း | = | ၃၅ ပါးဖြစ်သည်။ |

(၃၅) ပါးသော စိတ်တို့သည် ဈာန်မရသေးသော ရဟန္တာများရသည့် စိတ်ဖြစ်သည်။ ဈာန်ရသော ရဟန္တာများသည် ထိုစိတ် (၃၅) ပါးအပြင်၊ ရူပကြိယာ(၅) ပါး၊ အရူပကြိယာ (၄) ပါး၊ ပေါင်း(၄၄) ပါးသော စိတ်တို့ကို ရနိုင်ပေသည်။

မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသား ဘဝတွင် စိတ်ရ(၄၅)ပါး ရှိ၏။ ဥရုဝေလ တောတွင် တရားကျင့်စဉ်က (၅၄) ပါးသော စိတ်ကိုရ၏။ ဘုရားဖြစ်သော်ကား စိတ် (၄၄) ပါးရသည်။

## ပုဂ္ဂိုလ်စိတ်ရ

| | | | |
|---|---|---|---|
| ၁။ | ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် | .. | ၃၇ |
| ၂။ | သုဂတိအဟိတ်ပုဂ္ဂိုလ် | .. | ၄၁ |
| ၃။ | ဒွိဟိတ်ပုဂ္ဂိုလ် | .. | ၄၁ |
| ၄။ | တိဟိတ်ပုဂ္ဂိုလ် | .. | ၄၅ + ၉ = ၅၄ |
| ၅။ | သောတာပတ္တိမဂ်ပုဂ္ဂိုလ် | .. | ၁ |
| ၆။ | သကဒါဂါမိမဂ်ပုဂ္ဂိုလ် | .. | ၁ |
| ၇။ | အနာဂါမိမဂ်ပုဂ္ဂိုလ် | .. | ၁ |
| ၈။ | အရဟတ္တမဂ်ပုဂ္ဂိုလ် | .. | ၁ |
| ၉။ | သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် | .. | ၄၁ + ၉ = ၅၀ |
| ၁၀။ | သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် | .. | ၄၁ + ၉ = ၅၀ |
| ၁၁။ | အနာဂါမိဖိုလ်ပုဂ္ဂိုလ် | .. | ၃၉ + ၉ = ၄၈ |
| ၁၂။ | အရဟတ္တဖိုလ်ပုဂ္ဂိုလ် | .. | ၃၅ + ၉ = ၄၄ |

## ပုဂ္ဂိုလ်ခွဲခြားခြင်း

| | |
|---|---|
| ၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် | |
| ၂။ သုဂတိအဟိတ်ပုဂ္ဂိုလ် | ပုထုဇဉ်ပုဂ္ဂိုလ် |
| ၃။ ဒွိဟိတ်ပုဂ္ဂိုလ် | နေဝသေက္ခနာသေက္ခပုဂ္ဂိုလ် |
| ၄။ တိဟိတ်ပုဂ္ဂိုလ် | |

| | | |
|---|---|---|
| | ၅။ သောတာပတ္တိမဂ်ပုဂ္ဂိုလ် | |
| | ၆။ သကဒါဂါမိမဂ်ပုဂ္ဂိုလ် | |
| | ၇။ အနာဂါမိမဂ်ပုဂ္ဂိုလ် | သေက္ခပုဂ္ဂိုလ် |
| အရိယာ | ၈။ အရဟတ္တမဂ်ပုဂ္ဂိုလ် | |
| ပုဂ္ဂိုလ် | ၉။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် | |
| | ၁၀။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် | |
| | ၁၁။ အနာဂါမိဖိုလ်ပုဂ္ဂိုလ် | |
| | ၁၂။ အရဟတ္တဖိုလ်ပုဂ္ဂိုလ် | အသေက္ခပုဂ္ဂိုလ် |

**ပုဂ္ဂိုလ်ခွဲခြားခြင်း**

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်တို့ကို ပုထုဇဉ် ပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ နေဝသေက္ခနာသေက္ခပုဂ္ဂိုလ်ဟူ၍လည်းကောင်း ခေါ်သည်။ နေဝသေက္ခနာသေက္ခပုဂ္ဂိုလ်ဟူသည်မှာ ကျင့်ဆဲမဟုတ်သူ၊ ကျင့်ပြီးမဟုတ်သူ ပုဂ္ဂိုလ်ဖြစ်သည်။

မဂ်ပုဂ္ဂိုလ် (၄) ယောက်နှင့် ဖိုလ်ပုဂ္ဂိုလ် (၄) ယောက်ကို အရိယာပုဂ္ဂိုလ်ဟု ခေါ်သည်။ မဂ်ပုဂ္ဂိုလ် (၄) ယောက်နှင့် အောက်ဖိုလ်ပုဂ္ဂိုလ် (၃) ယောက်ကို သေက္ခပုဂ္ဂိုလ်ဟုခေါ်သည်။ သေက္ခပုဂ္ဂိုလ်ဟူသည်မှာ (အထက်အထက်မဂ်ဖိုလ်ကိုရရန်) ကျင့်ဆဲ ပုဂ္ဂိုလ်ဖြစ်သည်။

အရဟတ္တဖိုလ် ပုဂ္ဂိုလ်ကို အသေက္ခပုဂ္ဂိုလ်ဟု ခေါ်သည်။ **အသေက္ခ** ပုဂ္ဂိုလ်သည် ကျင့်ပြီးဖြစ်သော ပုဂ္ဂိုလ်ဖြစ်သည်။ အသေက္ခ၊ **ခီဏာသဝ**၊ အရဟန္တတို့သည် ပုဂ္ဂိုလ်ချင်း အတူတူပင်ဖြစ်ကြသည်။

**သေက္ခပုဂ္ဂိုလ် (၇) ယောက်တို့ရနိုင်သောစိတ်များ**

| | | |
|---|---|---|
| **သောတာ**ပတ္တိဖိုလ်ပုဂ္ဂိုလ် ရသောစိတ် | .. | ၅၀ – ပါး |
| **မဂ်**ပုဂ္ဂိုလ်များရသောစိတ် | .. | ၄ – ပါး |
| **သကဒါ**ဂါမိဖိုလ်စိတ် | .. | ၁ – ပါး |
| **အနာ**ဂါမိဖိုလ်စိတ် | .. | ၁ – ပါး |

ပေါင်း ၅၆ – ပါး**ဖြစ်သည်။**

(ဤ၌ သဘောတူရာ စိတ်တို့ကို သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်ရသော **စိတ်**ထဲတွင် အကျုံးဝင် ထည့်သွင်းထားသည်။)

ရဟန္တာပုဂ္ဂိုလ်တို့ ရနိုင်သောစိတ်သည် (၄၄) ပါးဖြစ်သည်။ **သေက္ခ** ပုဂ္ဂိုလ်တို့ ရနိုင်သောစိတ်သည် (၅၆) ပါးဖြစ်၍၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ရနိုင်သော စိတ်သည် (၅၄) ပါးဖြစ်သည်။

## တဒါရမ္မဏနိယမ

## တဒါရုံဆုံးဖြတ်ချက်

မကောင်းသော၊ အလိုမရှိအပ်သော အာရုံ (**အနိဋ္ဌာရုံ**) ၌ အကုသလဝိပါက်များသာလျှင် ဖြစ်သော ပဉ္စဝိညာဏ၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏ၊ တဒါရုံများ ဖြစ်ကြသည်။

**အနိဋ္ဌာရုံအဆင်း**

| |
|---|
| ကံ၊ ကမ္မနိမိတ်<br>ဂတိနိမိတ် |

တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ

----

၂

>>>>>>>

ကြိယာ ဝိ ဝိ ဝိ ကြိယာ

× × × × × × × ဝိပါက်

- - - - - - -

ကုသိုလ်၊ အကုသိုလ်

ကြိယာ

အနိဋ္ဌာရုံအဆင်းတွင် - ပဉ္စဒွါရာဝဇ္ဇန်းစိတ် (အဟိတ်ကြိယာ)
အကုသလဝိပါက်စက္ခုဝိညာဉ်စိတ်
အကုသလဝိပါက်သမ္ပဋိစ္ဆန်းစိတ်
အကုသလဝိပါက်သန္တီရဏစိတ်
ဝုဋ္ဌောစိတ် (မနောဒွါရာဝဇ္ဇန်းစိတ်) (အဟိတ်ကြိယာ)
ဇောစိတ်များ၊ ( ကုသိုလ်၊ အကုသိုလ်ကြိယာ)
တဒါရုံစိတ်များ၊ (အကုသလဝိပါက်သန္တီရဏစိတ်)
ဘဝင်စိတ်များပါဝင်ကြသည်။

ကောင်းသော၊ အလိုရှိအပ်သော အာရုံ (ဣဋ္ဌာရုံ ) ၌ ကုသလဝိပါက်များဖြစ်သော ပဉ္စဝိညာဏ၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏ၊ တဒါရုံများဖြစ်ကြသည်။

အဆင်းသည် သင့်တင့်စွာ လုပကောင်းမွန်လျှင် ဥပေက္ခာသန္တီရဏ၊ ဥပေက္ခာတဒါရုံဖြစ်၍ အလွန်လုပကောင်းမွန်လျှင် သောမနဿ သန္တီရဏ၊ သောမနဿ တဒါရုံ ဖြစ်သည်။

## ဣဋ္ဌာရုံအဆင်း

တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ
---- =၉၀

× × × × × × × ၂
ကြိယာ ဝိ ဝိ ဝိ ကြိယာ
\- - - - - - - ဝိပါက်

အဆင်းသည် သင့်တော်ရုံသာ လှပကောင်းမွန်သော်ဝီထိ စဉ်တွင် တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ တို့ပါဝင်သည်။

ပ .. ပဉ္စဒွါရာဝဇ္ဇန်းစိတ်
စ .. ကုသလဝိပါက်စက္ခုဝိညာဉ်စိတ်
သံ .. ကုသလဝိပါက်သမ္ပဋိစ္ဆန်းစိတ်
ဏ .. ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်
ဝု .. မနောဒွါရာဝဇ္ဇန်းစိတ် ( ဝုဋ္ဌော စိတ်)
ဇ .. ဇောစိတ် (ကုသိုလ်၊ အကုသိုလ်၊ ကြိယာ)
ရုံ .. တဒါရုံစိတ် – ကုသလဝိပါက် ဥပေက္ခာတဒါရုံ
(ကုသလဝိပါက်ဥပက္ခောတဒါရုံ (၅) ပါးထဲမှ တပါးပါး)
ဘ .. ဘဝင်စိတ်တို့ဖြစ်သည်။

အဆင်းသည် အလွန်လုပ ကောင်းမွန်သော်
တိ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ တွင်
ပ .. ပဉ္စဒွါရာဝဇ္ဇန်းစိတ်
စ .. ကုသလဝိပါက်စက္ခုဝိညာဉ်စိတ်
သံ .. ကုသလဝိပါက်သမ္ပဋိစ္ဆန်းစိတ်

ဏ .. **ကုသလဝိ**ပါက် သောမနဿသန္တီရဏစိတ်
ဝု .. ဝုဋ္ဌောစိတ် (မနောဒွါရာဝဇ္ဇန်းစိတ်)
ဇ .. ဇောစိတ်များ (ကုသိုလ်၊ အကုသိုလ်၊ ကြိယာ)
ရုံ .. တဒါရုံစိတ်– ကုသလဝိပါက် သောမနဿတဒါရုံ (ကုသလ ဝိပါက်၊ သောမနဿတဒါရုံ (၅)ပါး ထဲမှ တစ်ပါးပါး)
ဘ .. ဘဝင်စိတ်တို့ ပါဝင်သည်။

ဤကဲ့သို့အားဖြင့် မကောင်းသော အဆင်းကို မြင်ရာတွင်လည်းကောင်း၊ ကောင်းသော အဆင်းကိုမြင်ရာတွင်လည်းကောင်း ဖြစ်ပေါ်သောဝီထိစဉ်ကဲ့သို့ မကောင်းသော အသံကိုကြားခြင်း၊ မကောင်းသော အနံ့ကို နံခြင်း၊ မကောင်းသော အရသာကိုစားခြင်း၊ မကောင်းသော အတွေ့အထိကို ခံစားခြင်းနှင့် ကောင်းသော အသံကိုကြားခြင်း၊ ကောင်း သော အနံ့ကို နံခြင်း၊ ကောင်းသော အရသာကို စားခြင်း၊ ကောင်းသော အတွေ့အထိကို ခံစားခြင်း တို့တွင်လည်း ဝီထိစဉ် အသီးသီး ဖြစ်ပေါ်သည်။

ထိုဝီထိစဉ်များတွင် သက်ဆိုင်ရာစိတ်များ၊ **ဥပမာ**– ကြားသည်ကို သိသောစိတ်သည် သောတဝိညာဉ်စိတ်၊ နံသည် ကိုသိသောစိတ်သည် ဃာနဝိညာဉ်စိတ် စသည်ဖြင့် ဝိညာဉ်စိတ် တို့သည် ဝီထိစဉ်တွင် “ စ ” (စက္ခုဝိညာဉ်စိတ်) နေရာ၌ အသီးသီး ပါဝင်သွားသည်။

**ဥပမာ** – သောတဝီထိဖြစ်လျှင်

တီ န ဒ ပ သ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဟူ၍ ဖြစ်သည်။

ကောင်းသောအာရုံနှင့် မကောင်းသော အာရုံအတွက် ကုသလဝိပါက်နှင့် အကုသလဝိပါက်တို့ ခြားနားကြသည်။ အလွန်ကောင်းသည့် အာရုံနှင့် သင့်တင့်စွာကောင်းသည့် အာရုံအတွက် သောမနဿနှင့် ဥပေက္ခာတို့ခြားနားကြသည်။

## စိတ်

× × – – > __ __ (အကုသိုလ်စိတ်)

× × – – >

– – – – V

__ __ (အကုသလဝိပါက်)

– – – – ^ __ ☒ __ (ကုသလဝိပါက်)

– – × ရုံ ၊ ဏာ

× × – –

× × – –

× × – –

× × – – ပ၊ ဘ၊ စု၊ ရုံ

× × – –

× × – –

အနိဋ္ဌာရုံ အဆင်းစသည် .. (၁) အကုသလဝိပါက်ပဉ္စဝိညာဏ
(၂) အကုသလဝိပါက်သမ္ပဋိစ္ဆန်း
(၃) အကုသလဝိပါက်သန္တီရဏ
(၄) အကုသလဝိပါက်တဒါရုံ

ဣဋ္ဌာရုံအဆင်းစသည် .. (၁) ကုသလဝိပါက်ပဉ္စဝိညာဏ
(၂) ကုသလဝိပါက်သမ္ပဋိစ္ဆန်း
(၃) ကုသလဝိပါက်ဥပေက္ခာသန္တီရဏ
(၄) ကုသလဝိပါက် ဥပေက္ခာ တဒါရုံ

အတိဣဋ္ဌာရုံအဆင်းစသည် .. (၁) ကုသလဝိပါက်ပဉ္စဝိညာဏ
.. (၂) ကုသလဝိပါက်သမ္ပဋိစ္ဆန်း
.. (၃) ကုသလဝိပါက် သောမနဿ သန္တီရဏ
.. (၄) ကုသလဝိပါက်သော မနဿ တဒါရုံ

## ဓာများ နောက်၌ တဒါရုံကျပုံ

ဝမ်းမြောက်ခြင်း သောမနဿနှင့် အတူတကွဖြစ်သော ကြိယာဇောဏ် အဆုံး၌ သောမနဿ တဒါရုံသာလျှင်ဖြစ်သည်။

**ကြိယာဇောများ**

ဓ ဓ ဓ ဓ ဓ ဓ ဓ ရုံ ရုံ

× × × × × × × × ×

ဥပေက္ခာနှင့် အတူတကွဖြစ်သော ကြိယာဇောဏ်အဆုံး၌ ဥပေက္ခာ တဒါရုံ သာလျှင်ဖြစ်သည်။

**ကြိယာဇောများ**

ဓ ဓ ဓ ဓ ဓ ဓ ဓ ရုံ ရုံ

– – – – – – – – –

သောမနဿနှင့်ဖြစ်စေ၊ ဥပေက္ခာနှင့်ဖြစ်စေ၊ အတူတကွဖြစ် သော ကုသိုလ်၊ အကုသိုလ်ဇော အဆုံး၌ သောမနဿ တဒါရုံ၊ ဥပေက္ခာ တဒါရုံ သည်ဖြစ်နိုင်သည်။

**ကုသိုလ် အကုသိုလ်ဇောများ**

ဓ ဓ ဓ ဓ ဓ ဓ ဓ ရုံ ရုံ

× × × × × × × ×

– –

ဓ ဓ ဓ ဓ ဓ ဓ ဓ ရုံ ရုံ

– – – – – – – – –

× ×

မကောင်းသော အာရုံ (အနိဋ္ဌာရုံ) နှင့်တွေ့ရလျှင် တဒါရုံသည် အကုသလဝိပါက် တဒါရုံဖြစ်သည်။ ကောင်းသော အာရုံ (ဣဋ္ဌာရုံ) နှင့် တွေ့ရလျှင် ဥပေက္ခာ ကုသလဝိပါက် တဒါရုံ (၅)ပါးမှ တစ်ပါးပါးဖြစ်သည်။ အလွန်ကောင်းသော အာရုံ (အတိဣဋ္ဌာရုံ)နှင့် တွေ့ရလျှင် သောမနဿ ကုသလဝိပါက် တဒါရုံ (၅)ပါးမှ တစ်ပါးပါး ဖြစ်သည်။

နှလုံးမသာယာခြင်း ဒေါမနဿနှင့် အတူတကွဖြစ်သော ဇော၏အဆုံး၌ တဒါရုံသည် လည်းကောင်း၊ ဘဝင်များသည် လည်းကောင်း၊ ဥပေက္ခာများသာလျှင် ဖြစ်သည်။

တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ
> > > > > > > – – –

သောမနဿနှင့် ပဋိသန္ဓေ နေခဲ့သော သူအား ဒေါမနဿနှင့် အတူတကွဖြစ်သော ဇော၏ နောက်၌ တဒါရုံဖြစ်ခြင်းသည် မရှိပေ။ ထိုအခါ တစုံတခုသော၊ ရှေးက ကျက်စားခဲ့ဖူးသည့် ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာနှင့် အတူတကွဖြစ်သော သန္တီရဏစိတ်သည် ဖြစ် ၏။ ထိုဥပေက္ခာ သန္တီရဏစိတ်ကို ကြားညှပ်၍ မူလဘဝင် ပြန်ကျတော့သည်။

ကံ၊ ကမ္မနိမိတ်၊
ဂတိနိမိတ်




## တဒါရုံ၏ အင်္ဂါလေးချက်

၁။ ကာမဇော၏ အဆုံး၌သာလျှင် တဒါရုံကျသည်။
အပ္ပနာဇော၏ အဆုံး၌တဒါရုံ မကျပေ။

၂။ ကာမဘုံသား သတ္တဝါများမှာသာလျှင် တဒါရုံ ကျသည်။
ရူပ၊ အရူပဘုံသားများမှာ တဒါရုံမကျပေ။

၃။ ကာမအာရုံများ၌သာလျှင် တဒါရုံ ကျသည်။
မဟဂ္ဂုတ်အာရုံ၊ နိဗ္ဗာန်အာရုံများ၌ တဒါရုံ မကျပေ။

၄။ ကာမဘုံ၌ ဇော၊ သတ္တဝါ၊ အာရုံတို့၌ ပြည့်စုံခဲ့လျှင် အတိ မဟန္တာရုံ၊ ဝိဘူတာရုံတို့၌ တဒါရုံကျသည်။

အထက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံမှသာလျှင် တဒါရုံ ကျနိုင် သည်။ အချက်တချက် မပြည့်စုံလျှင် တဒါရုံ မကျနိုင်တော့ပေ။

ပုံစံသည် ပညတ်အာရုံဖြစ်၍၊ အရောင်အဆင်းသည် ကာမ **အာရုံ** (ပရမတ်) ဖြစ်သည်။ ကာမအာရုံတွင် တဒါရုံကျ၍ ပညတ် အာရုံတွင် တဒါရုံမကျပေ။ ကာမအာရုံမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိနှင့် သဘောတရားများ ဖြစ်သည်။ သဘောတရားဟူသည် စေတသိက် (၅၂)ပါး နှင့် သုခုမရုပ် (၁၆)ပါး တို့ဖြစ်သည်။

ဥပမာ – ခဲတံ၏ ပုံစံကို အာရုံပြုသော် တဒါရုံမကျပေ။ စိတ်ကူးမျှသာဖြစ်သည်။ ခဲတံကိုမြင်ရာတွင်လည်း ခဲတံ၏ အရောင် အဆင်းကို ဂရုပြုမိသော် တဒါရုံကျ၍၊ အချောင်း အတံ ပုံစံကို ဂရုပြုမိ သော် ပုံစံပညတ် ဖြစ်သဖြင့် တဒါရုံမကျပေ။

ယမန်နေ့က စားခဲ့သော အစားစာများကိုပြန်၍ တွေးကြည့်ရာ **တွင်** ထင်ရှားပေါ်လွင်ပါက တဒါရုံကျ၏။ မထင်ရှားပါက အဝိ ဘူတာရုံ ဖြစ်သောကြောင့် တဒါရုံမကျပေ။

ဗြဟ္မာများသည် လူ့ပြည်သို့ကြည့်သော်၊ ကာမသတ္တဝါများ မဟုတ်သောကြောင့် တဒါရုံမကျပေ။ ပထမဈာန်ဝင်စားသော ပုဂ္ဂိုလ်သည်လည်း ဝိထိစဉ်တွင် တဒါရုံမကျပေ။ ဈာန်ဇောသာဖြစ်၍ ကာမဇော မဟုတ်သောကြောင့်ဖြစ်သည်။ တဒါရုံသည်ကာမဇော၏ အဆုံး၌သာ ကျနိုင်သည်။

## ဓဝန နိယာမ
## ဓာမှတ်တမ်း

ဓာတို့တွင် ကာမဓာဝီထိ၌ ကာမာဝစရဓာတို့သည်၊ (၇) ကြိမ်သော် လည်းကောင်း၊ (၆) ကြိမ်သော်လည်းကောင်း၊ ဖြစ်ကြသည်။ သေခါနီး အချိန်အခါ၌ နုံ့နှေးစွာ ဖြစ်ခြင်းကြောင့် ကာမာဝစရဓာတို့ သည် (၅) ကြိမ်သာဖြစ်သည်။ ဆိုလိုရင်းမှာ အိပ်မက်ထဲတွင် ဓာ (၆) ကြိမ်ဖြစ်၏။ ရိုးရိုး သွားလာလုပ်ရှားနေစဉ် ဓာ (၇) ကြိမ်ဖြစ်သည်။ သေခါနီးတွင်ကား ဓာ (၅) ကြိမ်ဖြစ်သည်။

မြတ်စွာဘုရားသည် တန်ခိုးပြာဋိဟာပြသော အချိန်ကာလ စသည်တို့၌ လျင်မြန်စွာဖြစ်ခြင်းကြောင့် (၄) ကြိမ်သော်လည်း ကောင်း၊ (၅) ကြိမ်သော်လည်းကောင်း၊ ဆင်ခြင်သောဓာစိတ် တို့သည် ဖြစ်ကြ သည်။

ဘုရားရဟန္တာတို့သည် ရေအစုံ၊ မီးအစုံ၊ တန်ခိုးပြာဋိဟာ ပြသော အခါ၌ လျင်မြန်စွာ အလိုရှိအပ်သောကြောင့် ဓာ (၄) ကြိမ်သာလျှင် ကျသည်။ မျက်စိတဖက်မှ ရေထွက်သည်ဆိုရာ၌ မြတ်စွာဘုရားသော် လည်းကောင်း၊ ရဟန္တာသော်လည်းကောင်း တန်ခိုးပြသူသည် အာပေါက သိုဏ်းကို ဝင်စား၍ ဆင်ခြင်ရမည်။ ထို့နောက် ရေထွက်စေဟု မိဋ္ဌာန်၍ အဘိညာဉ် ဝင်စားရသည်။ ထိုမှရေထွက်သည်။ တစ်ဖန် အခြားမျက်စိ တဖက်မှ မီးထွက်စေရန် အာပေါ ကသိုဏ်းမှပြောင်း၍ တေဓာကသိုဏ်း ကို ရှုရသည်။ တေဓာ ကသိုဏ်းကို ရှု၍ မီးထွက်စေဟု အဓိဋ္ဌာန်ကာ အဘိညာဉ် ဝင်စားရသည် ထိုအခါမှ မီးထွက်သည်၊ ထို့ကြောင့် မျက်စိ တဘက်စီမှ ရေမီးထွက်စေရာတွင် တပြိုင် နက်ထွက်သည် မဟုတ်ပေ။ ရေထွက်ပြီးမှမီးထွက်သည်၊ သို့မဟုတ် မီးထွက် ပြီးမှ ရေထွက်သည်။ တမျိုးစီထွက်သည်၊ ပြိုင်တူမထွက်ပေ။ သို့ရာတွင် လျင်မြန်စွာ ဖြစ်ခြင်း ကြောင့် တပြိုင်နက် ထွက်သည်ဟု ထင်မှတ် ရသည်။

ထို့ကြောင့် တန်ခိုးပြာဋိဟာ ပြရာတွင် လျင်မြန်စွာ ဖြစ်စေသော ကြောင့် ဓာသည် လေးကြိမ်သာလျှင် ကျနိုင်တော့သည်။

**အစဦးရှုမှတ်၍** ဈာန်ရသူ**အား** ရှေးဦးစွာကျသော အပ္ပနာဇောဝီထိ၌ မဟဂ္ဂုတ်ဇောသည် လည်းကောင်း၊ **အဘိညာဉ်**ဇောသည် လည်း ကောင်း၊ အခါခပ်သိမ်း တစ်ကြိမ် သာလျှင်ဖြစ်ကြသည်။ ထိုမှနောက်၌ ဘဝင်ကျသည်။ ဆိုလိုရင်းမှာ ဈာန်ဇောကို ရှေးဦးစွာ ရချိန်တွင် ဇော (၁) ကြိမ်သာကျ၏။ ထို့နောက် ပြန်၍ ဆင်ခြင်လျှင်သော်ကား ဇောများစွာ ကျသည်။ ဇောများစွာ ကျပြီးနောက် ဘဝင်ကျသည်။ ထိုဇောများသည် ကာမဇောများ သာဖြစ်သည်။ ဈာန်ကို ပြန်ဆင်ခြင်ရာတွင် ဖြစ်ပေါ်သော ဝီထိစဉ်ကို ပစ္စဝေက္ခဏာ ဝီထိဟုလည်း ခေါ်သည်။ ပစ္စဝေက္ခဏာ စိတ်သည် ဆင်ခြင်သောစိတ်ဖြစ်၍ ကာမဇောစိတ်သာ ဖြစ်၏။ ကာမဇောစိတ်ဖြင့်သာ ဆင်ခြင်ရသည်။ ဈာန်ဇောသည် ဈာန်စိတ်ကိုသာလျှင်သော် လည်းကောင်း ရှုကြည့်၍ မဂ်ဇော၊ ဖိုလ်ဇောသည် မဂ်၊ ဖိုလ်ကိုသာ အာရုံပြု၏။ ကာမဇောသည်သာလျှင် အနန့်အပြား ဆင်ခြင်နိုင်သည်။

လေးပါးသော မဂ်စိတ်ဖြစ်ခြင်းတို့သည် တခုသော စိတ် ခဏသာ ရှိကြသည်။ ထိုမှနောက်၌ နှစ်ခုသုံးခုသော ဖိုလ်စိတ်တို့သည် ထိုက်သည့် အားလျော်စွာဖြစ်ကြ၏။

**သောတာပတ္တိမဂ်**

န ဒ မ ပ ဥ နု ဂေါ မ ဖ ဖ ဘ . . မန္ဒပညာပုဂ္ဂိုလ်
န ဒ မ ဥ နု ဂေါ မ ဖ ဖ ဖ ဘ . . တိက္ခပညာပုဂ္ဂိုလ်

**အထက်မဂ် (၃) ပါး။**

န ဒ မ ပ ဥ နု ဝေါ မ ဖ ဖ ဘ . . မန္ဒပညာပုဂ္ဂိုလ်
န ဒ မ ဥ နု ဝေါ မ ဖ ဖ ဖ ဘ . . တိက္ခပညာပုဂ္ဂိုလ်

မန္ဒပုဂ္ဂိုလ်၏ မဂ်ရှေ့ဇောသည် ပ၊ ဥ၊ နု၊ ဂေါ၊ အားဖြင့် လေးကြိမ်ဖြစ်သည်။ တိက္ခပုဂ္ဂိုလ်၏ မဂ်ရှေ့ဇောသည် ဥ၊ နု၊ ဂေါ အားဖြင့် သုံးကြိမ်ဖြစ်သည်။ ဉာဏ်ထက်မြက်သော တိက္ခပုဂ္ဂိုလ်သည် ဥ၊ နု၊ ဂေါ၊ ဇော သုံးကြိမ်ဖြင့်သာ နိဝရဏတရားများကို ပယ်၍ မဂ်ရနိုင်သောကြောင့် ပရိကံ မလာတော့ပေ။

ပရိကံ၊ ဥပစာရ၊ အနုလောမ၊ ဂေါတြဘူသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့အတွက် မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးပါးအနက် တစ်ပါးပါးက သုံးကြိမ် သို့မဟုတ် လေးကြိမ်ဆက် ဖြစ်ခြင်း ဖြစ်သည်။ ဘုရားရဟန္တာတို့အတွက် မဟာကြိယာ ဉာဏသမ္ပယုတ် လေးပါးအနက် တစ်ပါးပါးက သုံးကြိမ် သို့မဟုတ် လေးကြိမ်ဆက် ဖြစ်သည်။

ဇော အားလုံးပေါင်း (၅၅) ပါးရှိသည်။

| | | | |
|---|---|---|---|
| အကုသိုလ်ဇော | | .. | ၁၂ ပါး |
| ကုသိုလ်ဇော | ကာမဇော ၂၉ | .. | ၈ ပါး |
| ကြိယာဇော | | .. | ၉ ပါး |
| ဈာန်ဇော | | .. | ၁၈ ပါး |
| လောကုတ္တရာဇော | | .. | ၈ ပါး |

ပေါင်း၅၅ ပါးဖြစ်သည်။

ကာမဇောထဲမှ ကုသိုလ်ဇောတခုခုသည် –

ရိုးရိုးနေစဉ် -- (၇) ကြိမ်ဖြစ်၏။
အိပ်မက်မက်စဉ်တွင် -- (၆) ကြိမ်ဖြစ်၏။

သေခါနီး၊ သို့မဟုတ် တန်ခိုးပြသည့် အခါတွင် (၅) ကြိမ် ဖြစ်၏။ တန်ခိုးပြသည့်အခါ၊ သို့မဟုတ် မန္ဒပုဂ္ဂိုလ်၏ မဂ်ဇောရှေ့၊ ဈာန် ဇောရှေ့၌ ပ၊ ဥ၊ နု၊ ဂေါ၊ အားဖြင့် ဖြစ်သောအခါတွင် (၄) ကြိမ်ဖြစ်သည်။

တိက္ခပုဂ္ဂိုလ်၏ မဂ်ဇောရှေ့၌ ဥ၊ နု၊ ဂေါ၊ အားဖြင့် ဖြစ်သောအခါတွင် (၃) ကြိမ်ဖြစ်သည်။

ကာမဇောထဲမှ ကြိယာဇောတခုခုသည် –

ဘုရားရဟန္တာများ ရိုးရိုးနေစဉ်တွင် .. (၇) ကြိမ်ဖြစ်သည်။
အိပ်မက် မက်နေစဉ်တွင် .. (၆) ကြိမ်ဖြစ်သည်။

ဘုရားရဟန္တာများ ပရိနိဗ္ဗာန်စံလွန်ခါနီးအချိန်၊
သို့မဟုတ် တန်ခိုး ပြသည့်အချိန်တွင် .. (၅) ကြိမ်ဖြစ်သည်။

တန်ခိုးပြသည့်အချိန်၊ သို့မဟုတ် မန္ဒပုဂ္ဂိုလ်၏ ဖိုလ်ဇောရှေ့၊
ဈာန်ဇော ရှေ့၌ ဖြစ်သောအခါတွင် .. (၄) ကြိမ်ဖြစ်သည်။
တိက္ခပုဂ္ဂိုလ်၏ဖိုလ်ဇောရှေ့၊ ဈာန်ဇောရှေ့၌ဖြစ်သောအခါတွင်
.. (၃) ကြိမ်ဖြစ်သည်။

## နိရောဓသမာပတ်အကြောင်း

နိရောဓ .. ချုပ်ငြိမ်းခြင်း

နိရောဓဟူသည် ချုပ်ငြိမ်းခြင်းဟု အဓိပ္ပါယ်ရသည်။ စိတ်၊ စေတသိက်၊ စိတ္တဇရုပ် တို့ချုပ်ငြိမ်းခြင်း ဖြစ်သည်။

နိရောဓ သမာပတ် ကာလ၌ စတုတ္ထအရူပဇောသည် နှစ်ကြိမ်ဖြစ်သည်။ ထိုမှ နောက်၌ ချုပ်ငြိမ်းခြင်း (နိရောဓ) ကိုတွေ့သည်။ ထိုမှ ထသောအခါ၌ အနာဂါမိဖိုလ် သော်လည်းကောင်း၊ အရဟတ္တဖိုလ် သော်လည်းကောင်း ထိုက်သည့်အားလျော်စွာ တကြိမ်ဖြစ်၍ ချုပ်သည်ရှိသော် ဘဝင်ကျ သည်။

– – –

– – –

– – –

[–] – [–]

အနာဂါမ် ရဟန္တာ

န ဒ မ ပ ဉ န ဂေါ ဈ ဈ (နိရောဓသမာပတ်– ၇ –ရက်) ဖ ဘ

နိရောဓသမာပတ်ကို ရသောဝိထိစဉ်၌ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကမ္မ၊ ဥပစာရ၊ အနုလောမ၊ ဂေါတြဘူ၊ စတုတ္ထအရူပဈာန်ဇော (၂) ကြိမ်၊ နိရောဓသမာပတ်၊ အနာဂါမိဖိုလ်စိတ်

(သို့မဟုတ်) အရဟတ္တဖိုလ်စိတ်နှင့် ဘဝင်စိတ်တို့ ပါဝင်သည်။ အနာဂါမ် ပုဂ္ဂိုလ်ဖြစ်လျှင် စတုတ္ထ အရူပကုသိုလ်ဈာန်ဇော (၂)ကြိမ်ဖြစ်၍၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ်ဖြစ်လျှင် စတုတ္ထ အရူပကြိယာ ဈာန်ဇော (၂)ကြိမ်ဖြစ်သည်။

နိရောဓသမာပတ်ဝင်စားနိုင်ရန်

(၁) ဈာန်ရသော အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ရမည်။ (သို့မဟုတ်)

(၂) ဈာန်ရသော ရဟန္တာဖြစ်ရမည်။

နိရောဓသမာပတ် ဝင်စားနိုင်ရန် ဈာန်ရသောအနာဂါမ်၊ ရဟန္တာ ဖြစ်ရမည်။ အနာဂါမ်၊ ရဟန္တာဖြစ်သော်လည်း ဈာန်မရလျှင် နိရောဓ သမာပတ်ကို မဝင်စားနိုင်ပေ။

သောတာပန်၊ သကဒါဂါမ် ဖိုလ်ပုဂ္ဂိုလ်များသည်၊ နိရောဓ သမာ ပတ်ကို မဝင်စားနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကိလေသာ စိတ်များ မကုန်သေးသောကြောင့် ဖြစ်သည်။

## နိရောဓသမာပတ်ဖြင့် နေနိုင်သည့်သက်တမ်း

လူ့ပြည်မှဈာန်ရသောအနာဂါမ်၊ ရဟန္တာများအတွက် နိရောဓ သမာပတ်ဝင်စား၍ နေနိုင်သော သက်တမ်းကာလသည် အများဆုံး (၇) ရက်ဖြစ်သည်။ (၇) ရက်ကြာမြင့်သည့်တိုင်အောင် နိရောဓသမာပတ်ကို ဝင်စားနေနိုင်သည်။ (၇) ရက်မှလျော့နည်း၍ ကား (၂) ရက်၊ (၃) ရက်၊ တခဏစသည်ဖြင့် အဓိဋ္ဌာန်ပြုထားသည့် အလိုက် ဝင်စားနိုင်သည်။ အဘယ်ကြောင့် (၇) ရက်အတွင်းသာ ကြာရှည်နေနိုင်သနည်းဆိုသော် လူ့ပြည်တွင် အာဟာရဓာတ်အားသည် (၇) ရက်အတွင်းသာ အားဖြည့် ပေးနိုင်သော ကြောင့် ဖြစ်သည်။ (၇) ရက်ကျော်လွန်လျှင်ကား အင်အား အလွန် ကုန်ခန်းသွားပေသည်။ ထို့ကြောင့် လူ့ပြည်တွင် နိရောဓသမာပတ် ကို အများဆုံး (၇) ရက် အထိသာ ဝင်စားနိုင်သည်။

နတ်ပြည်မှ ဈာန်ရသော အနာဂါမ်၊ ရဟန္တာတို့သည် နိရောဓ သမာပတ်ကို ရက်လ အချိန်ကြာမြင့်စွာ ဝင်စားနိုင်သည်။ နတ်များ၏ အစားအစာ အာဟာရသည် အားဖြည့်ပေးနေနိုင်သည်။ ထို့ကြောင့်

အချိန်ကြာမြင့်စွာ နိရောဓသမာပတ်ကို ဝင်စားနိုင်သည်။ ရက် ကန့်သတ်ချက် အပိုင်းအခြား မရှိပေ။

ဗြဟ္မာ့ပြည်မှ ဈာန်ရသော အနာဂါမ်၊ ရဟန္တာတို့သည်ကား အစာအာဟာရမစားဘဲ နေကြသောကြောင့် နိရောဓသမာပတ်ကို အချိန် အလွန်ကြာမြင့်စွာ ဝင်စား၍ နေနိုင်သည်။ မိမိတို့နှစ်သက်သမျှ၊ လိုချင်သမျှ ဝင်စား၍ နေနိုင်သည်။

## နိရောဓသမာပတ် ဝင်စားနေသူတို့၏ လက္ခဏာ

နိရောဓသမာပတ် ဝင်စားနေသောသူသည် စိတ်၊ စေတ သိက်၊ စိတ္တဇရုပ် များချုပ်ငြိမ်းသည်။ စိတ်ချုပ်ငြိမ်းသောကြောင့် ခေါ်၍လည်း မကြား၊ တွေ့ထိ၍လည်း မသိတော့ပေ။ သောတဝိညာဉ် စိတ်၊ ကာယ ဝိညာဉ်စိတ်စသည့် အသိစိတ်များ မရှိတော့သောကြောင့် ဖြစ်သည်။

ထွက်လေဝင်လေ အသက်ရှူသော အာနပါနရုပ်မျိုးသည် စိတ္တဇရုပ်ဖြစ်သည်၊ စိတ်ကြောင့်ဖြစ်၏။ နိရောဓသမာပတ် ဝင်စား နေသောသူသည် စိတ္တဇရုပ်လည်း ချုပ်ငြိမ်းသောကြောင့် ထွက်လေ ဝင်လေ အသက်ရှူခြင်း မရှိတော့ပေ။ သို့သော် ဥသမခေါ်သော အပူငွေ့သည် တကိုယ်လုံး အနှံ့အပြားတွင် ရှိပေသည်။ ထိုအပူအငွေ့သည် ကံက လုပ်ပေးသော ကမ္မဇရုပ်ဖြစ်သည်။ ဥသမအပူငွေ့သည် တကိုယ်လုံးတွင် ရှိနေသော ကြောင့် နိရောဓသမာပတ် ဝင်စားနေသူ၏ ကိုယ်ခန္ဓာသည် ပူနွေးနေ ပေသည်။

ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ ဝင်စားနေသူ ဖိုလ်ဝင်စားနေသူများသည် ခေါ်၍မကြား၊ တွေ့ထိ၍ မသိနိုင်ပေ။ သို့သော် အသက်ရှူနေသည်။ နိရောဓသမာပတ် ဝင်စားနေသည် မဟုတ်ပေ။ ဈာန်ဇောများ သို့မဟုတ် ဖိုလ်ဇောများ ဆက်ကျနေခြင်းသာ ဖြစ်သည်။ နိရောဓသမာပတ် ဝင်စားနေသူသည်ကား ခေါ်၍မကြား၊ တွေ့ထိ၍ မသိနိုင်သည့်အပြင် အသက်လည်းမရှူ ပေ။

ထို့ကြောင့် နိရောဓသမာပတ် ဝင်စားနေသူ၏ အကြောင်း လက္ခဏာမှာ –

(၁) ခေါ်၍မကြား၊ တွေ့ထိ၍မသိခြင်း၊
(၂) အသက်မရှူခြင်း၊
(၃) ကိုယ်ခန္ဓာ ပူနွေးနေခြင်းတို့ဖြစ်သည်။

## အလျဉ် (၄) မျိုး။

(၁) နဒီသောတ .. မြစ်ရေအလျဉ်
(၂) ဘဝင်္ဂသောတ .. ဘဝင်အလျဉ်
(၃) ဈာနသောတ .. ဈာန်အလျဉ်
(၄) ဖလသောတ.. ဖိုလ်အလျဉ်

ရေအလျဉ်သည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းသည်။ ဘဝင်အလျဉ်သည် သတ္တဝါတဦးအားကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဘက်သို့ လှည့်ပေးသည်။ ဈာန်အလျဉ်ဟု ခေါ်သော ဈာန်စိတ်က ကသိုဏ်း ပညတ် စသောအာရုံဘက်သို့ စီးဆင်း လှည့်လည်ပေးသည်။ ဖိုလ်စိတ်သည်ကား နိဗ္ဗာန်အာရုံဘက်သို့ စီးဆင်းလှည့်လည် ပေးသည်။

## ဇောစိတ်အစဉ်များ

ဈာန်ဝင်စားသော စိတ်အစဉ်၊ ဖိုလ်ဝင်စားသော စိတ်အစဉ်၌ ဘဝင်အလျဉ်ကဲ့သို့ များစွာသော ဈာန်ဇောစိတ်အစဉ် သို့မဟုတ် ဖိုလ်ဇောစိတ်အစဉ်တို့ သည်ဖြစ်နိုင်သည်။ စိတ်အစဉ် ရေတွက်ခြင်း မရှိပေ။

ဈာန်သမာပတ်ဝီထိ၊ ဖလသမာပတ်ဝီထိ၌ ဈာန်ဇောစိတ် အစဉ်၊ ဖိုလ်ဇောစိတ်အစဉ်တို့သည် အရေအတွက်မရှိ၊ များစွာ ဖြစ်နိုင်သည်ဟုဆိုလိုခြင်းဖြစ်သည်။

## ဇောများရေတွက်ခြင်း အကျဉ်းချုပ်။

ကာမဇောများသည် (၇) ကြိမ် ဖြစ်နိုင်သည်။ မဂ်ဇော၊ အဘိညာဉ်ဇောတို့သည် တကြိမ်သာလျှင် ဖြစ်နိုင်သည်။ ကြွင်းကျန်သောဇောများ

ရူပကုသိုလ် (၅)ပါး၊ ရူပကြိယာ(၅)ပါး၊ အရူပကုသိုလ် (၄) ပါး၊ အရူပကြိယာ (၄)ပါး၊ ဖိုလ်ဇောအကျဉ်း (၄)ပါး သို့မဟုတ် အကျယ် (၂၀)ပါး၊ ပေါင်း (၂၂) ပါး၊ သို့မဟုတ် (၃၈) ပါး တို့သည် အကြိမ်များစွာ သော်လည်းကောင်း၊ အနည်းငယ်သာသော် လည်းကောင်း၊ ဖြစ်နိုင်သည်။

### ဈာနသမာပတ် ဝိထိ

န ဒ မ ပ ဥ နု ဂေါ ဈ ဈ (များစွာ) ဘ

### အစဆုံးဈာန်ရ ဝိထိ

န ဒ မ ပ ဥ နု ဂေါ ဈ ဘ (၁– ကြိမ်သာ ဖြစ်သည်)

### ဖလသမာပတ် ဝိထိ

န ဒ မ နု နု နု နု ဖ ဖ (များစွာ) ဘ

### မဂ်ရ ဝိထိ

န ဒ မ ပ ဥ နု ဂေါ မ ဖ ဖ ဘ (မဂ်– ၁– ကြိမ်နှင့်ဖိုလ်၊
န ဒ မ ဥ နု ဂေါ မ ဖ ဖ ဖ ဘ ၂– ကြိမ်၊ ၃– ကြိမ်)

### ကာမဇော (၃) ကြိမ်

တိက္ခပုဂ္ဂိုလ်၏ ဈာန်ဇောရှေ့၊ မဂ်ဇောရှေ့တွင်၊ ဥ၊ နု၊ ဂေါ၊ အနေဖြင့် လည်းကောင်း၊ ဖိုလ်ဇောရှေ့တွင် နု၊ နု၊ နု၊ အနေနှင့် လည်းကောင်း၊ ကာမဇော (၃) ကြိမ်ကျသည်။

### ကာမဇော (၄)-ကြိမ်

မန္ဒပုဂ္ဂိုလ်၏ ဈာန်ဇောရှေ့၊ မဂ်ဇောရှေ့တွင်၊ ဥ၊ နု၊ ဂေါ၊ အနေဖြင့် လည်းကောင်း၊ ဖိုလ်ဇောရှေ့တွင် နု၊ နု၊ နု၊ နု၊ အနေနှင့် လည်းကောင်း၊ ကာမဇော (၄) ကြိမ်ကျသည်။

မြတ်စွာဘုရားသည် တိက္ခပုဂ္ဂိုလ်ဖြစ်၍၊ ဈာန်ဇော၊ မဂ်ဇောရှေ့ တွင် ဇော(၃)ကြိမ်သာဖြစ်သည်။ ပစ္စဝေက္ခဏာဝိထိတွင် ဇော (၄)ကြိမ်ဖြစ် သည်။ ရဟန္တာတွင် ပစ္စဝေက္ခဏာဇောသည်ကား (၅)ကြိမ်ဖြစ်သည်။

န ဒ မ ဇ ဇ ဇ ဇ ဘ (ပစ္စဝေက္ခဏာဇော– မြတ်စွာဘုရား)
န ဒ မ ဇ ဇ ဇ ဇ ဇ ဘ (ပစ္စဝေက္ခဏာဇော– ရဟန္တာ)။

## ဈာန်ဇောနှင့် ဖိုလ်ဇောများ

ကျန်သော ဇော (၂၂)ပါး၊ သို့မဟုတ် (၃၈)ပါးတွင် ဈာန်ဇော (၁၈)ပါးသည် အစဆုံးဝင်စားချိန်တွင် (၁)ကြိမ်သာဖြစ်၍၊ ကျန်အချိန် များတွင် ပြန်ဝင်စားလျှင် များစွာဖြစ်သည်။

သောတာပတ္တိဖိုလ်နှင့် သကဒါဂါမိဖိုလ်သည် (၂) ကြိမ်၊ (၃) ကြိမ်၊ များစွာဖြစ်နိုင်သည်။ မန္ဒပုဂ္ဂိုလ်တွင် မဂ်ဇောနောက်၌ ဖိုလ်ဇော (၂)ကြိမ်ကျ၍၊ တိက္ခပုဂ္ဂိုလ်တွင် မဂ်ဇောနောက်၌ ဖိုလ်ဇော (၃) ကြိမ်ကျသည်။ ဖလသမာပတ် ဖိုလ်ဝင်စားသော် များစွာဖြစ်သည်။

န ဒ မ ပ ဥ နု ဂေါ မ ဖ ဖ ဘ (မန္ဒပုဂ္ဂိုလ်– ၂– ကြိမ်)

န ဒ မ ဥ နု ဂေါ မ ဖ ဖ ဖ ဘ (တိက္ခပုဂ္ဂိုလ်– ၃– ကြိမ်)

န ဒ မ နု နု နု နု ဖ ဖ ဖ ဖ (များစွာ) ဘ

အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်သည် (၁) ကြိမ်၊ (၂) ကြိမ်၊ (၃) ကြိမ်၊ များစွာဖြစ်နိုင်သည်။

နိရောဓသမာပတ်မှ ထသောအခါတွင် (၁)ကြိမ် ဖြစ်သည်။ မန္ဒပုဂ္ဂိုလ်တွင် မဂ်ဇောနောက်၌ (၂) ကြိမ်ဖြစ်၍၊ တိက္ခပုဂ္ဂိုလ်တွင် မဂ်ဇောနောက်၌ (၃) ကြိမ်ဖြစ်သည်။ ဖလသမာပတ် ဖိုလ် ဝင်စားသော် များစွာဖြစ်သည်။

## ဘူမိဝိဘာဂ

ဘူမိ + ဝိဘာဂ

| | |
|---|---|
| ဘူမိ | .. ဘုံ |
| ဝိဘာဂ | .. ဝေဖန်ခြင်း၊ ခွဲစိတ်ခြင်း၊ |
| ဘူမိဝိဘာဂ | .. ဘုံအားဖြင့်ဝီထိစိတ်ကိုဝေဖန်ခြင်း၊ ခွဲစိတ်၍ပြခြင်း။ |

## ဝီထိစိတ်နှင့် ဝီထိမုတ်စိတ်

ဝီထိစိတ်သည် စိတ်အစဉ်ဟု အဓိပ္ပါယ်ရ၍၊ စိတ်အစဉ်ထဲ၌ ဖြစ်သော စိတ်များဖြစ်သည်။ ဝီထိမုတ်စိတ် ဟူသည်မှာ စိတ်အစဉ်မှ လွတ် သောစိတ်များ ဖြစ်သည်။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စများကို ဆောင် ရွက်သော စိတ်များသည် ဝီထိမုတ်စိတ်များဖြစ်၍၊ ကျန်ကိစ္စများကို ဆောင်ရွက်သော စိတ်များသည် ဝီထိစိတ်များ ဖြစ်ကြသည်။

ဝီထိစိတ် လှုပ်ရှားနေသော စိတ်များဖြစ်သည်။ ဝီထိမုတ် စိတ်သည်ကား မနိုးမကြား၊ ငြိမ်သက်၊ တည်ကြည်နေသော စိတ်များဖြစ်သည်။ အိပ်ပျော်နေသောအခါ စိတ်သည် မနိုးကြားပေ၊ ငြိမ်သက်နေသည်။ ဝီထိစိတ်၊ ဇောစိတ်တို့၏ ပစ်လွှင့်မှုကြောင့် ဘဝတပါးသို့ ရွေ့လျားရောက်ရှိ သွားသော ပဋိသန္ဓေစိတ်သည် ဝီထိမုတ်စိတ် ဖြစ်သည်။

### ဘုံအားဖြင့် ဝီထိစိတ်ကိုခွဲခြားပြခြင်း

ဝီထိစိတ် ဝီထိမုတ်စိတ်



## ကာမဘုံ၌ဖြစ်သောဝီထိစိတ်

ကာမဝစရဘုံ၌ အလုံးစုံသော ဝီထိစိတ်များသည် ထိုက်သည့် အားလျော်စွာ ဖြစ်ကြသည်။ ကာမဘုံ၌ဖြစ်သော ဝီထိစိတ်သည် (၈၀) ရှိကြသည်။ ယင်းတို့မှာ –

| | | | |
|---|---|---|---|
| အကုသိုလ်စိတ် | .. | ၁၂ | ပါး |
| အဟိတ်စိတ် | .. | ၁၈ | ပါး |
| မဟာကုသိုလ်စိတ် | .. | ၈ | ပါး |
| မဟာဝိပါက်စိတ် | .. | ၈ | ပါး |
| မဟာကြိယာစိတ် | .. | ၈ | ပါး |
| ရူပကုသိုလ်နှင့် ကြိယာစိတ် | .. | ၁၀ | ပါး |
| အရူပကုသိုလ်နှင့် ကြိယာစိတ် | .. | ၈ | ပါး |
| လောကုတ္တရာစိတ် | .. | ၈ | ပါး |
| | ပေါင်း | ၈၀ | ပါး ဖြစ်သည်။ |

ထိုဝီထိစိတ် (၈၀) ၌ ပါဝင်သော အကုသိုလ်ဝိပါက် သန္တီရဏစိတ်နှင့် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်တို့သည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံ၊ သန္တီရဏ ကိစ္စများကို ဆောင်ရွက်သည်။ မဟာဝိပါက်စိတ်သည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံ ကိစ္စ များကိုဆောင်ရွက်သည်။ မဟာဝိပါက်စိတ်သည် တဒါရုံကိစ္စကို ဆောင်ရွက်လျှင်သော် လည်း ကောင်း၊ အကုသလဝိပါက် သန္တီရဏစိတ်၊ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ စိတ်သည် တဒါရုံကိစ္စ၊ သန္တီရဏ ကိစ္စကိုဆောင်ရွက်လျှင်သော် လည်းကောင်း၊ ဝီထိစိတ်များ ဖြစ်ကြသည်။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စများကို ဆောင်ရွက်လျှင် ထိုစိတ် များသည် ဝီထိမုတ်စိတ်များ ဖြစ်ကြသည်။ ထို့ကြောင့်ထိုစိတ် (၁၀) ပါးသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စများကိုလည်း ဆောင်ရွက် သောကြောင့် ကာမဘုံ၌ ဖြစ်နိုင်သော ဝီထိစိတ် စင်စစ်မှာကား ၈၀ – ၁၀ = ၇၀ ဖြစ်ပေသည်။

## ရူပဘုံ၌ဖြစ်သော ဝိထိစိတ်




ရူပါဝစရဘုံ၌ ပဋိဃ ဒေါသနှင့် တဒါရုံကြဉ်သော ကျန်ဝိထိစိတ်များဖြစ်ကြသည်။ ရူပဘုံ၌ ဖြစ်နိုင်သော ဝိထိစိတ် (၆၄)ပါး ရှိသည်။

ယင်းတို့မှာ –

| | | | |
|---|---|---|---|
| ဒေါသမူစိတ် ကြဉ်သော အကုသိုလ်စိတ် | .. | ၁၀ | ပါး |
| ဃာနဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ်စိတ်၊ ကာယဝိညာဉ်စိတ်တို့ ကြဉ်သော အဟိတ်စိတ် | .. | ၁၂ | ပါး |
| မဟာကုသိုလ်စိတ် | .. | ၈ | ပါး |
| မဟာကြိယာစိတ် | .. | ၈ | ပါး |
| ရူပကုသိုလ်နှင့် ကြိယာစိတ် | .. | ၁၀ | ပါး |
| အရူပကုသိုလ်နှင့် ကြိယာစိတ် | .. | ၈ | ပါး |
| လောကုတ္တရာစိတ် | .. | ၈ | ပါး |
| ပေါင်း | = | ၆၄ | ပါး ဖြစ်သည်။ |

ရူပဘုံ၌ ဖြစ်နိုင်သော ဝီထိစိတ်များတွင် မပါသောစိတ်များ

| | | | |
|---|---|---|---|
| ဒေါသမူစိတ် | .. | ၂ | ပါး |
| ဃာနဝိညာဉ်စိတ် | .. | ၂ | ပါး |
| ဇိဝှါဝိညာဉ်စိတ် | .. | ၂ | ပါး |
| ကာယဝိညာဉ်စိတ် | .. | ၂ | ပါး |
| မဟာဝိပါက်စိတ် | .. | ၈ | ပါး |
| ရူပဝိပါက်စိတ် | .. | ၅ | ပါး |
| အရူပဝိပါက်စိတ် | .. | ၄ | ပါး |
| ပေါင်း | | ၂၅ | ပါး ဖြစ်သည်။ |

ဒေါသမူစိတ် (၂) ပါးသည် ရူပဘုံတွင်ဖြစ်သော ဝီထိစိတ်များတွင် မပါပေ။ ဗြဟ္မာတို့သည် စိတ်မဆိုးတတ်ကြပေ။ ဒေါသစိတ်မရှိ၊ အဒေါသ

**မေတ္တာ**စိတ်သာ ရှိသည်။ ဗြဟ္မာတို့ ကျင့်ကြံသော မြင့်မြတ်သည့် ဗြဟ္မာစရိယ (၄) ပါးတွင်မေတ္တာ ပါဝင်သည်။ ဒေါသစိတ် မရှိရကား ဗြဟ္မာတို့၏ **ဝီထိ**စိတ်အစဉ်တွင် ဒေါသမူစိတ် မပါဝင်ပေ။

ရူပဘုံတွင် ဃာနပသာဒရုပ် (ဃာနဝတ္ထု) ၊ ဇိဝှါပသာဒ ရုပ် (ဇိဝှါဝတ္ထု)၊ ကာယပသာဒရုပ် (ကာယဝတ္ထု)ဟူသော ပသာဒရုပ် (၃)ပါးမရှိပေ။ **ထို့**ကြောင့် ထိုဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ ရုပ်တို့နှင့် သက်ဆိုင်သော ဃာနဝိညာဉ်စိတ် (၂) ပါး၊ ဇိဝှါဝိညာဉ်စိတ် (၂) ပါး၊ ကာယဝိညာဉ်စိတ် (၂)ပါးတို့သည် ရူပဘုံတွင် မဖြစ်ပေါ်ပေ။

မဟာဝိပါက်စိတ်သည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံ ကိစ္စများကိုဆောင်ရွက်သည်။ မဟာကုသိုလ်၏ အကျိုးဆက်ဖြစ်သည်။ မဟာ**ကုသိုလ်**၏ အကျိုးဆက်ဖြစ်သော မဟာဝိပါက်သည် ကာမဘုံ၌သာဖြစ်နိုင်**သည်**။ သက်ဆိုင်ရာဝိပါက်သည် သက်ဆိုင်ရာ ဘုံ၌သာဖြစ်နိုင်**သည်**။ **ကာမ**ကုသိုလ်ကြောင့် ပဋိသန္ဓေနေလျှင် ကာမမျိုး သာဖြစ်သည်။ **ရူပကုသို**လ်ကြောင့် ပဋိသန္ဓေ နေလျှင်လည်း ရူပမျိုး သာလျှင် ဖြစ်**သည်။ ကာမ**ကုသိုလ်၏ အကျိုးဖြစ်သော မဟာဝိပါက် နှင့်ပဋိသန္ဓေ နေသူသည် ကာမမျိုးသာလျှင်ဖြစ်သည်။ ဗြဟ္မာမဖြစ်နိုင်ပေ။ ထို့အပြင် တဒါရုံ ကိစ္စကို **ဆောင်**ရွက်ခိုက်တွင် ရူပဘုံ၌မဖြစ်နိုင်ပေ၊ တဒါရုံကိစ္စကို ဆောင်ရွက်နိုင်စေရန် ကာမသတ္တဝါများသာလျှင် ဖြစ်ရပေမည်။ ထို့ကြောင့် မဟာဝိပါက်စိတ် (၈)ပါးသည် ရူပဘုံတွင် ဝီထိစိတ် မဖြစ်နိုင်ပေ။

## အသည သတ်ဘုံ

အသညသတ်ဘုံ၌ စိတ်မရှိပေ။ ဝတ္ထုရုပ်လည်းမရှိပေ။ သညာ (အမှတ်အသား- စိတ်) ကင်းသော၊ မရှိသော ဘုံသာလျှင် ဖြစ်သည်။ အသညသတ်ပုဂ္ဂိုလ်များသည် စိတ်မရှိသော်လည်းရုပ်ရှိ၏။ စိတ်မရှိသော်လည်း ကိုယ်ခန္ဓာထဲတွင် ဇီဝိတနဝက ကလာပ်ခေါ်သော ကလာပ်စည်း **ရှိနေ**သောကြောင့် **အိပ်ပျော်နေသည့် သက်ရှိ**သတ္တဝါ တစ်ဦးကဲ့သို့ ဖြစ်နေသည်။

## အရူပ ဘုံ၌ဖြစ်သော ဝိထိစိတ်



အရူပါဝစရဘုံ၌ ပဥ္စမမဂ်ဖြစ်သည့် သောတာပတ္တိမဂ်၊ ရူပစိတ် (၁၅)ပါး၊ ဟိသိတုပ္ပါဒ်စိတ်၊ အောက် အရူပစိတ်နှင့် ရူပဘုံတွင် မဖြစ် သော ဝီထိစိတ်များ ကြဉ်သည့် ကျန်စိတ်များလည်း ဖြစ်ကြသည်။ အရူပ ဘုံ၌ဖြစ်သော ဝီထိစိတ်များမှာ (၄၂) ပါးဖြစ်သည်။ ယင်းတို့မှာ -

| | | | |
|---|---|---|---|
| ဒေါသမူစိတ်မပါသော အကုသိုလ်စိတ် | .. | ၁၀ | ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | .. | ၁ | ပါး |
| မဟာကုသိုလ်စိတ် | .. | ၈ | ပါး |
| မဟာကြိယာစိတ် | .. | ၈ | ပါး |
| အရူပကုသိုလ်စိတ်နှင့်ကြိယာစိတ် | .. | ၈ | ပါး |
| သောတာပတ္တိမဂ်စိတ်မပါသော လောကုတ္တရာစိတ် | .. | ၇ | ပါး |
| ပေါင်း | | ၄၂ | ပါး ဖြစ်သည်။ |

အရူပဘုံ၌မဖြစ်နိုင်သော ဝီထိစိတ်များမှာ (၄၇) ပါးဖြစ်သည်။

ယင်းတို့မှာ -

| | | | |
|---|---|---|---|
| ဒေါသစိတ် | .. | ၂ | ပါး |
| မနောဒွါရာဝဇ္ဇန်းကြဉ်သော အဟိတ်စိတ် | .. | ၁၇ | ပါး |
| မဟာဝိပါက်စိတ် | .. | ၈ | ပါး |
| ရူပစိတ် | .. | ၁၅ | ပါး |
| အရူပဝိပါက်စိတ် | .. | ၄ | ပါး |
| သောတာပတ္တိမဂ်စိတ် | .. | ၁ | ပါး |
| ပေါင်း | | ၄၇ | ပါး ဖြစ်သည် |

အရူပဘုံတွင် ရုပ်မရှိပေ။ စိတ်သာလျှင်ရှိသည်။ ဝိထိစိတ် (၄၂)ပါး၊ ဝိထိမုတ်စိတ် (၄) ပါး၊ ပေါင်း (၄၆) ပါ. သောစိတ်တို့သာ ရှိသည်။ အရူပဘုံတွင် လောဘမူစိတ် (၈) ပါး၊ မောဟမူစိတ် (၂)ပါးရှိသော ကြောင့် အကုသိုလ် လုပ်ငန်းများကို ဆောင်ရွက်နိုင်သေးသည်။ သို့သော် ကြမ်းတမ်း ယုတ်ညံ့သော လောဘ၊ မောဟများမဟုတ်ပေ။ ဈာန်ကိုနှစ်သက်ခြင်း၊ လိုလားခြင်းစသည့် လောဘများသာဖြစ်သည်။

ကာမဘုံတွင် ကာမလောဘ၊ ရူပလောဘ၊ အရူပလောဘများ ရှိသည်။ ကာမလောဘက ပိုများသည်။ ရူပဘုံတွင် ကာမလောဘ မရှိပေ။ ရူပလောဘ၊ အရူပလောဘရှိသည်။ အရူပဘုံတွင်ကား အရူပ ဈာန်ကို မက်မောသော အရူပလောဘသာရှိသည်။

**အရူပဘုံအဆင့်ဆင့်နှင့် အရူပဈာန်စိတ်များ**

အောက်အရူပဘုံမှာ အထက် အရူပစိတ်အားလုံး ရှိနိုင်သည်။ အထက် အရူပဘုံမှာကား အောက်အရူပစိတ်များ မရှိနိုင်ပေ။

| | | | | | |
|---|---|---|---|---|---|
| ၄ | -- | ၀ | -- | ၂ | = နေဝသညာနာသညာယတနဘုံ |
| ၃ | -- | ၀ | -- | ၄ | = အာကိဉ္စညာယတနဘုံ |
| ၂ | -- | ၀ | -- | ၆ | = ဝိညာဏဉ္စာယတနဘုံ |
| ၁ | -- | ၀ | -- | ၈ | = အာကာသာနဉ္စာယတနဘုံ |

**(၁) အာကာသာနဉ္စာယတနဘုံ**

အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနစိတ် နှစ်ပါး (ကုသိုလ်နှင့်ကြိယာ) နှင့်ထိုမှအထက် အရူပဘုံစိတ်များ (၆)ပါး၊ ပေါင်း အရူပဈာန်စိတ် (၈)ပါး ဖြစ်နိုင်သည်။

### (၂) ဝိညာဏဉ္စာယတနဘုံ

ဝိညာဏဉ္စာယတနဘုံ၌ ဝိညာဏဉ္စာယတနစိတ် (၂)ပါးနှင့် ထိုမှအထက် အရူပဘုံ စိတ် (၄)ပါး၊ ပေါင်း (၈)ပါးဖြစ်နိုင်သည်။

### (၃) အာကိဉ္စညာယတနဘုံ

အာကိဉ္စညာယတနဘုံ၌ အာကိဉ္စညာယတနစိတ် (၂)ပါး နှင့် အထက် အရူပဘုံ (နေဝသညာနာသညာယတနဘုံ) စိတ် (၂)ပါး၊ ပေါင်း (၄)ပါး ဖြစ်နိုင်သည်။

### (၄) နေဝသညာနာသညာယတနဘုံ

နေဝသညာနာသညာယတနဘုံတွင် နေဝသညာနာသညာ-ယတနစိတ် (၂)ပါးဖြစ်သည်။

အထက်အရူပဘုံမှ ပုဂ္ဂိုလ်များသည် အောက်အရူပဘုံများကို မမက်မောပေ။ ဂရုမပြုကြပေ။ ထို့ကြောင့် အထက် အရူပဘုံများတွင် အောက် အရူပစိတ်များမရှိကြပေ။

### ပသာဒချို့ယွင်းသောပုဂ္ဂိုလ်များ

အားလုံးသောနေရာ၊ ဘုံများ၌ ပသာဒချို့ယွင်းသော ပုဂ္ဂိုလ်တို့သည် သက်ဆိုင်ရာတံခါးပေါက်များမှ ဖြစ်သော ဝိထိစိတ်တို့ကို မရနိုင်ကြ ပေ။

ကာမဘုံ၌ အများအားဖြင့် ပသာဒရုပ် (၅)ပါးလုံး ရှိကြသည်။ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယ ပသာဒ တို့ဖြစ်ကြသည်။ သို့သော် ပုဂ္ဂိုလ်အရအားဖြင့် ပသာဒ (၅)ပါး စလုံးရှိသူသာရှိ၍ မရှိသူကမရှိကြပေ။ ပသာဒ (၅)ပါးစလုံး မပြည့်စုံသူသည် သက်ဆိုင်ရာတံခါးပေါက်များမှ စိတ်မဖြစ်နိုင်သောကြောင့် ဒွါရမှဖြစ်သော

စိတ်တို့သည် ရှိသူတွင်သာရှိ၍၊ မရှိသူတွင် မရှိကြပေ။ ဥပမာ– မျက်စိ မရှိသောသူသည် မျက်စေ့တံခါးပေါက်မှ ဖြစ်သောစိတ်၊ (စက္ခုဝိ ညာဉ်စိတ်) မရှိနိုင်ကြပေ။ နားမရှိသောသူသည် သောတဝိညာဉ်စိတ် မရှိနိုင်ကြပေ။

ရူပဗြဟ္မာများတွင် ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ၊ မရှိသောကြောင့် ဃာနဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ်စိတ်၊ ကာယဝိညာဉ် စိတ်များ မရှိပေ။

အရူပဗြဟ္မာများတွင် ပသာဒ (၅)ပါးစလုံး မရှိသောကြောင့် စက္ခုဝိညာဉ်စိတ်၊ သောတဝိညာဉ်စိတ်၊ ဃာနဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ် စိတ်၊ ကာယဝိညာဉ်စိတ်တို့ မရှိပေ။

**ဘုံအသီးသီးတွင်ဖြစ်နိုင်သော စိတ်များအကျဉ်းချုပ်။**

| | | | |
|---|---|---|---|
| ကာမဘုံတွင်ဖြစ်နိုင်သောစိတ်ပေါင်း: | -- | ၈၀ | ပါး |
| ကာမဘုံတွင်ဖြစ်နိုင်သော ဝီထိစိတ်ပေါင်း: | -- | ၈၀ | ပါး |
| ရူပဘုံတွင်ဖြစ်နိုင်သော စိတ်ပေါင်း: | -- | ၆၉ | ပါး |
| ရူပဘုံတွင်ဖြစ်နိုင်သော ဝီထိစိတ်ပေါင်း: | -- | ၆၄ | ပါး |
| အရူပဘုံတွင်ဖြစ်နိုင်သော စိတ်ပေါင်း: | -- | ၄၆ | ပါး |
| အရူပဘုံတွင်ဖြစ်နိုင်သော ဝီထိစိတ်ပေါင်း: | -- | ၄၂ | ပါး |
| အသညသတ်ဘုံတွင်ဖြစ်နိုင်သော စိတ်ပေါင်း: | -- | မရှိ၊ | |

**ဝီထိပိုင်း ပြီး၏။**

----- ။. ----

# ဝီထိမုတ်ပိုင်း

ဝီထိမုတ် .. ဝီထိမှလွတ်သော

ဝီထိမုတ်စိတ် .. ဝီထိမှလွတ်သောစိတ်များ

ဝီထိမှလွတ်သော ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စများကို ဆောင်ရွက်သည့် ဝီထိမုတ်စိတ်များကို ပဓာနထား၍ ပြသော အပိုင်းဖြစ်သည်။

ဝီထိမုတ်ပိုင်းတွင် ဘုံအကြောင်းမှစ၍ ဖော်ပြသောကြောင့် ဝီထိမုတ်ပိုင်းကို ဘုံပိုင်း ဟူ၍လည်း ခေါ်သည်။

**ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စများကိုဆောင်ရွက်သောစိတ်များ**

```
× × – –
          >
× × – –      – –
          >
– – – –      –    –      ပ၊ ဘ၊ စု၊ ရုံ၊ ဏ
– – – –      –    ×    –
– – ×
× × – –
× × – –
┌─────────┐
│ × × – – │
│         │ ပ၊ဘ၊ စု၊ ရုံ
│ × × – – │
└─────────┘
× × – –
× × – –
```



| | | |
|---|---|---|
| အကုသလဝိပါက်သန္တီရဏစိတ် | .. | ပ၊ ဘ၊ စု၊ ရုံ၊ ဏ |
| ကုသလဝိပါက်သန္တီရဏစိတ် | .. | ပ၊ ဘ၊ စု၊ ရုံ၊ ဏ |
| မဟာဝိပါက်စိတ် (၈) ပါး | .. | ပ၊ ဘ၊ စု၊ ရုံ |
| ရူပဝိပါက်စိတ်(၅) ပါး | .. | ပ၊ ဘ၊ စု |
| အရူပဝိပါက်စိတ် (၄) ပါး | .. | ပ၊ ဘ၊ စု |

## ဝီထိမုတ်ပိုင်းတွင် ပါဝင်သော အခန်းများ

၁။ ဘူမိစတုက္က .. ဘုံ(၄) မျိုး
၂။ ပဋိသန္ဓိစတုက္က .. ပဋိသန္ဓေ(၄) မျိုး
၃။ ကမ္မစတုက္က .. ကံ (၄) မျိုး
၄။ စုတိပဋိသန္ဓိက္ကမ .. သေခြင်း (၄) မျိုး

### ဘူမိစတုက္က

ဘုံ (၄) မျိုး

၁။ အပါယ်ဘုံ
၂။ ကာမသုဂတိဘုံ
၃။ ရူပါဝစရဘုံ
၄။ အရူပါဝစရဘုံ

## ၁။ အပါယ်ဘုံ

အပါယ် = ဘုံ

အပါယ

| | |
|---|---|
| အပ • | အယ |
| ကင်း | ချမ်းသာ |

အပါယ် = ချမ်းသာခြင်းကင်းသော

ဘုံ = နေရာ

= သက်ရှိသတ္တဝါတို့၏ နေရာအရပ်ဒေသ၊

အပါယ်ဘုံ ... ချမ်းသာခြင်းကင်းသော နေရာ

အပါယ်ဘုံသည် ချမ်းသာခြင်းကင်းသော နေရာဖြစ်သည်။ သို့သော် ချမ်းသာခြင်း လုံးဝကင်းသည် မဟုတ်သေးသောကြောင့် ချမ်းသာမှု အနည်း ငယ် ရှိပေဦးမည်။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် တို့တွင် ချမ်းသာခြင် အနည်း ငယ် ရှိသေးသည်။ ဝေမာနိကပြိတ္တာ များတွင် ဘုံဗိမာန်ရှိသည် ဘုရိဒတ်၊ ကာဏာရိဋ္ဌ်တို့၏ နေရာဘုံသည် ခမ်းနားကြီးကျယ်သည် ချမ်းသာမှု အနည်း ငယ် ရှိကြောင်း တွေ့ရသည်။

အပါယ်ဘုံ (၄) ဘုံရှိသည်။

**အပါယ်ဘုံ (၄) ဘုံ**

၁။ ငရဲဘုံ

၂။ တိရစ္ဆာန်ဘုံ

၃။ ပြိတ္တာဘုံ

၄။ အသူရကာယ်ဘုံ

၁။ ငရဲဘုံ

နိရယ > နရက် > နရဲ > ငရဲ

နိရယ

| | |
|---|---|
| နိ | အယ |
| လုံးဝကင်း | ချမ်းသာခြင်း |

" ငရဲ " ဟူသောစကားသည် ပါဠိစကား" နိရယ "မှ ဆင်းသက်လာသည်။ " နိရယ " ဟူသော ပါဠိစကား' အဓိပ္ပါယ်မှာ ချမ်းသာမှု လုံးဝကင်းခြင်း ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ချမ်းသာသုခလုံးဝ ကင်းကွာသော အရပ်ဒေသ၊ နေရာကို ငရဲဟုခေါ်သည်။ ငရဲတွင် ချမ်းသာမှု အနည်းငယ်မျှမရှိ၊ ဆင်းရဲ အတိဖြစ်နေသည်။

ငရဲသည် ကမ္ဘာမြေထု၏ အတွင်း၌ တည်ရှိသည်။ မြေထု၏ အပူရှိန်ကြောင့် အပူရှိန် ရင့်ကျက်အားပြင်း၍ မီးဖြစ်လျက်နေသော အရပ်ဒေသ၊ မီးကျီးခဲ၊ ပြာပူ၊ သတ္တုအရည်ပျော်နေသော အရပ်ဒေသများသည် မြေထု အတွင်း၌ တည်ရှိကြသည်။ ထိုအရပ်ဒေသ များကို ငရဲဟုခေါ်သည်။

ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေးမှာရှိသော တပေါဓာမြစ်တွင် ရေပူများ ရှိသည်။ ရာဇဂြိုဟ်ပြည်အနီးရှိသော တောင်ကြားထဲမှ ရေပူများ စီးဆင်းနေခြင်းဖြစ်သည်။ ထိုတပေါဓာမြစ်မှ ရေပူသည် တောင်အောက် နဂါးပြည်မှ ထွက်၏။ နဂါးပြည်တွင် ကြီးကျယ်သော ရေကန်သည် ရှိ၏။ ထိုရေကန် ဘွင်းတွင် ကြည်လင်ေမြသော ရေများ ရှိသည်။ ကြာပင်များသည်လည်း လှည်းဘီးပမာဏမျှရှိသည်။ ထို ရေကန်မှ ရေသည် တောင်ကြားမှ ဖြတ်သန်း၍ စီးဆင်းလာသော်၊ တပေါဓာမြစ်ထဲသို့ ရောက်သည့်အခါ၌ ပူပြင်းနေသည်။ အကြောင်း မူကား လောဟကုမ္ဘီဟု ခေါ်သော သတ္တုကြေးအိုးကြီး၏ နေရာကို ဖြတ်ကျော်၍ လာရသောကြောင့် ဖြစ်သည်။ ရေသည် လောဟကုမ္ဘီဟု ခေါ်သော ကြေးအရည်ပျော်နေသည့် ငရဲ နှစ်ခုကြားမှ ဖြတ်သန်း စီးဆင်းလာရ သဖြင့် ပူနေခြင်းဖြစ်သည်။

ငရဲများထဲ၌ စိတ်ဓာတ်ယုတ်မာ၍ များစွာသော မကောင်းမှု တို့ကို ပြုခဲ့ဖူးသူများသည် ရောက်ရှိ၍ နေကြသည်။ ငရဲသို့ လောဘစိတ် ထူပြောအား

ကြီးသူများ၊ ဆုတ်နစ်၊ တက်ကြွသော ဒေါသစိတ်၊ အမှန်ကို မသိမမြင် ဖုံးလွှမ်းသော မောဟစိတ် ထူပြောအားကြီးသူများ ရောက်ရှိနိုင်သည်။

## ၂။ တိရစ္ဆာန်ဘုံ

တိရစ္ဆာန > = တိရစ္ဆာန်

တိရစ္ဆာန

တိရ=ကန့်လန့် (အထက်နှင့်အောက်မဟုတ်) | အစ္ဆာန=သွားသည် ရပ်သည်

"တိရစ္ဆာန်" ဟူသော စကားသည် ပါဠိစကား "တိရစ္ဆာန" မှ ဆင်းသက်လာသည်။ တိရစ္ဆာန်ဟူသည် ကိုယ်ကောင်အားဖြင့် မိုးကို ကျောပေး၍၊ ကန့်လန့်သွားခြင်း၊ ရပ်ခြင်း၊ အိပ်ခြင်း၊ စားခြင်းကို ပြုတတ်သော သတ္တဝါဖြစ်သည်။

ကိုယ်ကျင့် တရားအားဖြင့်လည်း မဂ် ဖိုလ် နိဗ္ဗာန်နှင့် လူနတ်ဗြဟ္မာ လောကချမ်းသာများကို ကျောပေး၍၊ စားခြင်း၊ အိပ်ခြင်း၊ မေထုန်ပျော်ပါးခြင်း သုံးမျိုးကိုသာ ကျင့်သောအားဖြင့် ကန့်လန့်သွားသော သတ္တဝါဖြစ်သည်၊ ထိုသတ္တဝါများ နေထိုင်ရာ နေရာ၊ အရပ်ဒေသကို တိရစ္ဆာန်ဘုံဟုခေါ်သည်၊

## ၃။ ပြိတ္တာဘုံ

ပေတ > = ပြိတ္တာ

ပေတ = ကင်းကွာသော၊ ချမ်းသာသုခမှ ကင်းကွာသော သူ။

"ပြိတ္တာ" ဟူသောစကားသည် ပါဠိစကား "ပေတ" မှ ဆင်းသက်လာ၍၊ ပေတဟူသည် "ကင်းကွာသော" ဟု အဓိပ္ပာယ်ရသည်။ ဤ၌ပြိတ္တာဟူသည် ချမ်းသာသုခမှ ကင်းကွာသော သူဖြစ်လေသည်။ အဝတ်နှင့်

လည်းကောင်း၊ အစားနှင့် လည်းကောင်း ကင်းကွာ ၍ ဆင်းရဲဒုက္ခကို ခံစားနေရသည့် သူများဖြစ်သည်။

ထိုပြိတ္တာတို့နေထိုင်ရာ ဒေသကို ပြိတ္တာဘုံဟု ခေါ်သည်။ အများအားဖြင့် ပြိတ္တာတို့သည် တောကြိုတောင်ကြား ၊ လှိုဏ်မြောင်များကြားတွင် နေထိုင်လေ့ရှိသည်။

အသုရကာယ် > အသူအရကာယ်

အသုရကာယ = အ= မရှိ။ သုရ= ရဲရင့်ခြင်း။ ကာယ= အုပ်စုတစု။
အသုရကယ် = ရဲရင့်ခြင်းမရှိသော အုပ်စု

အသူရကာယ်သည် ပါဠိစကား " အသုရကာယ" မှ ဆင်းသက်လာ၍ ရဲရင့် ခြင်းမရှိသော အုပ်စုဟု အဓိပ္ပာယ်ရသည်။ အသူရကာယ် တို့သည် စည်းစိမ် ခံစားရာ၌ ရဲရင့်ခြင်းမရှိကြပေ။ အချို့သော အသူရကာယ်တို့သည် နေ့တွင် သုခချမ်းသာကို ခံစားကြရ၍၊ ညတွင် ဒုက္ခ ဆင်းရဲကို ခံစားရသည်။ အချို့သော အသူရကာယ်တို့သည် ညတွင် သုခချမ်းသာကို ခံစားကြရ၍၊ နေ့တွင် ဒုက္ခဆင်းရဲကို ခံစားကြရသည်။ အချို့မှာ သုခချမ်းသာကို (၇) ရက် ခံစားကြရ၍၊ ဒုက္ခဆင်းရဲကို (၇) ရက် ခံစားကြရသည်။

ဤသို့နေ့စံ၊ ညခံ၊ နေ့ခံ၊ ညစံ (၇) ရက်စံ၊ (၇) ရက်ခံ၊ (၁၅) ရက်စံ၊ (၁၅) ရက်ခံ စသည်အားဖြင့် ဆင်းရဲဒုက္ခကို ခံစားရသော အချိန်များက ကြားဝင်နေသောကြောင့်၊ စည်းစိမ်ခံစားရာ၌ စိတ်အေး လက်အေး၊ ရဲရင့် ခြင်းမရှိသော သတ္တဝါ အစုကို အသူရကာယ် ဟုခေါ် သည်။

အများအားဖြင့် ကုသိုလ်နှင့် အကုသိုလ်ရောနှော၍ ဆောင်ရွက် သော သူများသည် အကုသိုလ်လုပ်ငန်းက အားများလျှင် အသူရကာယ် ဘုံသို့ ရောက်နိုင်ပေသည်။

ကာမသုဂတိ (၇) ဘုံ

၁။ လူ့ဘုံ
၂။ စတုမဟာရာဇ်နတ်ဘုံ
၃။ တာဝတိံသာနတ်ဘုံ
၄။ ယာမာနတ်ဘုံ

၅။ တုသိတာနတ်ဘုံ
၆။ နိမ္မာနရတိနတ်ဘုံ
၇။ ပရနိမ္မိတဝသဝတ္တီနတ်ဘုံ

ကာမသုဂတိဘုံ

ကာမ + သု + ဂတိ + ဘုံ

| | | |
|---|---|---|
| ကာမ | .. | ကာမဂုဏ် |
| သု | .. | ကောင်းသော |
| ဂတိ | .. | လားရာ |
| ဘုံ | .. | နေရာ |
| ကာမသုဂတိဘုံ | .. | ကာမဂုဏ်ကို အသုံးပြုသူများတွင် ကောင်းသော လားခြင်းဖြင့် လားသူတို့ ရောက်ရာနေရာဘုံ။ |

လူတို့ နတ်တို့သည် ကာမသုဂတိဘုံတွင် ဖြစ်ကြရသည်။ ပြိတ္တာ၊ အသုရကာယ်တို့သည် ဘုံဗိမာန်နှင့် ခမ်းနားစွာ နေထိုင်ရသည် ရှိသော်လည်း ဆင်းရဲဒုက္ခကို ပြင်းစွာ ခံစားရသည်လည်း ရှိသည်။ နဂါးတို့သည် စည်းစိမ် အားဖြင့် လူတို့၏ စည်းစိမ်ထက် ပေါများ တင့်တယ်၏။ သို့သော် လောကီ၊ လောကုတ္တရာ ပညာတက်လမ်း မရနိုင်သောကြောင့် မကောင်းသော လားခြင်း ဖြင့် ရောက်ရာအရပ်တွင်သာ ဖြစ်ကြရသည်။ ကာမသုဂတိ (၇) ဘုံတွင် မဖြစ်ကြရပေ။

## ၁။ လူ့ဘုံ

မျက်မြင်တွေ့ရှိနေရသော လူသတ္တဝါတို့နေထိုင်ရာ နေရာဘုံကို လူ့ဘုံဟုခေါ်သည်။ လူဟူသည်မှာ "တက်ကြွနေသောသူ" ဟုအဓိပ္ပာယ် ရသည်။ လူသည် ကိုယ်ကာယအားဖြင့် လည်းကောင်း၊ စိတ်ဓာတ်အားဖြင့် လည်းကောင်းတက်ကြွနေသည်။ လူသည် ပညာ၊ ဥစ္စာ၊ ကုသိုလ်ရနိုင်၏။ တိုးတက်ရန် လမ်းများရှိသည်။

"ခွင့်သာတုန်းမှ မရှန်းချင်လျှင်၊ အရှုံးနှင့် ပြင် ရှိသေး လေလိမ့်လား"

ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒအတိုင်း လူ့ဘုံတွင် တက်လမ်း ရှိပါလျက်၊ တက်လမ်းသို့ မလိုက်ဘဲနေလျှင် မိမိတို့၏ အပြစ်သာ ဖြစ်ပေမည်။

၂။ **စာတုမဟာရာဇိနတ်ဘုံ**

| | | |
|---|---|---|
| စာတု + မဟာ + ရာဇ | | |
| စတု | .. | ၄ |
| မဟာ | .. | ကြီးသော၊ မြတ်သော |
| ရာဇ | .. | မင်း |
| စာတုမဟာရာဇိနတ်ဘုံ | .. | ကြီးမြတ်သော နတ်မင်းကြီး လေးပါးတို့ အုပ်ချုပ်သောအရပ် ဒေသ၊ နေရာ။ |

စာတုမဟာရာဇ် နတ်ဘုံတွင် ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသော နတ်မင်းကြီး လေးပါးတို့အုပ်ချုပ်သည်။

၃။ **တာဝတိံသာနတ်ဘုံ**

သိကြားမင်း ဦးမာဃအမှူးရှိသည့် (၃၃) ဦးသော နတ်မင်း ကြီးများ အုပ်ချုပ်သော အရပ်ဒေသကို တာဝတိံသာနတ်ဘုံ ဟုခေါ်သည်။

၄။ **ယာမာနတ်ဘုံ**

သုယာမ နတ်မင်း အုပ်ချုပ်သော အရပ်ဒေသဘုံကို ယာမာနတ်ဘုံ ဟုခေါ်သည်။

၅။ **တုသိတာနတ်ဘုံ**

သံတုသိတ နတ်မင်းအုပ်ချုပ်သော အရပ်ဒေသဘုံကို တုသိတာ နတ်ဘုံဟု ခေါ်သည်။

"အလောင်းတော်တို့ ပျော်ရာ၊ တုသိတာ" ဟု ဆိုသည့်အတိုင်း ဘုရား ဖြစ်ခါနီး နောက်ဆုံးဘဝသို့ရောက်သော အလောင်းတော်များသည် ထို တုသိတာဘုံတွင် ဖြစ်ကြသည်။ ထိုဘုံမှ လူ့ပြည်သို့ လာသည်။

တုသိတာနတ်ဘုံတွင် ရှိသော နတ်တို့သည် နှစ်သက်ပျော် ရွှင်ခြင်းနှင့် ပြည့်စုံ၏၊ အလေ့အကျင့် စရိုက်ကောင်းသည်။ စည်းစိမ်ကို သိမ်မွေ့စွာ ခံစားကြ၏၊ နတ်ဆိုးနတ်ယုတ်များ မရှိကြပေ။

**၆။ နိမ္မာနရတိနတ်ဘုံ**

နိမ္မာန + ရတိ

| | | |
|---|---|---|
| နိမ္မာန | .. | တန်ခိုးဖန်ဆင်းခြင်း |
| ရတိ | ... | ပျော်ပါးသည်၊မွေ့လျော်သည်။ |
| နိမ္မာနရတိဘုံ | .. | တန်ခိုးဖန်ဆင်းခြင်းဖြင့် ပျော်ပါးမွေ့လျော်သောနတ်တို့ နေထိုင်ရာအရပ်ဒေသ။ |

နိမ္မာနရတိဘုံမှ နတ်များသည် ကမ္မဒ္ဓိအရင်းခံဖြင့် တန်ခိုးဖန်ဆင်း၍ မွေ့လျော် ပျော်ပါးနေကြသည်။ ထိုဘုံကို သုနိမ္မိတနတ်မင်းက အုပ်ချုပ်သည်။

**၇။ ပရနိမ္မိတဝသဝတ္တီနတ်ဘုံ**

ပရ + နိမ္မိတ + ဝသဝတ္တီ

| | | |
|---|---|---|
| ပရ | .. | သူတပါး |
| နိမ္မိတ | .. | ဖန်ဆင်းခြင်း |
| ဝသဝတ္တီ | .. | အလိုသို့လိုက်၍ နေခြင်း |
| ပရနိမ္မိတဝသဝတ္တီဘုံ | .. | သူတပါး ဖန်ဆင်းထားသည့် အတိုင်းအလိုသို့ လိုက်၍နေသော နတ်တို့နေထိုင်ရာ အရပ်ဒေသ။ |

ထိုပရနိမ္မိတဝသဝတ္တီဘုံတွင် မာရ်နတ်မင်းနေသည်။

ကာမဘုံ (၁၁) ဘုံ

| | | |
|---|---|---|
| အပါယ်ဘုံ | .. | ၄ ဘုံ |
| ကာမသုဂတိဘုံ | .. | ၇ ဘုံ |
| | | ------- |
| ကာမဘုံ | .. | ၁၁ ဘုံ |

အပါယ် (၄) ဘုံကို ကာမဒုဂ္ဂတိ(၄) ဘုံဟူ၍လည်း ခေါ်သည်။ ကာမဒုဂ္ဂတိဘုံသည် ကာမဂုဏ်ကို အသုံးပြုသူများတွင် မကောင်းသော လားခြင်းဖြင့် ရောက်ရှိသောသူတို့၏ နေရာဖြစ်သည်။ ကာမသုဂတိဘုံသည် ကာမဂုဏ်ကို အသုံးပြုသူများတွင် ကောင်းသောလားခြင်းဖြင့် ရောက်ရှိသောသူတို့၏ နေရာဖြစ်သည်။ ကာမ (၁၁) ဘုံသည်ကား အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ကာမဂုဏ် ငါးပါးကို အသုံးပြု ခံစားသူတို့၏ နေရာပင်ဖြစ်သည်။

## ဗြဟ္မာဘုံ (၂၀)

ရူပဘုံ .. ၁၆ ဘုံ
အရူပဘုံ .. ၄ ဘုံ

ဗြဟ္မာဘုံသည် စင်ကြယ်မြင့်မြတ်၏၊ ဗြဟ္မာများသည် ကာမ ဂုဏ်ကို အသုံးပြုခံစားခြင်း မရှိသောကြောင့် စင်ကြယ်မြင့်မြတ်နေခြင်း ဖြစ်သည်။ ဗြဟ္မာများသည် ဈာန်တရားကိုသာ အသုံးပြုခံစားကြသည်။

## ရူပ (၁၆) ဘုံ

### ၁။ ဗြဟ္မပါရိသဇ္ဇာဘုံ

မဟာဗြဟ္မာ၏ အလုပ်အကျွေးဖြစ်သော ဗြဟ္မာတို့နေထိုင်ရာ ဘုံဖြစ်သည်။

### ၂။ ဗြဟ္မပုရောဟိတာဘုံ

မဟာဗြဟ္မာ၏ အတိုင်ပင်ခံဖြစ်သော ဗြဟ္မာတို့နေထိုင်ရာ ဘုံဖြစ်သည်။

### ၃။ မဟာဗြဟ္မာဘုံ

ကြီးသော မြတ်သော ဗြဟ္မာတို့နေထိုင်ရာဘုံဖြစ်သည်။
ထိုဗြဟ္မာဘုံ (၃) ဘုံသည် ရူပ ပဌမဈာန်ဘုံဖြစ်သည်။

၄။ ပရိတ္တာဘာဘုံ

နည်းသောကိုယ်ရောင်ရှိသည့် ဗြဟ္မာတို့နေထိုင်ရာ ဘုံ ဖြစ်သည်။

၅။ အပ္ပမာဏာဘာဘုံ

များသော ကိုယ်ရောင်ရှိသည့် ဗြဟ္မာတို့နေထိုင်ရာဘုံဖြစ်သည်။

၆။ အာဘဿရာဘုံ

ပြိုးပြိုးပြက် တဖိတ်ဖိတ်တောက်သော ကိုယ်ရောင်ရှိသည့် ဗြဟ္မာတို့နေထိုင်ရာ ဘုံဖြစ်သည်။

ထိုဗြဟ္မာဘုံ (၃) ဘုံသည် ရူပဒုတိယ ဈာန်ဘုံဖြစ်သည်။

၇။ ပရိတ္တသုဘာဘုံ

နည်းပါးသော်လည်း ကောင်းမြတ်သည့် ကိုယ်ရောင်ရှိသော ဗြဟ္မာတို့နေထိုင်ရာ ဘုံဖြစ်သည်။

၈။ အပ္ပမာဏသုဘာဘုံ

များ၍ ကောင်းမြတ်သော ကိုယ်ရောင်ရှိသည့် ဗြဟ္မာတို့ နေထိုင်ရာ ဘုံဖြစ်သည်။

၉။ သုဘကိဏှာဘုံ

တင့်တယ်ခြင်း အမျိုးမျိုး စုံလင်သော ဗြဟ္မာတို့နေထိုင်ရာ ဘုံဖြစ်သည်။

ထိုဗြဟ္မာဘုံ(၃) ဘုံသည် ရူပတတိယဈာန်ဘုံဖြစ်သည်။

၁၀။ ဝေဟပ္ဖလာဘုံ

အမျိုးမျိုးသော အကျိုးအာနိသင်များနှင့် ပြည့်စုံသည့် ဗြဟ္မာတို့နေထိုင်ရာ ဘုံဖြစ်သည်။

**၁၁။ အသညသတ်ဘုံ**

စိတ်မရှိသော ဗြဟ္မာတို့၏ နေထိုင်ရာဘုံဖြစ်သည်။

**၁၂။ သုဒ္ဓါဝါသဘုံ**

စင်ကြယ်သောသူတို့နေထိုင်ရာဘုံဖြစ်သည်။

သုဒ္ဓါဝါသဘုံ (၅) ဘုံရှိသည်။

ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသ ငါးဘုံအားဖြင့် ထိုဗြဟ္မာဘုံ (၇) ဘုံသည် ရူပစတုတ္ထဈာန်ဘုံဖြစ်သည်။

**သုဒ္ဓါဝါသ (၅) ဘုံ**

၁။ အဝိဟာဘုံ

၂။ အတပ္ပာဘုံ

၃။ သုဒဿာဘုံ

၄။ သုဒဿီဘုံ

၅။ အကနိဋ္ဌဘုံ

သုဒ္ဓါဝါသဘုံသည် စင်ကြယ်သော သူတို့နေထိုင်ရာဘုံ ဖြစ်သောကြောင့် ကာမရာဂစင်ကြယ်သော အနာဂါမ် ပုဂ္ဂိုလ်တို့၏ နေရာဖြစ်သည်။ အခြားသော သတ္တဝါတို့သည်ကား သုဒ္ဓါဝါသ (၅) ဘုံမှ တပါး ကြွင်းသောဘုံ (၃၁–၅) = ၂၆ ဘုံတွင် ကျင်လည်နေကြသည်။

**၁။ အဝိဟာဘုံ**

အ + ဝိဟာ

| | | |
|---|---|---|
| အ | .. | စွန့်ရက်စရာမရှိ |
| ဝိဟာ | .. | နေခြင်း။ |

အဝိဟာဘုံသည် နေမိလျှင် စွန့်ရက်စရာမရှိသော ဘုံဖြစ်သည်။ အလွန်သာယာသောဘုံဟု ဆိုလိုသည်။ အဝိဟာဘုံတွင် ဣန္ဒြေ ရင့်ကျက်သော အနာဂါမ်ပုဂ္ဂိုလ်များ သွားရောက်နေထိုင်သည်။

## ၂။ အတပ္ပါဘုံ

အ + တပ္ပ

အ .. မ

တပ္ပ .. ပူပန်ခြင်း

အတပ္ပါဘုံသည် ပူပန်စရာ မရှိသော ဘုံဖြစ်သည်။ အလွန် အေးမြသာယာသောဘုံဟု ဆိုလိုသည်။ ပူပန်ခြင်းမရှိသော ဗြဟ္မာတို့ နေထိုင်ရာဘုံဟု ဆိုလိုသည်။ ပူပန်ခြင်းမရှိသော ဗြဟ္မာတို့ နေထိုင်ရာ ဘုံဖြစ်သည်။ အတပ္ပါဘုံတွင် ဝီရိယိန္ဒြေရင့်ကျက်သော အနာဂါမ်ပုဂ္ဂိုလ်များနေထိုင်သည်။

## ၃။ သုဒဿာဘုံ

သု + ဒဿာ

သု .. ကောင်းစွာ

ဒဿာ .. မြင်သော၊ မြင်ခြင်းရှိသော၊

သုဒဿာဘုံသည် ကြည့်ကောင်းရှုဖွယ် အလွန်တင့်တယ် လှပသော ဘုံဖြစ်သည်။ ပညာမျက်စိဖြင့် ဖြစ်စေ၊ သာမန်မျက်စိဖြင့် ဖြစ်စေ၊ အကောင်းဘက်ကသာကြည့်သော ဗြဟ္မာများ နေထိုင်ရာ ဘုံဖြစ်သည်။ သုဒဿာဘုံတွင် သတိန္ဒြေရင့်ကျက်သော အနာဂါမ်ပုဂ္ဂိုလ်များနေထိုင်သည်။

## ၅။ အကနိဋ္ဌဘုံ

အ + ကနိဋ္ဌ

အ .. မ

ကနိဋ္ဌ .. ငယ်သော

အကနိဋ္ဌဘုံသည် ငယ်သူမရှိမူ၍ ကြီးသူသာရှိသော ဘုံဖြစ်သည်။ ကြီးသူဆိုသည်မှာ ရဟန္တာကိုခေါ်သည်။ ထိုဘုံသို့ရောက်မည့် သူသည် ကေန်စင်စစ် ရဟန္တာဖြစ်တော့မည့် (အနာဂါမ်) ပုဂ္ဂိုလ်ဖြစ်ရပေမည်။ ထိုဘုံသို့ ရောက်ရှိသော အနာဂါမ်ပုဂ္ဂိုလ်များမှာ ထိုဘုံ၌ ရဟန္တာအဖြစ်သို့ရောက်၍ ပရိနိဗ္ဗာန် စံဝင်ပေတော့မည်။ အကနိဋ္ဌဘုံတွင် ပညိန္ဒြေရင့်ကျက်သော အနာဂါမ်ပုဂ္ဂိုလ် များနေထိုင်သည်။

## အရူပဘုံ (၄) ဘုံ

၁။ အာကာသနဉ္စာယတနဘုံ
၂။ ဝိညာဏဉ္စာယတနဘုံ
၃။ အာကိဉ္စညာယတနဘုံ
၄။ နေဝသညာနာသညာယတနဘုံ

အရူပဘုံ၌ ရုပ်မရှိ၊နာမ်သာရှိသည်။

### ၁။ အာကာသနဉ္စာယတနဘုံ

အာကာသာနဉ္စာယတနဈာန်ကို ရသူတို့သွားရောက်နေထိုင်ရာ ဘုံဖြစ်သည်။

**အာကာသာနဉ္စာယတနဈာန်**

အာကာသ + အာနဉ္စ + အာယတန

| | | |
|---|---|---|
| အာကာသ | .. | ကောင်းကင်က သိုဏ်းမှခွါ၍ ရသော ကောင်းကင် |
| အာနဉ္စ | .. | မတုန်မလှုပ် |
| အာယတန | .. | အာရုံပြု |
| အာကာသာနဉ္စာယတန ဈာန်.. | | ကသိုဏ်းမှခွါ၍ ရသော ကောင်းကင်ကို မတုန်မလှုပ်အာရုံပြုသော ဈာန် ပဥ္စမ အရူပဈာန်စိတ် ဖြစ်သည်။ |

ထိုအာကာသာနဉ္စာယတနဈာန် ကို ရသူများသွားရောက် နေထိုင်ရာ ဘုံဌာနကို အာကာသာနဉ္စာယတနဘုံဟုခေါ်သည်။

### ၂။ ဝိညာဏဉ္စာယတနဘုံ

ဝိညာဏဉ္စာယတနဈာန်ကို ရသူတို့သွားရောက်နေထိုင်ရာ ဘုံဖြစ်သည်။

**ဝိညာဏဉ္စာယတနဈာန်**

ဝိညာဏ + အာနဉ္စ + အာယတန

| | | |
|---|---|---|
| ဝိညာဏ | .. | ဝိညာဉ်၊ စိတ် ပဌမအရူပဝိညာဉ် |
| အာနဉ္စ | .. | မတုန်မလှုပ် |
| အာယတန | .. | အာရုံပြု |
| ဝိညာဏဉ္စာယတနဈာန် | .. | ပဌမအရူပဝိညာဉ်ကို မတုန်မလှုပ် အာရုံပြုသောဈာန်၊ ဒုတိယ အရူပ ဈာန်စိတ်ဖြစ် သည်။ |

ထိုဝိညာဏဉ္စာယတနဈာန်ကို ရသူများ သွားရောက် နေထိုင်ရာ ဘုံဌာနကို ဝိညာဏဉ္စာယတနဘုံဟု ခေါ်သည်။

၃။ အာကိဉ္စညာယတနဘုံ

အာကိဉ္စညာယတနဈာန်ကို ရသူတို့ သွားရောက်နေထိုင်ရာ ဘုံဖြစ်သည်။

**အာကိဉ္စညာယတနဈာန်**

န + ကိဉ္စ အာယတန

| | | |
|---|---|---|
| န | .. | မ |
| ကိဥ္စိ | .. | စိုးစဉ်း (အနည်းငယ်) |
| အာယတန | .. | အာရုံပြု |
| အာကိဉ္စညာယတန | .. | အနည်းငယ်မျှမရှိသည်ကို အာရုံပြုသော ဈာန်၊ ပဌမအရူပဝိညာဉ်စိတ်၏ စိုးစဉ်းမျှမရှိခြင်း၊ နတ္ထိ-ဘော ပညတ်ကို အာရုံပြုသော ဈာန်၊ တတိယ အရူပဈာန်စိတ် ဖြစ်သည်။ |

ထိုအာကိဉ္စညာယတနဈာန်ကို ရသူများသွားရောက် နေထိုင်ရာ ဘုံဌာနကို အာကိဉ္စညာယတနဘုံဟုခေါ်သည်။

၄။ နေဝသညာနာသညာယတနဘုံ

နေဝသညာနာသညာယတနဈာန်ကို ရသူတို့သွားရောက် နေထိုင်ရာ ဘုံဖြစ်သည်။

**နေဝသညာနာသညာယတနစျာန်**

**နေဝ + သညာ + န+ အ + သညာ + အာယတန**

| | | |
|---|---|---|
| နေဝ | .. | မ |
| သညာ | .. | သညာ၊ **စိတ်** |
| န | .. | မ |
| အ | .. | မ |
| သညာ | .. | သညာ၊ စိတ် |
| အာယတန | .. | အာရုံပြု |
| နေဝသညာနာသညာယတနစျာန် | .. | စိတ်မဟုတ်၊ စိတ်မဟုတ်သည်လည်းမဟုတ်ဟု ဆိုလောက်သော အလွန်သိမ်မွေ့သည့် တတိယ အရူပစျာန် စိတ်ကို အာရုံပြုသော စျာန်ဖြစ်သည်။ ယင်းသည် စတုတ္ထအရူပစျာန်စိတ်ဖြစ် သည်။ |

ထိုနေဝသညာနာသညာယတနစျာန်ကို ရသူများ သွားရောက်နေထိုင်ရာဘုံဌာနကို နေဝသညာနာသညာယတနဘုံဟု ခေါ်သည်။

## ဘုံ၃၁ပုဂ္ဂိုလ်ဖြစ်ခြင်း

ဘုံ (၃၁) ဘုံ




ပုဂ္ဂိုလ် (၁၂) ယောက်

၁။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်
၂။ သုဂတိအဟိတ် ပုဂ္ဂိုလ်
၃။ ဒွိဟိတ် ပုဂ္ဂိုလ်
၄။ တိဟိတ် ပုဂ္ဂိုလ်

၅။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်
၆။ သကဒါဂါမိမဂ်ပုဂ္ဂိုလ်
၇။ အနာဂါမိမဂ်ပုဂ္ဂိုလ်
၈။ အရဟတ္တမဂ်ပုဂ္ဂိုလ်
၉။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်
၁၀။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်
၁၁။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်
၁၂။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်

**ဘုံအသီးသီး၌ ဖြစ်နိုင်သော ပုဂ္ဂိုလ်များ**

ပုထုဇဉ်ပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသ (၅) ဘုံ၌မဖြစ်ကြပေ။ အရိယာတို့သည် အသညသတ်ဘုံနှင့် အပါယ် (၄) ဘုံတွင် မဖြစ်နိုင်ကြပေ။ အရိယာနှင့် အရိယာမဟုတ်သော ပုထုဇဉ်တို့ သည် ကျန်သောဘုံများတွင် ဖြစ်နိုင်ကြသည်။

**အပါယ် (၄) ဘုံ၌ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်နိုင်သော ပုဂ္ဂိုလ်များ**

ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တယောက်သာ ဖြစ်သည်။

**လူ့ဘုံနှင့် စာတုမဟာရာဇ်နတ်ဘုံ၌ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်နိုင်သောပုဂ္ဂိုလ်များ**

၁။ သုဂတိအဟိတ် ပုဂ္ဂိုလ်
၂။ ဒွိဟိတ် ပုဂ္ဂိုလ်
၃။ တိဟိတ် ပုဂ္ဂိုလ်
၄။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်
၅။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်

**တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တိ နတ်ပြည်(၅) ဘုံ၌ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်နိုင်သောပုဂ္ဂိုလ်များ**

၁။ ဒွိဟိတ် ပုဂ္ဂိုလ်
၂။ တိဟိတ် ပုဂ္ဂိုလ်

၃။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်
၄။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်

**ပဥ္စမဈာန် (၃) ဘုံ ၊ ဒုတိယဈာန် (၃) ဘုံ၊ တတိယဈာန် (၃) ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ ပေါင်း ပြဟ္မာ (၁၀) ဘုံတို့၌ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်နိုင်သောပုဂ္ဂိုလ်များ**

၁။ တိဟိတ် ပုဂ္ဂိုလ်
၂။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်
၃။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်
၄။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်

**အသညသတ်ဘုံ၌ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်နိုင်သော ပုဂ္ဂိုလ်များ**

သုဂတိအဟိတ်ပုဂ္ဂိုလ်တယောက်သာဖြစ်သည်။ ထိုပုဂ္ဂိုလ်မှာ ရုပ်သာရှိ၍၊ စိတ်မရှိပေ။

**သုဒ္ဓါဝါသ (၅) ဘုံ၌ပဋိသန္ဓေနေသောအားဖြင့် ဖြစ်နိုင်သောပုဂ္ဂိုလ်များ**

အနာဂါမိဖိုလ် ပုဂ္ဂိုလ်တယောက်သာဖြစ်သည်။

**အရူပ (၄) ဘုံ၌ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်နိုင်သော ပုဂ္ဂိုလ်များ**

၁။ တိဟိတ် ပုဂ္ဂိုလ်
၂။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်
၃။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်
၄။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်

မဂ်ပုဂ္ဂိုလ် (၄) ယောက်နှင့် အရဟတ္တဖိုလ်ပုဂ္ဂိုလ်တယောက်၊ ပေါင်း (၅) ယောက်တို့မှာ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်နိုင်သော ပုဂ္ဂိုလ်များ မဟုတ်ကြပေ။ ဝိပဿနာတရားကို ကျင့်သုံးရာမှ ပြောင်းလဲသွားသော ပုဂ္ဂိုလ်များဖြစ်ကြသည်။

ထိုပုဂ္ဂိုလ်များသည် ကာမသုဂတိ (၇) ဘုံ၊ နှင့် ဝေဟပ္ဖိုလ် အထိ ဗြဟ္မာ (၁၀) ဘုံ၊ ပေါင်း(၁၇) ဘုံ၌ အပြည့်အစုံ ရှိနိုင်ကြသည်။

သုဒ္ဓါဝါသ (၅) ဘုံ၌ အထက်ပါ (၅) ယောက်တွင် အရဟတ္တမဂ် ပုဂ္ဂိုလ်တစ်ယောက်၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ်တယောက်၊ ပေါင်း (၂) ယောက်သာရှိနိုင်သည်။ အရူပ(၄) ဘုံ၌ သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ အနာဂါမိမဂ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်၊ ပေါင်း (၄) ယောက်သာ ရှိနိုင်သည်။

မှတ်ချက်။ ။ သာမန်ပုဂ္ဂိုလ်များသည် ရူပဈာန်ကို ရပြီးစုတေလျှင် ရူပဘုံများသို့သွားရောက်ဖြစ်ပေါ်ကြသည်။ အရူပဈာန်ကို ရပြီး စုတေလျှင်၊ အရူပဘုံများသို့ သွားရောက်ဖြစ်ပေါ်ကြသည်။

ဗုဒ္ဓဒိတ်ရပြီး ဘုရားအလောင်းတော်များသည် အရူပဈာန်ကို ရသော်လည်း၊ အရူပဘုံများသို့ သွားရောက်ဖြစ်ပေါ်ခြင်းမရှိ၊ ရူပဈာန်ကို ခိုင်မာ အောင်ဝင်စားပြီး ရူပဘုံများ၌သာ ဖြစ်ကြသည်။

အနာဂါမ် ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံများ၌ ဖြစ်ကြသည် ဟုဆိုရာတွင် သုဒ္ဓါဝါသဘုံ အနာဂါမ်သာဖြစ်နိုင်သည်။ အနာဂါမ် အောက် နိမ့်ကျသော ပုဂ္ဂိုလ်များ မဖြစ်နိုင်ဟူသော အဓိပ္ပါယ်ကို ထင်ရှား စေသည်။

အနာဂါမ်ပုဂ္ဂိုလ်တို့မှာမူကား သုဒ္ဓါဝါသ အောက် ပဌမ ရူပဈာန်ဘုံမှ ဝေဟပ္ဖိုလ်ဘုံအထိ ရူပဗြဟ္မာ (၁၀) ဘုံတို့၌ လည်းကောင်း၊ အရူပဗြဟ္မာ (၄) ဘုံတို့၌လည်းကောင်း၊ ဖြစ်နိုင် ကြသေးသည်။ (ပရမတ္ထဒီပနီဋီကာ – ၂၄၆။)

------

## ပဋ္ဌိသန္ဓိစတုက္က
## ပဋ္ဌိသန္ဓေ

ပဋိသန္ဓေဟူသော ပါဠိစကားသည် " ဆက်စပ်၍ စဖြစ်ခြင်း" ဟု အဓိပ္ပါယ် ရလေသည်။ မည်ကဲ့သို့ ဆက်စပ်သနည်းဟူမူ ဘဝဟောင်းက သေခြင်းနှင့် ဘဝသစ်မှာ ရုပ်နှင့် နာမ် ပေါင်းမိခြင်းတို့ဆက်စပ် ပုံပင်ဖြစ် လေသည်။

ဤ၌ ဘဝဟောင်း၊ ဘဝသစ်ဟု ဆိုရာတွင် ရှေးဦးစွာ " ဘဝ " ဟူသော စကားကို သိရှိရန် လိုအပ်ပေသည်။ "ဘဝ" ဟူသော စကားသည် "ဖြစ်ခြင်း" ဟု အဓိပ္ပါယ်ရလေသည်။ အသံတခုဖြစ်ခြင်း၊ ကိုယ်အမူအရာ လှုပ်ရှားမှု တခုဖြစ်ခြင်း၊ လျှပ်စစ်မီးလင်းခြင်း၊ သစ်ပင်မှ သစ်ရွက်နုကလေးများ ဖြစ်ခြင်း စသည် တို့သည်လည်း ဘဝပင် ဖြစ်လေသည်။ ဘဝဟူသော ဖြစ်ခြင်းသည် သက်ရှိသက်မဲ့အရာ အားလုံးနှင့် သက်ဆိုင်နေပေသည်။

ဘဝကို သာမန်အားဖြင့် ကြည့်လျှင်သော် လည်းကောင်း၊ ဉာဏ်မျက်စိဖြင့် အသေးစိတ်စီစဉ်၍ ကြည့်လျှင်သော် လည်းကောင်း၊ ဘဝကြီး ဘဝငယ်ဟူ၍ တွေ့ရပေမည်။ အရာဝတ္ထုများဖြစ်ခြင်းတွင် လည်းကောင်း သက်ရှိသတ္တဝါများ ဖြစ်ခြင်းတွင်လည်းကောင်း ဘဝ ကြီး၊ ဘဝငယ်ရှိလေသည်။ လျှပ်စစ်ဓါတ်မီးတွင်ဓာတ်ဖို ( Positive) နှင့် ဓာတ်မ ( Negative) ပေါင်းဆုံသောအခါ မီးလင်းလာသည်။ မီးလင်းသည့် ဖြစ်ခြင်းတခုသည် ဘဝငယ် တခုဖြစ်သည်။ ဓာတ်ဖိုလ်နှင့် ဓာတ်မတွေ့ထိ၍ မီးလင်းသည့် အခါတိုင်း ဘဝငယ် တခု တခု ဖြစ်သည်။ ဘဝငယ်တို့၏ ဖြစ်ခြင်းသည် အလွန့် အလွန် လျင်မြန်ရကား မီးသည် အစဉ်အလိုက် ဆက်လင်းနေသည်ဟု ထင်မှတ် ရသည်။ စင်စစ်အားဖြင့် ဓာတ်မီးလင်းခြင်းတွင် တခါလင်းပြီးလျှင် တခါလင်း ခြင်းဖြင့် ဆက်ခါ ဆက်ခါ လင်းနေခြင်းဖြစ်သည်။ နောက်က လင်းခြင်းလာ သော် ရှေ့က လင်းခြင်းသည် ပျောက်သွားတော့သည်။

ဓာတ်ဖိုဓာတ်မ ပေါင်းဆုံသော် ဓါတ်မီးလင်းသကဲ့သို့ နာမ်ဓာတ်နှင့် ရုပ်ဓာတ်တို့ပေါင်းဆုံသော် အမှုအရာတခုဖြစ်သည်။ ထိုအမှုအရာ တခုသည် ဘဝငယ် တခုပင် ဖြစ်သည်။

**ဥပမာ။** ။ အရာဝတ္ထုတခုကို ယူသော အမှုအရာတခု ဖြစ်ပေါ်ခြင်းမှာ ယူချင်သော စိတ် (နာမ်) နှင့် အရာဝတ္ထုကို ကိုင်သော အမှုအရာ(ရုပ်)တို့ ပေါင်းဆုံမိသောကြောင့် ဖြစ်သည်။ ယူခြင်း အမှုအရာဘဝငယ် တခု ဖြစ်ပေါ် လာသည်။ ယူခြင်းဘဝငယ်ရှိသကဲ့သို့ အရာဝတ္ထုကို ပြန်ချလိုက်သော် ချခြင်း ဘဝငယ်လည်း ရှိလေသည်။ ချခြင်း ဘဝငယ်သည်လည်း နာမ်နှင့် ရုပ်တို့ ပေါင်းဆုံမိသောကြောင့် ဖြစ်ပေါ်လာသည်။ ဓါတ်မီး လင်းရာတွင် နောက်က လင်းခြင်းလာသော်၊ ရှေ့ကလင်းခြင်းသည် ပျော်ပျက်သွား သကဲ့သို့ ချခြင်း ဘဝငယ်ရောက်လာသော် ယူခြင်းဘဝငယ်သည် ပျောက်ပျက်သွားသည်။

လူတို့သည် နေ့စဉ် နေ့တိုင်း ပြုမူ လှုပ်ရှားနေကြသည်။ **ဥပမာ**– လူတိုင်းသည် မျက်တောင်ခတ်ကြသည်။ မျက်တောင် ခတ်လိုသော စိတ်သည် နာမ်ဖြစ်၏။ မျက်တောင်ခတ်ခြင်း လှုပ်ရှားခြင်း သည် ရုပ်ဖြစ်၏။ နာမ်နှင့် ရုပ်ပေါင်း၍ မျက်တောင်ခတ်ခြင်းသည် ဖြစ်ပေါ်လာသည်။ တကြိမ် ဖြစ်ပေါ်ပြီးနောက် ပျောက်သွားသည်။ နောက်တကြိမ်ဖြစ်ပေါ်၍၊ ပျောက်သွား ပြန်သည်။ ဘဝငယ်တခု၏ ဖြစ်ခြင်း၊ ပျက်ခြင်း ဖြစ်လေသည်။

က၊ ခ ဟူ၍ ပြောဆိုရာတွင် ဘဝငယ်နှစ်ခု ပြီးဆုံးသွားသည်။ "က" ဟူ၍ပြောဆိုလိုသော နာမ်နှင့် လည်ချောင်း၊ အာခေါင် နားမှ ထွက်သွားသော ဝစီဝိညတ်ရုပ်တို့ ပေါင်း၍၊ "က" ဟူသော ဘဝငယ် တခုဖြစ်ပေါ်လာသည်။ "ခ" ဟူသော ဘဝငယ်တခု ဖြစ်ပေါ်လာရာတွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။

ဘဝငယ်ပေါင်း မြောက်မြားစွာ ပါဝင်နေသော ဘဝကြီးသည်လည်း အရာဝတ္ထုတို့ဖြစ်ပေါ်ရာတွင် လည်းကောင်း၊ သက်ရှိသတ္တဝါတို့ ဖြစ်ပေါ်ရာ တွင်လည်းကောင်း တည်ရှိပေသည်။ လျှပ်စစ်ပန်ကာသည် ဓာတ်ဖိုဓာတ်မ ပေါင်းဆုံသော် လည်၏။ ဓာတ်အားအပျော့အပြင်းကို လိုက်၍ လည်သည်။ ပန်ကာ မရပ်မခြင်း လည်နေခြင်းသည် ဘဝကြီးတခုဖြစ်သည်။

နာမ်နှင့် ရုပ်တို့ပေါင်းဆုံ၍ လူဟူသော သတ္တဝါဖြစ်လာရာတွင် အစဦး၌ အလွန်သေးငယ်လှပေသည်။ လျှပ်စစ်ပန်ကာ စတင်လည်ပတ်ရာတွင် ဖြည်းညင်းစွာ လည်ပတ်သကဲ့သို့ ဖြစ်သည်။ ထို့နောက်မှ တဖြည်းဖြည်း ကြီးထွားလာသည်။ ပန်ကာသည် မရပ်မခြင်းလည်ပတ် နေသကဲ့သို့ လူအဖြစ်နှင့်လည်း မသေမခြင်း အသက်ရှင်နေသည်။ ပန်ကာတွင် အားပျော့ အပြင်းရှိသကဲ့သို့ လူတွင်လည်းအားပျော့သည့် အိပ်ပျော်နေသော အချိန်နှင့် အားပြင်းသည့် ပြုမူဆောင်ရွက်လုပ်ကိုင် နေသောအချိန်သည် ရှိပေသည်။

နာမ်နှင့် ရုပ် ပေါင်း၍ ဘဝကြီး တစ်ခု ဖြစ်လာရာ၊ ဘဝကြီး တစ်ခု စဖြစ်ခြင်းသည် ပဋိသန္ဓေဖြစ်သည်။ လည်နေသော လျှပ်စစ်ပန်ကာတခုကို အသစ်ဖွင့်ချင်သော် အဟောင်းကို မရပ်ပစ်၍ မရပေ။ အဟောင်းကို ရပ်ပြီးနောက် အသစ်ပြန်ဖွင့်မှသာ ဖြစ်နိုင်ပေသည်။ ထို့အတူပင် ဘဝတခု သေပြီးမှ အသစ်ဘဝတစ်ခု ထပ်ဖြစ်ပေမည်။ ဘဝဟောင်းတွင် ပြတ်မှ ဘဝသစ်တွင် စဖြစ်သည်။ အလျင် လည်နေသော ပန်ကာကို ပိတ်ခြင်းသည် ဘဝဟောင်း သေခြင်းဖြစ်၍၊ ပန်ကာ အသစ် ထပ်ဖွင့်ခြင်း သည် ဘဝသစ် စဖြစ်ခြင်း ဖြစ်သည်။ ဤသို့အားဖြင့် ဘဝဟောင်း ပျောက်ပြီးနောက်၊ နောက်တခါ ပြန်စသော ဘဝသစ်၏အစ ဖြစ်ခြင်းကို "ပဋိသန္ဓေ" ဟု ခေါ်သည်။

## ပဋိသန္ဓေ (၄) မျိုး

၁။ အပါယ် ပဋိသန္ဓေ
အပါယ် (၄) ဘုံတွင်နေသော ပဋိသန္ဓေ

၂။ ကာမသုဂတိ ပဋိသန္ဓေ
ကာမသုတိ (၇) ဘုံတွင်နေသော ပဋိသန္ဓေ

၃။ ရူပါဝစရ ပဋိသန္ဓေ
ရူပါဝစရ (၁၆) ဘုံတွင်နေသော ပဋိသန္ဓေ

၄။ အရူပါဝစရ ပဋိသန္ဓေ
အရူပါဝစရ (၄) ဘုံတွင်နေသော ပဋိသန္ဓေ

**ကာမပဋိသန္ဓေ (၁၀) ပါး**

ပဋိသန္ဓေကိစ္စကို ဆောင်ရွက်သော ကာမစိတ် (၁၀) ပါး

၁။ အကုသလဝိပါက် ဥပက္ခာသန္တီရဏစိတ် ၁ – ပါး
၂။ ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ် ၁ –ပါး
၃။ မဟာဝိပါက် ၈ –ပါး

---

ပေါင်း ၁၀ – ပါး

**အပါယ်ပဋိသန္ဓေ (၁) ပါး**

အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် အပါယ်လေးဘုံသို့ ကျရောက်ဆဲ ခဏ၌ ပဋိသန္ဓေဖြစ်၍၊ ပဋိသန္ဓေမှ နောက်၌ ဘဝင်ဖြစ်သည်။ အဆုံး၌ စုတိဖြစ်၍ ပြတ်သွားသည်။

**ကာမသုဂတိပဋိသန္ဓေ (၉) ပါး**

ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် ကာမသုဂတိဘုံတွင် လူတို့၌ ပဋိသန္ဓေက ကန်းသောသူ စသည်တို့အား လည်းကောင်း၊ မြေပြင်ကို အမှီပြု၍ နေကြသော ဝိနိပါတိက အသုရာတို့အား လည်းကောင်း ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စကို ဆောင်ရွက်နိုင်သော အစွမ်းအားဖြင့်ဖြစ်၏။

အလုံးစုံသော မဟာဝိပါက်စိတ် (၈) ပါးသည် ကာမသုဂတိ ဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စကို ဆောင်ရွက်နိုင်သော အစွမ်းအားဖြင့် ဖြစ်သည်။

ဤ(၁၀) ပါးသော စိတ်တို့သည် ကာမဝစရပဋိသန္ဓေအဖြစ်သို့ ရောက်ကြသော စိတ်များဖြစ်သည်။

အကုသလဝိပါက်ဥပေက္ခာ သန္တီရဏစိတ်သည် အပါယ်လေး ဘုံသားတို့၏ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်ပေးသည်။ အပါယ်လေးဘုံ သားတို့သည် ထိုစိတ်ဖြင့် ပဋိသန္ဓေနေကာ၊ ထိုစိတ်ဖြင့် ဘဝင်ကျ၍၊ ထိုစိတ်ဖြင့်ပင် စုတိ စိတ်ဖြစ်သည်။

ကုသလဝိပါကဥပေက္ခာသန္တီရဏစိတ်သည် လူ့ဘုံတွင် အမိဝမ်းမှ စ၍ အကန်း၊ အပင်း၊ အချည့်အနဲ့၊ ကျားမ မဟုတ်သူ၊ ကျားရော မရော ဟုတ်သူများနှင့် တစ္ဆေသူရဲခေါ် အောက်ကန်းစား စတုမဟာရာဇ် နတ်များ၏ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်သည်။

ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ်လေးပါးတို့သည် ပဋိသန္ဓေ မှစ၍ ဉာဏ်ထိုင်းသော သူများနှင့် နတ်ပြည်ခြောက်ထပ်ရှိ ဉာဏ်ထိုင်းသော နတ်များ၏ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်သည်။

ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ် လေးပါးတို့သည် ပဋိသန္ဓေမှ စ၍ ဉာဏ်ကောင်းသောသူများနှင့် နတ်ပြည်ခြောက်ထပ်ရှိ ဉာဏ်ကောင်းသော နတ်များ၏ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်သည်။

အမိဝမ်းတွင်းမှ ပဋိသန္ဓေ နေလာသော သူများတွင် အချို့မှာ အကန်း၊ အပင်း၊ အဆွံ့၊ အ အဖြစ်လာ၏။ အချို့မှာ ယောက်ျားမိန်းမ မဟုတ်သူများ၊ ယောကျ်ားရော မိန်မရော ဟုတ်သူများဖြစ်လာ၏။ အချို့မှာ ခေါင်းပို၊ ကိုယ်ပိုများနှင့် မဖွယ်မရာဖြစ်လာသည်။ ထိုသူ များသည် အားနည်းသော အဟိတ်ပဋိသန္ဓေစိတ်ဖြင့် နေလာသောကြောင့် ဖြစ်သည်။

အချိုးကျကျ မွေးလာသောသူတို့သည် မဟာဝိပါက် ပဋိသန္ဓေ စိတ်ဖြင့် နေခဲ့သူတို့ဖြစ်ကြသည်။ မဟာဝိပါက်စိတ်သည် တိဟိတ်၊ ဒွိဟိတ်ဖြစ်သောကြောင့် အရင်းအမြစ်ရှိသဖြင့် အားရှိသည်။ မဟာဝိပါက် ပဋိသန္ဓေ စိတ်တွင် ဉာဏသမ္ပယုတ်ဖြင့် ပဋိသန္ဓေနေသူသည် တိဟိတ်ပုဂ္ဂိုလ် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ကိုယ်အင်္ဂါ အချိုးကျရုံမျှမက စိတ်ဓာတ်သည်လည်း ခိုင်မာ၏။ ကောင်းသည် ကိုဖြစ်စေ၊ ဆိုးသည်ကိုဖြစ်စေ၊ ထွန်းထွန်းပေါက်ပေါက် ဆောင်ရွက်တတ် သည်။ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေ နေခဲ့သူသည်ကား ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်သည်။ အလုပ်ကိစ္စများကို ဆောင်ရွက်ရာ တွင် ပေါ့ပေါ့တန်တန် အေးတိ အေးစက်လုပ်တတ်၏၊ ဉာဏ်ထိုင်းသည်။

နတ်ပြည်ခြောက်ထပ်တွင် စတုမဟာရာဇ်နတ်ဘုံ၌ သုဂတိ အဟိတ် ဖြင့် ပဋိသန္ဓေနေသူ၊ သုဂတိကာမဝိပါက် ဒွိဟိတ်၊ တိဟိတ်နှင့် ပဋိသန္ဓေနေ သူ များရှိသည်။ တာဝတိံသာနတ်ဘုံမှ အထက်နတ်ပြည် ငါးဘုံအထိမူကား

အဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေသောနတ်များမရှိပေ။ မဟာဝိပါက် ဒွိဟိတ်၊ တိဟိတ်ဖြင့် ပဋိသန္ဓေနေသူများသာ ရှိကြသည်။

**ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်း**

အပါယ်လေးဘုံနှင့် လူ့ဘုံတို့မှာ သက်တမ်းအမြဲ မရှိကြပေ။ အချို့မှာ အသက်တမ်းရှည်၏။ ရံခါအသက်တမ်းတို၍၊ ရံခါအသက်တမ်း ရှည်ကြသည်။ အပါယ်လေးဘုံမှ ဆင်၊ မြွေကြီး၊ ငါးကြီးတို့သည် အသက်ရှည်၏။ နဂါးများ၊ ပြိတ္တာများ၊ ငရဲသားများသည် အသက်ရှည်ကြသည်လည်းရှိသည်။ ပျား၊ လောက် စသည်တို့သည် အသက်တိုကြသည်။

လူတို့မှာဆိုလျှင် ရံခါ ဆယ်နှစ်တမ်းဖြစ်၍၊ ရံခါအသင်္ချေယျ တမ်းဖြစ်သည်။ ယခုမူကား (၇၅) နှစ်တမ်းဖြစ်သည်ဟု ဆိုသည်။

စတုမဟာရာဇ် နတ်သက် (၅၀၀) တွင် လူသက် (၉) သန်းရှိသည်။ တာဝတိံသာနတ်သက် (၁၀၀၀) တွင် လူသက် (၃၆) သန်းရှိသည်။ ဤသို့ဖြင့် အထက်နတ်သက်များတွင် နှစ်ဆစီတက်၍ လူသက်တွင် လေးဆစီ တက်သွားသည်။

| | နတ်သက် | လူသက် |
|---|---|---|
| စတုမဟာရာဇ် | ၅၀၀ | ၉၀၀၀၀၀၀ |
| တာဝတိံသာ | ၁၀၀၀ | ၃၆၀၀၀၀၀၀ |
| ယာမာ | ၂၀၀၀ | ၁၄၄၀၀၀၀၀၀ |
| တုသိတာ | ၄၀၀၀ | ၅၇၆၀၀၀၀၀၀ |
| နိမ္မာနရတိ | ၈၀၀၀ | ၂၃၀၄၀၀၀၀၀၀ |
| ပရနိမ္မိတဝသဝတ္တီ | ၁၆၀၀၀ | ၉၂၁၆၀၀၀၀၀၀ |

**ရူပပဋိသန္ဓေ (၆) ပါး**

ပဌမဈာန်ဝိပါက်စိတ်သည် ပဌမဈာန် (၃) ဘုံတွင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၏အစွမ်းအားဖြင့် ဖြစ်သည်။

ဒုတိယဈာန်ဝိပါက်စိတ်နှင့် တတိယဈာန်ဝိပါက်စိတ်တို့သည် ဒုတိယဈာန် (၃) ဘုံတွင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၏အစွမ်းအားဖြင့် ဖြစ်သည်။

စတုတ္ထဈာန်ဝိပါက်စိတ်သည် တတိယဈာန် (၃) ဘုံတွင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၏အစွမ်းအားဖြင့် ဖြစ်သည်။

ပဉ္စမဈာန်ဝိပါက်စိတ်သည် စတုတ္ထဈာန် ဖြစ်သော ဝေဟပ္ဖိုလ် ဘုံနှင့် သုဒ္ဓါဝါသ ငါးဘုံတွင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၏ အစွမ်းအားဖြင့် ဖြစ်သည်။

အသညသတ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည် စိတ်မပါဘဲ၊ ရုပ်တမျိုးတည်းနှင့်သာ ပဋိသန္ဓေနေသည်။ ထိုမှ နောက်၌ဖြစ်စဉ် အခါ၌လည်းကောင်း၊ ရွေ့လျောသော အခါ၌လည်းကောင်း၊ ရုပ်မျိုးသာ လျှင်ဖြစ်၍ ချုပ်ငြိမ်းသည်။

ရူပပဋိသန္ဓေ (၆) ပါးသည်–

| | |
|---|---|
| ရူပဝိပါက် | ၅ – ပါး |
| ရုပ်ပဋိသန္ဓေ | ၁ – ပါး |

ပေါင်း ၆ – ပါး တို့ဖြစ်သည်။

## ရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း
## အသင်္ချေယျကပ်နှင့် မဟာကပ်

ကပ္ပဟူသော ဝေါဟာရသည် ဖြစ်ပျက်ခြင်းဟု အဓိပ္ပါယ် ရသည်။ ဖြစ်ပျက်ကြီး လေးမျိုးရှိသည်။ မီးစလောင်သည်မှ မီးငြိမ်းသည်အထိ ဖြစ်ပျက်ကြီး တမျိုး၊ ပြာမှုံ ချော်ခဲတို့ ထကြွပေါ်တက်၍ပြီးပြယ်ပျောက်သည် အထိ ဖြစ်ပျက်ကြီးတမျိုး၊ မိုးစရွာသည်မှ ရပ်စဲသည်အထိဖြစ်ပျက် ကြီးတမျိုး မြေတည်လာသည်မှ ပျက်စီးသည် အထိဖြစ်ပျက်ကြီးတမျိုးဟူ၍ လေးမျိုး ရှိသည်။

မီးစလောင်သည်မှ မီးငြိမ်းသည်အထိ ဖြစ်ပျက်မှုကြီးတမျိုး တည်နေခြင်းကာလကို အသင်္ချေယျကပ်တကပ်ဟုခေါ်သည်။ ကမ္ဘာ တည်သရွေ့ကြာမြင့်၏။ ဖြစ်ပျက်မှုကြီးလေးမျိုးသည် တမျိုးစီ တည်နေခြင်းကို အသင်္ချေယျကပ်တကပ်စီဟု ခေါ်သည်။ မီး၊ ပြာ၊ မိုး၊ မြေတို့ တည်နေခြင်း အသင်္ချေယျကပ်လေးကပ်မျှကြာသော ကာလကို မဟာကပ်ဟု ခေါ်သည်။

မြေတည်သော အသင်္ချေယျကပ်တကပ်၏ သုံးပုံဟပုံ မျှကြာ သော ကာလသည် ပထမဈာန်ဗြဟ္မပါရိသဇ္ဇာဘုံမှ ဗြဟ္မာတို့၏ အသက်တမ်းဖြင့်

သည်။ ထိုဘုံမှဗြဟ္မာများသည် မြေတည်သော အသင်္ချေ ယျကပ်၏ သုံးပုံတပုံမျှ အသက်ရှည်၏။

ပဌမဈာန် ဗြဟ္မာပုရောဟိတာဘုံမှ ဗြဟ္မာများသည် အသင်္ချေယျကပ် ၏ ထက်ဝက်မျှသော ကာလအထိ အသက်ရှည်ကြသည်။

ပဌမဈာန် မဟာဗြဟ္မာဘုံမှ ဗြဟ္မာများသည် အသင်္ချေယျကပ် တခုမျှ အသက်ရှည်ကြသည်။

ဒုတိယဈာန် ပရိတ္တာဘုံမှ ဗြဟ္မာများသည် မဟာကပ် နှစ်ကပ် အသက် ရှည်ကြသည်။

ဒုတိယဈာန် အပ္ပမာဏာဘုံမှ ဗြဟ္မာများသည် မဟာကပ် လေးကပ် အသက်ရှည်ကြသည်။

ဒုတိယဈာန် အာဘဿရာဘုံမှ ဗြဟ္မာများသည် မဟာကပ် ရှစ်ကပ် အသက်ရှည်ကြသည်။

တတိယဈာန် ပရိတ္တသုဘာဘုံမှ ဗြဟ္မာများသည် မဟာကပ် တစ်ဆယ့်ခြောက်ကပ် အသက်ရှည်ကြသည်။

တတိယဈာန် အပ္ပမာဏာဘုံမှ ဗြဟ္မာများသည် မဟာကပ် သုံးဆယ့် နှစ်ကပ် အသက်ရှည်ကြသည်။

တတိယဈာန် သုဘကိဏှာဘုံမှ ဗြဟ္မာများသည် မဟာတပ် ခြောက် ဆယ့်လေးခုစာမျှ အသက်ရှည်ကြသည်။

စတုတ္ထဈာန် ဝေဟပ္ဖိုလ်နှင့် အသညသတ်ဘုံမှ ဗြဟ္မာများသည် မဟာ ကပ် (၅၀၀) စီ အသက်ရှည်ကြသည်။

သုဒ္ဓါဝါသ ငါးဘုံတွင် အဝိဟာဘုံမှ ဗြဟ္မာများသည် မဟာကပ် (၁၀၀၀) အသက်ရှည်၏။

အတပ္ပါဘုံမှ ဗြဟ္မာများသည် မဟာကပ် (၂၀၀၀) အသက်ရှည် ၏။

သုဒဿာဘုံမှ ဗြဟ္မာများသည် မဟာကပ် (၄၀၀၀) အသက် ရှည်၏။

သုဒဿီဘုံမှ ဗြဟ္မာများသည် မဟာကပ် (၈၀၀၀) အသက် ရှည်၏။

အကနိဋ္ဌာဘုံမှ ဗြဟ္မာများသည် မဟာကပ် (၁၆၀၀၀) အသက် ရှည်၏။

## အရူပပဋိသန္ဓေ (၄) ပါး

အရူပ ပဋိသန္ဓေ လေးပါးသည် အရူပဝိပါက်စိတ် လေးပါး ဖြစ်သည်။ ပဌမအရူပ ဝိပါက်စိတ်သည် ပဌမ အရူပဘုံ၌ ပဋိသန္ဓေ ၊ ဘဝင်၊ စုတိ၏ အစွမ်းအားဖြင့် ဖြစ်သည်။ ဒုတိယ အရူပဝိပါက်စိတ်သည် ဒုတိယအရူပဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၏ အစွမ်းအားဖြင့် ဖြစ်သည်။ တတိယ အရူပ ဝိပါက် စိတ်သည် တတိယအရူပဘုံ၌၊ စတုတ္ထအရူပဝိပါက် စိတ်သည် စတုတ္ထအရူပဘုံ ၌ အသီးသီး သက်ဆိုင်ရာ ဝိပါက်စိတ်နှင့် သက်ဆိုင်ရာ ဘုံတို့တွင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၏ အစွမ်းအားဖြင့် ဖြစ်ကြသည်။

**အရူပပုဂ္ဂိုလ်တို့၏အသက်တမ်း**

အာကာသာနဉ္စာယတနဘုံမှ ဗြဟ္မာများသည် မဟာကပ် (၂၀၀၀၀) အသက်ရှည်ကြသည်။

ဝိညာဏဉ္စာယတနဘုံမှ ဗြဟ္မာများသည် မဟာကပ် (၄၀၀၀၀) အသက်ရှည်ကြသည်။

အာကိဉ္စညာယတနဘုံမှ ဗြဟ္မာများသည် မဟာကပ် (၆၀၀၀၀) အသက်ရှည်ကြသည်။

နေဝသညာနာသညာယတနဘုံမှ ဗြဟ္မာများသည် မဟာကပ် (၈၄၀၀၀) အသက်ရှည်ကြသည်။

## တဘဝ၌ တူမြဲတရား (၃) ပါး

တခုတည်းသော ဘဝ၌ တခုတည်းသော စိတ်က ပဋိသန္ဓေကိစ္စ ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စများကို ဆောင်ရွက်သည်။

အသညသတ်ဘုံတွင် ဘဝကို စောင့်ထိန်းရန် ဘဝင်စိတ်မရှိပေ။ သို့ရာတွင် ဇီဝိတရုပ်က ဘဝကို စောင့်ထိန်းပေးထားသည်။

အရူပဘုံမှ ပုဂ္ဂိုလ်များကား ဇီဝိတရုပ်မရှိပေ။ ဘဝင်စိတ်က စောင့်ရှောက်ပေးထားသည်။

ကျန်သော ဘုံများမှ ပုဂ္ဂိုလ်များကိုကား ဘဝင်စိတ်ကလည်း စောင့်ရှောက်ထိန်းသိမ်းပေးထားသည်။ ဇီဝိတရုပ်ကလည်း စောင့်ရှောက် သည်။

**သက်တမ်း**

| | | | | |
|---|---|---|---|---|
| | | ၈၄၀၀၀ | .. | ၀ |
| | | ၆၀၀၀၀ | .. | ၀ |
| | | ၄၀၀၀၀ | .. | ၀ |
| | | ၂၀၀၀၀ | .. | ၀ |
| မဟာကပ် | .. | ၁၆၀၀၀ | .. | --- |
| | | ၈၀၀၀ | .. | --- |
| | | ၄၀၀၀ | .. | --- |
| | | ၂၀၀၀ | .. | --- |
| | | ၁၀၀၀ | .. | --- |

| | | | | |
|---|---|---|---|---|
| မဟာကပ် | .. | ၅၀၀ / ၁၆ | ၃၂ | ၅၀၀ × / ၆၄ |
| မဟာကပ် | .. | ၂ / ၁ | ၄ / ၁ | ၈ / ၁ |
| အသင်္ချေယျကပ်၏ | .. | ၃ | ၂ | |

| | | | | |
|---|---|---|---|---|
| | ၁၆၀၀၀ | --- | ၉၂၁၆၀၀၀၀၀၀ | |
| | ၈၀၀၀ | ---- | ၂၃၀၄၀၀၀၀၀၀ | |
| နတ် | ၄၀၀၀ | ----- | ၅၇၆၀၀၀၀၀၀ | လူ့ |
| သက် | ၂၀၀၀ | ------- | ၁၄၄၀၀၀၀၀၀ | သက် |
| | ၁၀၀၀ | ---------- | ၃၆၀၀၀၀၀၀ | |
| | ၅၀၀ | ------------- | ၉၀၀၀၀၀၀ | |

# ကမ္မစတုက္က

## ကံလေးပါးလေးလီ

ဆောင်ရွက်ပုံအားဖြင့် ကံလေးပါး

၁။ ဇနကကံ

၂။ ဥပတ္ထမ္ဘကကံ

၃။ ဥပပီဠကကံ

၄။ ဥပဃာတကကံ

အကျိုးပေးသော အလှည့်အားဖြင့် ကံလေးပါး

၁။ ဂရုကကံ

၂။ အာသန္နကံ

၃။ အာစိဏ္ဏကံ

၄။ ကဋတ္တာကံ

အကျိုးပေးသော အချိန်အားဖြင့် ကံလေးပါး

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ

၂။ ဥပပဇ္ဇဝေဒနီယကံ

၃။ အပရာပရိယဝေဒနီယကံ

၄။ အဟောသိကံ

အကျိုးပေးရာဌာနအားဖြင့် ကံလေးပါး

၁။ အကုသိုလ်ကံ

၂။ ကာမာဝစရကုသိုလ်ကံ

၃။ ရူပါဝစရကုသိုလ်ကံ

၄။ အရူပါဝစရကုသိုလ်ကံ

**ဆောင်ရွက်ပုံအားဖြင့် ကံလေးပါး**

၁။ ဇနကကံ .. ဖြစ်စေသော၊ ထူထောင်ပေးသော အလုပ်
၂။ ဥပတ္ထမ္ဘကကံ .. ထောက်ပံ့ကူညီသောအလုပ်
၃။ ဥပပီဠကကံ .. နှိပ်စက်သော၊ နှောင့်ယှက်သော အလုပ်
၄။ ဥပဃာတကကံ .. သတ်ဖြတ်သော၊ ဖျက်ပစ်သော အလုပ်

**၁။ ဇနကကံ**

ဘဝတခုကို ဖြစ်စေသောကံ၊ ထူထောင်ပေးသော ကံကို ဇနက ကံဟု ခေါ်သည်။ ကံဟူသော ပါဠိပျက် ဝေါဟာရသည် အပြုအလုပ်ဟု အဓိပ္ပါယ်ရ၍၊ ဇနကကံသည် ဘဝတခုကို ဖြစ်စေရန် ထူထောင်ပေးသော အပြုအလုပ်ပင် ဖြစ်ပေသည်။ ပဋိသန္ဓေကစ၍ စုတိသည် အထိတိုင်အောင် ဘဝကြီးတခုဖြစ်၏။ ထိုဘဝကြီးတခု ဖြစ်စေရန် ဇနကကံက ထူထောင်ပေးသည်။ ဘဝကြီးတခုအတွင်းတွင် နေ့စဉ်နှင့် အမျှ တွေ့ကြုံဖြစ်ပျက်နေသော ဘဝငယ်ပေါင်းများစွာ လည်းရှိသည်။ ထိုဘဝငယ်များ ဖြစ်ပေါ်စေရန်လည်း ဇနကကံက ပင် ထူထောင်ပေးသည်။

ဇနကကံသည် ဘဝကြီးကို လည်းကောင်း၊ ဘဝငယ်များကို လည်းကောင်း ဖြစ်စေသည်။ ထူထောင်ပေးသည်ဟု ဆိုသော်လည်း ဘဝကြီးအား ဖြစ်စေသည်ကို မြင်ရန်မှာ ခဲယဉ်းလှပေသည်။ ဉာဏ်မျက်စိ အားနည်းသော ကြောင့်ဖြစ်လေသည်။ ဘဝငယ်များအား ဖြစ်စေသည်ကိုကား တွေးဆသိမြင် နိုင်လေသည်။ ဘဝငယ်များအား ထူထောင်ပေးပုံကို သိမြင်၍ ဘဝကြီးအား ထူထောင် ပေးပုံကို ထောက်ထား ကြံဆနိုင်သည်။

သတ္တဝါတို့သည် မွေးဖွါးလာသည်မှ သေဆုံးသည်အထိ ဘဝငယ် ပေါင်းများစွာတွေ့ကြုံရသည်။ ဥပမာ – လူတဦးတယောက် သည် ကျောင်းနေ၍ စာသင်ရသော ဘဝ၊ ဆရာ၏ ချီးမွမ်းခြင်းကို ခံရသောဘဝ၊ ဆရာ၏ ဆူပူကြိမ်းမောင်းခြင်းကိုခံရသော ဘဝ၊ အလုပ်လက်မဲ့ ဘဝ၊ ရာထူးရှိသော ဘဝ၊ စိတ်ချမ်းသာသော ဘဝ၊ စိတ် မချမ်းသာသော ဘဝ၊ ကျန်းမာသောဘဝ၊ ဗျားနာဆင်းရဲသောဘဝ စသဖြင့် ဘဝငယ်ပေါင်းများစွာ တွေ့ကြုံရသည်။ ယိုကဲ့သို့များစွာသော ဘဝများပေါ်စေရန် ဇနကကံက ထူထောင်ပေးသည်။

ဥပမာ။ ။ ထူးချွန်သော အရာရှိတယောက်ဖြစ်စေရန် ထိုသူ လုပ်ဆောင်ခဲ့သော လုပ်ငန်းရပ်များ သင်ကြားလေ့လာခဲ့သော ပညာရပ် များ အရည်အချင်းစွမ်းအားများက ထူထောင်ပေးသည်။ တော်သည့် ကောင်းမွန် သည့် လုပ်ငန်းရပ်များ မရှိခဲ့ပါမူ ထိုသူသည် ထူးချွန်သော အရာရှိတယောက် ဖြစ်မလာနိုင်ပေ။ တော်သည့်ကောင်းမွန်သည့် လုပ်ငန်း ရပ်များကို ဆောင်ရွက် ခဲ့ခြင်းသည် ဇနကကံဖြစ်သည်။

## ၂။ဥပတ္ထမ္ဘကကံ

ဇနကကံက ဘဝကြီးကိုသော် လည်းကောင်း၊ ဘဝငယ်ကို သော် လည်းကောင်း ဖြစ်ပေါ်စေရန် ထူထောင်ပေးရာတွင် ဥပတ္ထမ္ဘက ကံက ဇနကကံကို ထူထောင်မှု အားရှိစေရန် ကူညီပေးသည်။ ဥပတ္ထမ္ဘကကံသည် ထောက်ပံ့ကူညီသော အလုပ်ကို လုပ်သည်။ ကိုယ်တိုင်ကား ထူထောင်မှု မရှိပေ။

ကျောင်းသားတစ်ယောက်သည် စာတော်၏၊ အကျင့်စာရိတ္တ ကောင်း၏၊ ဆက်ဆံရေးပြေပြစ်၏၊ အများအကျိုးကိုလည်း ဆောင်ရွက်၏။ ဤသို့ သော စွမ်းရည်အချက်များနှင့် ပြည့်စုံ၍ လူရည်ချွန် ဖြစ်စေရန် အလားအလာ ရှိသည်။ ထိုကျောင်းသားသည် စာတော်ရန်၊ အကျင့်စာရိတ္တကောင်းရန် ဆောင်ရွက်ခဲ့သဖြင့် လူရည်ချွန်ဖြစ်စေရန် ဇနကကံက ထူထောင်ပေးထား သည်။ လူရည်ချွန်အဖြစ် လူကြီးမိဘ၊ ဆရာသမားတို့က ရွေးချယ်လိုက်သည်။ မိဘဆရာသမားတို့က လူရည်ချွန်အဖြစ် ထောက်ခံရွေးချယ်လိုက်ခြင်းသည် ဇနကကံကို ကူညီထောက်ပံ့ပေးသော ဥပတ္ထမ္ဘကကံဖြစ်သည်။

ဥပတ္ထမ္ဘကကံသည် ဇနကကံကို ထောက်ပံ့ကူညီပေးရာ၌ ကောင်း သော အဖြစ်တို့တွင်သာမဟုတ်၊ မကောင်းသော အဖြစ်တို့တွင်လည်း ကူညီ ပေးနိုင်သည်။ ဥပတ္ထမ္ဘကကံက ဇနကကံကို သဘောတူချင်းဖြစ်လျှင် ထောက်ပံ့ကူညီပေးလေသည်။

## ၃။ ဥပပီဠကကံ

ဘဝတခုကို ထူထောင်သော ဇနကကံကို ဥပပီဠကကံက မထူထောင် ဖြစ်အောင် နှောင့်ယှက်သည်။ မကောင်းသည့်ဘဝကို ဇနကကံက ထူထောင်

လျှင် ကောင်းသည့် လုပ်ငန်းရပ်များဖြင့် ဥပပီဠကကံက နှောင့်ယှက်သည်။ ကောင်းသည့်ဘဝကို ဇနကကံက ထူထောင်လျှင် မကောင်းသည့်လုပ်ငန်းဖြင့် ဥပပီဠကကံက နှောင့်ယှက် သည်။

လုံလောက်သော ပညာအဆင့်အတန်းကို သင်ကြားယူပြီး လုပ်ငန်းနှင့် ပတ်သက်သည့် အရည်အချင်းများ ပြည့်ဝစွာဖြင့် ဆောင်ရွက်ခဲ့သော သူတစ်ယောက်သည် ဇနကကံ၏ ထူထောင်ပေးမှု၊ ဥပတ္ထမ္ဘကကံ၏ ကူညီအားပေးမှုကြောင့် အရာရှိတစ်ယောက်ဖြစ်လာသည်။ သို့သော် ထိုအရာရှိသည် လာဘ်စားမိ၍။ အကျင့်စာရိတ္တ ပျက်ပြားမိ၍။ ထိုသို့သော ဥပပီဠကကံက နှောင့်ယှက်သောကြောင့် ရာထူးမှ လျှော့ချခံရသည်။

၄။ ဥပဃာတကကံ

ဘဝတခုကို ထူထောင်ပြီးသော ဇနကကံကို ဥပဃာတကကံက ဖျက်ဆီးပစ်လိုက်သည်။ ဇနကကံက ကောင်းသော ဘဝကို ထူထောင် ထားသည်ဖြစ်စေ၊ မကောင်းသောဘဝကို ထူထောင်ထားသည်ဖြစ်စေ၊ ဥပဃာတကကံက ဖျက်ဆီးသည်။ ဇနကကံနှင့် ဥပဃာတကကံမှာ ဆန့်ကျင်ဘက်ဖြစ်သည်။

အရာရှိတယောက်သည် ကြီးကျယ်သော ပြစ်မှုကို ကျူးလွန်သော်၊ ရာထူးမှ နှုတ်ပယ်ခြင်းခံရပေသည်။ ဥပဃာတကကံက မိမိ၏ ရာထူးကို သတ်ဖြတ် ဖျက်ဆီးလိုက်ခြင်း ဖြစ်ပေသည်။

ဆောင်ရွက်ပုံအားဖြင့် ကံလေးပါးတို့သည် သဘောတူချင်း ဖြစ်မှု ကူညီပေး၍၊ သဘောမတူသော် နှောင့်ယှက်ဖျက်ဆီးသည်။ ထို့ကြောင့် ဇနကကံသည် အဆိုးဖြစ်မှ ဥပတ္ထမ္ဘကကံက လည်းအဆိုးဖြစ်၍၊ ဥပပီဠကကံနှင့် ဥပဃာတကကံတို့သည် ကောင်းသော အပြုအမူများဖြစ်ကြသည်။ ဇနကကံက ကောင်းသော အပြုအမူဖြစ်လျှင်၊ ဥပတ္ထမ္ဘကကံကလည်း အကောင်းဖြစ်၍၊ ဥပပီဠကကံနှင့် ဥပဃာတကကံတို့မှာ မကောင်းသော၊ ဆိုးသောအပြုအမူများ ဖြစ်ကြပေသည်။

ဆေးကျောင်းသား တစ်ယောက် သည် ဆေးအတတ်ပညာများကို သင်ယူခဲ့သောကြောင့် ဆရာဝန် တစ်ယောက် ဖြစ်ပေတော့သည်။ ဇနကကံက

ထူထောင်ပေးခြင်းဖြစ်သည်။ ထိုကျောင်းသားသည် လက်တွေ့သင်တန်းဆင်းခြင်း၊ ဆေးပညာများကို ဆက်လက်လေ့လာ ဆည်းပူးခြင်း စသည့်လုပ်ငန်းရပ်များကို ဆောင်ရွက်၏။ ဥပတ္ထမ္ဘကကံက ဆရာဝန်ဖြစ်ရန်ကူညီထောက်ပံ့ပေးခြင်း ဖြစ်သည်။

သို့သော် ထိုဆရာဝန်သည် ဆေးထိုးမှားခြင်း၊ လူနာကို စမ်းသပ်ရာတွင် ပေါ့ဆခြင်း၊ လာဘ်စားခြင်းစသည့် အဖျက်လုပ်ငန်းများကို ဆောင်ရွက်သော် ဥပပီဠကကံက ဇနကကံကိုနှောင့် ယှက်လိုက်သဖြင့် ဆရာဝန်ကြီးမဖြစ်နိုင်တော့ပေ။ နာမည်ကောင်း ပျက်ပြယ်သွားသည်။

ထိုဆရာဝန်သည် ကျောင်းဆင်းလာကတည်းက ဆရာဝန်ပညာကိုဖျက်ဆီးနိုင်သောလုပ်ငန်းများ၊ ပြစ်မှုများ ကိုဆောင်ရွက်ပါက ဆရာဝန်မဖြစ်လာနိုင်တော့ပေ။ ဥပဃာတကကံက ဇနကကံကို ဖျက်ဆီးပစ်လိုက်သည်။

ဆောင်ရွက်ပုံအားဖြင့် ကံလေးပါးကို သိရှိရသောကြောင့် မကောင်းကျိုးကို ပေးစေနိုင်သည့် အကုသိုလ်လုပ်ငန်းများကို ဆောင်ရွက်မိခဲ့လျှင်အချိန်မီ မကောင်းကျိုးကို ဖယ်ရှားနိုင်ပေသည်။ မကောင်းကျိုးကို ဖယ်ရှားနိုင်ရန် စွမ်းရည်အင်အားထက်မြက်သော ကောင်းမှုလုပ်ငန်းများကို ဆောင်ရွက်ရပေမည်။ မကောင်းမှုကို ထူထောင်ထားသော ဇနကကံနှင့် ထောက်ပံ့ကူညီသော ဥပတ္ထမ္ဘကကံတို့ ပျက်ပြယ်သွားစေရန် ကောင်းသော ဥပဃာတကကံကိုဆောင်ရွက်ရမည်။

လူတို့ဖျားနာခြင်းသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသည့် အကြောင်းတရား လေးမျိုးကြောင့်ဖြစ်သည်။ တခါတရံ၌ အစားလည်း မမှား၊ အအေးအပူလည်း မလွန်ကဲ၊ စိတ်သည်လည်း မညစ်ညူး၊ သို့သော် ချက်ခြင်း အဖျားဝင်သည်လည်းရှိသည်၊ ကံကြောင့် ဖြစ်ရသည်။ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် နာဖျားခြင်းသည် သိသာလွယ်၏၊ ထင်ရှား၏။ ကံကြောင့် နာဖျားခြင်းကား မထင်ရှားပေ။

ကိုယ်ထဲတွင်ရှိသော ယခင်ဘဝဟောင်းများမှ အကုသိုလ်ကံက ဖြစ်စေ၊ ယခုဘဝမှ အကုသိုလ်ကံက ဖြစ်စေ၊ ဖျားနာသောဘဝကို ထူထောင်ပေးလိုက်သည်။ ဇနကကံဖြစ်သည်၊ ဇနကကံ၏ ထူထောင် ပေးမှုကြောင့်

ဖျားနာသော ဘဝဖြစ်ပေါ်မည်ကို သိလျှင် ပရိတ်တရား ရွတ်ဖတ်နာကြားခြင်း၊ ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်း စသည့် ကုသိုလ်ကံများကို ဆောင်ရွက်ပေးခြင်းဖြင့် ဥပဃာတကကံဖြင့် ဇနကကံ ကို ဖျက်ဆီးပစ်ရမည်။

ဥတု အာဟာရတို့ ဖောက်ပြန်၍ ဖျားနာသော် ဥတုနှင့်မျှတအောင်နေ၍ ဆေး အစာ အာဟာရ စားသောက်ရမည်။ စိတ်ကြောင့် ဖျားနာသော် စိတ်ကို မျှတကောင်းမွန်အောင် ဖန်တီးပြုပြင်ပေးရမည်။ ကံကြောင့် ဖျားနာလျှင်ကား ကုသိုလ်ကောင်းမှုများကို ပြုလုပ်ဆောင်ရွက်ပေးမည်။

ယခုဘဝတွင် ပြုလုပ်သော အကုသိုလ်ကံ ပြစ်မှုတစ်ခုခုသည် အပါယ်လေးဘုံဘဝကို ထူထောင်ပေးမည့် ဇနကကံဖြစ်သည်။ ထိုဇနက ကံကို ဖျက်ဆီးပစ်နိုင်သော ဥပဃာတကကံဖြစ်သည့် ကုသိုလ်ကံများကို အောင်မြင်စွာဆောင်ရွက်ရပေမည်။

ငယ်စဉ်မှစ၍ ကြီးရင့်သည်အထိ မုဆိုးလုပ်ငန်းဖြင့် အသက်မွေးလာခဲ့သော မုဆိုးကြီးတစ်ယောက်သည် သေခါနီးတွင် ပန်းမွှေ့ရာကို မြတ်စွာဘုရားအား စေတနာထက်သန်စွာဖြင့် ရည်မှန်းလှူဒါန်းခဲ့သောကြောင့် သေသော် တာဝတိံသာနတ်ပြည်သို့ ရောက်ရှိသွားသည်။ မုဆိုးကြီး၏ ဇနကကံက ငရဲဘုံတွင်ဖြစ်စေမည့် ဘဝကို ထူထောင်မည့်ဆဲဆဲ မြတ်စွာဘုရား ကို လှူသော ဥပဃာတကကံက ပယ်ဖျက်ပစ်၍နတ်ပြည်သို့ ရောက်စေသည်။ (သမ္မောဟ ဝိနောဒနီအဋ္ဌကထာ – ၄၂၀။)

မင်းကြီးဝေဿန္တရာသည် ကလေးများကို ဇူဇကာပုဏ္ဏားအား ပေးလှူသည်မှာ ဘုရားဖြစ်မည့်ဘဝကို ထူထောင်ပေးသော ဇနကကံဖြစ် သည်။ နောက်ဘဝတွင် သိဒ္ဓတ္ထမင်းသားဖြစ်၍ ဥရုဝေလတောတွင် ဘုရားဖြစ်ရန် တရားကျင့်ရသည်။ တရားကျင့်ခြင်းသည် ဘုရားဖြစ်မည့် ဘဝအား ထူထောင်ပေးသော ဇနကကံကို ကူညီထောင်ပံ့သည့် ဥပတ္ထမ္ဘကကံဖြစ်သည်။

ဥရုဝေလတောတွင် ခြောက်နှစ်ကြာမျှ တရားကျင့်ရခြင်းသည် နှောင့်ယှက်သော ဥပပီဠကကံဖြစ်သည်။ ဇောတိပါလပုဏ္ဏား ဗေဒင်ဆရာ ဘဝက ကဿပမြတ်စွာဘုရားကို မခန့်မညား ပြောကြားခဲ့မိသော ဝစီဘေဒ ကြောင့် ဖြစ်သည်။ ဘုရားလောင်းတွင် နှောင့်ယှက်သော ဥပပီဠကကံများ ရှိခဲ့သော်လည်း ဖျက်ပစ်နိုင်စွမ်းသည့် ဥပဃာတကကံ မရှိပေ။ ဝေဿန္တရာမင်း

ဘဝက ဓာလီနှင့်ကဏ္ဍာဓိန်ကို လှူခဲ့သော ဇနကကံ သည် အလွန်စွမ်းရည် အင်အား ထက်မြက်လေသောကြောင့် ထိုဇနကကံကို ဖျက်ပစ်နိုင်သော ဥပဃာတကကံ မရှိပေ။

ကောင်းသည့် ဇနကကံဖြစ်စေ၊ မကောင်းသည့် ဇနကကံဖြစ်စေ အင်အား အလွန်ကြီးမားလျှင် ထိုဇနကကံကို ဖျက်နိုင်သော ဥပဃာ တကကံ မလာနိုင်ပေ။ သုပ္ပဗုဒ္ဓမင်း၊ ဒေဝဒတ်၊ အဇာတသတ်မင်းတို့သည် အလွန် အင်အားကြီးမားသည့် ဆိုးသွမ်းသော ဇနကကံကို ဆောင်ရွက်မိ သောကြောင့် ထိုဇနကကံက ငရဲဘဝကို ထူထောင်ပေးသည်။ ထိုဇနက ကံသည် အင်အား အလွန်ကြီးမားသောကြောင့် ဥပဃာတကကံက မပယ်ဖျက်နိုင်ပေ။

**အကျိုးပေးသောအလှည့်အားဖြင့် ကံလေးပါး**

| | | |
|---|---|---|
| ၁။ ဂရုကကံ | .. | လေးနက်သော အလုပ် |
| ၂။ အာသန္နကံ | .. | နီးသော အလုပ် |
| ၃။ အာစိဏ္ဏကံ | .. | အလေ့အကျင့်များသော အလုပ် |
| ၄။ ကဋတ္တာကံ | .. | လုပ်ဖူးရုံမျှလုပ်သော အလုပ် |

၁။ ဂရုကကံ

ဂရုကကံသည် လေးနက်သော ာပြုအလုပ်ဖြစ်သည်။ အခြားသော ကံများက ဖျက်ဆီး၍ မရနိုင်အောင် လေးနက်အောင်မြင်သော အလုပ်မျိုးကို ခေါ်သည်။ လေးနက်အောင်မြင်သော ကံသည် မကောင်းသည့်ဘက်တွင် လည်းရှိ၍ ကောင်းသည့်ဘက်တွင်လည်း ရှိသည်။

မကောင်းသည့်ဘက်တွင် အမေကို သတ်ခြင်း၊ အဖေကို သတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ မြတ်စွာဘုရားကို သွေးစိမ်းရှင် သွေးစိမ်းတည်အောင် ဆောင်ရွက် ခြင်း၊ သံဃာကို သင်းခွဲခြင်း ဟူသည့် ပဉ္စာနန္တရိယကံကြီး ငါးပါးသည် ဂရုကကံဖြစ်သည်။ အလွန်လေးနက်သောကြောင့် မည်သည့် ကံကမျှ ပယ်ဖျက် ၍မရနိုင်ပေ။

ဒေဝဒတ်သည် မြတ်စွာဘုရားကို သွေးစိမ်းရှင် သွေးစိမ်းတည်အောင် ဆောင်ရွက်ခြင်း၊ သံဃာကို သင်းခွဲခြင်းဟူသည့် ဂရုကကံကို ဆောင်ရွက်သော

ကြောင့် မြေပြို၍ ငရဲသို့ ကျရောက်ရသည်။ အဇာတသတ်သည်လည်း ဖခင်ကို သတ်မိသောကြောင့် လေးနက်သော ဂရုကကံကြီးကို ပြုလုပ်မိသဖြင့် သင်္ဂါယနာတင်ခြင်း၊ မြတ်စွာဘုရားကို ကြည်ညိုလေးစား ပူဇော်ခြင်းစသော ကုသိုလ်ကောင်းမှုများကို ဆောင်ရွက်သော်လည်း၊ ငရဲသို့ ကျရောက်ရပေသည်။

ရှင်မဟာမောဂ္ဂလာန်သည် မိခင်ကို ညှဉ်းဆဲရိုက်နှက်ခဲ့သော မကောင်းမှု ဂရုကကံကြောင့် ခိုးသားတို့၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရသည်။ ဣဒ္ဓိတန်ခိုးရှိသော် လည်း လေးနက်သော ဂရုကကံကြီးကြောင့် ခိုးသားတို့ကို မတွန်းလှန်နိုင် တော့ပေ။

ကောင်းသည့်ဘက်တွင် မဟဂ္ဂုတ်ကံသည် ဂရုကကံဖြစ်သည်။ မကောင်းသည့်ဘက်တွင် ကံကြီးငါးပါးကို တခြားသော ကံများက ဖျက်၍ မရသကဲ့သို့၊ ကောင်းသည့်ဘက်တွင်လည်း မဟဂ္ဂုတ်ကံကို တခြားသောကံများက ဖျက်၍ မရပေ။ ဈာန်ရသော လုပ်ငန်းကို ဆောင်ရွက်၍ ဈာန်ရပြီးနောက် မဟဂ္ဂုတ်ဈာန်မလျောဘဲ သေလွန်သွားပါက ဗြဟ္မာပြည်သို့ ရောက်ရှိပေသည်။ မည်သည့်ကံကမျှ ဖျက်ဆီး၍ မရနိုင်ပေ။

လောကုတ္တရာ အရေးနှင့် ပတ်သက်၍ လေးနက်သော ဂရုကကံများ ရှိသကဲ့သို့ လောကီအရေးတွင်လည်း လေးနက်သော ဂရုကကံများရှိသည်။ ဥပမာ– လူတစ်ဦးတယောက်သည် သားသမီး ဆွေမျိုးမိဘများနှင့် အတူတကွ နေထိုင်ရသည်မှာ ပျော်ရွှင်၏၊ ကျေနပ် နှစ်သက်၏။ သို့သော် ထိုသူသည် အလွန်ကြီးလေးသော ပြစ်မှုကြီးကို ကျူးလွန်မိလျှင် ထိုကဲ့သို့ သားသမီးဆွေမျိုးများနှင့် အတူတကွ မနေနိုင်တော့ပေ။ ထိုကံကြီးကို မည်သူကမျှ ဖျက်ဆီးပေးနိုင်မည် မဟုတ်ပေ။ လေးနက်သော ဂရုကကံဖြစ်လေသည်။ ထို့ကြောင့် ဂရုကကံသည် ဖျက်ဆီး၍ မရနိုင်သောကြောင့် လေးနက်သော မကောင်းသည့် ဂရုကကံကို မကျူးလွန်မိစေရန် သတိပြုဆင်ခြင် ရပေမည်။

ကောင်းသည့်ဘက်တွင် ကြီးကျယ်သော ဂုဏ်ထူးဘွဲ့ထူးများ ရရှိရန် ဆောင်ရွက်လုပ်ကိုင်ခြင်းသည် ဂရုကကံဖြစ်သည်။ အင်အား ပျော့ညံ့သေးငယ်သောကံက ထိုကံကြီးကို မဖျက်ဆီးနိုင်ပေ။ ကြီးကဲသော နေရာသို့ ရောက်သွားသူများသည် မြင့်မားသောအဆင့်အတန်း သို့ ရောက်နိုင်စေရန် နှစ်ရှည်

လများ ကောင်းမွန်သော ဂရုကလုပ်ငန်းကို ဆောင်ရွက်ခဲ့၏။ ထို့ကြောင့်ပင် တော်ရုံမျှသော ကိစ္စရပ်များက နာမည်ပျက်စေရန် မပြု လုပ်နိုင်ပေ။

ဤသို့အားဖြင့် လေးနက်သော ဂရုကလုပ်ငန်းတရပ်ကို အောင်မြင်စွာ ဆောင်ရွက်ထားခြင်း မရှိသေးပါက လောကရေးရာတွင် စိတ်မချရသေးပေ။ ထိုကဲ့သို့ပင် တမလွန်သံသရာ ရေးအတွက်လည်း လေးနက် သော ကောင်းမွန်သည့် လုပ်ငန်းတရပ်ကို ရရှိထားရပေမည်။ ကောင်းမွန်သည့် လေးနက်သော လုပ်ငန်းကို ဆောင်ရွက်ထားခြင်း မရှိလျှင် နောင်ဘဝများ၌ မကောင်းသော ဘုံဘဝများသို့ ရောက်ရှိနိုင်သည်။

## ၂။ အာသန္နကံ

အာသန္နကံသည် သေခြင်းနှင့် နီးသောကံဖြစ်သည်။ ထိုကံသည် သေပြီး၍ အခြားဘဝတွင် အလွန်အရေးပါ အရာရောက်၏။ သေခါနီး တွင် ဆောင်ရွက်သော လုပ်ငန်းသည် အာသန္နကံ ဖြစ် သည်။

လူတစ်ဦးတစ်ယောက်သည် တသက်လုံး ပေါ့ပေါ့ဆဆနေ ထိုင်ခဲ့သော်လည်း၊ သေခါနီးတွင် ကောင်းသောလုပ်ငန်းကို ဆောင်ရွက် လုပ်ကိုင်မိခဲ့သဖြင့် နောက်ဘဝတွင် ကောင်းသောဘဝသို့ ရောက်ရှိနိုင်သည်။ တသက်လုံးတွင် ယဉ်ကျေးသိမ်မွေ့စွာ ကောင်းကောင်းမွန်မွန် နေထိုင်ခဲ့သော်လည်း၊ သေခါနီး မကောင်းသော လုပ်ငန်းကို ဆောင်ရွက်မိသဖြင့် ဘဝဆိုးသို့လည်း ရောက်နိုင်သည်။ ထို့ကြောင့် သေခါနီးတွင် ဆောင်ရွက် သော အာသန္နကံက အကျိုးပေးကောင်းလျှင် ကောင်းရာဘဝသို့ ရောက်နိုင်သည်လည်း ရှိ၍ အာသန္နကံက အကျိုးပေးညံ့လျှင် မကောင်းသော ဘဝသို့ ရောက်နိုင်သည်လည်း ရှိလေသည်။

သမ္မောဟဝိနောဒနီအဋ္ဌကထာကျမ်း (၄၂၀) တွင် ငယ်စဉ်က မုဆိုးဘဝဖြင့် အသက်မွေးလာခဲ့ပြီး ကြီးသော် ရဟန်းဝတ်သည့် မုဆိုးကြီးသည် သေခါနီးတွင် ငရဲနိမိတ်များထင်လာသည်။ ဤတွင် သားဖြစ်သူ သောဏမထေရ်က ပန်းမွှေ့ရာကို ခင်းကျင်းပြီး မြတ်စွာဘုရားအား ရည်မှန်းလှူဒါန်းစေရာမုဆိုးကြီးအား ဘာဝတိံသာနတ်ပြည် မှ အတိတ်နိမိတ် များဖြစ်ပေါ်လာသည်။

တသက်လုံးတွင် ကောင်းသော အမှုများဆောင်ရွက်ခဲ့သော် လည်း၊ သေခါနီးတွင် မကောင်းသော အကုသိုလ်စိတ်ထားမိသဖြင့် အာသန္နကံက အကျိုးပေးညံ့သောကြောင့် အပါယ်ဘုံသို့ရောက်ကြောင်းကို ဓမ္မပဒ အဋ္ဌကထာ ဒုတိယအုပ် (၁၄၉) တွင် တွေ့ရှိရသည်။

ကဿပ ဘုရားရှင် လက်ထက်တွင် ရဟန်းတပါးသည် ဂင်္ဂါ မြစ်၌ လှေဖြင့် စုန်ဆင်းလာရာ ကမ်း၌ ပေါက်နေသော ပြိန်းမြက်ကို ဆွဲကိုင်မိရာ ပြိမ်းမြက်ပြတ်သွားသဖြင့် ဝိနည်းပြစ် (သေးငယ်သော) ဒုက္ကဋ်အာပတ်သင့် ရောက်ခဲ့ရ၏။ မိမိဒေသသို့ရောက်လျှင်လည်း အကြောင်း မညီညွတ်သဖြင့် အာပတ်မဖြေနိုင်ပေ။ သို့သော် ထိုရဟန်းသည် သေခါနီးအချိန်၌ အာပတ် မဖြေရသေးသည်ကို သိ၍ အာပတ်ဖြေချင်သော်လည်း အာပတ်ဖြေပေးမည့် ရဟန်းတပါးမျှ အနီးအနားတွင် မရှိသဖြင့် စိုးရိမ် ပူဆွေးမိသွားသည်။ ထိုသို့ နောင်တပူပန်မှု ဖြစ်မိသည့် ဒေါသကြောင့် အပါယ်ဘုံတွင် ဧရကပတ္တ နဂါး ဟူ၍ ဖြစ်ရသည်။

လောကရေးရာတွင်လည်း အာသန္နကံသည် ရှိသည်။ စာမေးပွဲ အောင်လိုသော ကျောင်းသားတယောက်သည် ကျောင်းစာများကို နေ့စဉ် မှန်မှန်ကြိုးစား ကျက်မှတ်၏။ ဖွဲလုံ့လ ဝီရိယ ရှိသည်။ သို့သော် စာဖြေခါနီး တွင်မှ ပေါ့လျော့မိလျှင်သော်လည်းကောင်း၊ နေထိုင်မကောင်းလျှင် သော်လည်း ကောင်း၊ တခုခုချို့ယွင်းပျက်ကွက်မိသော် အာသန္နကံ အကျိုးပေးညံ့သဖြင့် စာမဖြေနိုင်ရကား စာမေးပွဲကျပေသည်။

ထို့ကြောင့် မိမိလိုလားသော အကျိုးကျေးဇူးများကို ရရှိစေရန် ထိုအကျိုးနှင့် နီးစပ်သည့် ကောင်းသော လုပ်ငန်းရပ်များကို အဆင်သင့် ဆောင်ရွက်ထားရပေမည်။ အာသန္နကံက ကောင်းလျှင် အကျိုးပေး ကောင်း၍၊ အာသန္နကံက ညံ့လျှင် အကျိုးပေးသည်လည်း ညံ့နိုင်သည်။

**၃။ အာစိဏ္ဏကံ**

အာစိဏ္ဏကံသည် အလေ့အကျင့်များသော အပြုအလုပ် ဖြစ်သည်။ ကောင်းသည့် လုပ်ငန်းကိုဖြစ်စေ၊ မကောင်းသည့် လုပ်ငန်းကိုဖြစ်စေ၊ ထပ်တလဲလဲ လေ့ကျင့်ပေးလျှင် အာစိဏ္ဏကံ အားကောင်းလာနိုင်သည်။

ကျောင်းသားသူငယ်များ နေ့စဉ်စာပေသင်အံ ကျက်မှတ်ခြင်း သည် အာစိဏ္ဏကံဖြစ်သည်။ ကောင်းသော အကျိုးကို ရရှိနိုင်သည်။ မကောင်းသော အလေ့အကျင့်ကို ထပ်တလဲလဲ လေ့ကျင့်လျှင် မကောင်းသော အကျိုးရရှိနိုင်သည်။ သဘင်သည် တို့သည်လည်း သဘင်လုပ်ငန်းကို နေ့စဉ်လေ့ကျင့်ပေးရသည်။ လုပ်ငန်း အားကောင်းလာပါက အကျိုးပေး သန်စွမ်း အားကောင်းလာမည်ဖြစ်သည်။ သို့သော် သဘင်သည်၏ အာစိဏ္ဏကံ နှင့် ကျောင်းသား၏ အာစိဏ္ဏကံမှာ မတူပေ။ သဘင်သည်၏ အာစိဏ္ဏကံမှာ အပြစ်ရှိ၍ အကုသိုလ်ဖြစ်သည်။ ကောင်းသော အကျိုးကို ပေးသော်လည်း တာရှည်မခံပေ။ ကျောင်းသား၏ အာစိဏ္ဏကံမှာ အပြစ်ကင်း သောကြောင့် ကုသိုလ်လုပ်ငန်းဖြစ်သည်။ ကောင်းသော အကျိုးသည် တာရှည်ခံသည်။

ထို့ကြောင့် ကောင်းသောအကျိုးကို တာရှည်ရယူလိုလျှင် အပြစ်ကင်း၍ ကောင်းကျိုးကိုပေးနိုင်သော ကုသိုလ်လုပ်ငန်းများကို အထပ်ထပ် လေ့ကျင့်ပေးထားခြင်းဖြင့် အာစိဏ္ဏကံကို အင်အားဖြည့် တင်းပေးနေရပေမည်။

## ၄။ ကဋတ္တာကံ

ကဋတ္တာကံသည် ပြုလုပ်ဖူးရုံမျှ ပြုလုပ်သော အလုပ်ဖြစ်သည်။ တခါတရံ၌သာ ပြုလုပ်ခြင်းဖြစ်သည်။ တခါတရံ၌ သာ ပြုလုပ်သောကြောင့် အားမသန်စွမ်းသဖြင့် အကျိုးပေးလည်း ပျော့ညံ့သည်။

အလွန်အမင်း ဆင်းရဲဒုက္ခ တွေ့ကြုံရသော သူသည် တချိန်က ပြုလုပ်ခဲ့သော မကောင်းသည့် အာစိဏ္ဏကံကြောင့် ဖြစ်သည်။ ခြောင့်ခလုတ်တိုက်မိခြင်း၊ လဲကျခြင်း စသည့် မကောင်းကျိုးများသည်သာလျှင် ကဋတ္တာကံ၏ အကျိုး ပေးမှုဖြစ်သည်။ အာစိဏ္ဏကံနှင့် ကဋတ္တာ ကံတို့တွင် အာစိဏ္ဏကံ၏ အကျိုး ပေးမှုမှာ အားပြင်း၍၊ ကဋတ္တာကံ၏ အကျိုးပေးမှုမှာ အားပျော့သည်။

အကျိုးပေးသော အလှည့်အားဖြင့် ကံလေးပါးတွင် ဂရုကကံ သည် အလေးအနက်ဆုံး၊ အကျိုးပေးရာတွင် အထိမိဆုံးဖြစ်သည်။ ထို့ ကြောင့်ပင် ဤဘဝက သေဆုံး၍ နောင်ဘဝကူးရန်အတွက် ကံလေးပါးတွင် ဂရုကကံ သည် သာလျှင် အကျိုးပေးနိုင်သည်။

**အကျိုးပေးသောအချိန်အားဖြင့် ကံလေးပါး**

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ .. ယခုဘဝတွင် အကျိုးခံစားရ မည့် အလုပ်၊

၂။ ဥပပဇ္ဇဝေဒနီယကံ .. အခြားမဲ့သောဘဝ (ဒုတိယဘဝ) တွင် အကျိုးခံစားရမည့်အလုပ်၊

၃။ အပရာပရိယဝေဒနီယကံ .. တတိယ ဘဝမှ စ၍ နိဗ္ဗာန်ရောက်သည့် တိုင်အောင် အဆက်ဆက်သော ဘဝများတွင် အခွင့်သာတိုင်း အကျိုးခံစားရမည့် အလုပ်၊

၄။ အဟောသိကံ .. အချိန်လွန်၍ အကျိုးမပေးတော့ဘဲ အချည်းနှီးဖြစ်သော အလုပ်၊

ဒိဋ္ဌဓမ္မဝေဒနီယကံများသည် ယခုဘဝတွင်သာ အကျိုးခံစား မည့် ကံများဖြစ်သည်။ နောက်ဘဝ အချိန်များတွင် အကျိုးမရှိတော့ပေ။ ယခုနှစ်တွင် စိုက်ရန်သင့်တော်သော သရက်စေ့ကို နောင်နှစ်များစွာ ကြာမှ စိုက်သော် အပင်မပေါက်နိုင်တော့ပေ။ အချိန်တော်တွင်သာ စိုက်၍ ရပေမည်။ အချိန်လွန်သွားသော် စိုက်၍မရနိုင်တော့ပေ။ ထိုသို့ပင် ဒိဋ္ဌဓမ္မဝေဒနီယကံများသည်လည်း အချိန်သင့်တော်သော ယခုဘဝတွင် သာ အကျိုးခံစားခွင့်ပေးနိုင်သည်။




ဇော (၇) ကြိမ်ရှိရာတွင် ပဌမဇောသည် ယခုဘဝ၌ အကျိုးပေးသော ဒိဋ္ဌဓမ္မဝေဒနီယကံမျိုးဖြစ်သည်။ သတ္တမဇောသည် ဒုတိယဘဝ၌ အကျိုးပေး သော ဥပပဇ္ဇဝေဒနီယကံမျိုးဖြစ်သည်။ အလယ်ဇော (၅) ပါးသည် တတိယ ဘဝမှ နိဗ္ဗာန်ရောက်သည်အထိ အခွင့်သာတိုင်း အကျိုးပေးသော

အပရာပရိယ ဝေဒနီယကံမျိုးဖြစ်သည်။ ဇော (၇) ကြိမ်တွင်ကံ (၃) ပါး ကိုသာတွေ့နိုင်သည်။ အဟောသိကံကို သီးခြား မတွေ့ နိုင်ပေ။ ထိုကံ (၃) ပါးသည် အချိန်လွန်သွား သော် အကျိုးမပေးနိုင်သည့် အချည်းနှီးဖြစ်သော အဟောသိကံဖြစ်သွားသည်။

လူတဦးတယောက်သည် နေ့စဉ် နေ့တိုင်း အလုပ်ကိစ္စများကို ဆောင်ရွက်နေရာ၊ ဝိထိစိတ်အစဉ်တခုတွင် ဇော (၇) ကြိမ်သည် ထပ်ကာ ထပ်ကာ အမြဲဖြစ်နေသည်။ အကုသိုလ်ဇောဖြစ်စေ၊ ကုသိုလ်ဇော ဖြစ်စေ ဆက်ကာ ဆက်ကာ ကျနေသည်။ အိပ်မပျော်သည့် အချိန်တိုင်း၌ အကုသိုလ် ဇောသည် လည်းကောင်း၊ ကုသိုလ်ဇောသည် လည်းကောင်း ထပ်ကာထပ်ကာ ဖြစ်နေရာတွင် ပဌမဇောသည်လည်း အကြိမ်ပေါင်း မရေတွက်နိုင်လောက် အောင်ပင် များစွာပါဝင်ပေမည်။ ထိုပဌမဇောများက စုပေါင်း၍ ယခုဘဝ အတွက် အကျိုးပေးတော့သည်။ ငယ်စဉ်က စာပေသင်ကြား ကျက်မှတ်ခဲ့ရ၏။ ကောင်းသော အကြံအစည် အပြော အဆို၊ အပြုအလုပ်ကို ဆောင်ရွက်ခဲ့ရ၏။ ထိုအချိန်များတွင် ဖြစ်ပေါ်သော ဇော (၇) ကြိမ်၏ ပဌမဇောများ စုပေါင်း၍ (၁၀) နှစ် (၁၅) နှစ်၊ အနှစ် (၂၀) ကြာမှ အကျိုးပေးလာသဖြင့် လူ့အဖိုးတန် တယောက် ဖြစ်လာ၍ လူ့လောကတွင် ကောင်းမွန်စွာ နေထိုင်နိုင်သည်။

ဇော (၇) ပါးတွင် ပဌမဇောသည် အားပျော့ဆုံးဖြစ်၍၊ ယခုဘဝ တွင်သာ အကျိုးပေးနိုင်သည်။ သတ္တမဇောသည် ဒုတိယအားပျော့၏။သေပြီး နောက် ဒုတိယဘဝတွင် အကျိုးပေးနိုင်သည်။ အလယ်ဇော (၅) ပါးသည်ကား အားအပြင်းဆုံးဖြစ်သည်။ အချိန်ကြာမြင့်မှ အကျိုးပေး၍၊ အကျိုးပေးသော အချိန်သည်လည်း ကြာမြင့်သည်။

ဥပမာပေး၍ တင်ပြရသော် ပဌမဇောသည် ဗူးပင်၊ သခွါးပင်နှင့် တူ၏။ သတ္တမဇောသည် မာလကာပင်၊ သြဇာပင်နှင့် တူသည်။ အလယ် ဇောငါးပါးသည် သရက်ပင်၊ အုံးပင်နှင့် တူသည်။ ဘူးပင်၊ သခွါးပင် တို့သည် စိုက်ပြီး နောက်အချိန်မကြာမီမှာပင် ပေါက်၍ အသီးသီးစားသုံးရ၏။ သို့သော် တာရှည်မခံပေ။ မာလ ကာပင်၊ သြဇာပင်သည် စိုက်ပြီးနောက် ဘူးပင် သခွါးပင်တို့လောက် မမြန်ဆန်ပေ။ အချိန်အတော်ကြာ စောင့်စားရ၏။

အသီးသီး၏ စားသုံးရသည့် အချိန်မှာလည်း အတန်ငယ်ကြာမြင့်သည်။ တနှစ်အတွင်း ပျက်စီးမသွားပေ။ သရက်ပင်၊ အုံးပင်တို့မှာကား ငုံက်ပျိုး လိုက်သည်မှ အပင်ပေါက်၍ ကြီးထွားလာကာ အသီးသီးသည်အထိ အချိန် ကြာမြင့်စွာ စောင့်ရသော်လည်း၊ အသီးကို စားသုံးရမည့် အချိန်မှာလည်း ကြာရှည်ပေသည်။

ထိုကဲ့သို့ပင် အင်းအားကြီးမား စွမ်းရည်ထက်သန်သော အလုပ် ကိစ္စများသည် အကျိုးပေးရန် အချိန်ကြာမြင့် ၏။ သို့သော်ပေးသည့် အချိန်မှာ လည်း ကြာမြင့်ရှည်သည်။ လျင်မြန်သော ကာလအတွင်း ရရှိသည့် အကျိုး သည် တာရှည်မခံပေ။ ထို့ကြောင့် အင်အားပျော့ညံ့သော အလုပ်သည် အကျိုး ပေး မြန်၍၊ အကျိုးကျေးဇူးမှာ နည်းပါးသည်။ အင်အား ပြင်းသော အလုပ်မှာ ကားအကျိုးပေးသည့် အချိန်ကြာသော် လည်း အကျိုးကျေးဇူးမှာ များပြား သည်။

အကုသိုလ်ဇောများတွင် ဖြစ်စေ၊ ကုသိုလ်ဇောများတွင် ဖြစ်စေ၊ ဒိဋ္ဌဓမ္မဝေဒနီယကံ၊ အပရာပရိယဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ တို့သည် မိမိတို့ အကျိုးပေးနိုင်သည့် အချိန်ကုန်လွန်သွားသော် အဟောသိကံဖြစ်သွား နိုင်သည်။

အင်္ဂုလိမာလသည် လူပေါင်းမြောက်မြားစွာကို သတ်ဖြတ်ခဲ့ သည်။ မြတ်စွာဘုရားနှင့် တွေ့ပြီးနောက် ရဟန်းဝတ်၍ တရားကျင့်ရာ ရဟန္တာဖြစ် သွားသည်။ ရဟန္တာဖြစ်သွားသော် လူပေါင်းမြောက်မြားစွာ ကို သတ်ဖြတ်ခဲ့ သော အကုသိုလ်ကံသည် အကျိုးမပေးနိုင်သော အချည်းနှီး အဟောသိကံ ဖြစ်သွားသည်။

ထို့ကြောင့် မိမိ၏ အကုသိုလ်ကံများ အဟောသိကံဖြစ် သွား စေရန် မိတ်ဆွေ ကောင်းများ၊ ဆရာသမားကောင်းများကို ပေါင်းဖော် ရမည်။ အနေအထိုင် အပြောအဆို၊ အကြံအစည် များကို သတိထား၍ ဆောင်ရွက် ရပေမည်။

သို့သော် ကုသိုလ်ဇောများ အဟောသိကံဖြစ်မသွားစေရန်ကား အထူး သဖြင့် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းရပေမည်။

## အကျိုးပေးရာဌာနအားဖြင့် ကံလေးပါး

၁။ အကုသိုလ်ကံ
၂။ ကာမာဝစရကုသိုလ်ကံ
၃။ ရူပါဝစရ ကုသိုလ်ကံ
၃။ အရူပါဝစရ ကုသိုလ်ကံ

ကံ၏ အကျိုးသည် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးဟူ၍ နှစ်မျိုးရှိသည်။ ပဋိသန္ဓေအကျိုးသည် ဘဝအသစ် ထူထောင်ပေးသော လုပ်ငန်းဖြစ်သည်။ သေပြီး၍ ဘဝအသစ်တခုတွင် ဖြစ်စေရန် အလျင်လုပ်ခဲ့သော ကံက ထူထောင်ပေးသည်။ ပဋိသန္ဓေ အကျိုးသည်ဘဝတစ်ခုလုံးနှင့် သက်ဆိုင်သည်။ ပဝတ္တိအကျိုးသည် ဘဝဖြစ်ပေါ်ပြီးနောက် အသက်ရှင်နေစဉ်အတွင်း တွေ့ကြုံရသော အကျိုးဖြစ်သည်။

အကုသိုလ်ကံသည် အပါယ်လေးဘုံ၌ ပဋိသန္ဓေကို အကျိုးပေး၍၊ ကာမ (၁၁) ဘုံ၊ ရူပ (၁၅) ဘုံ၌ ပဝတ္တိအကျိုးကို ပေးသည်။

ကာမာဝစရကုသိုလ်ကံသည် ကာမသုဂတိ (၇) ဘုံ၌ ပဋိသန္ဓေအကျိုးကိုပေး၍၊ ကာမ (၁၁) ဘုံ၊ ရူပ (၁၅) ဘုံ၌ ပဝတ္တိအကျိုးကိုပေးသည်။

ရူပါဝစရကုသိုလ်ကံသည် ရူပ (၁၆) ဘုံ၌ ပဋိသန္ဓေ အကျိုးကိုလည်းကောင်း၊ ပဝတ္တိအကျိုးကိုလည်းကောင်း ပေးသည်။

အရူပါဝစရ ကုသိုလ်ကံသည် အရူပ (၄) ဘုံ၌ ပဋိသန္ဓေ အကျိုးကိုလည်းကောင်း၊ ပဝတ္တိအကျိုးကိုလည်းကောင်း ပေးသည်။

ယခုအခါ၌ လူ့ဘဝတွင် ပဋိသန္ဓေ နေလာကြသူများသည် ကာမာဝစရကုသိုလ်ကံကြောင့် ဖြစ်သည်။ အကုသိုလ်ကံသည် လူ့ပြည် ၌ ပဋိသန္ဓေအကျိုးကို မပေးနိုင်ပေ။ ကာမာဝစရကုသိုလ်ကံသည် သာလျှင် ကာမသုဂတိ (၇) ဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။ ကာမာဝစရ ကုသိုလ်ကံသည် လူဟူသော ပဋိသန္ဓေအကျိုးကို ပေးနိုင်သကဲ့သို့ အခြား နတ်ခြောက်မျိုးကိုလည်း တည်ထောင်ပေးနိုင်သေးသည်။

ကာမာဝစရ ကုသိုလ်ကံက ကာမသုဂတိ (၇) ဘုံ၌ ပဋိသန္ဓေ အကျိုးပေးရာတွင် လူ့ဘုံ၌ ပဋိသန္ဓေ အကျိုးပေးသည်ကို မြင်နိုင်၏။ နတ်ပြည် ခြောက်ထပ်၌ ပဋိသန္ဓေ အကျိုးပေးသည်ကိုကား မမြင်နိုင်ပေ။ အဘယ်ကြောင့် ဆိုသော် အဆင့်အတန်းချင်း မတူသောကြောင့်ဖြစ်သည်။ မြင့်သည့်ဘုံက နိမ့်သည့်ဘုံကို မြင်နိုင်သော်လည်း၊ နိမ့်သည့်ဘုံက မြင့်သည့်ဘုံကို မမြင်နိုင်ပေ။ လူပြည်က နတ်ပြည်ကို မမြင်နိုင်ပေ။ စတုမဟာရာဇ်နတ်ဘုံက ဘာဝတိံသာ နတ်ဘုံကို မမြင်နိုင်သော်လည်း၊ တာဝတိံသာနတ်ဘုံက စတုမဟာရာဇ်နတ်ဘုံကို မြင်နိုင်သည်။

ပဝတ္တိအကျိုးအားဖြင့် လူ့ဘုံတွင် အကုသိုလ်ကံက လည်းကောင်း၊ ကာမာဝစရကုသိုလ်ကံက လည်းကောင်း အကျိုးပေးနိုင်သည်။ မကျန်းမာခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ စသည့်ဆင်းရဲခြင်း အားလုံးသည် အကုသိုလ်ကံ၏ ပဝတ္တိ အကျိုးများပင်ဖြစ်သည်။ ကာမဝစရကုသိုလ်ကံသည် ကာမ (၁၁) ဘုံတွင် ပဝတ္တိအကျိုးကို ပေးနိုင်သောကြောင့် တိရစ္ဆာန်တို့သည်လည်း ကာမာဝစရကုသိုလ်ကံ၏ ပဝတ္တိအကျိုးကို ရနိုင်သည်။ အချို့သော ခွေးငယ်များမှာ အကုသိုလ်ကံဖြင့် ပဋိသန္ဓေ နေခဲ့သော်လည်း အတိတ်ဘဝများက ကာမာဝစရ ကုသိုလ်ကံများ ရှိခဲ့သောကြောင့် ကုသိုလ်ပဝတ္တိ အကျိုးကို ချမ်းသာစွာ ခံစားရသည်လည်း ရှိသည်။

အကုသိုလ်ကံ၊ ကာမာဝစရ ကုသိုလ်ကံ၊ ရူပါဝစရကုသိုလ်ကံ၊ အရူပါဝစရ ကုသိုလ်ကံ ဟူသော ကံလေးပါးကို အကျိုးပေးရာဘုံဌာန အားဖြင့် ခွဲခြားရာတွင် အကုသိုလ်ကံနှင့် ကာမဝစရ ကုသိုလ်ကံသည် ကာမ (၁၁) ဘုံ၊ ရူပ (၁၅) ဘုံ၌ ပဝတ္တိအကျိုးကို ပေးနိုင်ကြသည်။ အသညသတ်ဘုံတွင် စိတ်မရှိသောကြောင့် လည်းကောင်း၊ အရူပဘုံတွင် ရုပ်မရှိသောကြောင့် လည်းကောင်း ပဝတ္တိအကျိုးကို မပေးနိုင်ပေ။

## အကုသိုလ်ကံအကျိုးပေးသောဘုံ

| | | |
|---|---|---|
| ပဋိသန္ဓေအကျိုး | .. | အပါယ်(၄) ဘုံ |
| ပဝတ္တိအကျိုး | .. | ကာမ (၁၁) ဘုံ |
| | | (၂၆) ဘုံ |
| | | ရူပ (၁၅) ဘုံ |

## အကုသိုလ်ကံအကျိုးမပေးသောဘုံ

| | | |
|---|---|---|
| အသညသတ်ဘုံ | .. | (၁) ဘုံ |
| | | .. (၅) ဘုံ |
| အရူပဘုံ | .. | (၄) ဘုံ |

## ကာမာဝစရကုသိုလ်ကံ အကျိုးပေးသောဘုံ

| | | |
|---|---|---|
| ပဋိသန္ဓေအကျိုး | .. | ကာမသုဂတိ(၇) ဘုံ |
| ပဝတ္တိအကျိုး | .. | ကာမ (၁၁) ဘုံ |
| | | .. (၂၆) ဘုံ |
| | | ရူပ (၁၅) ဘုံ |

## ကာမာဝစရကုသိုလ်ကံ အကျိုးမပေးသောဘုံ

| | | |
|---|---|---|
| အသညသတ်ဘုံ | .. | (၁) ဘုံ |
| | | .. (၅)ဘုံ |
| အရူပဘုံ | .. | ကာမ (၄) ဘုံ |

## ရူပါဝစရကုသိုလ်ကံ အကျိုးပေးသောဘုံ

| | | |
|---|---|---|
| ပဋိသန္ဓေအကျိုး | .. | ရူပ (၁၆) ဘုံ |
| ပဝတ္တိအကျိုး | .. | ရူပ (၁၆) ဘုံ |

အရူပါဝစရကုသိုလ်ကံ အကျိုးမပေးသောဘုံ

| | | | |
|---|---|---|---|
| ကာမဘုံ | .. | (၁၁) ဘုံ | |
| | | | .. (၁၅)ဘုံ |
| အရူပဘုံ | .. | (၄) ဘုံ | |

အရူပါဝစရကုသိုလ်ကံ အကျိုးပေးသောဘုံ

| | | |
|---|---|---|
| ပဋိသန္ဓေအကျိုး | .. | အရူပ (၄) ဘုံ |
| ပဝတ္တိအကျိုး | .. | အရူပ (၄) ဘုံ |

အရူပါဝစရကုသိုလ်ကံ အကျိုးမပေးသောဘုံ

| | | | |
|---|---|---|---|
| ကာမဘုံ | .. | (၁၁) ဘုံ | |
| | | | .. (၂၇)ဘုံ |
| အရူပဘုံ | .. | (၁၆) ဘုံ | |

ဆောင်ရွက်ပုံအားဖြင့် ကံလေးပါး

၁။ ဇနကကံ ၂။ ဥပတ္ထမ္ဘကကံ ၃။ ဥပပီဠကကံ ၄။ ဥပဃာတကကံ

အကျိုးပေးသောအလှည့်အားဖြင့် ကံလေးပါး

၁။ ဂရုကကံ ၂။ အာသန္နကံ ၃။ အာစိဏ္ဏကံ ၄။ ကဋတ္တာကံ

အကျိုးပေးသောအချိန်အားဖြင့် ကံလေးပါး

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ ၃။ အပရာပရိယဝေဒနီယကံ
၂။ ဥပပဇ္ဇဝေဒနီယကံ ၄။ အဟောသိကံ

အကျိုးပေးရာဌာနအားဖြင့် ကံလေးပါး

၁။ အကုသိုလ်ကံ ၃။ ရူပါဝစရကုသိုလ်ကံ
၂။ ကာမဝစရကုသိုလ်ကံ ၄။ အရူပါဝစရကုသိုလ်ကံ

# ကာမ အကုသိုလ်ကံ၊ ကုသိုလ်ကံ

**ကာမအကုသိုလ်ကံ (၃) ပါး**

၁။ ကာယဒွစရိုက် အကုသိုလ်ကံ

၂။ ဝစီဒုစရိုက် အကုသိုလ်ကံ

၃။ မနောဒုစရိုက် အကုသိုလ်ကံ

**ကာမကုသိုလ်ကံ (၃) ပါး**

၁။ ကာယသုစရိုက် ကုသိုလ်ကံ

၂။ ဝစီသုစရိုက် ကုသိုလ်ကံ

၃။ မနောသုစရိုက် ကုသိုလ်ကံ

## အကုသိုလ်ကံ (၁၀) ပါး

**ကာယဒုစရိုက်ကံ (၃) ပါး**

၁။ ပါဏာတိပါတ

၂။ အဒိန္နာဒါန

၃။ ကာမေသုမိစ္ဆာစာရ

**ဝစီဒုစရိုက်ကံ (၄) ပါး**

၄။ မုသာဝါဒ

၅။ ပိသုဏာဝါစာ

၆။ ဖရုသဝါစာ

၇။ သမ္ဖပ္ပလာပ

**မနောဒုစရိုက်ကံ (၃) ပါး**

၈။ အဘိဇ္ဈာ

၉။ ဗျာပါဒ

၁၀။ မိစ္ဆာဒိဋ္ဌိ

**အကုသိုလ် ဒုစရိုက်ကံ**

အကုသိုလ်ကံသည် အပြစ်ရှိ၍ မကောင်းသော အကျိုးကို ပေးနိုင်သည့် လုပ်ငန်းဖြစ်သည်။

ဒု + စရိုက်
ဒု .. မကောင်းသော
စရိုက် .. အလေ့အကျင့်

ဒုစရိုက်သည် မကောင်းသော အလေ့အကျင့်ကို ဆိုလိုသည်။ အကုသိုလ် ကာယကံ (၃) ပါး၊ အကုသိုလ် ဝစီကံ (၄) ပါး၊ အကုသိုလ် မနောကံ (၃) ပါး၊ ပေါင်း၍ (၁၀) ပါးတို့ကို အလေ့အကျင့် မကောင်းသော သူများ ကြံစည်ပြောဆို ပြုလုပ်သောကြောင့် ဒုစရိုက် (၁၀) ပါးဟူ၍ ခေါ်သည်။

## ကာယကံ၊ ဝစီကံ၊ မနောကံ

**ကာယကံ**

ကာယ + ကံ
ကာယ .. လှုပ်ရှားသောကိုယ်
ကံ .. အပြုအလုပ်၊ အပြုအမှု
ကာယကံ .. လှုပ်ရှားသော ကိုယ်အမူအရာနှင့် ပြုလုပ်ဆောင်ရွက်သောအမှုအလုပ်

**ဝစီကံ**

ဝစီ + ကံ
ဝစီ .. လှုပ်ရှားသောနှုတ်၊ မြွက်ဆိုသောနှုတ်
ကံ .. အပြုအလုပ်၊
ဝစီကံ .. လှုပ်ရှားမြွက်ဆိုသော နှုတ်ဖြင့် ပြုလုပ်သော အလုပ်

**မနောကံ**

မနော + ကံ
မနော .. စိတ်
ကံ .. အပြုအလုပ်၊
မနောကံ .. ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့နှင့် မလှုပ်ရှားမှု၍ စိတ်ထဲက တွေးတောပြုလုပ်သော အမှုအလုပ်။

ကိုယ်ကာယဖြင့် ကိုယ်ထိလက်ရောက်ပြုလုပ်သော အပြု အလုပ်မှန်သမျှသည် ကာယကံဖြစ်သည်။ လက်ဖြင့်စာရေးခြင်း၊ ပုတ်ခတ်ခြင်း၊ ခြေထောက်ဖြင့် သွားခြင်းများ၊ ပါးစပ်ဖြင့် ကိုက်ခြင်း၊ ဝါးခြင်းများစသည်တို့သည် ကာယကံဖြစ်သည်။ ကာယကံဖြင့် အပြစ်ကင်း၍ ကောင်းကျိုးကို ပေးနိုင်သော ကုသိုလ်လုပ်ငန်းများကို လည်းကောင်း၊ အပြစ်ရှိ၍ မကောင်းကျိုးကို ပေးနိုင်သော အကုသိုလ် လုပ်ငန်းများကို လည်းကောင်း၊ ပြုလုပ်ဆောင်ရွက်နိုင်သည်။

နှုတ်မှ စာပေသင်ကြားပေးခြင်း၊ တရားစာရွတ်ဆိုခြင်း၊ ဆဲရေးခြင်း၊ မကောင်းသည့် စကားများကို ပြောဆိုခြင်းစသည့် နှုတ်နှင့်ဆောင်ရွက်သော အပြုအလုပ်မှန်သမျှသည် ဝစီကံဖြစ်သည်။ ကိုယ်ကာယငြိမ်သက်နေသော်လည်း နှုတ်မှ လှုပ်ရှားပြောဆိုနိုင်သည်။ ဝစီကံဖြင့်လည်း ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ဆောင်ရွက်နိုင်သည်။

ကိုယ်ကာယဖြင့် လှုပ်ရှားဆောင်ရွက်သော ကာယကံ နှုတ်ဖြင့် လှုပ်ရှားပြောဆိုသော ဝစီကံတို့ ငြိမ်သက်နေသော်လည်း စိတ်က အလုပ်လုပ်နိုင်သေးသည်။ စိတ်ဖြင့် တွေးတောခြင်း၊ ကြံဆရည်ရွယ်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်နေခြင်းသည် မနောကံဖြစ်သည်။ စိတ်ဖြင့် ဆောင်ရွက်သော မနောကံသည် အလွန်လျင်မြန်လွန်းရကား ကာယကံ၊ ဝစီကံတို့ကဲ့သို့ ထင်ပေါ်ခြင်းမရှိပေ။ သို့သော် အကျိုးပေးရာ၌ကား ထိရောက်စေနိုင်သည်သာ ဖြစ်သည်။ မနောကံဖြင့်လည်း ကုသိုလ်လုပ်ငန်း၊ အကုသိုလ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

ကာယကံ၊ ဝစီကံ မနောကံတို့သည် အကုသိုလ်ကံ၊ ကုသိုလ်ကံများကို ဆောင်ရွက်နိုင်သဖြင့် မိမိပြုလုပ်ပြောဆို ကြံစည်သော အပြုအလုပ်များသည် ကုသိုလ်ကံများသာ ဖြစ်သင့်ပေသည်။ ကံ (၃) ပါးစလုံးနှင့် ဖြစ်စေ၊ အနည်းဆုံး ကံ (၁) ပါးပါးနှင့် ဖြစ်စေ ကုသိုလ်ကံကို ဆောင်ရွက်နိုင်ရမည်။ သို့မှသာ လျင်မြန်အပြစ်ကင်း၍ တာရှည်ခံသော အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်ပေမည်။

**ကာယဒုစရိုက် (၃) ပါး**

၁။ ပါဏာတိပါတ .. သူတပါးအသက်ကိုသတ်ခြင်း၊

၂။ အဒိန္နာဒါန .. သူတပါး ဥစ္စာကို မပေးဘဲ ယူခြင်း၊
၃။ ကာမေသုမိစ္ဆာစာရ .. ကာမဂုဏ်များ၌ မှားယွင်းစွာကျင့်သုံးခြင်း၊

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူ၍ ကာမဂုဏ် (၅)ပါး ရှိရာတွင် ထိုကာမဂုဏ်တရားများကို မှားယွင်းစွာ ကျင့်သုံး လက်ခံလျှင် ကာမေသုမိစ္ဆာစာရဖြစ်ပေသည်။ မျက်စိ၊ နား၊ နှာခေါင်း ရှိသူများသည် မျက်စိမှ ရရှိသော ကာမဂုဏ် အာရုံများကို သင့်တင့်မျှတစွာ လက်ခံလျှင် သမ္မာစာရ ဖြစ်ပေမည်။ မြင်လျှင်လည်း မြင်ကာမျှ၊ ကြားလျှင်လည်း ကြားကာမျှ တွေ့ထိလျှင်လည်း တွေ့ထိကာမျှ- စသည်ဖြင့် ရှိရင်းအတိုင်း လက်ခံလျှင် သမ္မာစာရဖြစ်သည်။ သို့မဟုတ်မူ၍ အလှအပများကို မက်မောကြည့်ချင်ခြင်း၊ ရုပ်ရှင်ဇာတ်ပွဲများကို ကြည့်ခြင်း၊ အသံကောင်းကောင်းကို နှစ်သက်ဝမ်းမြောက်စွာ နားထောင်လိုခြင်း စသည်များသည် မိစ္ဆာစာရ ဖြစ်ပေသည်။ အစားအစာကို စားရန်ကြုံကြိုက်လာ၍ သော်လည်းကောင်း၊ အင်အားဖြည့်တင်းလို၍ သော်လည်းကောင်း၊ ကျန်းမာစေရန်သော်လည်း ကောင်း စားရမည်။ ထိုကဲ့သို့ စားသောက်သော် သမ္မာစာရဖြစ်၍၊ ခုံမင်နှစ်သက်စွာ စားသော် မိစ္ဆာစာရဖြစ်ပေမည်။

မူးယစ်စေတတ်သော သေရည်အရက်ကို သောက်သည့် သုရာမေရယကံသည်လည်း ကာယကံထဲတွင် ပါဝင်သည်။ ကာမေသု မိစ္ဆာစာရတွင် အာရုံကာမဂုဏ်ကို မှားယွင်းစွာ ကျူးလွန်ကျင့်သုံးရာ ရောက်သည်။

ကာယကံ (၃) ပါးသည် လှုပ်ရှားသော ကိုယ်နှင့် အပြစ်များတတ်သော်လည်း၊ အနည်းအပါးအားဖြင့် လှုပ်ရှားသော နှုတ်မှာလည်း ဖြစ်တတ်သည်လည်းရှိသည်။ သတ်ခြင်းကို မှုတည်၍ နှုတ်က အားပေးသော်၊ နှုတ်ဖြင့် ပြောသူသည်လည်း ကာယကံအမှုကို ကျူးလွန်ရာ ရောက်သည်။

**ဝစီဒုစရိုက်(၄) ပါး**

၁။ မုသာဝါဒ .. မမှန်သော စကားကို ပြောဆိုခြင်း
၂။ ပိသုဏာဝါစာ.. ကုန်းတိုက်စကားကို ပြောဆိုခြင်း
၃။ ဖရုသဝါစာ .. ကြမ်းတမ်းသော စကား၊ ဆဲရေးသော စကားကို ပြောဆိုခြင်း
၄။ သမ္ဖပ္ပလာပ.. သိမ်ဖျင်းသော စကားကို ပြောဆိုခြင်း

ဝစီဒွါရ၌ များသော အားဖြင့် ဖြစ်သောကြောင့် ထိုဒုစရိုက်(၄) ပါးကို ဝစီဒုစရိုက်ကံဟု ခေါ်သည်။

မနောဒုစရိုက် (၃) ပါး

၁။ အဘိဇ္ဈာ .. အလွန်လိုချင်ခြင်း၊ မတရားလိုချင်ခြင်း
၂။ ဗျာပါဒ .. မနာလိုခြင်း၊ ပျက်စီးအောင်ကြံခြင်း
၃။ မိစ္ဆာဒိဋ္ဌိ .. မှားသောအမြင်၊ မှားသောအယူအဆရှိခြင်း

မနောဒွါရ၌ များသောအားဖြင့် ဖြစ်သောကြောင့် ထို ဒုစရိုက်(၃)ပါးကို မနောကံဟု ခေါ်သည်။

အဘိဇ္ဈာသည် သူတပါး၏ ပစ္စည်းကို စိတ်ထဲက တွေးတော၍ အလွန်လိုချင်နေခြင်းဖြစ်သည်။ အဘိဇ္ဈာ အကုသိုလ်စိတ်က အလွန် လိုချင်သော အလုပ်ကို လုပ်သည်။ ခိုးယူရန်၊ လာဘ်စားရန်၊ မတရားသဖြင့် လိမ်ညာစားရန် ကြံစည်စိတ်ကူးနေသည်။

အဘိဇ္ဈာသည်မြစ်ဖျားဖြစ်သည်၊ အဘိဇ္ဈာမြစ်ဖျားခံ၍ အဒိန္နာဒါနကံ၊ မုသာဝါဒကံ၊ ပိသုဏာဝါစာကံမြစ်ဖျားသည် စီးဆင်းရ သည်။ အလွန်လိုချင်နေသောသူသည် မပေးဘဲခိုးယူတော့မည်။ လိမ်ညာ၍ လည်းကောင်း၊ ကုန်းတိုက်၍လည်းကောင်း မရရအောင် ယူတော့မည်။

အဘိဇ္ဈာသည် တရားကိုယ်သဘောအားဖြင့်လောဘ စေတသိက်ဖြစ်သည်။ စိတ်ထဲ၌ လောဘက ထူထပ်အားကောင်းလာလျှင် နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်ဖြင့်လည်းကောင်း ရအောင်ယူဆောင်ပေမည်။ မနောကံကို အရင်းတည်၍ ဝစီကံ၊ ကာယကံများဖြစ်ရတော့သည်။

ဗျာပါဒ ရင့်ကျက်လာလျှင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ မုသာ ဝါဒ၊ ပိသုဏာ ဝါစာကံများ ဖြစ်နိုင်သည်။ သူတပါးတို့ ဂုဏ်အရည်အသွေး မြင့်မားနေသည်ကိုလည်းကောင်း၊ ဥစ္စာပစ္စည်း တိုးတက်ပွားများနေသည်ကိုလည်းကောင်း မနာလိုသောသူများသည် ဗျာပါဒ မနောကံ ရှင်သန်လာလျှင် ထိုသူများကို တနည်းနည်းဖြင့် ပျက်စီးစေတော့မည်။ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးပစ်ခြင်း၊ မဟုတ်မမှန်သတင်းလွှင့် ပြောဆိုခြင်း စသည့် ဝစီကံ၊ ကာယကံ ဒုစရိုက်မှုများကို ဆောင်ရွက်တော့သည်။

သူတပါး ကောင်းကျိုးကို လိုလားခြင်းသည် ဗျာပါဒကို ပယ်ဖျောက်ပစ်ခြင်းဖြစ်သည်။ လူတဦးတယောက်ကို မုန်းလာလျှင် ဗျာပါဒလည်းဝင်လာသည်၊ ဗျာပါဒဝင်လာလျှင် အကုသိုလ်လုပ်ငန်း များကို ဆောင်ရွက်တော့မည်။ ထို့ကြောင့် သူတပါး၏ ကောင်းကျိုးကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးခြင်းဖြင့် လည်းကောင်း၊ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးမည်ဟု စိတ်ကောင်းထားခြင်းဖြင့် လည်းကောင်း ဗျာပါဒ ဒုစရိုက်ကို ပယ်ဖျောက်ရပေမည်။

မနောဒုစရိုက် (၃) ပါးတွင် မိစ္ဆာဒိဋ္ဌိသည် အလွန်ရှောင်ရှား အပ်သောကံတစ်ပါး ဖြစ်လေသည်။ အမြင်မှား ရင့်ကျက်လာလျှင် မှန်သည်ဟု ထင်မှတ်ရလေသည်။ ပုထုဇဉ်များသည်ကား အမြင်မှားများနှင့်သာ ပြည့်လျှမ်းနေပေသည်။ သို့သော် မိစ္ဆာဒိဋ္ဌိသည် အမှောင်ဓာတ်ဖြစ်၏။ အလင်းပေါ်လာသော် အမှောင်ဓာတ်သည် ပျောက်ကွယ်သွား နိုင်သည်။

ပညတ်၊ ပရမတ်ကို ခွဲ၍သိခြင်းသည် သမ္မာဒိဋ္ဌိဖြစ်သည်။ **အရာဝတ္ထုပစ္စည်းများ**၊ သက်ရှိသတ္တဝါများသည် ရုပ်ကလာပ်မှုန့်များသာ ပေါင်းထားကြောင်း သိရမည်။ သူတပါး၏ ကိုယ်၊ မိမိ၏ ကိုယ်သည် ထင်ရှားရှိသည်ဟု ထင်မှတ်နေခြင်းသည် မိစ္ဆာဒိဋ္ဌိဖြစ်သည်။

မိစ္ဆာဒိဋ္ဌိကို ပယ်ထားသောသူသည် ဒေါသ၊ မာန လျော့နည်း သွားပေမည်။ ဒေါသ၊ မာနလျော့နည်းသောသူသည် အလုပ်ကိစ္စရပ်များကိုဆောင်ရွက်ရာတွင် အောင်မြင်မှုများစွာ ရရှိနိုင်သည်။

## ဒုစရိုက် (၁၀)ပါးကို တရားကိုယ် ကောက်ပြခြင်း၊ ဟိတ်တရားနှင့် ယှဉ်တွဲပြခြင်း

| | | |
|---|---|---|
| ၁။ ပါဏာတိပါတ | .. | ဒေါသ |
| ၂။ အဒိန္နာဒါန | .. | လောဘ၊ ဒေါသ |
| ၃။ ကာမေသုမိစ္ဆာစာရ | .. | လောဘ |
| ၄။ မုသာဝါဒ | .. | လောဘ၊ ဒေါသ |
| ၅။ ပိသုဏာဝါစာ | .. | လောဘ၊ ဒေါသ |

| | | |
|---|---|---|
| ၆။ ဖရုသဝါစာ | .. | ဒေါသ |
| ၇။ သမ္ဖပ္ပလာပ | .. | လောဘ၊ ဒေါသ |
| ၈။ အဘိဇ္ဈာ | .. | လောဘ |
| ၉။ ဗျာပါဒ | .. | ဒေါသ |
| ၁၀။ မိစ္ဆာဒိဋ္ဌိ | .. | လောဘ |

အကုသိုလ် ဒုစရိုက်ကံ (၁၀) ပါး၏ အရင်းအမြစ် ဟိတ်တရားမှာ လောဘ၊ ဒေါသ၊ မောဟတို့ပင် ဖြစ်သည်။ သူတပါး၏ အသက်ကို သတ်ဖြတ်သော ပါဏာတိပါတကံသည် လောဘ၊ ဒေါသ မူလကြောင့် ဖြစ်ရသည်။ ထိုဟိတ်နှစ်ပါးတွင်ပါဏာတိပါတကံ ဖြစ်မြောက်စေရန် ဒေါသဟိတ်သည် အရင်းခံဖြစ်သည်။ လောဘကြောင့် သူတပါးအသက်ကို သတ်လိုသော်လည်း ဒေါသရှိမှသတ်နိုင်သည်။ ဥပမာ – ကြက်သား စားလို၍ ကြက်သတ်ခြင်းသည် လောဘကြောင့် ဖြစ်သော်လည်း ကြက်ကို သတ်စဉ် ကြင်နာကင်းမဲ့သော ဒေါသစိတ်ကြောင့် ကာယကံမြောက် ကျူးလွန်ရသည်။

ကာမေသုမိစ္ဆာစာရကံ၊ အဘိဇ္ဈာကံ၊ မိစ္ဆာဒိဋ္ဌိကံများသည် လောဘဟိတ်နှင့်ယှဉ်သည်။ လောဘအားကြီးသူတို့သည် ကာမဂုဏ်အာရုံငါးပါးကို မှားယွင်းစွာ ခံမင် လိုက်စားတတ်ကြသည်။ သူတပါး၏ ပစ္စည်းကို မတရား လိုချင်ခြင်း၊ အလွန်လိုချင်ခြင်းသည်လည်း လောဘ အရင်းခံကြောင့် ဖြစ်ရသည်။ ရေထဲမှာ နစ်နေသူသည် ရေကို မမြင်နိုင် သကဲ့သို့ မှားယွင်းသော မိစ္ဆာဒိဋ္ဌိထဲတွင် နစ်မွန်းနေသူသည် အမှားကို မမြင်နိုင်ပေ။ လောဘရှိနေသူသည် မိမိဆောင်ရွက်သည်မှာ မှားသည်၊ မှန်သည်ကို မဆုံးဖြတ်နိုင်ပေ။ မိမိနှစ်သက် လိုလားမှုကိုသာ ရယူလိုသည်။ တရား ငြင်းခုံသူများသည် မိမိတရားနိုင်မှုကိုသာ လိုလားနေသောကြောင့် အမှုမှားများကိုလည်း အမှုမှန် လုပ်တတ်၍၊ အမှုမှန်များကိုလည်း အမှုမှားများ လုပ်တတ်သည်။ လောဘ အရင်းခံသောကြောင့် မိစ္ဆာဒိဋ္ဌိကံ များဖြစ်ရသည်။

ဖရုသဝါစာကံနှင့် ဗျာပါဒကံများသည် ဒေါသဟိတ်နှင့် ယှဉ်သည်။ စိတ်ဆိုး၊ စိတ်ညစ်သော် ကြမ်းတမ်းသောစကား၊ ဆဲရေး ညစ်ညမ်းသော

စကားတို့ကို ပြောဆိုတတ်သည်။ သူတပါးကို မနာလိုခြင်း၊ ပျက်စီးအောင် ကြံဆောင်ခြင်းတို့သည်လည်း ဒေါသအရင်းခံသောကြောင့် ဖြစ်ရသည်။ လူတစ်ဦးတစ်ယောက်ကို စိတ်ဆိုးလာသော် ထိုသူကို ပျက်စီးစေလို၍။ ပျက်စီးစေရန် တနည်းနည်းဖြင့် ကြံဆောင်လေတော့သည်။

စိတ်ဆိုး စိတ်ညစ်ခြင်းသည် ဒေါသဖြစ်၏၊ သို့သော် အလွန်အမင်း စိတ်ညစ်၍ မိမိကိုယ်ကိုပင် ပျက်စီးစေရန် ကြံစည်ခြင်းသည် ဗျာပါဒဖြစ်သည်။ သူတပါးကို ပျက်စီး ဆုံးရှုံးစေရန် ကြံစည်ခြင်းမှသာ ဗျာပါဒမည်သည်မဟုတ်၊ မိမိကို ပျက်စီးဆုံးရှုံးစေရန် ကြံစည်ခြင်းသည်လည်း ဗျာပါဒ ဖြစ်သည်။ အမျိုးမျိုးသော အကြောင်းကိစ္စတို့ အဆင်မပြေ မညီညွတ်၍ "သေလိုက်လျှင် ကောင်းမည်" "သေလိုက်လျှင် အေးချမ်းမည်" စသည်ဖြင့် အတွေးမှားနေခြင်းသည် မိစ္ဆာဒိဋ္ဌိဖြစ်သည်။ အတွေးမှားထဲတွင် အေးခြင်းကို လိုချင်နေ ခြင်းသည် မိစ္ဆာဒိဋ္ဌိ၏ အရင်းခံ လောဘဖြစ်သည်။ တနည်းနည်းဖြင့် ကာယကံ မြောက် သေလိုက်ခြင်းသည်ကား ပါဏာတိပါတကံ ဖြစ်သည်။

အဒိန္နာဒါနကံ၊ မုသာဝါဒကံ၊ ပိသုဏာဝါစာကံ၊ သမ္ဖပ္ပလာပကံ ထိုကံ (၄) မျိုးသည် သက်ဆိုင်ရာ လောဘမူလကြောင့်လည်း ဖြစ်၍၊ ဒေါသ မူလ ကြောင့်လည်း ဖြစ်နိုင်သည်။ သို့သော် တခါတည်း တပြိုင်နက်တည်း လောဘ၊ ဒေါသမူလ နှစ်မျိုးစလုံးကြောင့်ကား မဖြစ်နိုင်ပေ။

သူတပါး၏ ပစ္စည်းဥစ္စာကို မပေးဘဲ လိုချင်သောကြောင့် ခိုးယူ ခြင်းမှာ လောဘကြောင့် ဖြစ်သည်။ သူတပါး၏ ပစ္စည်းဥစ္စာကို မပေးဘဲ၊ မလိုမုန်းထား ဖျက်ဆီးလို၍ ခိုးခြင်းသည် ဒေါသကြောင့် ဖြစ်သည်။ လောဘကြောင့် ခိုးယူသည်ဖြစ်စေ၊ ဒေါသကြောင့် ခိုးယူသည်ဖြစ်စေ အဒိန္နာဒါနကံသည်ကား အောင်မြင်သည်သာ ဖြစ်သည်။ သူတပါး၏ ပစ္စည်းဥစ္စာကို မနာလို၍ ပျက်စီးရန် ကြံစည်ခြင်းသည် ဗျာပါဒဖြစ်၍ ကိုယ်ထိ လက်ရောက် ဖျက်ဆီးလျှင် အဒိန္နာဒါနကံ ဖြစ်သည်။ တွေးတော ကြံစည်သည့် အပိုင်းတွင် ဗျာပါဒဖြစ်လျှင်၊ အလုပ်ကိစ္စ ဆောင်ရွက်သည့် အပိုင်းမှာ အဒိန္နာဒါနကံသော် လည်းကောင်း၊ ပါဏာတိပါတကံသော် လည်းကောင်း ဖြစ်နိုင်သည်။

မုသာဝါဒသည်လည်း လောဘကြောင့်သော် လည်းကောင်း၊ ဒေါသကြောင့်သော် လည်းကောင်း ဖြစ်နိုင်သည်။ လိုချင်သော လောဘအရင်းခံကြောင့် မဟုတ်မမှန်သော် စကားများကို ပြောဆိုနေကြ၏။ မိမိနှင့် မထိုက်မလျော်သော၊ မရသင့်မရထိုက်သည့် အခွင့်အရေးများကိုပင် လိုချင်၍ လိမ်လည်သော စကားများ၊ မဟုတ် မမှန်သော စကားများကို ပြောဆိုနေခြင်းသည် လောဘကြောင့် မုသာဝါဒကံကို ကျူးလွန်နေခြင်း ဖြစ်သည်။ လူတစ်ဦးတစ်ယောက်ကို စိတ်ဆိုးလာလျှင်သော် လည်း ကောင်း၊ မုန်းတီးလာလျှင်သော် လည်းကောင်း၊ ထိုသူကိုလည်း အမှန်ကို မပြောလိုတော့ပေ၊ မဟုတ်မမှန် လိမ်လည်၍သာ ပြောပေမည်။ ဒေါသ ကြောင့်ဖြစ်သည်။

ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပတို့သည်လည်း လောဘကြောင့်သော် လည်းကောင်း၊ ဒေါသကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ သူတစ်ပါး၏ ပစ္စည်းဥစ္စာကို လိုချင်သောကြောင့် လည်းကောင်း၊ လူတစ်ဦးတစ်ယောက်ကို စိတ်ဆိုး စိတ်တိုသောကြောင့် လည်းကောင်း ကုန်းတိုက်စကားကို ပြောဆို၏။ တဘက်လူကို အပြစ်ပြော၍ မိမိကိုယ်ကို မြှောက်ပင့်ပြောဆိုတတ်သည်။ အကျိုးမရှိသော သိမ်ဖျင်းသည့်စကားပေါ့ စကားညံ့တို့ကို ပြောဆိုတတ် သည်။

လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ် ဟူ၍ အကုသိုလ်ဟိတ် (၃) ပါးရှိရာတွင် မောဟဟိတ်သည် ဒုစရိုက် (၁၀)ပါးစလုံးနှင့် သက်ဆိုင်သည်။

## ဒုစရိုက်ကံ (၁၀)ပါးကို အကုသိုလ်စိတ်(၁၂)ပါးနှင့် နှိုင်းယှဉ်၍ပြခြင်း

ကိုယ်ကာယဒွါ အဖြစ်များသောကံ (၃)ပါးသည် ကိုယ်ကချည်းသက်သက် မဖြစ်နိုင်ပေ။ စိတ်ကလည်း ပါရသေးသည်။ လူတစ်ဦးတစ်ယောက်၏ ပစ္စည်းဥစ္စာကို လိုချင်၍ ထိုသူကို သတ်ရာတွင် ရှေ့မိုင်း၌

လောဘစိတ် ပါ၏။ မောဟစိတ်က ကြားညှပ်၍ ပါသည်။ သတ်ဆဲတွင် ဒေါသစိတ် ပါဝင်သည်။ ထို့ကြောင့် ပါဏာတိပါတကံသည် တိုက်ရိုက်အားဖြင့် ဒေါသစိတ်နှင့် သက်ဆိုင်၍၊ မသတ်မီကြံရွယ်စဉ် အကုသိုလ်စိတ် (၁၂) ပါးစလုံးနှင့် သက်ဆိုင်သည်။

အဒိန္နာဒါနကံသည်လည်း တိုက်ရိုက်အားဖြင့် လောဘနှင့် ဒေါသစိတ် တို့ကြောင့်ဖြစ်သည်။ ခိုးယူရန် ကြံစည်ပြင်ဆင်နေသည့် အခိုက်တွင်ကား အကုသိုလ်စိတ် (၁၂)ပါး စလုံးနှင့် သက်ဆိုင်သည်။ ကာမေသုမိစ္ဆာစာရသည်လည်း အကုသိုလ်စိတ် (၁၂)ပါး စလုံးနှင့် သက်ဆိုင်သည်။ အထူးသဖြင့် လောဘစိတ် (၈)ပါးနှင့် မောဟစိတ် (၂)ပါးတို့နှင့် သက်ဆိုင်သည်။

မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဝစီကံ (၄)ပါး တွင် တပါးပါးကို ကျူးလွန်ရန် ပြင်ဆင်သော အချိန်၌ အကုသိုလ်စိတ် (၁၂)ပါး စလုံးနှင့် သက်ဆိုင်၍ ကျူးလွန်ဆဲတွင် သက်ဆိုင်ရာ လောဘမူစိတ်၊ ဒေါသမူစိတ် တခုခုနှင့် သက်ဆိုင်သည်။

အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ မနောကံ (၃) ပါးတွင် အဘိဇ္ဈာသည် တိုက်ရိုက်အားဖြင့် လောဘစိတ်နှင့် သက်ဆိုင်သည်။ ကျန်သော အကုသိုလ်စိတ်များသည် သက်ဆိုင်သည်အလိုက် ကြားညှပ်၍ ပါဝင်ကြသည်။

သူတပါးကို နစ်နာပျက်စီး ဆုံးရှုံးစေရန် ကြံစည်စိတ်ကူးခြင်း မှန်သမျှသည် ဗျာပါဒဖြစ်၏။ ဒေါသစိတ်မှန်လျှင် ဗျာပါဒသာ ဖြစ်သည်။ သူတပါး ပျက်စီးစေရန် စဉ်းစားကြံစီနေချိန်တွင် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အကုသိုလ်စိတ် (၁၂)ပါးစလုံးသည် ခြံရံ၍ဖြစ်နိုင်သည်။

မိစ္ဆာဒိဋ္ဌိသည် တိုက်ရိုက်အားဖြင့် ဒိဋ္ဌိသမ္ပယုတ် လောဘ စိတ်နှင့် သက်ဆိုင်၍ အခြံအရံအားဖြင့် အကုသိုလ်စိတ် (၁၂)ပါးစလုံးနှင့် သက်ဆိုင်သည်။

## စေတနာစေတသိက်

အကုသိုလ်ဒုစရိုက်ကံ (၁၀) ပါး၏ အရင်းအမြစ်မူလမှာ လောဘ၊ ဒေါသ၊ မောဟတို့ ဖြစ်၍ ထိုထက် အရင်းကျဆုံးကို ရှာဖွေသော် စေတနာစေတသိက်ဖြစ်သည်။

သူတပါး၏ အသက်ကိုသတ်ရာတွင် အဖျားအပိုင်း အကျဆုံးမှာ လက်နက်ကိရိယာ ဖြစ်သည်။ ထိုမှတဆင့် အရင်းကို ရှာသော် လူဖြစ်၏။ ထိုမှ အရင်းကိုရှာသော် ဒေါသစိတ်ဖြစ်သည်။ ထို့ထက် အရင်းသည်ကား ဒေါစိတ်နှင့် တွဲဘက်သော စေတသိက်များဖြစ်သည်။ အရင်းအကျဆုံးသည်ကား သတ်ရန် လှုံ့ဆော်သော စေတနာ စေတသိက်ပင်ဖြစ်သည်။

အရင်းအကျဆုံး စေတနာစေတသိက်ကိုပင် ပါဏာတိပါတကံ ဟု ခေါ်နိုင်သည်။ အဒိန္နာဒါနကံ၊ ကာမေသုမိစ္ဆာစာရကံ စသဖြင့် ခေါ်နိုင် သည်။ ကျန်သော စိတ်၊ စေတသိက်များသည်အခြံအရံ၊ အကူအညီများသာဖြစ်သည်။ လူ၊ လက်နက်၊ အကြောင်းအချက် တို့သည်ကား အဖျားပိုင်းများသာ ဖြစ်သည်။

အရင်းကျသော စေတနာ စေတသိက်ကို လွှဲဖယ်ပစ်ရန်မှာ လွယ်ကူသော်လည်း၊ အဖျားပိုင်းကိုမူကား လွှဲဖယ်ရန် မလွယ်ကူပေ။ အဖျားပိုင်းကျလေ၊ လွှဲဖယ်ရ ခက်လေဖြစ်သည်။ ဥပမာ – လူတစ်ယောက်က တုတ်ဖြင့် ရိုက်မည်ဟု ပြေးလာသော် တုတ်ကို လွှဲဖယ်ရန် ခက်သည်။ သို့သော် စိတ်ပြောင်းသွားစေရန် ချော့မော့၍ လည်းကောင်း၊ ခြိမ်းခြောက်၍ လည်းကောင်း ပြောဆိုသော် စိတ်ပြေ သွားနိုင်သည်။ ထို့ကြောင့် အရင်းကျသောစိတ်နှင့် အရင်းကျဆုံး ဖြစ်သော စေတနာ စေတသိက်ကို လွှဲဖယ် ရန်မှာ အလွယ်ဆုံးဖြစ် လေသည်။ ထို့ကြောင့်ပင် မြတ်စွာဘုရားက အရင်းကျဆုံးဖြစ်သော၊ လွှဲဖယ်ရန် လွယ်ကူသော စေတနာစေတသိက်ကို အလေးထား ဟောကြားခဲ့သည်။

မြတ်စွာဘုရား၏ ဆွေတော် မျိုးတော်များ စစ်ဖြစ်ခါနီးတွင် မြတ်စွာဘုရားသည် လက်နက်များကို တန်ခိုးတော်နှင့် ကွယ်ပအောင် ပြုလုပ်နိုင်သော်လည်း မပြုလုပ်ပေ။ ဆွေတော်မျိုးတော်များ၏ အကုသိုလ်

စေတနာကို ကုသိုလ်စေတနာသို့ ကူးပြောင်းသွားစေရန် ရောဟဏီမြစ်၏ အလယ်ဗဟိုကောင်းကင်မှနေ၍ တန်ခိုးပြ၏။ မြတ်စွာဘုရားကို ကြည်ညို ကြသဖြင့် ဒေါသစိတ်များ ပျောက်ကုန်သည်။ မြတ်စွာဘုရားသည် တစ်ဦး နှင့်တစ်ဦး သတ်ဖြတ်လိုသော ပါဏာတိပါတကံ စေတနာမှ ကြည်ညို လေးစားသောစိတ် စေတနာသို့ ပြောင်းပေးလိုက်ခြင်းဖြစ်သည်။

လို့ကြောင့် အကုသိုလ် ဒုစရိုက်ကံများကို ကြံစည်ခြင်း၊ ပြောဆို ခြင်း၊ ပြုမူခြင်း မဖြစ်ပေါ်စေရန် အကုသိုလ်စေတနာမှ ကုသိုလ်စေတနာသို့ ပြောင်းလွဲ၍ ကုသိုလ်စေတနာများကို တိုးပွားသည်ထက် တိုးပွားလာစေ ရန်၊ ခိုင်မြဲသည်ထက်ခိုင်မြဲလာ စေရန် လေ့ကျင့်ထားရပေမည်။

## ကာမကုသိုလ်ကံ (၃)ပါး

၁။ ကာယကာမကုသိုလ်ကံ၊

၂။ ဝစီကာမ ကုသိုလ်ကံ၊

၃။ မနောကာမ ကုသိုလ်ကံ၊

ကံ–ဟူသော အလုပ်ဖြစ်ပေါ်နိုင်ရာ တံခါး (၃)ခုသည်၊ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးသာဖြစ်သည်။ ဝီထိစိတ် ဖြစ်ပေါ်ရာ တံခါးပေါက် သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူ၍ (၆) မျိုး ရှိပြီး၊ ကံဖြစ်ပေါ်ရာ တံခါးပေါက် သည် (၃) မျိုးသာ ရှိသည်။

ကာမကုသိုလ်ကံ (၃) ပါးတွင် ကုသိုလ်ကာယကံသည် အကုသိုလ် ကာယကံ (၃)ပါးမှ ရှောင်သောအားဖြင့် ကုသိုလ်ကာယကံ (၃)ပါး ဖြစ် သည်။ ကုသိုလ်ဝစီကံသည် အကုသိုလ်ဝစီကံ (၄)ပါးမှ ရှောင်သောအားဖြင့် ကုသိုလ် ဝစီကံ (၄)ပါးဖြစ်သည်။ ကုသိုလ်မနောကံသည် အကုသိုလ် မနောကံ (၃)ပါးမှ ရှောင်သောအားဖြင့် ကုသိုလ်မနောကံ (၃)ပါးဖြစ် သည်။

ကာယကံကုသိုလ် (၃)ပါး၊ ဝစီကံကုသိုလ်(၄)ပါး၊ မနောကံ ကုသိုလ် (၃)ပါး၊ ပေါင်း (၁၀)ပါးသော ကာမကုသိုလ်ကံ များသည် အလေ့အကျင့် ကောင်းသော သူများ၌ဖြစ်သောကြောင့် သုစရိုက် (၁၀)ပါးဟူ၍ ခေါ်သည်။

အကုသိုလ်ကံ အပြုအလုပ်များ မကြံစည်၊ မပြောဆို၊ မပြုလုပ်နိုင်စေရန် စိတ်၊ နှုတ်၊ ကိုယ် စောင့်ထိန်းရမည်။ စိတ်တံခါး၊ နှုတ်တံခါး၊ ကိုယ်တံခါးများကို ပိတ်ထားရပေမည်။ သီတင်း သီလ ဥပုသ် စောင့်ထိန်းခြင်းဖြင့် ကိုယ်တံခါး၊ နှုတ်တံခါးကို ပိတ်ထားနိုင်သော်လည်း စိတ်တံခါးကိုကား ပိတ်ထား၍မရပေ။ သို့သော် ဥပုသ် စောင့်ထိန်းခြင်းဖြင့် ကိုယ် တံခါး၊ နှုတ် တံခါးကို ပိတ်ထားသောသူနှင့် ဥပုသ်မစောင့်ဘဲ ကိုယ်တံခါး၊ နှုတ်တံခါးဖွင့်ထားသူတို့၏ အကျိုးအပြစ်မှာ များစွာ ကွာခြားလှပေသည်။

အိမ်တံခါးမှ လူဆိုးသူခိုးများ မဝင်နိုင်စေရန် မသင့်တော်သည့် အချိန်များတွင် အိမ်တံခါးများကို ပိတ်ထားရသည်။ သို့သော် မိတ်ဆွေသင်္ဂဟများ၊ လူကောင်းများ ဝင်နိုင်စေရန်ကား သင့်တော်သည့် အချိန် များတွင် ဖွင့်လှစ်ထားရပေမည်။ ထိုကဲ့သို့ပင် ကိုယ်တံခါး၊ နှုတ် တံခါး၊ စိတ် တံခါးတို့ကိုလည်း အကုသိုလ်ကံများ မဝင်လာစေရန် ပိတ်ထားသင့်သည့် အချိန်တွင် ပိတ်ထား၍၊ ကုသိုလ်ကံများ ဝင်လာစေရန်ကား ဖွင့်ထားသင့်သည့် အချိန်များတွင် ဖွင့်ထားရပေမည်။ ကိုယ်၊ နှုတ်၊ စိတ်တို့ကို မစောင့်စည်းမူ၍ အချိန်မရွေး တံခါးဖွင့်ထားလျှင် မကောင်းကျိုးများ ရရှိနိုင်သည်။ ရန်သူများနှင့် ပေါင်းဖော် မိတတ်သည်၊ ခိုက်ရန်ငြင်းပွား ဖြစ်နိုင်သည်၊ စီးပွားဉစ္စာလျော့ကျပျက်စီးနိုင်သည်၊ အသက်အန္တရာယ်ပင် ဖြစ်နိုင်သည်။

ကိုယ်တံခါးနှင့် နှုတ်တံခါးကို ဥပုသ်သီလဖြင့် ပိတ်၍သော် လည်းကောင်း၊ ဖွင့်၍သော်လည်းကောင်း ရနိုင်သည်။ သို့သော် စိတ်တံခါးပေါက်သည်ကား ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလစသည့် သီလဖြင့်ပိတ်၍၊ ဖွင့်၍ မရပေ။ ပညာ၊ သမာဓိဖြင့်ပိတ်၊ ဖွင့်မှသာ ရနိုင်သည်။

သမာဓိ လုပ်ငန်းသည် ရှုမှတ်သော လုပ်ငန်းဖြစ်သည်။ အတည်မနေ လှုပ်ရှားနေသော စိတ်ကို သတိနှင့်ထိန်းချုပ်၍ ရှုမှတ်ရမည်။ စိတ်ကိုထိန်းချုပ်၍ရှုမှတ်ရာတွင် ငယ်ထိပ်ကိုလည်းကောင်း၊ ထွက်သက်ဝင်သက်ကိုလည်းကောင်း၊ နှလုံးခုန်ခြင်းကို လည်းကောင်း၊ သွားခြင်း လာခြင်းကိုလည်းကောင်း စသည်ဖြင့် ရှုမှတ်ခြင်း အမျိုးမျိုးရှိသည်။ လှုပ်ရှားသောအပိုင်းကို ရှုမှတ်က ပို၍မြင်နိုင်သည်။ စိတ်ကိုရှုမှတ်ခြင်း အောင်နိုင်သောအခါ၊ စိတ်တံခါးပေါက်သည် လုံခြုံစွာပိတ်မိ၍၊ ရှုမှတ်ခြင်းမရှိနိုင်သော အခါ၊ စိတ်တံခါးပေါက်သည် ပွင့်သွားပေမည်။

ရှုမှတ်ခြင်း အလေ့အကျင့်ကို ဆောင်ရွက်သောသူသည် စိတ် တည်ကြည် ခိုင်ခံ့လာသည်။ ခုခံမှုအင်အားသည်လည်း တောင့်တင်းလာ၏။ အချိန်အခါကို လိုက်၍ သင့်တော်သော အချိန်တွင် အလုပ်ကိစ္စများကို ဆောင်ရွက်နိုင်သည်။

စိတ်တံခါးကို အမှတ်တရားနှင့်ပိတ်၍ လုံခြုံလျှင် နှုတ်တံခါး၊ ကိုယ်တံခါးသည်လည်း ပိုမို၍ လုံခြုံသွားသည်။ စိတ်တံခါးကို ရှုမှတ်၍ မကောင်းသည့်ဘက်တွင် ပိတ်ထားသည်နှင့် မကောင်းသည့် အကုသိုလ်ကံများ မဝင်လာနိုင်တော့ဘဲ၊ ကောင်းသည့်ဘက်က တံခါးပွင့်သွားကာ ကုသိုလ်ကံများ ဖြစ်လာနိုင်သည်။ နှုတ်တံခါးနှင့် ကိုယ်တံခါးသည်လည်း ကောင်းသည့်ဘက်က ပို၍ပွင့်လာပြီး မကောင်းသည့်ဘက်က ပို၍ ပိတ်သွားနိုင်သည်။

ရှုမှတ်နေစဉ်တွင်သာမဟုတ်၊ ရှုမှတ်ခြင်းကို ရပ်နား၍ ရိုးရိုး လုပ်ငန်းကိစ္စများကို ဆောင်ရွက် လုပ်ကိုင်နိုင်သော်လည်း ကောင်းသော တံခါးကို ပွင့်ပြီးသားဖြစ်၍၊ မကောင်းသော တံခါးများသည် ပိတ်ပြီးသား ဖြစ်နေသည်။

ထို့ကြောင့် မကောင်းသည့် ကိုယ်၊ နှုတ်၊ စိတ် တံခါးများ ပွင့်နေလျှင် အကုသိုလ်ကံ (၁၀)ပါး ဝင်လာနိုင်ပြီး၊ လောကီရေးရာတွင်လည်း အကျိုးကျေးဇူး ဆုတ်ယုတ်ပျက်ပြားနိုင်၍၊ လောကုတ္တရာရေး အတွက်လည်း အကျိုးမရနိုင်သည့်အပြင် သံသရာတွင် တရစ်ဝဲဝဲ လည်ပတ်နေကြရဦးမည် ဖြစ်သောကြောင့်၊ မကောင်းသည့်အကုသိုလ် တံခါးများ ပိတ်ပြီး၊ ကောင်းသည့် ကုသိုလ်တံခါးများ ပွင့်လင်းစေရန် သမာဓိလုပ်ငန်းကို တတ်အားသမျှ လေ့ကျင့်ထားကြရပေမည်။

## ဒါန၊ သီလ၊ ဘာဝနာ

ကာမကုသိုလ်ကံ (၃)ပါးကို တနည်းအားဖြင့် ဒါန၊ သီလ၊ ဘာဝနာဟူ၍ သုံးမျိုးခွဲနိုင်သည်။

### ဒါန

မိမိပိုင်ဆိုင်သော အရာတမျိုးမျိုးကို သူတပါးထံသို့ ရောက် အောင် ပေးပို့ခြင်းသည် ဒါနဖြစ်သည်။ ဤ၌ ပစ္စည်းဥစ္စာကို ပေးလှူမှသာမဟုတ်၊

ကျည်ီယိုင်းပင်းမှု၊ ခင်မင်ရင်း**နှီးမှု**ကို ပေးလျှင်လည်း ဒါန မည်နိုင်ပေမည်။ မိဘနှင့် သားသမီး၊ ဆရာနှင့်တပည့်၊ မိတ်ဆွေသင်္ဂဟ အချင်းချင်း တဦးနှင့် တဦး ခင်မင်ရင်းနှီးမှုကို ပေးကြခြင်းသည်လည်း ဒါနဖြစ်သည်။

တစ်ဦးနှင့်တဦး ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု အခွင့်အရေး ပေးခြင်းသည် ဒါနဖြစ်သည်ဟု ဆိုရာ၊ တဦးနှင့်တဦး ကိုယ်၏ အနှောင့် အယှက်၊ စိတ်၏အနှောင့် အယှက်မပေးမူ၍ ခင်မင်ရင်းနှီးစွာ ဆက်ဆံ ကြခြင်းသည်ပင်လျှင် ဒါန ဖြစ်ပေသည်။

ဒါနတွင် ရိုးရိုးဒါနလည်း ရှိ၍၊ ပရမဒါနလည်း ရှိသည်။ ရိုးရိုးဒါန သည် ပစ္စည်းဥစ္စာ အသုံးအဆောင်များ ပေးလှူခြင်းစသည့် ပစ္စယဒါနမျိုးဖြစ် သည်။ ပရမဒါနသည်ကား မြတ်သောဒါန ဖြစ်သည်။ ပရမဒါနကို တနည်း အားဖြင့် မဟာဒါနဟုလည်း ခေါ်ရာ ကြီးကျယ်မြင့်မြတ်သော ဒါနဖြစ်သည်။ မိမိနှင့်ဆက်ဆံနေရသူ၊ သူတပါးတို့အား အနှောင့်အယှက် မပေးမူ၍၊ ချမ်းသာခွင့် ပေးခြင်းသည် မြင့်မြတ်၏၊ ကျယ်ပြန့်သည်၊ ပစ္စည်းဥစ္စာ ပေးလှူခြင်းသည် လူတရာ၊ တစ်ထောင် စသည်ဖြင့် ကန့်သတ်ချက်ရှိသည်။ ချမ်းသာခွင့် ပေးခြင်းသည်ကား မြောက်မြားစွာသော သတ္တဝါတို့ကို ပေးစွမ်း နိုင်သဖြင့် အရေးအရာ ကျယ်ဝန်းသောကြောင့် မဟာဒါနဟူ ၍ခေါ်သည်။ သူတပါး၏ အသက်ကိုသတ်ခြင်းမှ ရှောင် ကြဉ်ပါ၏ ဟူ၍ ပါဏာတိပါတက် ကို စောင့်ထိန်းခြင်းသည် သူတပါး၏ အသက်ကို ချမ်းသာခွင့်ပေးထားသည် ဖြစ်သောကြောင့် မြင့်မြတ်သော ပရမဒါနဖြစ်သည်။

ပရမဒါနနှင့် ရိုးရိုးဒါနကို နှိုင်းယှဉ်သော် အကျိုးပေးခြင်းသည် မတူပေ။ ပစ္စည်းဥစ္စာကို ပေးလှူသော ပစ္စယဒါနသည် လူ့ပြည်၊ နတ်ပြည် မှာ အကျိုးပေနိုင်၏။ သတ္တဝါတို့အား ချမ်းသာခွင့်ကို ပေးသော မဟာဒါန သည်ကား လူ့ပြည်၊ နတ်ပြည်ပင်မက ရူပဗြဟ္မာ ဝေဟပ္ဖိုလ်ဘုံသို့ တိုင်အောင် ပင် အကျိုးပေးနိုင်သည်။

## သီလ

သီလဟူသည်မှာ အလေ့အကျင့် ဖြစ်သည်။ အလေ့အကျင့်တွင် မကောင်းသော အလေ့အကျင့် (ဒုဿီလ) နှင့် ကောင်းသော အလေ့အကျင့် (သုသီလ) ဟူ၍ နှစ်မျိုးရှိသည်။ မကောင်းသော ဒုဿီလ အလေ့အကျင့်ကို

ရှောင်ကြဉ်၍၊ ကောင်းသော သုသီလ အလေ့အကျင့်ကို ပြုလုပ်ရပေမည်။ ရှောင်သော အလေ့အကျင့်ကို ဝါရိတ္တသီလဟု ခေါ်၍၊ ပြုလုပ် ဆောင်ရွက်သော အလေ့ အကျင့်ကို စာရိတ္တသီလဟု ခေါ်သည်။

မကောင်းသော အလေ့အကျင့်များထဲတွင် မဟုတ်မမှန် လိမ်လည် ပြောဆိုခြင်း၊ ရိုင်းစိုင်း ကြမ်းတမ်းသည့် စကားများကို ပြောဆိုလေ့ကျင့်ခြင်း၊ အဖန်တလဲလဲ မကောင်းသည့် ယုတ်ညံ့သော စိတ်နေသဘောထားများ ထားရှိခြင်း၊ စိတ်ဆိုး စိတ်ညစ်လေ့ရှိခြင်း စသည်တို့ပါဝင်၍၊ ကောင်းသော အလေ့အကျင့်များထဲတွင် စာရေးစာဖတ် ကျင့်ခြင်း၊ စိတ်ကောင်း သဘော ကောင်း ထားရှိခြင်း၊ မေတ္တာစိတ်ရှိရန် လေ့ကျင့်ခြင်း စသည်တို့ ပါဝင်သည်။

မကောင်းသည့် အကုသိုလ်ကံ (၁၀)ပါးကို ရှောင်ကြဉ်ရမည် ဖြစ်ပြီး၊ ကောင်းသည့် ကုသိုလ်ကံများကို ပြုလုပ်ဆောင်ရွက်ရပေမည်။ မကောင်းသည့် အလေ့အကျင့်ကိုပြုလုပ်မိခဲ့၍ ပယ်ဖျက်လိုလျှင် ကောင်း သည့်အလေ့အကျင့်ကို ဆောင်ရွက်သော စာရိတ္တသီလကို များများ လေ့ကျင့်ပေးရမည်။

ဝါရိတ္တသီလ၊ စာရိတ္တသီလကို လေ့ကျင့်ပေးသောသူသည် သတိ ကောင်းသဖြင့် စီးပွားဉစ္စာပေါများခြင်း၊ ကောင်းသော ဂုဏ်သတင်း ထင်ရှား ကျော်စောခြင်း၊ ပရိသတ်အလယ်မှာ ရဲရင့်ခြင်း၊ မတွေမဝေ ညင်သာစွာ သေရ ခြင်း၊ သေပြီးနောက် နတ်ရွာသုဂတိသို့ ရောက်ရခြင်း ဟူသော အကျိုးငါးပါး ကို ရရှိခံစားနိုင်သည်။

## ဘာဝနာ

ဘာဝနာဟူသည် ပွားများခြင်း၊ တိုးပွားခြင်း၊ တိုးပွားအောင် ပြုလုပ် ခြင်းဖြစ်သည်။ သူတပါး အလှူလုပ်၍ မိမိက သွားရောက်ကူညီသော် ဒါနဖြစ်သည်။ သူတပါးအလှူလုပ်တိုင်း အမြဲကူညီနိုင်ရန် လေ့ကျင့်ခြင်းသည် သီလဖြစ်သည်၊ အလှူလုပ်တိုင်း ထပ်ကာထပ်ကာ ကူညီခြင်းသည် စိတ်ကို တိုးပွားအောင် ဆောင်ရွက်သော ဘာဝနာဖြစ်သည်။ ကူညီလိုသောအကျင့် တိုးပွားလာသည်။

ဒါန၊ သီလ၊ ဘာဝနာသည် သဘောချင်း များစွာမကွာခြား လှပေ။ အနု၊ အရင့်၊ အလေးအနက်သာ ကွာခြားသည်။ ပညာသင်ကြား ပေးခြင်းသည်

ဒါနဟူသော ကာမကုသိုလ်ကံဖြစ်၍၊ ပညာသင်ကြားပေးနိုင်ရန် အလေ့အကျင့်သည် သီလဟူသော ကာမကုသိုလ်ကံပင်ဖြစ်သည်။ ပညာပေးသည့် အလေ့အကျင့် ကျွမ်းကျင်ခြင်းသည်ကား ဘာဝနာဟူသော ကာမကုသိုလ်ကံ ဖြစ်သည်။

ဤကဲ့သို့ ဒါန၊ သီလ၊ ဘာဝနာ အားဖြင့်လည်း ကာမ ကုသိုလ်ကံများကို ခွဲခြားနိုင်သည်။

### ကာမကုသိုလ်ကံနှင့် စိတ်ကိုနှိုင်းယှဉ်၍ပြခြင်း

ကာမကုသိုလ်ကံသည် စိတ်အားဖြင့် မဟာကုသိုလ်စိတ် (၈)ပါး ပင်ဖြစ်သည်။

ကာမကုသိုလ်ကံများကို ကာယကံကုသိုလ်၊ ဝစီကံ ကုသိုလ်၊ မနောကံ ကုသိုလ်အားဖြင့် လည်းကောင်း၊ ဒါန၊ သီလ၊ ဘာဝနာ အားဖြင့် လည်းကောင်း၊ မဟာကုသိုလ်စိတ် (၈)ပါးအားဖြင့် လည်းကောင်း၊ ပုညကြိယာဝတ္ထု (၁၀)ပါး အားဖြင့် လည်းကောင်း ခွဲခြားနိုင်သည်။

**ပုညကြိယဝတ္ထု (၁၀)ပါး**

| | | |
|---|---|---|
| ပုည | .. | ကုသိုလ်၊ ကောင်းမှု |
| ကြိယ | .. | ပြုခြင်း၊ ပြုမှုပုံ |
| ဝတ္ထု | .. | အကြောင်းအရာ |
| ပုညကြိယဝတ္ထု | .. | ကုသိုလ်ကောင်းမှုပြုပုံအကြောင်းအရာ။ |

၁။ ဒါန
၂။ သီလ
၃။ ဘာဝနာ
၄။ အပစာယန
၅။ ဝေယျာဝစ္စ
၆။ ပတ္တိဒါန
၇။ ပတ္တာနုမောဒန
၈။ ဓမ္မဿဝန

၉။ ဓမ္မဒေသနာ
၁၀။ ဒိဋ္ဌိဇုကမ္မ

| | | |
|---|---|---|
| ၁။ ဒါန | .. | ပေးခြင်း၊ ပစ္စည်းဥစ္စာပေးခြင်း၊ ချမ်းသာခွင့်ပေးခြင်း၊ |
| ၂။ သီလ | .. | စောင့်ထိန်းသည့် အနေဖြင့် လေ့ကျင့် ခြင်း၊ |
| ၃။ ဘာဝနာ | .. | တိုးပွားခြင်း၊ တိုးပွားစေရန် ဆောင်ရွက်ခြင်း၊ |
| ၄။ အပစာယန | .. | အရိုအသေပေးခြင်း၊ |
| ၅။ ဝေယျာဝစ္စ | .. | ကောင်းသော အမှုကိစ္စကို ဆောင်ရွက် ခြင်း၊ |
| ၆။ ပတ္တိဒါန | .. | မိမိရရှိထားသော ကောင်းမှုကို သူတပါးအား ပေးခြင်း၊ အမျှဝေခြင်း။ |
| ၇။ ပတ္တာနုမောဒန | .. | သူများပြောသော ကောင်းမှုကို ဝမ်းမြောက်ခြင်း၊ |
| ၈။ ဓမ္မဿဝန | .. | တရားနည်းလမ်းကျကျ ပြောဆိုသော စကားကို နားထောင်ခြင်း၊ |
| ၉။ ဓမ္မဒေသနာ | .. | တရားနည်းလမ်းကျအောင် ညွှန်ကြားချက်ပေးခြင်း၊ တရားဟောခြင်း |
| ၁၀။ ဒိဋ္ဌိဇုကမ္မ | .. | ထင်မြင်ယူဆချက် ဖြောင့်မတ်စွာဖြင့် ပြုလုပ်ခြင်း၊ စိတ်ကိုဖြောင့်ဖြောင့်ထားခြင်း၊ |
| | .. | စိတ်ထားကောင်းခြင်း၊ မိမိ၏ပြုလုပ်ဆောင်ရွက်ချက်ကို အဖြောင့်ဆုံး ရွေးချယ်ထားခြင်း၊ |

## ကာမာဝစရကံ (၂၀)

ကာမဘုံ၌ဖြစ်သော ကာမာဝစရကံသည် ဒုစရိုက်ကံ (၁၀)ပါး နှင့် သုစရိုက်ကံ (၁၀)ပါး ဖြစ်သည်။ ဒုစရိုက်ကံ (၁၀)ပါးသည် အကုသိုလ်ကံ

(၁၀)ပါး ဖြစ်ပြီး၊ သုစရိုက်ကံ (၁၀)ပါးသည် ပုညကြိယဝတ္ထုကံ(၁၀)ပါး ဖြစ်သည်။ ပုညကြိယဝတ္ထုကံ (၁၀)ပါးကို ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ဆောင်ရွက်နိုင်သည်။

## ရူပကုသိုလ်ကံ (၅)ပါး

၁။ ပဌမဈာန် ရူပကုသိုလ် (၁) ပါး
၂။ ဒုတိယဈာန် ရူပကုသိုလ် (၁) ပါး
၃။ တတိယဈာန် ရူပကုသိုလ် (၁) ပါး
၄။ စတုတ္ထဈာန် ရူပကုသိုလ် (၁) ပါး
၅။ ပဥ္စမဈာန် ရူပကုသိုလ် (၁) ပါး

ရူပကုသိုလ်ကံ (၅)ပါးသည် ကာယကံ၊ ဝစီကံ နှစ်မျိုး၌ မရှိပေ၊ မနောကံ တမျိုးတည်း၌သာ ရှိသည်။ ဒါန၊ သီလကို ဆောင်ရွက်ခြင်းဖြင့် ရူပကုသိုလ်ကံ မပြောက်ပေ၊ ဘာဝနာ လုပ်ငန်းဖြင့်သာ ဆောင်ရွက်နိုင်သည်။

## အရူပကုသိုလ်ကံ (၄)ပါး

၁။ အာကာသာနဉ္စာယတန အရူပကုသိုလ်ကံ (၁) ပါး
၂။ ဝိညာဏဉ္စာယတန အရူပကုသိုလ်ကံ (၁) ပါး
၃။ အာကိဉ္စညာယတန အရူပကုသိုလ်ကံ (၁) ပါး
၄။ နေဝသညာနာသညာယတန အရူပကုသိုလ်ကံ (၁) ပါး

အရူပကုသိုလ်ကံ (၄)ပါး သည်လည်း ကာယကံ၊ ဝစီကံ နှစ်မျိုးကြောင့် မဖြစ်ပေါ်နိုင်ပေ။ မနောကံကြောင့်သာ ဖြစ်နိုင်သည်။ ဒါန၊ သီလကို ဆောင်ရွက်ခြင်းဖြင့် အရူပကုသိုလ်ကံ မပြောက်ပေ၊ ဘာဝနာ လုပ်ငန်းကို ဆောင်ရွက်မှသာ အရူပကုသိုလ်ကံ ဖြစ်ပြောက်နိုင်သည်။

ရူပကုသိုလ်ကံ (၅)ပါး ခြားနား ကွဲပြားခြင်းသည် ဈာန်အနိမ့်အမြင့်ကို လိုက်၍ ဖြစ်သည်။ အရူပကုသိုလ်ကံ (၄)ပါး ကွဲပြားပြားနား ခြင်းသည် အာရုံ (၄)မျိုးကို လိုက်၍ဖြစ်သည်။ အာကာသာန ဉ္စာယတန အရူပကုသိုလ်ကံသည် အကာသအာရုံကို အာရုံပြုသည်။ ဝိညာဏဉ္စာယတန အရူပကုသိုလ်ကံ

သည် ဝိညာဏ်အာရုံကို အာရုံပြုသည်။ အာကိဉ္စညာယတန အရူပကုသိုလ်ကံသည် နတ္ထိဘောပညတ် အာရုံကို အာရုံပြုသည်။ နေဝသညာနာသညာယတန အရူပကုသိုလ် ကံသည် နေဝသညာနာသညာအာရုံကို အာရုံပြုသည်။

## ကာမကံ၏အကျိုးပေးရာဘုံ

ကုသိုလ်ကံ၊ အကုသိုလ်ကံများ အကျိုးပေးရာတွင် ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုး ဟူ၍ အကျိုးနှစ်ပါးရှိသည်။

အကုသိုလ်စိတ် (၁၂)ပါး ရှိရာတွင် ဥဒ္ဓစ္စသမ္ပယုတ်စိတ်မှတပါး ကျန် (၁၁)ပါး သောစိတ်တို့ဖြင့် ပြုလုပ်ဆောင်ရွက်သော အကုသိုလ်ကံ (၁၀)ပါး ကြောင့် အပါယ်လေးဘုံ၌ ပဋိသန္ဓေနေရသောအကျိုးကို ပေးသည်။ ဥဒ္ဓစ္စသမ္ပယုတ်စိတ်သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ခြင်းမှာ ဥဒ္ဓစ္စစိတ်သည် ပျံ့လွင့်၍ အင်အားမရှိသောကြောင့် ဖြစ်သည်။

ဥဒ္ဓစ္စသမ္ပယုတ်စိတ်ပါဝင်သော အကုသိုလ်စိတ် (၁၂)ပါးစလုံးဖြင့် ပြုလုပ်သော အကုသိုလ်ကံများသည် ကာမ (၁၁)ဘုံ၊ အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံ၊ ပေါင်း (၂၆)ဘုံ၌ ပဝတ္တိကျိုးကို ပေးသည်။ ထိုကံများက အသက်ရှင်နေသည့် အခါ မကောင်းသော အာရုံများကို မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရစေရန် အကျိုးပေးသည်။ အသက်ရှင်နေစဉ် ရရှိသည့် အကျိုးကို ပဝတ္တိကျိုးဟု ခေါ်သည်။ ခေါင်းကိုက်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ဖျားနာခြင်း၊ မကျန်းမာခြင်း၊ စိတ်မကြည်လင်ခြင်း စသည့်အကျိုးများမှာ အကုသိုလ်ကံများ၏ ပဝတ္တိကျိုး ဖြစ်သည်။

အကုသိုလ်ကံ၏ အကျိုးသည် အပါယ်လေးဘုံတွင် အများဆုံး ဖြစ်နိုင်သည်။ အထက် ဘုံများသို့ကား တဖြည်းဖြည်း နည်းပါးသွား သည်။ အကနိဋ္ဌဗြဟ္မာဘုံတိုင်အောင်ပင် အကုသိုလ်ကံ၏ အကျိုးပေး ရောက်ရှိနိုင် သည်။ အပါယ်(၄) ဘုံမှာ ပဋိသန္ဓေကျိုး (၁)ပါးနှင့် ပဝတ္တိကျိုး (၇)ပါး ပေးနိုင်သည်။ ကာမသုဂတိ (၇)ဘုံမှာ ပဝတ္တိကျိုး (၇)ပါးသာ ပေးနိုင်သည်။ အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံမှာကား စက္ခု၊ သောတ၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏအားဖြင့် ပဝတ္တိကျိုး လေးပါးသာ ပေးစွမ်းနိုင်သည်။



အပါယ် (၄)ဘုံ

ကာမသုဂတိ(၇)ဘုံ -

ပဝတ္တိကျိုး(၇)ပါး

ရူပ (၁၅)ဘုံ၊ ပဝတ္တိကျိုး (၄) ပါး

ကာမကုသိုလ်ကံ (၁၀)ပါး၊ စိတ်အားဖြင့် မဟာကုသိုလ် (၈)ပါး တို့သည် ကာမသုဂတိ (၇)ဘုံ၌ ပဋိသန္ဓေကျိုးကိုပေးသည်။ ကာမရူပ (၂၆)ဘုံ၌ ပဝတ္တိကျိုးကို ပေးသည်။

ပဋိသန္ဓေအကျိုးပေးသောအခါတွင် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ (၁)ပါး၊ မဟာဝိပါက် (၈)ပါး၊ ပေါင်း (၉)ပါးသော စိတ်များနှင့် လူ့ဘုံ၊ စတုမဟာရာဇ်ဘုံ နှစ်ဌာနတွင် ပဋိသန္ဓေကျိုးကို ပေးသည်။ မဟာဝိပါက်စိတ် (၈)ပါးနှင့် တာဝတိံသာမှအထက် နတ်ပြည် (၅) ထပ်တွင် ပဋိသန္ဓေအကျိုးကို ပေးသည်။

စတုမဟာရာဇ် နတ်ဘုံမှ အချို့သော နတ်သားများသည် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသည်။ ကုသလ ဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသူသည် အမိဝမ်းမှစ၍ ကန်းသော၊ ပင်းသော၊ ဆွံ့သော၊ အ သော၊ ယောကျ်ား မိန်းမ မဟုတ် သော၊ ယောကျ်ား မိန်းမ ဟုတ်သော လူများနှင့် တစ္ဆေ၊ သူရဲ စသော အောက်တန်းစား စတုမဟာရာဇ်နတ်များ ဖြစ်နိုင်သည်။ ထိုပုဂ္ဂိုလ်များကို အဟိတ်ပုဂ္ဂိုလ်များဟု ခေါ်သည်။

မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် လေးပါးဖြင့် ပဋိသန္ဓေနေသူသည် ပင်ကိုယ်က ဉာဏ်ထိုင်းသောလူများ၊ နတ်ပြည်ခြောက်ထပ်ရှိ ဉာဏ်ထိုင်းသော နတ်များ ဖြစ်နိုင်သည်။ ထိုပုဂ္ဂိုလ်များကို ဒွိဟိတ်ပုဂ္ဂိုလ်ဟုခေါ်နိုင်သည်။

မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် (၄)ပါးဖြင့် ပဋိသန္ဓေနေသူ သည် ပင်ကိုယ်က ဉာဏ်ကောင်းသော လူများ၊ နတ်ပြည်ခြောက်ထပ်ရှိ ဉာဏ်ကောင်း သော နတ်များဖြစ်နိုင်သည်။ ထိုပုဂ္ဂိုလ်များကို တိဟိတ် ပုဂ္ဂိုလ်များဟု ခေါ်သည်။

ကာမကုသိုလ်ကံ၏ အကျိုးများတွင် ပဋိသန္ဓေ အကျိုးကို ပေးနိုင် **သောစိတ် (၉)ပါး** ရှိ၍၊ ပဝတ္တိအကျိုးကို ပေးနိုင်သောစိတ်သည် (၁၆)ပါး **ရှိသည်။ ပဋိသန္ဓေ** အကျိုးကို ပေးနိုင်သောစိတ် (၉)ပါးသည် ကုသလဝိပါက်

ဥပေက္ခာသန္တီရဏစိတ်နှင့် မဟာဝိပါက်စိတ် (၈) ပါး ဖြစ်သည်။ ပဝတ္တိကျိုးကို ပေးနိုင်သောစိတ် (၁၆)ပါးသည် အဟိတ် ကုသလဝိပါက်စိတ် (၈)ပါးနှင့် မဟာဝိပါက်စိတ် (၈) ပါးတို့ ဖြစ်သည်။

ဤသို့အားဖြင့် အကုသိုလ်စိတ် (၁၂)ပါးသည် အကုသိုလ် အကျိုး (၇)ပါးကို ကာမဘုံ၊ ရူပဘုံတို့၌ လည်းကောင်း၊ ကုသိုလ်စိတ် များသည် ကုသိုလ် အကျိုးများကို ကာမသုဂတိဘုံ၊ ရူပဘုံတို့ လည်းကောင်း၊ ထိုက်သင့်သည့် အားလျော်စွာ အကျိုးပေးကြသည်။

## တိဟိတ် ဥက္ကဋ္ဌ စသည်ကွဲပြားခြင်း

ကာမကုသိုလ် (၈)ပါး

တိဟိတ် (၄)ပါး ဒွိဟိတ် (၄)ပါး

ဥက္ကဋ္ဌ (၄) ဩမက (၄) ဥက္ကဋ္ဌ (၄) ဩမက (၄)

ကာမကုသိုလ် (၈)ပါးတွင် တိဟိတ်ကုသိုလ် (၄)ပါး၊ ဒွိဟိတ်ကုသိုလ် (၄)ပါး ပါဝင်သည်။ တိဟိတ်တွင်လည်း ဥက္ကဋ္ဌနှင့် ဩမက ဟူ၍ ကွဲပြားပြီး၊ ဒွိဟိတ်တွင်လည်း ဥက္ကဋ္ဌနှင့် ဩမက ကွဲပြားသည်။ ဥက္ကဋ္ဌဟူသည် အကြီးအကဲ၊ အားကြီးခြင်း၊ အားထက်မြက်ခြင်း ဖြစ်၍၊ ဩမကဟူသည် အားသေးခြင်း၊ စွမ်းရည် ထက်မြက်မှု မရှိခြင်းဖြစ်သည်။

အလုပ်ကိစ္စ တစ်ခုကို ဆောင်ရွက်သည့် အခါ၌ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာဟူ၍ စေတနာ (၃)ပါးနှင့် ညီညွတ်စွာ ဆောင်ရွက်သည်လည်း ရှိသည်။ စေတနာ ကပါးပါး ချို့ယွင်းစွာဖြင့် ဆောင်ရွက်သည်လည်း ရှိသည်။

ပုဗ္ဗစေတနာဟူသည် ကောင်းသောအမှုကိစ္စကို မဆောင်ရွက်မီ ကြိုတင်၍ ရေ့ပြေး လေ့လာထားခြင်း၊ စီစဉ်ထားခြင်း ဖြစ်သည်။ မုဉ္စစေတနာသည် ကောင်းသော အမှုကိစ္စကို အားကြိုးမာန်တက် ဆောင်ရွက် လုပ်ကိုင်ခြင်း ဖြစ်သည်။ မုဉ္စဟူသော စကား၏ အဓိပ္ပါယ်မှာ လွတ်ခြင်း၊ လွတ်ဆဲဖြစ်သည်။ ဆန့်ကျင်ဘက် အခွင့်အရေးများကို လွတ်ထားခြင်း ဖြစ်

သည်။ အပရစေတနာသည်ကား ကောင်းသော အမှုကိစ္စကို ဆောင်ရွက်ပြီး နောက် ပြန်လည်၍ ကြည့်ရှုကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။

**ဥပမာ** – ဒါနပြုသည့် ကိစ္စ၌ သူတပါးအား ပေးကမ်းရတော့မည်၊ အလှူပြုရတော့မည်ဟူ၍ ကြိုတင်၍ ဝမ်းမြောက်နေခြင်းသည် ပုဗ္ဗစေတနာ ဖြစ်သည်။ အလှူပေးနေစဉ် ဝမ်းမြောက် ဝမ်းသာဖြစ်၍ နေခြင်းသည် မုဥ္စစေတနာ ဖြစ်သည်။ အလှူပေးပြီးနောက်၌လည်း မိမိ အလှူပေးခဲ့သည် ကို ပြန်လည် ဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်းသည် အပရစေတနာ ဖြစ်သည်။

ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ အပရစေတနာတို့နှင့်ညီညွတ်၍ ထက်သန်စွာ ဆောင်ရွက်ပြုလုပ်လျှင် ဥက္ကဋ္ဌကံ ဖြစ်သည်။ ထိုစေတနာ သုံးပါးတွင် တပါးပါး ချို့ယွင်း၍ ထက်သန်မှု မရှိဘဲ ဆောင်ရွက်ပြုလုပ်လျှင် ဩမကကံ ဖြစ်သည်။ ဥက္ကဋ္ဌကံနှင့် ဩမကကံသည် တိဟိတ်တွင်လည်းကောင်း၊ ဒွိဟိတ်တွင် လည်း ကောင်း ကွဲပြားလျက် ရှိသည်။ ကာမကုသိုလ် တိဟိတ် စိတ် (၄)ပါးဖြင့် ဥက္ကဋ္ဌကံကို ဆောင်ရွက်လျှင် တိဟိတ် ဥက္ကဋ္ဌကံ (၄)ပါးဖြစ်၍၊ ကာမကုသိုလ် တိဟိတ်စိတ် (၄)ပါးဖြင့် ဩမကကံကို ဆောင်ရွက်လျှင် တိဟိတ် ဩမကကံ (၄)ပါးဖြစ်သည်။ ကာမကုသိုလ် ဒွိဟိတ်စိတ် (၄)ပါးဖြင့် ဥက္ကဋ္ဌကံကို ဆောင်ရွက်လျှင် ဒွိဟိတ် ဥက္ကဋ္ဌကံ (၄)ပါးဖြစ်၍၊ ကာမ ကုသိုလ် ဒွိဟိတ်စိတ် (၄)ပါးဖြင့် ဩမကကံကို ဆောင်ရွက်လျှင် ဒွိဟိတ်ဩမကကံ (၄)ပါးဖြစ်သည်။

ပြည့်စုံသော ချည်စဖြင့် ရက်လုပ်သောအထည်သည် အနံ အလျား ပြည့် ရရှိနိုင်၍၊ မပြည့်စုံသော ချည်စဖြင့် ရက်လုပ်သော အထည်သည် အနံအလျားပြည့် မရရှိနိုင်ပေ။ ထိုကဲ့သို့ပင် အောင်မြင်လေးနက်သော တိဟိတ် ဥက္ကဋ္ဌကံဖြင့် ဆောင်ရွက်လုပ်ကိုင်သော အလုပ်တို့မှာ အကျိုး ကျေးဇူးများစွာ ပေးစွမ်းနိုင်ပြီး လေးနက် ထက်သန်ခြင်း မရှိသော ဒွိဟိတ် ဩမကကံဖြင့် ဆောင်ရွက်လုပ်ကိုင်သော အလုပ်တို့မှာ အကျိုးကျေးဇူး ထိရောက်စွာ မပေးနိုင်ပေ။

လက်ခြေအင်္ဂါ စုံလင်ခြင်း မရှိဘဲ မွေးဖွားလာသူမှာ ဒွိဟိတ် ဩမကကံကို ပြုလုပ်ခဲ့မိသောကြောင့် ဖြစ်သည်။ တိဟိတ်စိတ်တွင် အလောဘ၊

အဒေါသ၊ အမောဟစေတသိက်များ ပါဝင်သောကြောင့် ဉာဏ်နှင့် ယှဉ်၏။ ဒွိဟိတ်စိတ်တွင် ဉာဏ်မပါပေ။ ဉာဏ်ပညာ မပါဘဲ အလုပ်ကိစ္စများကို ဆောင်ရွက်သော် အောင်မြင်မှုများစွာ မရနိုင်ပေ။ ဉာဏ်ပညာဖြင့်ယှဉ်၍ ဆောင်ရွက်သော် အောင်မြင်မှုများစွာ ရရှိနိုင်သည်။ အလုပ်ကိစ္စကို မဆောင် ရွက်မီကလည်း စိတ်ဝင်စား၍၊ ဆောင် ရွက်စဉ်တွင်လည်း စိတ်ဝင်စားကာ၊ ဆောင်ရွက်ပြီးသည့်နောက်၌လည်း စိတ်ဝင်စားနေပါက အကျိုးများစွာ ရရှိနိုင် သည်။ ထို့ကြောင့် ကောင်းသော မည်သည့်လုပ်ငန်းကိုမဆို ဆောင်ရွက်ရာ တွင် တိဟိတ်ဥက္ကဋ္ဌကံဖြင့် ဆောင်ရွက်ရပေမည်။

ကာမကုသိုလ်ကံ (၈)ပါး

| တိဟိတ်ကံ (၄) → ဥက္ကဋ္ဌ(၄) | တိဟိတ်ကံ (၄) → ဩမက(၄) ; ဒွိဟိတ်ကံ (၄) → ဥက္ကဋ္ဌ (၄) | ဒွိဟိတ်ကံ (၄) → ဩမက(၄) |
|---|---|---|
| ကာမတိဟိတ် | ကာမဒွိဟိတ် | သုဂတိအဟိတ် |
| ပဋိသန္ဓေ(၄)ပါး | ပဋိသန္ဓေ(၄)ပါး | ပဋိသန္ဓေ(၁)ပါး |
| ကာမသုဂတိ(၇)ဘုံ | ကာမသုဂတိ(၇)ဘုံ | လူ့ဘုံနှင့်စတုမဟာရာဇ်ဘုံ |
| ↓ | ↓ | ↓ |
| ပဝတ္တိကျိုး | ပဝတ္တိကျိုး | ပဝတ္တိကျိုး |
| ဝိပါက်စိတ်(၁၆)ပါး | ဝိပါက်စိတ်(၁၂)ပါး | ကုသလဝိပါက်စိတ်(၈)ပါး |
| ဘုံ (၂၆)ဘုံ | ဘုံ (၂၆)ဘုံ | ဘုံ (၂၆)ဘုံ |

ဉာဏ်နှင့်ယှဉ်၍ စနစ်တကျ အလုပ်လုပ်သော် တိဟိတ်ကံ ဖြစ် သည်။ ထိုမှ ပိုမို၍ဂရုတစိုက် ဉာဏ်ဖြင့် ပြုလုပ်ဆောင်ရွက်သော် တိဟိတ် ဥက္ကဋ္ဌကံ ဖြစ်သည်။ တိဟိတ်ဥက္ကဋ္ဌကံ အလုပ်များသည် အကျိုးကျေးဇူး များစွာ ပေးနိုင် သည်။

တိဟိတ်ဥက္ကဋ္ဌကံက ကာမတိဟိတ် ပဋိသန္ဓေ အကျိုးကို ပေးသည်။ လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ် (ကာမသုဂတိ (၇)ဘုံ ) တို့တွင် မဟာဝိပါက်

ဉာဏသမ္ပယုတ်စိတ် (၄)ပါးဖြင့် ပဋိသန္ဓေ နေနိုင်သည်။ ပဝတ္တိ အကျိုးအားဖြင့် အပါယ်လေးဘုံနှင့် အသညသတ်ဘုံမှတပါး ကျန်သော (၂၆)ဘုံ၌ ရရှိနိုင်သည်။ အဟိတ်ကုသလ ဝိပါက်စိတ် (၈)ပါးနှင့် မဟာဝိပါက်စိတ် (၈)ပါး ဖြစ်နိုင်သည်။

တိဟိတ်ဩမကကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌကံများသည် ကာမဒွိဟိတ် ပဋိသန္ဓေ အကျိုးကိုပေးသည် လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ် (ကာမ သုဂတိ (၇)ဘုံ) တွင် မဟာဝိပါကဉာဏ ဝိပ္ပယုတ် (၄) ပါးဖြင့် ပဋိသန္ဓေ နေနိုင်သည်။ ပဝတ္တိအကျိုးအားဖြင့် ကုသလဝိပါက်စိတ် (၈)ပါးနှင့် မဟာဝိပါက ဉာဏဝိပ္ပယုတ်စိတ် (၄)ပါး ဖြစ်နိုင်သည်။ ကာမသုဂတိ (၇)ဘုံနှင့်၊ အသညသတ်ကြဉ်သော ဗြဟ္မာဘုံ (၁၉)ဘုံ၊ ပေါင်း (၂၆)ဘုံတွင် ဖြစ်နိုင်သည်။

ဒွိဟိတ်ဩမကကံသည် သုဂတိအဟိတ်ပဋိသန္ဓေ အကျိုးကိုပေးနိုင်သည်။ လူဘုံနှင့် စတုမဟာရာဇ်နတ်ဘုံတွင် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ နေနိုင်သည်။ ပဝတ္တိ အကျိုးအားဖြင့် ကုသလ ဝိပါက် (၈)ပါးနှင့် (၂၆)ဘုံတွင် ဖြစ်နိုင်သည်။



သက်ရှိသတ္တဝါများသည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အလုပ်ကိစ္စများကို ဆောင်ရွက်နေကြသည်။ ကံဟူသည်မှာ အလုပ်ပင် ဖြစ်သည်။ အလုပ်ကိစ္စများကို ဆောင်ရွက်ရာ၌ သေချာစွာ သိမြင်ပြီး၍ လုပ်ကိုင်သည်လည်း ရှိ၍၊ မသိမမြင်ဘဲ မှန်းဆ ရမ်းရော်၍ ဆောင်ရွက် လုပ်ကိုင်သည်လည်း ရှိလေသည်။ သေချာစွာ သိမြင်သည်ဟု ဆိုရာ၌လည်း အဖြစ်မှန် စင်စစ်ကို သိမြင်သည်လည်း ရှိ၍၊ မှားသော အထင်အမြင်လည်း ရှိပေမည်။ ဤ၌ အဖြစ်မှန်ကို တကယ်သိမြင်၍ ဆောင်ရွက် ခြင်းသည် အလုပ်ကောင်းဖြစ်၍၊ အမြင်မှားနှင့် ဆောင်ရွက်ခြင်းသည် အလုပ်ဆိုး ဖြစ်ပေသည်။ မသိမမြင်မှန်းဆ၍ ဆောင်ရွက်ရာ၌လည်း အခြေအနေမှန်နှင့် ထင်ဟပ်မိ၍ အလုပ်ကောင်းလည်း ရှိနိုင်ပြီး၊ မှားယွင်း ချွတ်ချော်သော အလုပ်ဆိုးလည်း ရှိနိုင်သည်။ အလုပ်ကိစ္စ တစ်ခုကို သိမြင်၍ ဆောင်ရွက်သည် ဖြစ်စေ၊ မသိမြင်ဘဲ မှန်းဆ၍ ဆောင်ရွက်သည် ဖြစ်စေ အလုပ်ဆိုးသည် အကျိုးကျေးဇူးကောင်းကို မပေးနိုင်ပေ။ အလုပ် ဆိုးသည့်အလျောက် ဆိုးသော၊ မကောင်းသော အကျိုးကိုသာ ပေးနိုင်သည်။

အမြင်မှန်နှင့် ဆောင်ရွက်သော အလုပ်ကောင်းနှင့် မမြင်ဘဲ မှန်းဆ၍ ဆောင်ရွက်သော အလုပ်ကောင်းတွင် ထက်ထက်သန်သန် အလေး အနက် ဆောင်ရွက်သော အလုပ်ကြီးနှင့် သာမန်မျှသာ ဆောင်ရွက်သော အလုပ်သေး ဟူ၍ နှစ်မျိုး ကွဲပြားနိုင်သည်။ မှန်ကန်သော အမြင်နှင့် ထက်သန်သော အလုပ်ကြီးကို ဆောင်ရွက်လျှင် အကျိုးကြီး ရရှိနိုင်သည်။ ယခုဘဝအတွက် သော်လည်းကောင်း၊ နောင်ဘဝများအတွက်သော် လည်းကောင်း၊ အကျိုး ကျေးဇူးများကို မြင့်မားစွာ ရရှိနိုင်သည်။ အမြင်မှန်နှင့် သာမန်အလုပ်ကောင်း ကို ဆောင်ရွက်လျှင်သော် လည်းကောင်း၊ မသိမမြင်ဘဲ ကောင်းသည့် ထက်သန်သော အလုပ်ကြီးကို ဆောင်ရွက်လျှင်သော် လည်းကောင်း၊ သင့်တော်သော အကျိုးလတ်ကို ရရှိနိုင်သည်။ မသိမမြင်ဘဲ သာမန်အလုပ် ကောင်းကို ဆောင်ရွက်လျှင် ယခုဘဝ၊ နောင်ဘဝများတွင် တော်ရုံမျှသော အကျိုးကို ပေးနိုင်သည်။

ထို့ကြောင့် အလုပ်ကိစ္စများကို ဆောင်ရွက်ရာတွင် အဖြစ်မှန်ကို သေချာစွာ သိရှိပြီး ကောင်းသောအလုပ်ကို ထက်သန်စွာ ဆောင်ရွက် ပြုလုပ်သော် ကြီးကျယ်နိုင်ခဲ့သော အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

အလုပ်ကိစ္စများကို ဆောင်ရွက်ရာတွင် မှန်ယောင်နှင့် မှားသည်လည်း ရှိ၍ မှားယောင်နှင့် မှန်သည်လည်းရှိသည်။ မှန်ယောင်နှင့် မှားခြင်းသည် ဖြေရှင်းရန် ခက်ခဲလှသည်။ မှန်ယောင်နှင့် တကယ်မှန်ခြင်း သည်လည်း ကောင်း၊ မှားယောင်နှင့် တကယ်မှန် ခြင်းသည်လည်းကောင်း သမ္မာဒိဋ္ဌိဖြစ်သည်။ မှားယောင်နှင့် မှားခြင်းသည် လည်းကောင်း၊ မှန်ယောင်နှင့် မှားခြင်းသည် လည်းကောင်း မိစ္ဆာဒိဋ္ဌိဖြစ်သည်။

အသက်အရွယ် အလွန်နုနယ်သေးသော ကလေးများတွင် အချို့မှာ ကျောင်းနေရ၍ ပညာသင်ကြားကြ၏။ အချို့မှာ ဈေးရောင်းရ၍ လက်လုပ်လက်စား လုပ်ကိုင်စားသောက် နေရသည်။ ဤသူတို့တွင် မည်သူက မှန်ကန်သနည်းဟူ၍ဆိုသော် အခြေအနေအရ လက်ငင်း ပိုက်ဆံရသူများကို မှန်သည်ဟု ဆိုရပေမည်။ သို့ရာတွင် ကျောင်းနေ၍ ပညာသင်ကြားနေရသူများသည် နောင်တနေ့တွင် ထိပ်တန်းသို့ ရောက်ရှိ ပေမည်။ ငယ်ရွယ်စဉ်ကပင် ဈေးရောင်း၍ အသက်မွေး ဝမ်းကြောင်းသော ကလေးများသည် ပညာဉာဏ် မပါပေ၊ ဝီရိယဖြင့် အလုပ်လုပ်သည်။ ဉာဏဝိပ္ပယုတ်ဖြစ်လေသည်။ ကျောင်းနေ၍ ပညာသင်ယူသော ကလေးသည်ကား ဉာဏ်နှင့်ယှဉ်၍ စာသင်ကြားရသောကြောင့် ဉာဏသမ္ပယုတ် ဖြစ်သည်။ ငယ်စဉ်က ဈေးရောင်းရသော ကလေး၏ အကျိုးမှာ အားပျော့ ၏။ ပညာသင်သော ကလေး၏ အကျိုးမှာ အားပြင်း၏။ အားပျော့သော အကျိုးမှာ ချက်ခြင်းမြန်ဆန်စွာ ဖြစ်ပေါ်လာသော်လည်း ကြာကြာမခံပေ။ အားပြင်းသော အကျိုးမှာ ချက်ခြင်းမြန်ဆန်စွာ ဖြစ်ပေါ် မလာသော်လည်း၊ ကြာမှလာ၍ အချိန်ကြာကြာလည်း အကျိုးပေးသည်။

အချို့သော ပြုလုပ်ဆောင်ရွက်ချက်များသည် အကျိုးမြန်မြန် ရလွယ်၏။ သို့သော် ကြာရှည်မခံပေ။ အချို့သော ပြုလုပ်ဆောင်ရွက်ချက်များသည် အကျိုးမြန်မြန် ရခဲ၏။ သို့သော် ရလျှင်ကား ကြာရှည်ခံသည်။ ဉာဏ်နှင့်ယှဉ်၍ ဆောင်ရွက်ရသော အလုပ်ကိစ္စများ၏ အကျိုး သည် တာရှည်ခံနိုင်လေသည်။

## ရူပကံ၏ အကျိုးပေးရာဘုံ*

ရူပကံသည် ရူပဘုံများ၌ များသောအားဖြင့် ဖြစ်သော ရူပါဝစရ ကုသိုလ်စိတ်ဖြင့် ပြုလုပ်သော အလုပ်ဖြစ်သည်။

အကုသိုလ်စိတ်သည် (၁၂)ပါးဖြစ်၍၊ ဒုစရိုက်ကံသည် (၁၀) ပါး ဖြစ်သည်။ ကာယကံ၊ ဝစီကံ၊ မနောကံ (၃)ပါးဖြင့် အကုသိုလ်ကံကို ကြံစည် ပြောဆို ပြုမူနိုင်သည်။ မဟာကုသိုလ်စိတ်သည် (၈)ပါး ဖြစ်၍၊ သုစရိုက် ကံသည် (၁၀)ပါးရှိသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ (၃)ပါး တို့ဖြင့် ကြံစည်ပြောဆို ပြုမူနိုင်ပါသည်။

ရူပကံသည်ကား စိတ်အားဖြင့် ရူပကုသိုလ်စိတ် (၅)ပါးသာ ဖြစ် သည်။ ဈာန်အားဖြင့် ပဌမဈာန်မှ ပဉ္စမဈာန်ထိဈာန် (၅)ပါးပင် ဖြစ်သည်။ ရူပကံကို ကာယကံ၊ ဝစီကံတို့နှင့် ပြောဆိုပြုမူ ဆောင်ရွက်၍ မရပေ။ မနောကံ တခုတည်းဖြင့်သာ ဆောင်ရွက်နိုင်သည်။ ရူပကုသိုလ်ကံကို ကာယကံ၊ ဝစီကံ တို့ဖြင့် မဆောင်ရွက်နိုင်မူ၍ မနောကံ တခုတည်းဖြင့် ဆောင်ရွက်နိုင်ခြင်းမှာ ရူပကံသည် သိမြင်ရန် ခဲယဉ်းသောကြောင့် ဖြစ်သည်။ ရုပ် (၈)ခု ပေါင်းထား သော အဋ္ဌက ကလာပ်ထက်ပင် နူးညံ့သည်။ အလွန် နူးညံ့သိမ်မွေ့သော ဘာဝနာ လုပ်ငန်းဖြစ်သောကြောင့် ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်း ကောင်း ဆောင်ရွက်၍ မရပေ။ စိတ်ဖြင့်သာ ဆောင်ရွက်၍ ရသည်။ ထို့ကြောင့် ရူပကံတွင် မနောကံ တမျိုးတည်းသာ ရှိသည်။

ပဌမဈာန် ရူပကုသိုလ်ကံကို ဆောင်ရွက်ပွားများသော အခါအယုတ်၊ အလတ်၊ အမြတ် ဟူ၍ အဆင့် (၃)ဆင့် ရှိနိုင်သည်။ အနည်းငယ် ပွားများခြင်း သည် အယုတ်၊ အတော်အသင့် အလတ်စား ပွားများခြင်းသည် အလတ်၊ အများဆုံး ပွားများခြင်းသည် အမြတ် ဖြစ်သည်။

ပဌမဈာန် ရူပကုသိုလ်စိတ်ကို အနည်းငယ် ပွားများလျှင် ပဌမ ဈာန်ဝိပါက်စိတ်နှင့် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။ ပဌမဈာန် ရူပကုသိုလ်စိတ်ကို အလတ်စားဖြင့် သင့်တော်ရုံမျှ ပွားများလျှင် ပဌမဈာန်ဝိပါက်စိတ်နှင့် ဗြဟ္မပုရောဟိတာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေး သည်။ ပဌမဈာန် ရူပကုသိုလ်စိတ်ကို အများဆုံး ပွားများလျှင် ပဌမဈာန် ဝိပါက်စိတ်နှင့် မဟာဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။

ဒုတိယရျာန် ရူပကုသိုလ်ကိုဖြစ်စေ၊ တတိယရျာန် ရူပကုသိုလ်ကို ဖြစ်စေ၊ အနည်းငယ် ပွားများလျှင် ဒုတိယရျာန် ဝိပါက်နှင့်သော်လည်း ကောင်း၊ တတိယ ရျာန်ဝိပါက်စိတ်နှင့်သော် လည်းကောင်း၊ ပရိတ္တာဘာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။ ဒုတိယ ရျာန်ရူပကုသိုလ်နှင့် တတိယရျာန် ရူပကုသိုလ်နှစ်ပါးကို အလတ်စား ပွားများလျှင် ဒုတိယ ရျာန်ဝိပါက်စိတ်နှင့် သော် လည်းကောင်း၊ တတိယ ရျာန်ဝိပါက်စိတ်နှင့်သော် လည်းကောင်း၊ အပ္ပမာဏာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။ ဒုတိယရျာန် ရူပကုသိုလ် နှင့် တတိယ ရျာန် ရူပကုသိုလ်နှစ်ပါးကို အများဆုံး ပွားများလျှင် ဒုတိယ ရျာန်ဝိပါက်စိတ်ဖြင့်သော် လည်းကောင်း၊ တတိယ ရျာန်ဝိပါက်စိတ်ဖြင့်သော် လည်းကောင်း အာဘဿရာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။

ဒုတိယရျာန် ရူပကုသိုလ်နှင့် တတိယရျာန် ရူပကုသိုလ်သည် ရျာန် အင်္ဂါအားဖြင့် လေးပါးနှင့် သုံးပါး ကွဲပြားနေသောကြောင့် စိတ်ချင်း ကား မတူပေ။ သို့သော် စွမ်းရည်ခြင်းကား တူညီကြသည်။ ထို့ကြောင့် ဒုတိယရျာန် ရူပကုသိုလ်ကြောင့်ဖြစ်စေ၊ တတိယရျာန် ရူပကုသိုလ် ကြောင့်ဖြစ်စေ ဒုတိယရျာန် ရူပဘုံ (၃)ဘုံဖြစ်သော ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာဘုံများတွင် ဖြစ်နိုင်သည်။

စတုတ္ထရျာန် ရူပကုသိုလ်စိတ်ကို အနည်းငယ် ပွားများလျှင် စတုတ္ထ ရျာန် ဝိပါက်စိတ်နှင့် ပရိတ္တသုဘာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။ စတုတ္ထရျာန် ရူပကုသိုလ်စိတ်ကို အလတ်စား ပွားများ လျှင် စတုတ္ထရျာန် ဝိပါက်စိတ်နှင့် အပ္ပမာဏ သုဘာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။ စတုတ္ထရျာန် ရူပကုသိုလ်စိတ်ကို အများဆုံး ပွားများလျှင် စတုတ္ထရျာန် ဝိပါက်စိတ်နှင့် သုဘကိဏှာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။

ပဉ္စမရျာန် ရူပကုသိုလ်စိတ်ကို ပွားများသူတို့တွင် ပုထုဇဉ်ဖြစ်မူ ပဉ္စမရျာန် ဝိပါက်စိတ်နှင့် ဝေဟပ္ဖိုလ်ဘုံ၌ ဗြဟ္မာဖြစ်စေရန်အကျိုး ပေးသည်။ သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်များကိုလည်း ဝေဟပ္ဖိုလ်ဘုံ၌ပင် ပဉ္စမရျာန်ဝိပါက်စိတ်နှင့် ဗြဟ္မာဖြစ်စေရန်အကျိုး ပေးသည်။ အနာဂါမ် ပုဂ္ဂိုလ်ဖြစ်လျှင်မူကား ပဉ္စမရျာန်ဝိပါက် စိတ်နှင့် သုဒ္ဓါဝါသငါးဘုံ၌ ဗြဟ္မာဖြစ် စေရန် အကျိုးပေးသည်။

အနာဂါမ်ပုဂ္ဂိုလ်များသည် သုဒ္ဓါဝါသ ငါးဘုံသို့ ရောက်ရာ၌ သဒ္ဓိန္ဒြေ ရင့်ကျက်သူသည် အဝိဟာဘုံသို့လည်းကောင်း၊ ဝီရိယိန္ဒြေ ရင့်ကျက်သူသည် အတပ္ပါဘုံသို့ လည်းကောင်း၊ သတိန္ဒြေ ရင့်ကျက်သူသည် သုဒဿာဘုံသို့ လည်းကောင်း၊ သမာဓိန္ဒြေ ရင့်ကျက်သူသည် သုဒဿီဘုံသို့ လည်းကောင်း၊ ပညိန္ဒြေ ရင့်ကျက်သူသည် အကနိဋ္ဌ ဘုံသို့ လည်းကောင်း အသီးသီးရောက်နိုင်သည်။

ပဉ္စမဈာန် ရူပကုသိုလ်စိတ်ကိုပင် သညာကင်းအောင် အားထုတ်၍ စိတ်ပျောက်သွားစေရန် ပွားများသူသည် စိတ်မပါတော့ဘဲ ဇီဝိတနဝက ကလာပ်ရုပ်ဖြင့် အသညသတ်ဘုံ၌ ဖြစ်ပွားဖြစ်စေရန် အကျိုးပေးနိုင်သည်။

## အရူပကံ၏ အကျိုးပေးရာဘုံ

အရူပါဝစရ ကုသိုလ်စိတ်ကိုလည်း အစဉ်အတိုင်း ပွားများလျှင်အရူပဘုံတို့၌ အသီးသီး ဖြစ်ပွားဖြစ်နိုင်သည်။

အာကာသာနဉ္စာယတန ကုသိုလ်ကိုပွားများလျှင် အာကာသာနဉ္စာယတနဝိပါက်စိတ်ဖြင့် အာကာသာနဉ္စာယတနဘုံ၌ ဖြစ်ပွားဖြစ်စေရန် အကျိုးပေးသည်။ ဝိညာဏဉ္စာယတန ကုသိုလ်ကို ပွားများလျှင် ဝိညာဏဉ္စာယတန ဝိပါက်စိတ်ဖြင့် ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်ပွားဖြစ်စေရန် အကျိုးပေးသည်။ အာကိဉ္စညာ ယတနကုသိုလ်ကို ပွားများလျှင်၊ အာကိဉ္စညာယတန ဝိပါက်စိတ်ဖြင့် အာကိဉ္စညာယတနဘုံ၌ ဖြစ်ပွားဖြစ်စေရန် အကျိုးပေးသည်။ နေဝသညာနာသညာယတန ကုသိုလ်ကို ပွားများလျှင်၊ နေဝသညာနာသညာယတနဝိပါက်စိတ်ဖြင့် နေဝသညာနာသညာ ယတနဘုံ၌ ဖြစ်ပွားဖြစ်စေရန် အကျိုးပေးသည်။

## စုတိ ပဋိသန္ဓိက္ကမ

| | | |
|---|---|---|
| စုတိ | .. | သေခြင်း |
| ပဋိသန္ဓိ | .. | ပဋိသန္ဓေနေခြင်း |
| ကမ | .. | အစဉ် |

## သေခြင်း (၄) မျိုး

| | | |
|---|---|---|
| ၁။ အာယုက္ခယ | .. | အသက်တမ်းကုန်၍ သေခြင်း၊ |
| ၂။ ကမ္မက္ခယ | .. | ကံကုန်၍သေခြင်း၊ |
| ၃။ ဥဘယက္ခယ | .. | အသက်တမ်းနှင့် ကံနှစ်ပါးစုံကုန်၍ သေခြင်း၊ |
| ၄။ ဥပစ္ဆေဒကကံ | .. | အခြားကံတပါးပါးဖြတ်၍သေခြင်း၊ |

### ၁။ အာယုက္ခယ

အာယု + ခယ

| | | |
|---|---|---|
| အာယု | .. | သက်တမ်း၊ |
| ခယ | .. | ကုန်ခန်းခြင်း |

အသက်တမ်းစေ့ နေထိုင်ပြီး၊ အသက်တမ်းကုန်ခန်းသော ကြောင့် သေရခြင်းမျိုးကို အာယုက္ခယဟုခေါ်သည်။ လူတို့၏ အသက်တမ်းသည် (၁၀၀) ဖြစ်လျှင် အသက် (၁၀၀) နီးပါး နေထိုင်ရပြီး သေသွားလျှင် အသက်တမ်းကုန်၍ သေခြင်းဖြစ်သည်။

### ၂။ ကမ္မက္ခယ

ကမ္မ + ခယ

| | | |
|---|---|---|
| ကမ္မ | .. | ကံ |
| ခယ | .. | ကုန်ခန်းခြင်း |

အသက်တမ်း (၁၀၀) ဖြစ်သော်လည်း အသက်အားဖြင့် (၁၄)နှစ်၊ (၁၅)နှစ်အရွယ်၊ (၂၀) (၂၅) နှစ်အရွယ်တွင် သေသော် ကံကုန်၍ သေခြင်း ဖြစ်သည်။

### ၃။ ဥဘယက္ခယ

ဥဘယ + ခယ

| | | |
|---|---|---|
| ဥဘယ | .. | အသက်တမ်း၊ ကံ နှစ်ပါးလုံး |
| ခယ | .. | ကုန်ခန်းခြင်း |

အသက်တမ်းရော၊ ကံပါ ကုန်ခန်း၍ သေဆုံးလျှင် ဥဘယက္ခယ ဟု ခေါ်သည်။ အသက် (၁၀၀) တမ်းဖြစ်လျှင် ကံကလည်း အသက် (၁၀၀) နီးပါး နေနိုင်စေသည်။ အသက်တမ်းလည်း ပြည့်စုံ၊ ကံလည်းပြည့်စုံ၍ နှစ်ပါးစုံသောကြောင့် သေရခြင်းသည် (၄)မျိုးတွင် အကောင်းဆုံးသော သေခြင်းမျိုး ဖြစ်သည်။

၄။ ဥပစ္ဆေဒကကံ

ဥပစ္ဆေဒက + ကမ္မ

ဥပစ္ဆေဒက .. ဖြတ်ခြင်း

ကမ္မ .. ကံ

အသက်တမ်းလည်းရှိသေး၏။ ကံကလည်းမကုန်သေး၊ ရှိသေးသည်။ သို့သော် အခြားသောကံတပါးပါးက နှောင့်ယှက် ဖြတ်တောက်၍ သေခြင်းသည် ဥပစ္ဆေဒကကံဖြစ်သည်။

လူတစ်ယောက် သေခြင်းကို ဆီမီးတောက်ငြိမ်းခြင်း ဥပမာနှင့် တင်စား၍ ရေးသားထားကြသည်။ ဆီမီးခွက်တွင် ဆီကုန်လျှင် မီးစာကျန်သေးသော်လည်း မီးငြိမ်းနိုင်သည်။ မီးစာကုန်လျှင် ဆီကျန်သေးသော်လည်း မီးငြိမ်းနိုင်သည်။ မီးစာနှင့် ဆီနှစ်မျိုးကုန်လျှင်လည်း မီးငြိမ်းနိုင်သည်။ မီးစာလည်းမကုန်သေး၊ ဆီလည်းမကုန်သေး၊ သို့သော် လေတိုက်၍လည်း မီးငြိမ်းနိုင်သည်။

လူ့လောကထဲတွင် အချို့မှာ အလွန်ငယ်ရွယ်စဉ်ကပင် သေဆုံးကြသည်။ အချို့မှာအရွယ်လတ်ပိုင်းတွင် သေဆုံး၏။ အချို့မှာ အသက်ကြီးမှ သေဆုံးကြရသည်။ အသက်အရွယ်အားဖြင့် (၇၀)၊ (၈၀)၊ (၉၀) အတွင်းတွင် သေဆုံးကြသူများကို အာယုက္ခယ အသက်တမ်းကုန်၍ လည်းကောင်း၊ ဥဘယက္ခယ အသက်တမ်းရော၊ ကံရော ကုန်၍ လည်းကောင်း၊ သေသည်ဟု ဆိုနိုင်သည်။ ငယ်ရွယ် နုနယ်စဉ်အခါသော်လည်းကောင်း အလတ်ပိုင်းတွင် လည်းကောင်း သေဆုံးသောသူများကို ကမ္မက္ခယ ကံကုန်သောကြောင့်လည်းကောင်း၊ ဥပစ္ဆေဒက အကုသိုလ်ကံတပါးပါးက ဖြတ်သောကြောင့် လည်းကောင်း သေသည်ဟု ဆိုနိုင်သည်။

လူ့ဘဝသက်တမ်းတလျှောက်တွင် ကျန်းမာ၍ အသက်ရှည်နေသူ **သည်**လည်း ရှိသည်။ အာဟာရနှင့်ရာသီဥတုကိုအမှီပြု၍ နေရသူများသည် အစာအာဟာရနှင့်ရာသီဥတုကို ဂရုမစိုက် မပြုပြင်၍ နေမှု အသက်ဆုံးရှုံးနိုင်သည်။ **အစာ**အာဟာရနှင့် ရာသီဥတုကို လေ့လာပြုပြင်၍ ကျန်းမာစွာနေရသူသည် အသက်အရွယ်ငယ်စဉ်ကပင် သေဆုံးသော် မျိုးစေ့ကံကုန်သောကြောင့် ဖြစ်သည်။ မိမိ၏ ခန္ဓာကိုယ်ကို စိတ်၊ ဥတု၊ အာဟာရ တို့ဖြင့်မည်မျှပင် ပြုစုပျိုးထောင်သော်လည်း ကံကုန်သော် မတည်တံ့နိုင်တော့ပေ။

သူတပါးက သတ်ဖြတ်ဖျက်ဆီးခြင်း၊ သေနတ်၊ ဒါး စသည့် လက်နက်များဖြင့် ထိမိ၍ သေရခြင်း၊ အစားအသောက်၊ အနေအထိုင် မသင့် လျော်၍ သေရခြင်း စသည့် သေခြင်းမျိုးသည် ကံတပါးပါးက ဖျက်ဆီး၍ သေရသောကြောင့် ဥပစ္ဆေဒကကံမျိုးဖြစ်သည်။

သေခြင်း (၄)မျိုးတွင် ဥပစ္ဆေဒကကံဖြင့် သေခြင်းကို ရှောင်လွှဲ ဖယ်ရသော်လည်း ကျန်သော သေခြင်း (၃)မျိုးကို ရှောင်လွှဲဖယ်၍ မရပေ။ ဥပစ္ဆေဒကကံကြောင့် သေရခြင်းမျိုးကို ကောင်းမှုလုပ်ငန်းတို့ဖြင့် ဖြေဖျောက်ပစ်နိုင်သည်။

ဖြစ်ပြီးသော မကောင်းမှုများကို ပယ်ဖျောက်ခြင်း၊ မဖြစ်ရ သေးသော မကောင်းမှုများကို မဖြစ်စေရန် တားမြစ်ခြင်း၊ ဖြစ်ပြီးသော ကောင်းမှုများကို တိုးပွားစေရန် ဆောင်ရွက်ခြင်း၊ မဖြစ်ရ သေးသော ကောင်းမှုများကို ဖြစ်ပွားစေရန် လေ့ကျင့်ဆောင်ရွက်ခြင်း ဟူသော သမ္မပ္ပဓာန်လေးပါးဖြင့် ဥပစ္ဆေဒကကံကို ပယ်ဖျောက်တားဆီးနိုင်သည်။

ယခင်အခါ ရက်၊ လ၊ နှစ်၊ ဘဝ များမှာ ဆောင်ရွက်ခဲ့ဖူးသော မကောင်းမှုကံများက ဖျက်ဆီးသော် သေဆုံးနိုင်သည်။ ထိုမကောင်းမှု ကံများက မဖျက်ဆီးနိုင်စေရန် ကောင်းမှုကံများနှင့် တားဆီးရပေမည်။ ဘုရားကိုးဆူ ပူဇော်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ တရားအားထုတ်ခြင်း စသည့် ကုသိုလ်ကောင်းမှုတို့ကို ဆောင်ရွက်သော် ဥပစ္ဆေဒကကံဖြင့် သေမည့်သူကို မသေစေနိုင်တော့ပေ၊ ဘုရားကိုးဆူကို ပူဇော်သောကြောင့် အာယုဝဍ္ဎနသတို့သားဒီဃာဝုသည် ဘီလူးစားခံရမည့်ဘေးမှ ကင်းလွတ်ခဲ့သည်။ [ဤ၌ ဘုရားကိုးဆူ ပူဇော်သည် ဆိုရာမှာ မြတ်စွာဘုရားနှင့် ရဟန္တာ (၈)ပါးတို့အား ပူဇော်ခြင်းကိုဆိုလိုသည်]။

ပရိတ်ရွတ်ခြင်းကြောင့် များစွာသော လူတို့သည် ဥပစ္ဆေဒက ကံဖြင့် သေရမည့်ဘေးမှ ကင်းလွတ်ခဲ့သည်။ ဝေသာလီပြည်တွင် ဘေးဆိုးကပ်ကြီး သုံးပါး ဆိုက်ရောက်စဉ် ရှင်အာနန္ဒာ ပရိတ်ရွတ်သောကြောင့် ပြည်သူပြည်သား များစွာ အသက်ရှင်ကြရသည်။

တရားနာသောကြောင့် လည်းကောင်း၊ ထိရောက်စွာ တရား အားထုတ်သောကြောင့်လည်းကောင်း၊ အင်္ဂုလိမာလသည် ယခင်က ဆောင်ရွက်ခဲ့သော မကောင်းမှုကံများကြောင့် ဥပစ္ဆေဒကကံ ဖြင့်သေရမည့်ဘေးမှ ကင်းလွတ်ခဲ့ရသည်။

ကုသိုလ်ကောင်းမှုကို အနည်းငယ်သာ ဆောင်ရွက်လျှင် အကုသိုလ် အမှုများသည် အနည်းငယ်သာပြေပျောက်နိုင်သည်။ ကုသိုလ် ကောင်းမှုများစွာ ဆောင်ရွက်လျှင် အကုသိုလ်အမှုများစွာ ပြေပျောက်နိုင်သောကြောင့် ကုသိုလ် ကောင်းမှုများကို တတ်အားသမျှ များစွာ ဆောင်ရွက်သင့်ပေသည်။

## စုတေခါနီးကာလ နိမိတ်ထင်ပုံ

သတ္တဝါတစ်ဦးတစ်ယောက်သည် သေဆုံးခါနီး၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံများ ထင်လာသည်။ လူတယောက်သည် စုတေ (သေ) ခါနီး ကာလ၌ ရှေးက ပြုလုပ်ခဲ့ပြီးဖြစ်သည့် မြောက်မြားစွာသော ကံများထဲမှ လာမည့်ဘဝသစ်ကို ထူထောင်သောအားဖြင့် ပဋိသန္ဓေအကျိုးကိုပေးမည့် တစ်ခုသောကံ သည် ရှေးကပြုလုပ်ခဲ့ပြီး ဖြစ်သော်လည်း ယခုမှတဖန် ထပ်မံ၍ အသစ်ဆောင်ရွက်ပြုလုပ်နေရသကဲ့သို့ သေခါနီးဆဲဆဲတွင် နိမိတ် ထင်သော အားဖြင့် ဖြစ်ပေါ်သည်။ ဤသို့စိတ်ထဲတွင် ဖြစ်ပေါ်ခြင်းကို " ကံ ထင်သည် " ဟု ဆိုသည်။ မိမိနေထိုင်ကောင်းစဉ် လှူပ်ရှားသွားလာသောအခါ၌ ပျော်ရွှင်ခဲ့ပုံ များ၊ စိတ်ဆင်းရဲခဲ့ပုံများ၊ စိတ်ဝင်စားမှု တွေ့ကြုံခဲ့ပုံများ ပြန်၍ထင်လာ ခြင်းမျိုး ဖြစ်သည်။ ထိုသို့ ထင်လာသော ကောင်းမှု၊ မကောင်းမှုကံက ဘဝ အသစ်ကို ထူထောင် ပေးမည်ဖြစ်ပေသည်။

ဘဝသစ် ထူထောင်မည့်ကံကို ပြုလုပ်ဆောင်ရွက်စဉ်က တွေ့ကြုံခံစား ခဲ့ဖူးသော အဆင်း အသံ အစရှိသည့် အာရုံတခုခုသည် လည်းကောင်း၊ အသုံးပြုခဲ့ဖူးသော သက်ရှိသက်မဲ့ အရာဝတ္ထု တခုခုသည် လည်းကောင်း၊

ယခုပင် အသုံးပြုနေရသကဲ့သို့ စိတ်ထဲတွင်လာ၍ပေါ်သည်။ ဤသို့ ထင်ပေါ်ခြင်းကို "ကမ္မနိမိတ် ထင်သည်" ဟု ဆိုသည်။

ကမ္မနိမိတ်ဟူသည်မှာ ကံတပါးပါးကို ပြုလုပ်ဆောင်ရွက်စဉ် က အကြောင်းအရင်းခံ အာရုံများဖြစ်သည်။

သေခါနီးတွင် အလှူအမင်းဆာလောင်မွတ်သိပ်၍ အစားအစာများ စားလိုခြင်းသည် ကံထင်ခြင်း ဖြစ်သည်။ အစား အစာများ စားနေသည်ကို မြင်ခြင်းသည် ကမ္မနိမိတ်ထင်ခြင်း ဖြစ် သည်။ အစားစာကို မြင်၍သေသော သူသည် လောဘစာတ်အပူရှိန် အားကြီးသောကြောင့် ချမ်းသာစည်းပွားကို မရနိုင်တော့ဘဲ ခန်းခြောက်ပူပင်သော ပြိတ္တာဘဝသို့ ရောက်ရှိနိုင်သည်။

သေခါနီးတွင် ပိုက်ဆံငွေကြေး ရယူလိုချင်သောစိတ် ဖြစ်ပေါ်လာသော် အဘိဇ္ဈာ ကံထင်ခြင်းဖြစ်သည်။ ကျပ်တန်၊ ဆယ်တန် စသည့် ပိုက်ဆံ အကောင် အထည်ကို မြင်ခြင်းသည် အဘိဇ္ဈာကမ္မနိမိတ် ထင်ခြင်းဖြစ်သည်။

လူတစ်ယောက် သေခါနီးတွင်ကံ၊ ကမ္မနိမိတ်အပြင် မိမိ သွားရမည့် နေရာကိုလည်း ထင်မြင်တတ်၏။ ဂတိနိမိတ်ထင်ခြင်း ဖြစ်သည်။ ဂတိနိမိတ် သည် ရောက်ရမည့်နေရာ၊ ရောက်လတ္တံ့သော အရပ်ဒေသကို ပြခြင်းဖြစ် သည်။ အိပ်ပျော်နေစဉ် အိပ်မက်ထဲမှာ တွေ့ရသကဲ့သို့ သေခါနီးသူ၏ စိတ်ထဲတွင်လည်း ဂတိနိမိတ်ကို မြင်နေတတ်သည်။ ဂတိနိမိတ်တွင် ထင်လာ သည့်အတိုင်း ထိုအရပ်သို့ ပို့မည့်ကံ၏ စွမ်းရည်ကြောင့် အမှန်တကယ် ရောက် ရှိနိုင်သည်။

ဥပမာ – ကျွဲဖြစ်မည့်သူသည် သေခါနီးတွင် မိမိကိုယ်တိုင် ကျွဲဖြစ်နေ သကဲ့သို့ ကျွဲသဏ္ဌာန်တွေ့ရ၏။ မသေမီကပင် ကိုယ်တိုင်ဖြစ်နေရ ဘိသကဲ့သို ထင်မြင်တတ်သည်။ မိမိ၏အသုံးအဆောင် ပစ္စည်းများကို တွေ့ရခြင်း အဆောက်အဦများ၊ နတ်ဗိမာန်များ၊ နတ်သမီး နတ်သား အခြွေအရံများ စသည်တို့ကိုလည်း တွေ့နိုင်သည်။

လူပြန်ဖြစ်မည့်သူသည် မိမိသန္ဓေယူ ကိန်းအောင်းရမည့် မိခင်၏ ဝမ်းဗိုက်ကို ထင်မြင်သည်ဟု ဆိုသည်။ ငရဲသို့ ရောက်မည့် သူသည် ခွေးနက်

တ်ရစ္ဆာန်ကောင်ကြီးများ၊ လက်ပံပင်ကြီးများ၊ မကောင်းသည့် အရုပ်အဆင်း ရှိသော သတ္တဝါကောင်ကြီးများ စသည်တို့ကို တွေ့ရတတ်သည်။ ပြိတ္တာဘဝ သို့ ရောက်မည့်သူသည် တောတောင်များ၊ ချောက်ကမ်းပါးများ၊ လှိုဏ်ခေါင်းများ စသည်တို့ကို တွေ့ရတတ်၏ဟု ဆိုသည်။ လူများသေခါနီးတွင် ဂတိနိမိတ် အဖြစ် သာယာကြည်နူးဖွယ်သော နေရာများ ကောင်းသော ပစ္စည်း အသုံး အဆောင်များကို တွေ့ရှိရသော် ထိုသူ၏မျက်နှာမှာ တည်ငြိမ်နေ တတ်၍ ဘာခါဘာရံ ရွှင်လန်းနေတတ်သည်။ မကောင်းသည့်ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် များကို တွေ့ရသော် ရုန်းကန် တွန်းပစ်တတ်သည်။ အကြောဆွဲသည်ဟု ဆိုသည်။ ထိုသူသည် မကောင်းသည့်ဘုံ ဘဝသို့ ရောက်ရှိနိုင်ပေသည်။

သေခါနီး နိမိတ်ထင်ပုံသည် အကုသိုလ်ကံ အားကြီးလျှင် နှစ်ပိုင်း၊ လပိုင်းကပင် မကောင်းသည့်နိမိတ်များ ထင်မြင်နိုင်သည်။ အချို့မှာကား ရက်၊ နာရီ၊ မိနစ် အချိန်တွင်း၌ပင် ထင်မြင်နိုင်သည်။

နိမိတ်များထင်ကြရာတွင် အချို့သူများမှာ စက္ခုဒွါရ၌ ထင်သည်။ ဘဝသစ်ကို ကိုယ်ပိုင်မျက်စိဖြင့် လှမ်း၍မြင်နိုင်သည်။ အချို့သူများမှာကား သောတဒွါရ၌ထင်သည်။ ဘဝသစ်က ပြောဆိုနေကြသော အသံများကို ကိုယ်ပိုင်နားဖြင့် လှမ်း၍ ကြားသည်။ အချို့သူများမှာကား ဃာနဒွါရ၌ ထင် သည်။ ဘဝသစ်တွင် တွေ့ကြုံရသည့် အနံ့များကို ကိုယ်ပိုင်နှာခေါင်းဖြင့် နံနေ သည်။ အချို့သူများမှာကား ဇိဝှါဒွါရ၌ ထင်သည်။ ဘဝသစ်၌ စားသောက် ရမည့် အစားအစာများကို ယခုပင် စားနေရသကဲ့သို့ အရသာ ဖြစ်ပေါ်နေ သည်။ အချို့မှာကား ကာယဒွါရ၌ ထင်သည်။ ဘဝသစ်၌ တွေ့ကြုံရမည့် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံများ သေခါနီးသူ၏ ကိုယ်ကာယမှာလာ၍ တွေ့ထိ နေသကဲ့သို့ ခံစားရသည်။ အချို့ သူများမှာ မနောဒွါရ၌ ထင်သည်။ မျက်စိ၊ နား စသည်တို့ဖြင့် မမြင် မတွေ့ရသော်လည်း ထိုနိမိတ်များကို စိတ်ထဲတွင် ကြံစည်တွေးတော စိတ်ကူးမိနေသည်။

## စုတေခါနီးကာလ စိတ်အစဉ်ဖြစ်ပုံ

လူတစ်ယောက်သည် သေခါနီးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တို့သည် လဲကာ ပြောင်းကာ နာရီပိုင်း၊ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းကြာသည့် ကာလကပင် ထင်မြင်နေသည်။ သို့သော် နိဗ္ဗာန်သို့ သွားမည့် အရိယာပုဂ္ဂိုလ်

တို့သည်ကား လားရာနေရာ မရှိသောကြောင့် သေခါနီးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များ မထင်တော့ပေ။

သာမန်ပုထုဇဉ် တစ်ယောက်သည် သေခါနီးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များ ပြောင်းလဲ၍ ထင်နေပြီးသည့်နောက်၌ စိုက်၍ ငြိမ်သက်နေသည်။ ထင်မြင်လာသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံများမှ အာရုံတစ်ခုခုကို စိုက်၍ စိတ်အစဉ်သည် မပြတ်ထင်နေသည်။

လူတစ်ယောက်သည် အာရုံများထင်နေစဉ် ဇော (၇)ကြိမ်ပင် ကျနေသည်။ စုတိစိတ် ပါဝင်သော ဝီထိကျမှ ဇော (၅) ကြိမ်ဖြစ်သည်။ ဇော (၅)ကြိမ် ကျပြီးနောက်၊ စုတိစိတ်ဖြစ်ပေါ်ကာ သေသည်။ ထို့ကြောင့် လူတစ်ယောက် သည် သေခါနီး တွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံများ ထပ်ကာထပ်ကာ ဖြစ်၍နေပြီး၊ သေမည့်အချိန်ကျမှ အာရုံတခုတည်းကိုသာ စူးစိုက်ထင်မြင်ပြီး ဇော (၅)ကြိမ် ကျကာ သေသည်။

## မရဏာသန္နဝီထိ

### သေခါနီးစိတ်အစဉ်

၁။ န ဒ မ ဇ ဇ ဇ ဇ ဇ စု / ပ ဘ ဘ ဘ

၂။ န ဒ မ ဇ ဇ ဇ ဇ ဇ ဘ စု / ပ ဘ ဘ ဘ

၃။ န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု / ပ ဘ ဘ ဘ

၄။ န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ စု / ပ ဘ ဘ ဘ

သေခါနီး စိတ်အစဉ်ဖြစ်ပေါ်ရာတွင် ဝီထိစိတ်အစဉ် နောက်က စုတိစိတ် ကျသည်လည်းရှိသည်။ ဇော (၅)ကြိမ်ကျပြီးနောက် ဘဝင်စိတ်ဖြစ်ကာ၊ ဘဝင်စိတ်၏အဆုံး၌ စုတိစိတ် ကျသည်လည်း ရှိသည်။ ဝီထိစိတ်အစဉ်တွင် ဇော (၅)ကြိမ်ကျပြီးနောက် တဒါရုံကျကာ၊ တဒါရုံ၏ အဆုံးတွင် စုတိစိတ် ကျသည်လည်းရှိ သည်။ ဝီထိစိတ်အစဉ်တွင် ဇော (၅)ကြိမ်နောက်၌ တဒါရုံကျကာ၊ တဒါရုံ ဝီထိစိတ်နောင်၌ ဘဝင်ပါဝင်လာ၍၊ အဆုံး၌ စုတိစိတ် ကျသည်လည်း ရှိသည်။ လူလေးယောက်ရှိရာတွင် တစ်ယောက်လျှင် တမျိုးစီဖြင့် သေခါနီးစိတ်အစဉ် ဖြစ်နိုင်သည်။

ဤကဲ့သို့ သေခါနီး စိတ်အစဉ် လေးမျိုးကွဲပြားနေခြင်းသည် အာရုံ ထင်မြင်ချက်နှင့် ဇီဝိတရုပ်ရှိပုံအပေါ်တွင်မူတည်နေသည်။ သေခါနီးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံ ထင်မြင်ချက် အားပြင်းနေလျှင် ဇောနောက်က တဒါရုံ လိုက်သည်။ အာရုံထင်မြင်ချက် အားပျော့နေလျှင် ဇောနောက်က တဒါရုံ မလိုက်ပေ။

ဇီဝိတရုပ်သည် လူ၏ ခန္ဓာကိုယ် အနှံ့အပြားတွင်တည်ရှိနေသည်။ ဇီဝိတ ရုပ်သည် သေခါနီးစိတ်အစဉ်အထိ စိတ္တက္ခဏ (ခဏငယ်)၁၇-ချက် စာတွင် ဖြစ်ပျက်လျက် ရှိသည်။ ဇီဝိတရုပ် ရပ်စဲ ကုန်ဆုံးလျှင် စိတ်အစဉ်လည်း ရပ်တော့သည်။ ဇီဝိတရုပ် ကုန်ဆုံးသည့်အခိုက်တွင် စုတိစိတ် ကျသည်။ စုတိစိတ်၏ ဘင်ခဏ နှင့် ဇီဝိတရုပ်၏ ဘင်ခဏသည် ပြိုင်တူဖြစ်သည်။




ဇော (၅)ကြိမ်ကျပြီးသည့်နောက် ဇီဝိတရုပ် ကုန်ဆုံးလျှင် စုတိစိတ် ကျသည်။ ဇောငါးကြိမ်ကျပြီးသည့်နောက် ဇီဝိတရုပ်သည်လည်း မကုန်ဆုံး၊ အာရုံထင်မြင်မှုသည်လည်း အားပြင်းနေလျှင် တဒါရုံကျသည်။ တဒါရုံ တစ်ကြိမ်ကျ၍ ဇီဝိတရုပ်မကုန်ဆုံးလျှင် တဒါရုံ တစ်ကြိမ်ထပ်ကျသည်။ ထိုမှ ဇီဝိတရုပ်မကုန်ဆုံးလျှင် ဘဝင်များ ကျသည်။ ဇီဝိတရုပ် မကုန်မချင်း ဘဝင် ကျ၍၊ ဇီဝိတရုပ် ကုန်ဆုံးလျှင် စုတိစိတ်ကျတော့သည်။

ဤသို့အားဖြင့် အာရုံထင်မြင်ချက် အားအပျော့အပြင်းကို လိုက်၍ လည်းကောင်း၊ ဇီဝိတရုပ် ကုန်ဆုံးခြင်းကိုလိုက်၍လည်းကောင်း သေခါနီးစိတ် အစဉ် ကွဲပြားရသည်။




သေခါနီး ဝီထိစိတ်အစဉ်တွင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ တို့သည် ပဌမ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ကိုသာ အာရုံပြုသည်။ မနောဒွါရာဝဇ္ဇန်း၊ ဇော (၅)ကြိမ်တို့သည် ဒုတိယ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ကိုသာ အာရုံပြုသည်။

ပဌမကံသည် ယခုဘဝကို အကျိုးပေးခဲ့သော ဘဝဟောင်းက ထင်ခဲ့ဖူးသည့် ကံဖြစ်သည်။ ဒုတိယကံသည် ယခုလာ၍ထင်နေသော ဘဝသစ်ကို ထူထောင်ပေးမည့် ကံဖြစ်သည်။ ပဌမကမ္မနိမိတ်သည် ယခုဘဝတွင် ထင်လာသောကံ၏ နိမိတ်ဖြစ်သည်။ ဘဝဟောင်း ကထင်ခဲ့သော ကမ္မနိမိတ်ဖြစ်သည်။ ဒုတိယကမ္မနိမိတ်သည် ယခုလာ၍ထင်နေသော ကမ္မနိမိတ်ဘဝသစ်ကို အကျိုးပေးမည့် ကမ္မနိမိတ်ဖြစ်သည်။ ပဌမဂတိနိမိတ်သည် ယခုဘဝသို့ ရောက်ခါနီး တွင်တွေ့ခဲ့သော ဂတိနိမိတ်၊ ဘဝဟောင်းက ထင်ခဲ့သော ဂတိနိမိတ် ဖြစ်သည်။ ဒုတိယ ဂတိနိမိတ်သည် ယခုလာ၍ထင်နေသော ဂတိနိမိတ်၊ သေပြီးနောက် ရောက်ရမည့်ဘဝသစ်၌ရှိနေသော ဂတိနိမိတ်ဖြစ်သည်။

စုတိကျပြီးလျှင် တဆက်တည်းပင် ဘဝသစ်တွင် ပဋိသန္ဓေ ဖြစ်သည်။ ကြားကာလဟူ၍မရှိပေ။ စိတ်သည် အလွန်လျင်မြန်ရကား တဘဝမှ သေသော် တဖန်ဘဝသစ်တွင် ချက်ခြင်း သွားဖြစ်သည်။ စုတိစိတ်ဖြစ်ပြီးနောက်၌ ဘဝသစ်တွင် ပဋိသန္ဓေစိတ် ဆက်ဖြစ်သည်။

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

ပဋိသန္ဓေစိတ်ဖြစ်ပုံ၌ ဘဝဟောင်းတွင် စုတိစိတ်ချုပ်ပြီးနောက် တဆက်တည်းပင် ဘဝသစ်၌ ပဋိသန္ဓေစိတ်ဖြစ်သည်။

ဘဝဟောင်းတွင် သေပြီးနောက်၌ မိုစရာရုပ် ရှိသော (၂၆)ဘုံတွင် လည်းကောင်း၊ မိုစရာရုပ် မရှိသော (၄)ဘုံတွင် လည်းကောင်း ဘဝသစ်အနေအားဖြင့် ဖြစ်နိုင်သည်။

ဘဝဟောင်းမှ သေပြီးသူတိုင်းသည် သေပြီးနောက် ပဋိသန္ဓေ စိတ်ဝင်မလာနိုင်ပေ။ အဝိဇ္ဇာနုသယရှိသောသူသည် သေပြီးနောက် ပဋိသန္ဓေ နေနိုင်သည်။ အဝိဇ္ဇာနုသယ မရှိသောသူသည် သေပြီးနောက် ပဋိသန္ဓေ မနေနိုင်ပေ။ ထို့ကြောင့်သေပြီးသူတိုင်း ပဋိသန္ဓေ မနေနိုင်ပေ။

အဝိဇ္ဇာနှင့်တဏှာမရှိသော ဘုရား၊ ရဟန္တာတို့သည် ဘဝ ဟောင်းမှ စုတိပြီးနောက် ပဋိသန္ဓေမနေတော့ပေ၊ အေးချမ်းငြိမ်းသော အသခ်တနိဗ္ဗာန်သို့ ရောက်သွားသည်။ ထို့ကြောင့် ဘုရားရဟန္တာများ စုတိစိတ်ကျသည်ကို ပရိနိဗ္ဗာန် စံဝင်သည်ဟု ဆိုသည်။

ဘဝဟောင်းတွင် စုတိစိတ်ကျပြီးနောက် ဘဝသစ်တွင် ပဋိသန္ဓေ စိတ်ဖြစ်ကာ ဘဝသစ်တစ်ခု ထူထောင်လာခြင်းသည် ကံကြောင့်ဖြစ်ရသည်။ ကံကဖြစ်စေသောကြောင့် လည်းကောင်း၊ ကံက ထူထောင်ပေးသောကြောင့် လည်းကောင်း ပဋိသန္ဓေနေခြင်း ဘဝ တစ်ခုဖြစ်ခြင်းတို့ ဖြစ်ရသည်။ လူတစ်ဦးနှင့်တစ်ဦး ကြံစည်ပြောဆို ပြုမူဆောင်ရွက်ပုံချင်း မတူညီကြပေ။ အလုပ်ကိစ္စဆောင်ရွက်ပုံချင်း မတူကြသကဲ့သို့ ထိုကံများက ထူထောင်ပေးသည့် ဘဝချင်းလည်း မတူညီကြပေ။ အချို့မှာချမ်းသာ၍ အချို့မှာ ဆင်းရဲခြင်း၊ အချို့မှာ ရုပ်ဆင်းအင်္ဂါ ပြေပြစ်လှပ၍၊ အချို့မှာ ရုပ်ဆင်းအင်္ဂါ ချို့တဲ့ မပြေပြစ်ခြင်း စသည်ဖြင့် အမျိုးမျိုး ကွဲပြားကြရသည်။ ထို့ကြောင့် ကောင်းကျိုးချမ်းသာများကို ရရှိခံစားလိုလျှင် ကောင်းကျိုးချမ်းသာများကို ထူထောင်ပေးစွမ်းနိုင်သည့် ကုသိုလ် ကံများကို ဆောင်ရွက်ရပေမည်။

## ကာမပဋိသန္ဓေစိတ်၏အာရုံ

ဘဝသစ်၌ ရှေးကျစွာဖြစ်ရသော ကာမပဋိသန္ဓေစိတ် (၁၁) ပါးတို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်(၃) ပါးတွင် တပါးပါး ကို အာရုံပြုပြီးသော အာရုံကို အာရုံပြုကြသည်။ ယခင်ဘဝ သေခါနီး၌ ဇော (၅) ကြိမ်က အာရုံပြုပြီးသော အာရုံအဟောင်းကိုသာ အာရုံပြု ကြသည်။ ဇော (၅) ကြိမ် အာရုံပြုစဉ်ကလည်း ကမ္မနိမိတ်အာရုံနှင့် ဂတိနိမိတ်အာရုံကို စက္ခုဒွါရစသော ဒွါရခြောက်ပါးက ယူပေးခဲ့ သည်။ ကံအာရုံကိုမူကား စက္ခုဒွါရ စသည်တို့က ယူပေး၍ မရသော ကြောင့် မနောဒွါရတခုတည်းကသာ ယူပေးခဲ့ရသည်။

ကမ္မနိမိတ်အာရုံနှင့် ဂတိနိမိတ်အာရုံနှစ်မျိုးကို စက္ခုစသော ဒွါရခြောက်ပါးတို့က သက်ဆိုင်သည်အားလျော်စွာ ယူ၍ ဇော (၅)ကြိမ်ကို ပေးလိုက်သည်။ ကံအာရုံကို မနောဒွါရတခုတည်း ကယူ၍ ဇော (၅) ကြိမ်၏ အထံမှ တဆင့်ခံယူ၍ ထိုကမ္မနိမိတ် စသော အာရုံများကို အာရုံပြုရသည်။ ဘဝင်စိတ်နှင့် စုတိစိတ်များ သည်လည်း ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြုကြရသည်။

### ရူပပဋိသန္ဓေစိတ်၏ အာရုံ

ရူပပဋိသန္ဓေစိတ် (၅)ပါးတို့သည်ပညတ်ဖြစ်သော ကမ္မနိမိတ်တမျိုးတည်းကိုသာ အာရုံပြုကြရသည်။ ကံနှင့် ဂတိနိမိတ် နှစ်မျိုးကို အာရုံမပြုနိုင်ကြပေ။

ရူပ ပဋိသန္ဓေစိတ်သည် ကမ္မနိမိတ်တမျိုးတည်းကိုသာ အာရုံပြုသည်။ ထိုကမ္မနိမိတ်ကို ဘဝဟောင်းက သေခါနီးသော ဇော (၅)ကြိမ်ကရရှိသည်။ မနောဒွါရက ပညတ် ကမ္မနိမိတ်ကို ယူ၍ ဇော (၅)ကြိမ်ကို ပေးသောကြောင့် ဇော (၅)ကြိမ်က ရရှိသည်။

ရူပ ပဋိသန္ဓေစိတ်သည် ကမ္မနိမိတ်ဖြစ်နိုင်သော အာရုံခြောက်မျိုးကို အာရုံမပြုမူ၍၊ ပညတ် တမျိုးတည်းကိုသာ အဘယ်ကြောင့် အာရုံပြုရသနည်း ဆိုသော် ထိုပဋိသန္ဓေစိတ်၏ အကြောင်းဖြစ်သော ရူပကုသိုလ်ကံများ ဖြစ်စဉ်ကပင် ပညတ်တမျိုးတည်းကိုသာ အာရုံပြု၍ ဖြစ်ခဲ့ကြသည်။ ထိုကံများ၏ အာရုံနိမိတ်သည် ပညတ်တမျိုးတည်းဖြစ်ခဲ့သည်။ ထို့ကြောင့် ပညတ် ကမ္မနိမိတ် တမျိုးတည်းကိုသာ ရူပ ပဋိသန္ဓေစိတ်က အာရုံပြုရသည်။

## အရူပပဋိသန္ဓေစိတ်၏ အာရုံ

အရူပပဋိသန္ဓေစိတ်လေးပါးတို့၏ အာရုံသည် မဟဂ္ဂုတ်ကမ္မနိမိတ် အာရုံနှင့် ပညတ်ကမ္မနိမိတ် အာရုံနှစ်မျိုး ဖြစ်နိုင်သည်။

အသညသတ် ဗြဟ္မာတို့၏ ပဋိသန္ဓေသည် စိတ်မပါတော့ဘဲ ဇီဝိတနဝက ကလာပ်ခေါ်သော ရုပ်သက်သက်ဖြင့် သာနေသော ပဋိသန္ဓေဖြစ်သည်။ ရူပပဉ္စမဈာန်ကုသိုလ်ကို ပြုစဉ်အခါက သညာခေါ်သော စိတ်ပေါ်၌ စွဲလမ်းခြင်း ၊ လိုလားခြင်း၊ ကင်းစင်စေရန် ပြုခဲ့မိသည့်အတွက် စိတ်မပါဘဲ၊ ရုပ်သာရှိသော အသညသတ်ဘုံသို့ ရောက်ရသည်။

## အသညသတ်ဗြဟ္မာ



အသညသတ်ဘုံ မှ ဗြဟ္မာသည် ကမ္ဘာပေါင်း (၅၀၀) ကြာရှည်စွာ နေပြီး၊ ထိုဘုံမှ သေသော် ကာမသုဂတိ (၇) ဘုံတွင် ပြန်ဖြစ်နိုင်သည်။

အသညသတ်ဘုံသို့သွားမည့် ပုဂ္ဂိုလ်တယောက်သည် သေခါနီးတွင် ကမ္မနိမိတ်ထင်သည်။ ထိုကမ္မနိမိတ်သည် ယခင်က အလေ့အကျင့် များသော ကသိုဏ်းပဋိဘာဂစသည့် နိမိတ်မျိုးဖြစ်သည်။ ထိုကမ္မနိမိတ်ကို အာရုံပြု၍ မရဏာသန္နဇော (၅) ကြိမ်ဖြစ်သည်။ ထိုမရဏာသန္နဇောတွင် ပါဝင်သော ဆန္ဒသည် စိတ်ကို မလိုချင်သော ဆန္ဒဖြစ်သည်။ ထိုဆန္ဒအလျောက် ဘဝသစ်တွင် စိတ်မပါဘဲ ရုပ်ချည်းသာ ဖြစ်ရသည်။

အရူပဗြဟ္မာများသည် ရုပ်မပါဘဲ နာမ်ချည်းသာ ပဋိသန္ဓေနေကြသည်။ အသညသတ်ဘုံနှင့် အရူပဘုံမှ ကြွင်းကျန်သော (၂၆) ဘုံ ရှိပုဂ္ဂိုလ်များသည် ရုပ်နာမ်နှစ်ပါးတွဲလျက် ပဋိသန္ဓေနေကြသည်။

## စုတိစိပ်နောက် ပဋိသန္ဓေဖြစ်ပုံ

အရူပဘုံမှ စုတေကြသော ဗြဟ္မာများသည် အရူပဘုံအချင်းချင်းတွင်သာ အောက်သို့ မဆင်းမူ၍ အထက်သို့တက်ကာ ပဋိသန္ဓေ နေနိုင်ကြသည်။ သို့မဟုတ်ပါက ကာမသုဂတိ (၇) ဘုံ၌ တိဟိတ်ပုဂ္ဂိုလ်အဖြစ်ဖြင့် ပဋိသန္ဓေ နေကြသည်။

အရူပဘုံမှ ပုဂ္ဂိုလ်များသည် တစွယ်လွန်စိတ်နေမြင့် သမားများဖြစ်ကြသည်။ ရုပ်ကို အထင်အမြင်သေး၍၊ အပြစ်မြင်ပြီး နာမ်ကိုသာ အထင်ကြီးသူများဖြစ်သည်။ အောက်အရူပဈာန်ဘုံများကိုလည်း အထင်သေးသည်။ အချင်းချင်းနီးစပ်သော အရူပဘုံများကို အထင်သေးသောကြောင့် အောက်သို့ မဆင်းလိုပေ။ အချင်းချင်းလောက် နီးစပ်သောရူပဘုံသို့လည်း မဆင်းလိုပေ။

အထက်ကိုသာ အထင်ကြီး၍ တက်လိုကြသည်။ ထို့ကြောင့် အရူပဘုံမှ ပုဂ္ဂိုလ်များသည် စုတေသော် ရူပဘုံ (၁၆) ဘုံသို့လည်းကောင်း၊ အရူပဘုံ အချင်းချင်းတွင်လည်း အောက်သို့ လည်းကောင်း မဆင်းမူ၍ အထက်သို့ တက်ကာ ပဋိသန္ဓေနေနိုင်ကြသည်။

အရူပဘုံတွင် အထက်ဘုံများသို့တက်၍ ပဋိသန္ဓေနေရာ၌ အထက်ဘုံများသို့တက်ရောက်လိုတိုင်း မရပေ။ ထိုတက်လိုသောဘုံနှင့် သက်ဆိုင်သောဈာန်ကို ရရှိထားရပေမည်။ အရူပဘုံတွင် အထက်ဘုံများသို့ မတက်ရောက်နိုင်ပါက အောက်ကာမသုဂတိ (၇) ဘုံသို့ ရောက်ရတော့သည်။

ဥပမာ။ ။ အာကိဉ္စညာယတနဘုံတွင် ရောက်ရှိနေသူသည် ထိုဘုံမှ မသေလွန်မီ အာကိဉ္စညာယတနဈာန်ကို ရရှိစေရန် ဆောင်ရွက်ပါက သေသော် ထိုဘုံမှာပင် ပြန်ဖြစ်နိုင်သည်။ နေဝသညာနာသညာယတနဈာန်ကို ရရှိထားလျှင် နေဝသညာနာသညာယတနဘုံမှာ ဖြစ်နိုင်သည်။ အောက်အရူပဈာန်များကိုလည်းကောင်း၊ ရူပဈာန်များကိုလည်းကောင်း၊ အထင်သေး၍ ထိုဈာန်များရရှိစေရန် မဆောင်ရွက်ချေ။ မည်သည့်ဈာန်ကိုမျှ ဆက်လက်ထပ်မပွားထားသော အရူပဘုံမှ ပုဂ္ဂိုလ်တဦးဦးသည် သေသော် ကာမသုဂတိ (၇) ဘုံသို့ ရောက်ရတော့သည်။

ရူပဘုံမှ စုတေလျှင်ကား ပဋိသန္ဓေအနေဖြင့် အပါယ်လေးဘုံသို့ မသွားပေ။ ကျန်သော (၂၇) ဘုံသို့ကား ထိုက်သည့် အားလျော်စွာ သွားကြသည်။ လူ့ဘုံနှင့် စတုမဟာရာဇ်ဘုံတွင် ပဋိသန္ဓေအဖြစ်ဖြင့် လာသော် သုဂတိအဟိတ်အဖြစ်ဖြင့် မလာပေ။ ဒွိဟိတ် တိဟိတ်အဖြစ်ဖြင့်သာ လာသည်။

ကာမတိဟိတ်စုတိ၏ နောက်တွင် အားလုံးသော ပဋိသန္ဓေစိတ်များ ဖြစ်လာနိုင်သည်။ ကာမတိဟိတ်ပုဂ္ဂိုလ်များသေလျှင် (၃၁) ဘုံသို့ သွားနိုင်ခွင့်

ရှိသည်။ ရူပ၊ အရူပဘုံသို့ သွားလိုသူသည် သက်ဆိုင်ရာ ဈာန်စိတ်များကို ရရှိထားရမည်။

တိဟိတ်မှ ကြွင်းကျန်သော ဒွိဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့၏ စုတိစိတ်နောက်တွင် ကာမ ပဋိသန္ဓေစိတ် (၁၀) ပါးဖြစ်နိုင်သည်။ ထိုပုဂ္ဂိုလ် (၃) မျိုးသေလျှင် ကာမ(၁၁) ဘုံသို့သာသွားနိုင်သည်။ ရူပ၊ အရူပဘုံများသို့ကား မသွားနိုင်ပေ။

## ဘဝင်နှင့် စုတိဖြစ်ပုံ

### သံသရာစက်လည်ပုံနှင့် သံသရာစက်ပြတ်ပုံ

ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပြီးနောက် စုတိစိတ်ဖြစ်သည့်တိုင်အောင်သော အချိန်ကာလအတွင်းတွင် ဝီထိစိတ်များ မဖြစ်ပေါ်သော အချိန်များ၌ အားလပ်ချိန်ရတိုင်းရတိုင်း ဘဝင်စိတ်များသာလျှင် ဆက်ကာဆက်ကာ ဖြစ်ရသည်။ ထိုဘဝင်စိတ်များသည် ပဋိသန္ဓေစိတ်၏ အာရုံကို အာရုံပြုကြလျက်၊ ရရှိထားသော ဘဝကို မပျက်စီးစေရန် စောင့်ရှောက်ကြသည်။

ဘဝင်စိတ်များက စောင့်ရှောက်ခြင်း မပြုနိုင်သောအခါ ဘဝကိုအဆုံးသတ်သော စုတိစိတ်ဖြစ်ပေါ်လာသည်။ ထိုစုတိစိတ်သည် ပဋိသန္ဓေ၊ ဘဝင်စိတ်တို့၏ အာရုံကိုပင် အာရုံပြုရသည်။

ပဋိသန္ဓေနှင့် စုတိ၏ အကြားတွင် ဖြစ်ပျက်နေကြသော ဘဝင်စိတ်များသည် မြစ်ထဲတွင် ရေအလျဉ်ကဲ့သို့ သတ္တဝါတယောက်၏ ကိုယ်ထဲတွင်လည်း ဘဝင်အလျဉ်အားဖြင့် မပြတ်မလပ် ဖြစ်ပေါ်၍ နေကြသည်။

ဘဝတခုတွင်ပဋိသန္ဓေ၊ ဘဝင်၊ စုတိပြီးဆုံးသည့်နောက် အခြားဘဝ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟူ၍ ဖြစ်ရပြန်သည်။ ဤနည်းအားဖြင့် ပဋိသန္ဓေ

ဘဝင်၊ စုတိခေါ်သောဘဝတို့သည်ဆက်ကာဆက်ကာ ဖြစ်ကြလေသည်။ ပရိနိဗ္ဗာန်စံမှသာလျှင် ရပ်နားခွင့်ရတော့သည်။

လောကထဲတွင် အဆင်းကို ချစ်ခြင်း၊ အသံကို ချစ်ခြင်း၊ အနံ့ကို ချစ်ခြင်း၊ အရသာကို၊ အတွေ့ကို ၊ ဂုဏ်ထူးဝိသေသကို ချစ်ခြင်းဟူ၍ ချစ်ခြင်းတည်းဟူသော နှောင်ဖွဲ့ခြင်းကို မဖြတ်တောက်နိုင်သေးသမျှ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ ဝိထိစိတ်၊ စုတိစိတ်တို့သည် ဆက်ကာဆက်ကာ မရပ်မနား ဖြစ်ပွား၍ နေကြမည်သာဖြစ်သည်။

ချစ်ခြင်းတည်းဟူသော နှောင်ဖွဲ့ခြင်းကို အကြွင်းမဲ့ ဖြတ်တောက်နိုင်မှသာ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ ဝိထိစိတ်၊ စုတိစိတ်များဖြစ်ပျက်ခြင်း ရပ်စဲ၍ အပြီးတိုင် ချုပ်ငြိမ်းသော ပရိနိဗ္ဗာန်စံခြင်း ဖြစ်နိုင်ပေသည်။ သို့မှသာလျှင် သံသရာစက်မှ လွတ်ထွက်တော့သည်ဟု ဆိုနိုင်ပေသည်။

**ဝိထိမုတ်ပိုင်း**
**ပြီးပါပြီ**

---------

# ရုပ်ပိုင်း

**ရူပသမုဒ္ဒေသ** = ရုပ်တို့ကိုအကျဉ်းပြခြင်း

ပထဝီ
|||| အာပေါ ဘူတရုပ်–မဟာဘုတ် ၄–ပါး၊
တေဇော
ဝါယော

စက္ခုပသာဒ
သောတပသာဒ
။ ။ ၊ ဃာနပသာဒ ပသာဒရုပ်– ၅ပါး၊
ဇိဝှါပသာဒ
ကာယပသာဒ

ရူပ
သဒ္ဒ
။ ။ ||| ဂန္ဓ ဂေါစရရုပ်– ဝိသယရုပ်– ၇ ပါး၊
ရသ
ဖောဋ္ဌဗ္ဗ

**ပထဝီ**– ကြီးမားသော ခတ်၊ အခြားရုပ်အားလုံးတို့၏ တည်ရာ၊ မှီရာ အမာခံခတ်။

**အာပေါ**– ရုပ်ဓာတ်အချင်းချင်း တပေါင်းတည်း နေအောင် ဖွဲ့စည်းသောဓာတ်။

**တေဇော**– ပူ၍လည်းကောင်း၊ အေး၍လည်းကောင်း ထက်မြက်သော ဓာတ်။

**ဝါယော**– ထောက်ကန်လှုပ်ရှားသော ဓာတ်။

**ဘူတရုပ်**– ထင်ရှားသောရုပ်။

မဟာဘုတ်ရုပ်– ကြီးကျယ်သော၊ ထင်ရှားသောရုပ်။

## ပသာဒရုပ် – ၅

ပသာဒ = အကြည်ဓာတ်၊

၁။ စက္ခုပသာဒ .. မျက်စိ အကြည်ဓာတ်
၂။ သောတပသာဒ .. နား အကြည်ဓာတ်
၃။ ဃာနပသာဒ .. နှာ အကြည်ဓာတ်
၄။ ဇိဝှါပသာဒ .. လျှာ အကြည်ဓာတ်
၅။ ကာယပသာဒ .. ကိုယ် အကြည်ဓာတ်

## ဂေါစရရုပ် – ၇ ပါး
## (ဝိသယရုပ်)

ဂေါစရ = စားကျက် ရုပ်၊ ကျက်စားရာ ရုပ်
ဂေါ = နွား
စရ = စားကျက်
ဂိသယရုပ် = အာရုံရုပ်

၁။ ရူပ .. အဆ[illegible] ဓာတ်
၂။ သဒ္ဒ .. အသံဓာတ
၃။ ဂန္ဓ .. အနံ့ဓာတ်

| | | |
|---|---|---|
| ၄။ ရသ | .. အရသာဓာတ် | |
| ၅။ ဖောဋ္ဌဗ္ဗ | .. အတွေ့အထိဓာတ် | ပထဝီ |
| ၆။ | | တေဇော |
| ၇။ | | ဝါယော |

# ဘူတရုပ်–၄

**ပထဝီ**

အခြားရုပ်အားလုံးတို့၏ တည်ရာ၊ မှီရာ အမာခံဓာတ်သည် ပထဝီဖြစ်၏။ ရေထဲ၌ လည်းကောင်း၊ လေထဲ၌လည်းကောင်း၊ မီးထဲ၌လည်းကောင်း ပထဝီရှိသည်။ ရေ၌ ပူခြင်း၊ အေးခြင်း တေဇောဓာတ်၏မှီရာ အမာခံသည် ပထဝီဖြစ်၍ မီး၌လည်း ပူခြင်း တေဇောဓာတ်၏မှီရာ အမာခံသည် ပထဝီဖြစ်၏။ လေ၌လည်း ပူခြင်း၊ အေးခြင်း၏မှီရာ အမာခံဖြစ်သော ပထဝီသည် ရှိ၏။

ရေခဲပေါ်တွင် စမ်းကြည့်လျှင် အေး၏။ မီးပေါ်တွင် စမ်းကြည့်လျှင် သို့မဟုတ် ကိုင်ကြည့်လျှင် ပူ၏။ အအေးသည် မှီရာဖြစ်သော ရေခဲရှိသော ကြောင့် ဖြစ်၏။ အပူသည်လည်း မှီရာဖြစ်သော မီးရှိသောကြောင့် ဖြစ်၏။ ရေခဲနှင့် မီးကို ဖယ်လိုက်ပါက အအေး၊ အပူသည် မရှိတော့ပေ။

ထိုကဲ့သို့ပင် လေထဲ၌ အအေး၊ အပူရှိသည်ဆိုရာတွင်လည်း ထိုအအေး အပူတို့၏မှီရာ အမာခံသည် တည်ရှိရပေမည်။ ထို့ကြောင့် လေထဲတွင် မှီရာ အမာခံ ပထဝီဓာတ်သည် ရှိ၏။

အသံထဲတွင်လည်း အသံ၏မှီရာ အမာခံဓာတ်သည် ရှိ၏။ ပထဝီဓာတ်ဖြစ်သည်။ အရာဝတ္ထုနှစ်ခုကို ရိုက်သော် အသံမြည်၏။ အရာဝတ္ထုတစ်ခု ဥပမာ–ကြိမ်လုံးနှင့် လေကို ရိုက်သော် "ရှိုး" ဟူ၍ အသံမြည်၏။ လေထဲတွင် မှီရာ အမာခံ ပထဝီသည်ရှိ၏။။

အသံ၏ တည်နေရာတည်ကိန်းသည် ရှိ၏။ ထိုတည်ကိန်းသည် မှီရာ အမာခံ ပထဝီဖြစ်သည်။ ဥပမာ– အိုးတစ်ခုထဲတွင် ပြင်းစွာ မြည်ဟည်းပါက

အိုးကွဲသွား၏။ နွားထဲသို့ ပြင်းထန်စွာ အသံမှုတ်သွင်းပါက နွားနာသွား၏။ အကြောင်းမှာ အသံထဲတွင် ပါဝင်သော အသံ၏မှီရာ အမာခံဓာတ် ပထဝီ၏ တွန်းကန်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် အသံထဲတွင် ပထဝီဓာတ် ပါဝင်သည်။ အလွန်ပြင်းထန်စွာ မြည်ဟည်းသော အသံကြောင့် အဆောက်အဦများ တုန်လှုပ်ပြိုကျသွားခြင်းသည် အသံတွင် ပါဝင်သော အမာခံဓာတ် ပထဝီကြောင့်ဖြစ်သည်။

## အာပေါဓာတ်

ရုပ်ဓာတ်အချင်းချင်း တပေါင်းတည်းနေအောင် ဖွဲ့စည်းသောဓာတ်သည် အာပေါဓာတ်ဖြစ်သည်။ ဥပမာ– ခဲတံတစ်ချောင်းကို ကိုင်ကြည့်သော် အေး၏။ တေဇောဓာတ် ဖြစ်သည်။ ထိုအအေးဓာတ်သည် မှီရာ အမာခံ ပထဝီဓာတ်ပေါ်တွင် ရှိ၏။ ခဲတံ၏ အေးသော တေဇောဓာတ်သည် မာသော ပထဝီဓာတ်ပေါ်တွင် မှီနေ၏။ ခဲတံ၏ အေးသော တေဇောဓာတ်နှင့် မာသော ပထဝီဓာတ်တို့ကို တခြားစီခွဲ၍ မရပေ။ အကြောင်းကား ထိုတေဇောဓာတ်နှင့် မာသော ပထဝီဓာတ်တို့ကို အာပေါဓာတ်က ဖွဲ့စည်းထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် တေဇောဓာတ်နှင့် ပထဝီဓာတ်ကို တခြားစီ ခွဲ၍မရအောင် ပေါင်း စည်း ဖွဲ့စပ်ထားသောဓာတ်သည် အာပေါဓာတ်ဖြစ်သည်။

## တေဇောဓာတ်

ပူခြင်း၊ အေးခြင်းထက် မြက်သောဓာတ်သည် တေဇောဓာတ်ဖြစ်၏။ အရာဝတ္ထုတိုင်း၌ ပူခြင်း၊ အေးခြင်းသည် ရှိ၏။ သတ္တဝါတို့၏ ကိုယ်ခန္ဓာတွင်လည်း ပူခြင်း၊ အေးခြင်း ရှိသည်။ အလွန်အမင်း ပူသည်၊ အေးသည်ရှိသော် တေဇောဓာတ် လွန်ကဲသောကြောင့် ဖြစ်သည်။

## ဝါယောဓာတ်

ငြိမ်သက်ခြင်း၊ လှုပ်ရှားခြင်း၊ ထောက်ကန်ခြင်းသည် ဝါယောဓာတ်ဖြစ်၏။ အရာဝတ္ထုတခုသည် တည်ငြိမ်နေသည်လည်း ရှိ၏၊ လှုပ်ရှားနေသည်လည်း ရှိ၏။ ငြိမ်သက်နေခြင်းသည် ထောက်ကန်ခြင်းဖြစ်သည်။ အရာဝတ္ထုပစ္စည်းတိုင်း၊ သတ္တဝါတိုင်းတွင် ဝါယောဓာတ်ရှိသည်။

သက်ရှိ၊ သက်မဲ့ အရာဝတ္ထုအားလုံးတိုင်းတွင် မဟာဘုတ်လေးပါးဟု ခေါ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်ကြီး လေးပါးသည် အမြဲ ပါဝင်လျက် ရှိသည်။

## ပသာဒရုပ်–၅

အရာဝတ္ထုတစ်ခုသည် ကြည်နေသော် ထိုအရာဝတ္ထုပေါ်တွင် အရိပ် ထင်၍ရသည်။ မကြည်ပါက အရိပ်မထင်နိုင်ပေ။ မျက်နှာရိပ် သို့မဟုတ် အရိပ် တစ်ခုခု ထင်၍ ရသော အရာဝတ္ထုကို “အကြည်” ဟု ခေါ်သည်။

**စက္ခုပသာဒရုပ်**

စက္ခုပသာဒသည် အဆင်းထင်၍ရသော မျက်လုံးအကြည်ဓာတ် ဖြစ်၏။ အဆင်းတစ်ခုခုမှ အရောင်များသည် ဖြာထွက်နေ၏။ ထိုဖြာထွက် သော အရောင်များသည် မျက်စိ အကြည်ဓာတ်အတွင်းသို့ ဝင်လာ၏။ မျက်စိ အကြည်ဓာတ်က ထိုအရောင်များကို ဖမ်းလိုက်၏။

အဆင်းမှ အရောင်များသည် နေရာအနှံ့အပြား ဘေးသို့ဖြာသွား၏။ မှန်သည် အပြင်မှ အဆင်းကို ဖမ်းယူသကဲ့သို့ မျက်စိကလည်း အဆင်း၏ အရောင်များကို ဖမ်းယူ၏။ သစ်သားပြားသည် အဆင်းကို မဖမ်းနိုင်ပေ။ မှန်သည် ကြည်သောကြောင့် အဆင်းကို ဖမ်းယူနိုင်သကဲ့သို့ မျက်လုံးအကြည် ဓာတ်သည်လည်း အဆင်းကို ဖမ်းယူနိုင်သည်။

**သောတပသာဒရုပ်**

သောတပသာဒသည် အသံ၏ အထင်ကို ခံသော အားဖြင့် အသံကို ဖမ်းယူနိုင်သော နားအတွင်းရှိ အကြည်ဓာတ်ဖြစ်သည်။ အသံသည် နေရာအနှံ့

အပြားသို့ ဖြာထွက်၏။ ကိုယ်သို့လည်းကောင်း၊ အရာဝတ္ထုသို့ လည်းကောင်း ထိခိုက်၏။ သို့သော် ကိုယ်၏ အခြားအစိတ်အပိုင်းများ၌ နားအတွင်းရှိ အကြည်ဓါတ်ကဲ့သို့ အသံကို ဖမ်းယူနိုင်သည့် အကြည်ဓာတ် မရှိကြသော ကြောင့် အသံကို မဖမ်းနိုင်ပေ။ နားအကြည်ဓာတ် ကသာ အသံကို ဖမ်းယူနိုင် သည်။

**ဃာနပသာဒရုပ်**

ဃာနပသာဒသည် အနံ့၏ အထင်ကို ခံသောအားဖြင့် အနံ့ကို ဖမ်း ယူသော နှာခေါင်းအကြည်ဓာတ်ဖြစ်သည်။ ရေမွှေးနံ့၊ ပန်းနံ့ စသည်ဖြင့် ကောင်းသော အနံ့များ၊ မကောင်းသော အနံ့များသည် နေရာအနှံ့အပြားသို့ ဖြာထွက်၏။ နှာခေါင်းအကြည်ဓာတ်က အနံ့ကို ဆီးဖမ်းလိုက်သည်။

**ဇိဝှါပသာဒရုပ်**

ဇိဝှါပသာဒသည် အရသာ၏ အထင်ကို ခံသောအားဖြင့် အရသာကို ဖမ်းယူသော လျှာအကြည်ဓာတ်ဖြစ်၏။ လက်ထဲတွင် သကြားလုံး ကိုင်ထား သော်လည်း လက်တွင် လျှာအကြည်ဓာတ် မရှိသောကြောင့် မသိပေ။ လျှာ အကြည်ဓာတ်ကသာ အရသာကို ဖမ်းယူနိုင်သည်။

**ကာယပသာဒရုပ်**

ကာယပသာဒသည် အနု၊ အကြမ်း၊ အပူ၊ အအေး၊ အငြိမ်၊ အလှုပ် အထင်ခံသောအားဖြင့် အနု၊ အကြမ်း၊ အပူ၊ အအေး၊ အငြိမ်၊ အလှုပ်၊ အတွေ့ အထိတို့ကို ဖမ်းယူသော ကိုယ်အကြည်ဓာတ်ဖြစ်သည်။

ပသာဒရုပ် ၅-ပါးသည် ဖမ်းယူနိုင်သော ကိရိယာ ၅-ခုဖြစ်သည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိတို့ကို သက်ဆိုင်ရာ မျက်စိ အကြည်ဓာတ်၊ နားအကြည်ဓာတ်၊ နှာအကြည်ဓာတ်၊ လျှာအကြည်ဓာတ်၊ ကိုယ်အကြည်ဓာတ်တို့က ဖမ်းယူ၏။

ကာယပသာဒသည် မဟာဘုတ်လေးပါးတွင် ပထဝီ၊ တေဇော၊ ဝါယောကိုသာ ဖမ်းယူနိုင်၏။ အာပေါကို ဖမ်းမယူနိုင်ပေ။

## ||  ဘာဝရုပ်

ဘာဝရုပ် = ဖြစ်ပုံ အထူးကို ဖေါ်ပြသောရုပ်၊

၁။ | ဣတ္ထိဘာဝ = မိန်းမ၏ဖြစ်ပုံ အထူးကို ဖေါ်ပြသောရုပ်၊

၂။ | ပုမ္ဘာဝ = ယောကျ်ား၏ဖြစ်ပုံ အထူးကို ဖေါ်ပြသောရုပ်၊

ထိုရုပ်နှစ်ခုသည် သက်ရှိတွင်သာရှိ၏။ သက်မဲ့တွင် မရှိပေ။ ထိုရုပ်နှစ်ခုသည် ကိုယ်ကာယတစ်ခုလုံးတွင် ပျံ့နှံ့လျက်တည်ကိန်း၏။ ဣတ္ထိဘာဝသည် မိန်းမဆိုသောသူ၏ တစ်ကိုယ်လုံးတွင် ပျံ့နှံ့တည်ကိန်းနေသော ရုပ်ဖြစ်၏။ ပုမ္ဘာဝရုပ်သည် ယောကျ်ားတစ်ကိုယ်လုံးတွင် ပျံ့နှံ့တည်ကိန်း၏။

ထိုရုပ်နှစ်ခုကြောင့် ယောကျ်ားနှင့် မိန်းမတို့ မတူကြခြင်းဖြစ်သည်။ ယောကျ်ားနှင့် မိန်းမအရင်းအကျဆုံး ခြားနားခြင်းသည် ထိုရုပ်နှစ်ခုကြောင့်ဖြစ်သည်။ ဥပမာ–ယောကျ်ားလက်နှင့် မိန်းမလက်ကို နှိုင်းယှဉ်သော် မတူကြပေ၊ သိသာ၏။ ဘာဝရုပ်များ ပါဝင်နေပြီး ဘာဝရုပ်များက ခွဲခြား ဖေါ်ပြနေသောကြောင့် ဖြစ်သည်။

ထိုဘာဝရုပ်နှစ်ခုသည် ကာမ ၁၁–ဘုံတွင်သာ ရှိ၏။ ဗြဟ္မာဘုံတွင် မရှိပေ။

ယောကျ်ားက မိန်းမအဖြစ်သို့ ပြောင်းခြင်း၊ မိန်းမက ယောကျ်ားအဖြစ် သို့ပြောင်းခြင်းသည် ကံကြောင့်ဖြစ်၏။ ဆေးကုသခြင်းသည် အကူအညီမျှသာ ဖြစ်၍ အဖျားပိုင်းဖြစ်သည်။ ကံကြောင့်သာ ပြောင်းလဲနိုင်ခြင်းမှာ အရင်းပိုင်း ဖြစ်၏။

ကာမဂုဏ်ကို လိုက်စားသောသူ၊ နွားစားကျက်ကို အားပေးလိုက်စားသောသူသည် ဣတ္ထိဘာဝကို များစွာ ထူထောင်ပေး၏။ နွားစာကျက်နှင့်တူသော ကာမဂုဏ်ကို လျှော့၍ လိုက်စားခြင်းသည် နွားစာကျက်ပုမ္ဘာဝကို ထူထောင်ပေးခြင်းဖြစ်သည်။

- ၊ .. ဟဒယရုပ်
- ၊ .. ဇီဝိတရုပ်
- ၊ .. အာဟာရရုပ်၊ ဩဇရုပ်

**ဟဒယရုပ်**

နှလုံးသား အတွင်း၌ ပုန်းညက်စေ့တစ်စေ့၏ တည်ရာ ပမာဏရှိသော ဘွင်းငယ်တစ်ခုရှိ၏။ ထိုတွင်းငယ်၌ တလက်ခုပ်၏ လေးပုံတပုံ၊ တလက်ဖက်၏ထက်ဝက်မျှလောက်သော သွေးပေါ်တွင် တည်ကိန်းသော စိတ် စေတသိက်တို့၏ အမှီ ပြုရာ ဖြစ်သည့် ဝတ္ထုခေါ်သော ရုပ်ကို ဟဒယရုပ်ဟုခေါ်သည်။

**ဇီဝိတရုပ်**

အတူဖြစ်ဖက်ရုပ်များကို မပျက်စီးအောင် မပုပ်မသိုးအောင် စောင့်ရှောက်ထားသော အသက်ခေါ်သည့် ရုပ်ကို ဇီဝိတရုပ်ဟု ခေါ်သည်။ ယင်းဇီဝိတရုပ်သည် တကိုယ်လုံးတွင် ပျံ့နှံ့လျက်တည်ကိန်းသည်။

လက်တချောင်းကို စိစစ်ကြည့်ပါက ပသာဒရုပ်ရှိ၏။ ထိုလက်တွင် ကာယပသာဒ ရုပ်ရှိသောကြောင့် ထိလျှင် ထိမှန်းသိ၏။ ထို့အတူ ဇီဝိတရုပ် မရှိလျှင် ပုပ်သိုးသွားနိုင်သည်။ အကြမ်းအားဖြင့် သွေးလေမလျှောက်သောကြောင့်ဟု ပြောနိုင်သည်။ ဇီဝိတရုပ်လည်းရှိသည်။ ယောက်ကျား လက်၊ မိန်းမလက် ဟူ၍ ခွဲခြားရသောကြောင့် ဘာဝရုပ်သည်ရှိ၏။

**အာဟာရရုပ် ဩဇရုပ်**

အာဟာရရုပ်သည် အပြင်မှ အစားအစာတွင်လည်းရှိသည်။ သတ္တဝါ၏ ကိုယ်တွင်း၌ လည်းရှိ၏။ အပြင်မှ အာဟာရနှင့် အတွင်းမှ အာဟာရနှစ်မျိုး ပေါင်းဆုံမိသောအခါ အတွင်းအာဟာရက ရုပ်များကို တိုးပွားအောင်ဆောင်ရွက်နိုင်သည်။ အာဟာရဟူသည်မှာ ဆောင်ရွက်ခြင်းဖြစ်သည်။ အာဟာရရုပ် သည် ရုပ်များကို တိုးပွားအောင်၊ အားရှိအောင် ခိုင်ခံ့အောင်ဆောင်ရွက်သော ရုပ်ဖြစ်သည်။

မိုးရေကြောင့် နဂိုက ရှိနေသော မျိုးစေ့များသည် အပင်ငယ်အဖြစ်သို့ ပေါက်ရောက်လာ၏။ ထိုသို့ပင် အပြင်မှ အာဟာရဓာတ်နှင့် ကိုယ်တွင်းမှ

အာဟာရဇာတ်ပေါင်းဆုံမိသော် ရုပ်များသည် တိုးပွားလာ၏။ မိုးရေသည် အပြင်အာဟာရဇာတ်နှင့် တူ၍ မျိုးစေ့သည် အတွင်းအာဟာရဇာတ်နှင့် တူပါသည်။

မွေးကတည်းက အတွင်း ဩဇာဇာတ်သည် ပါပြီးသားဖြစ်၏။ အပြင်က အစားအစာကို စားသောက်ထည့်သွင်းခြင်းမပြုပါက၊ အတွင်းအာဟာရသည် မကြီးပွားနိုင်ပေ။ အပြင်က ဩဇာဇာတ်၊ အာဟာရဇာတ် ဝင်လာသော် အာဟာရဇာတ်များသည် နေရာအနှံ့အပြားသို့ရောက်သွား၏။ ထိုအခါ ပြည့်ဝသွားသည်။ အပြင်က ဩဇာဇာတ်သည် အတွင်းဩဇာဇာတ်ကိုကူညီသည်။

**နိပ္ဖန္နရုပ် ၁၈ ပါး**

| | | | .. ဘူတရုပ်၊ မဟာဘုတ်ရုပ်
| | | | | .. ပသာဒရုပ်
| | | | | | | .. ဂေါစရရုပ်၊ ဝိသယရုပ်
| | .. ဘာဝရုပ်
| .. ဟဒယရုပ်
| .. ဇီဝိတရုပ်
| .. အာဟာရရုပ်၊ ဩဇရုပ်

ထိုနိပ္ဖန္နရုပ် ၁၈ –ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ပေါ်လာသော ရုပ်ဖြစ်သည်။

**အနိပ္ဖန္နရုပ် ၁၀ ပါး**

| .. ပရိစ္ဆေဒရုပ်၊ အာကာသရုပ်
| | .. ဝိညတ်ရုပ်
| | | .. ဝိကာရရုပ်
| | | .. လက္ခဏာရုပ်

ထိုအနိပ္ဖန္နရုပ် ၁၀ – ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ အကြောင်းတရားပါးတို့ကြောင့် ဖြစ်ပေါ်ပြီးစီးလာသော ရုပ်မဟုတ်ပေ။ ဖြစ်ပေါ်ပြီးစီးသော နိပ္ဖန္နရုပ် (၁၈) ခုတို့၏ အခိုက်အတန့်အခြင်းအရာမျှကို ရုပ်ဟုခေါ်ထားခြင်း ဖြစ်သည်။

အနိပ္ဖန္နရုပ်သည် နိပ္ဖန္နရုပ်၏ အခြင်းအရာမျှသာဖြစ်သည်။ **ဥပမာ** – လက်ချောင်းသည် ကံကြောင့် ဖြစ်ပေါ်လာ၏။ ကံက လုပ်ပေး၏။ လက်ချောင်းသည် ကံကြောင့်ဖြစ်ပေါ်လာသည်။ ပြီးစီးလာသည်ဖြစ်သော ကြောင့် နိပ္ဖန္နရုပ်ဖြစ်၏။

ထိုလက်ချောင်းသည် ကွေး၍ရ၏။ လက်ကွေးခြင်းသည် လက်သာဖြစ်၏။ လက်အပြင် အခြားအရာ မဟုတ်ပေ။ လက်ချောင်းသည် နိပ္ဖန္နရုပ်ဖြစ်၍ လက်ကွေးခြင်းသည် လက်၏ အခြင်းအရာ အမူအရာ၊ အနေအထားမျှသာ ဖြစ်သောကြောင့် အနိပ္ဖန္နရုပ်ဖြစ်သည်။

မျက်နှာသည် လှပသည်ဖြစ်အံ့၊ မျက်နှာလှခြင်းသည် မျက်နှာမှတပါး အခြားအရာမဟုတ်ပေ။ မျက်နှာသည် ကံကြောင့်ဖြစ်သော နိပ္ဖန္နရုပ်ဖြစ်၍ မျက်နှာ၏ အခြင်းအရာ လှပခြင်းသည်ကား အနိပ္ဖန္နရုပ်ဖြစ်သည်။

## အနိပ္ဖန္နရုပ် (၁၀) ပါး

ပရိစ္ဆေဒရုပ်၊ အာကာသရုပ်

ပရိစ္ဆေဒရုပ် = အပိုင်းအခြားရုပ်
အာကာသရုပ် = ဟင်းလင်းအပြင်ရုပ်

လက်ချောင်းကလေးများသည် နိပ္ဖန္နရုပ်ဖြစ်၏။ လက်ချောင်းများတွင် အကြားရှိ၏။ ထိုအကြားများကို အာကာသရုပ်၊ ပရိစ္ဆေဒရုပ်ဟုခေါ်သည်။ ကြားများသည် လက်ချောင်းများ၏ အခြင်းအရာမျှသာဖြစ်သည်။ အနိပ္ဖန္နရုပ်ဖြစ်၏။

အဘိဓမ္မာသဘောအားဖြင့် အနုမြူမှုန့်တခုကို သုံးဆယ့်ခြောက်စိတ်ခွဲလျှင် ပရမာနုမြူခေါ် မြူမှုန့်ကလေးများဖြစ်လာသည်။ ယင်းမြူမှုန့်ကလေးများကို ရုပ်ကလာပ်မှုန့်များဟု ခေါ်သည်။ ရုပ်ကလာပ်မှုန့်ကလေး

များ၏ တခုနှင့် တခုအကြားကလေးများကို ပရိစ္ဆေဒရုပ်၊ **အာကာသရုပ်** ဟုခေါ်သည်။

ကောင်းကင်သည် ကမ္ဘာကြီးတခုနှင့် တခု၏ အကြားဖြစ်သည်။ အကြားကြီးဖြစ်သောကြောင့် အာကာသဟုခေါ်၏။ အာကာသရုပ်၊ ပရိစ္ဆေဒရုပ် ဖြစ် သည်။ အာကာသမှန်လျှင် အနိပ္ဖန္နရုပ်ချည်းသာ ဖြစ်သည်။

### ဝိညတ်ရုပ် ၂ – ပါး

၁။ ကာယဝိညတ်ရုပ် = ကိုယ်မူအရာဖြင့်သိစေနိုင်သောရုပ်၊
၂။ ဝစီဝညတ်ရုပ် = စိတ်အမူအရာဖြင့်သိစေနိုင်သောရုပ်၊
ဝိညတ်ရုပ် = သိစေနိုင်သောရုပ်၊

ကိုယ်အမူအရာဖြင့်သိစေနိုင်သော လှုပ်ရှားခြင်းသည် ကာယဝိညတ်ရုပ် ဖြစ်၏။ နှုတ်အမူအရာဖြင့်သိစေနိုင်သော လှုပ်ရှားခြင်းသည် ဝစီဝိညတ်ရုပ် ဖြစ်သည်။

ကာယဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ်သည် နိပ္ဖန္နရုပ်၏ အမူ**အရာမျှ** သာဖြစ်သည်။ ထို့ကြောင့် အနိပ္ဖန္နရုပ်ဖြစ်၏။ လက်သည်နိပ္ဖန္နရုပ်ဖြစ်၏။ လက်ရုပ်ခေါ်ခြင်းသည်ကိုယ်ဖြင့်၊ အမူအရာအားဖြင့် သိစေနိုင်သော လှုပ်ရှားမှု ဖြစ်သောကြောင့် ကာယဝိညတ်ရုပ်ဖြစ်၏။ လက်၏ အမူအရာ၊ အခြင်း**အရာ** မျှသာဖြစ်သောကြောင့်လည်း အနိပ္ဖန္နရုပ်ဖြစ်သည်။

ထိုနည်းတူစွာပင် အသံသည် နိပ္ဖန္နရုပ်ဖြစ်၏။ အသံ၏ အခြင်းအရာ ကို ပြသော လာပါ၊ သွားပါ စသည့် ပြောဆိုခြင်းများသည် အနိပ္ဖန္နရုပ်ဖြစ်၏။ နှုတ်ဖြင့်သိစေနိုင်သော လှုပ်ရှားမှုဖြစ်သောကြောင့် ဝစီဝိညတ်ရုပ်ဖြစ်သည်။

ငြိမ်နေသောသူတွင် ဝိညတ်ရုပ်မပါပေ။ မိမိကိုယ်တိုင်သော် လည်းကောင်း၊ တပါးသူသော် လည်းကောင်း မသိစေဘဲ ပြုလုပ်နေခြင်းတွင် ဝိညတ်ရုပ် မပါ ပေ။ မိမိကိုယ်တိုင်သိစေရန်၊ တပါးသူသိစေရန် လှုပ်ရှားခြင်းတွင် ဝိညတ်ရုပ် ပါ၏။ အိပ်ပျော်နေစဉ်တွင် ဝိညတ်ရုပ်မရှိပေ။

### ဝိကာရရုပ်

ဝိကာရ = ဖေါက်ပြန်၊ ပြောင်းလဲခြင်း

၁။ လဟုတာ = ပေါ့ပါးခြင်း
၂။ မုဒုတာ = နူးညံ့ခြင်း
၃။ ကမ္မညတာ = နိုင်ခံ့ခြင်း

ရုပ်ဟုဆိုရာတွင် မည်သည့်ရုပ်မဆို ဖေါက်ပြန် ပြောင်းလဲ၏။ သို့သော် ရုပ် (၂၈) ပါးတွင် ဝိကာရရုပ် (၃) ခု ဖေါက်ပြန်ခြင်းမှာ ကျန်သော (၂၅) ပါးထက် ပိုမို၍ ထင်ရှားလှပေ သည်။

မှန်မှန် လမ်းသွားနေရာမှ မြောက်တက်သွားအောင် ခုန်လိုက်ခြင်းသည် ပေါ့ပါးသောကြောင့် ဖြစ်၏၊ လဟုတာမျိုး ဖြစ်သည်။

ပစ္စည်းအလေးများကို မ, ရာတွင် အကြောများသည် တောင့်တင်းခိုင်ခံ့သွား၏၊ ကမ္မညတာမျိုးဖြစ်၏။ စားရေးသော် လက်ကလေးများသည် တောင့်တင်း ခိုင်မာနေ၏။ ကမ္မညတာရုပ်မဖြစ်သော် စာမရေးနိုင်ပေ။ ကမ္မညတာရုပ်သည် အလုပ်လုပ်နိုင်သော အားဖြစ်၏။ ဥပမာ– လက်တချောင်း သေနေခြင်းသည် ကမ္မညတာ ရုပ်မဖြစ်သောကြောင့် ဖြစ်၏။ တကိုယ်လုံးတွင် ကမ္မညတာရုပ်ရှိသည်။

မုဒုတာရုပ်သည် နူးညံ့ပျော့ပျောင်းခြင်း၊ ယဉ်ကျေး သိမ်မွေ့ခြင်း ဖြစ်သည်။ ရှိသေလောက်သော ရဟန်းသံဃာ၊ ဆရာမိဘ၊ သက်ကြီး ဂုဏ်ကြီးတို့၏ ရှေ့မှောက်တွင် နူးညံ့ပျော့ပျောင်းသော အမူအရာနှင့် လုပ်ကိုင်ပြောဆိုခြင်းသည် မုဒုတာဖြစ်၏။ မိန်းကလေးများသည် ဣန္ဒြေသိက္ခာနှင့် ယဉ်ကျေးသိမ်မွေ့စွာ ဂုဏ်ကိုထိန်းသိမ်း၍ နူးညံ့ပျော့ပျောင်းစွာ ပြုမူပြောဆို နေထိုင်ခြင်းသည် မုဒုတာဖြစ်၏။ ဝိသာခါ အမျိုးသမီးသည် ဣန္ဒြေနှင့်ပြည့်စုံ၏။ လမ်းခရီးတွင် မိုးရွာချသော်လည်း ပြေးလွှားခြင်း မပြုပေ၊ သိက္ခာနှင့်ပင် လာ၏။

ဝိသာခါသည် မုဒုတာရုပ်နှင့် ပြည့်စုံသည်သာမဟုတ်၊ ကမ္မညတာရုပ်နှင့်လည်း ပြည့်စုံ၏။ ရွှေချိန်နိက္ခတစ်ထောင်ရှိသော မဟာလတာ တန်ဆာကို ဆင်မြန်းထားနိုင်၏။ ဝိသာခါသည် ဆင်ပြောင်ငါးစီးအားနှင့် ပြည့်စုံ၏။ ကောသလမင်းကြီးသည် ဝိသာခါ၏အားကို စုံစမ်းလို၍ ဆင်ပြောင်ကို လွှတ်လိုက်ရာ ဝိသာခါသည် ဆင်ပြောင်၏ နှာမောင်း ကို လက်နှစ်ချောင်းဖြင့် ညှပ်၍ တွန်းလိုက်ရာ ဆင်ပြောင်မှာ ဒူးတုပ်၍ လဲလေ၏။ တစ်ဘက်တည်းနှင့်ပင် တွန်းလိုက်၏။ ကမ္မညတာရုပ်များစွာ ရှိသောကြောင့် ဖြစ်သည်။

(ဓမ္မ ဋ္ဌ၊ ၁၊ ၂၅၈။)

လက်သည် နိပ္ဖန္နရုပ်ဖြစ်၏၊ လက်၏အခြင်းအရာဖြစ်သော ပေါ့ပါးမှုသည် လည်းကောင်း၊ နူးညံ့မှုသည် လည်းကောင်း၊ ခိုင်ခံ့မှုသည် လည်းကောင်း

သီးခြားမဟုတ်ပေ။ ရှိပြီးသား ရုပ်၏အခြင်းအရာ အမူအရာမျှသာ ဖြစ်သော ကြောင့် အနိပ္ဖန္နရုပ်ဖြစ်၏။

လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်တို့၏ ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်းမှာ ထင်ရှား၏။ လက်ကို ချက်ခြင်းမြှောက်၍ရခြင်းမှာ ပေါ့ပါးသော လဟုတာရုပ်ကြောင့် ဖြစ်၏၊ ချက်ခြင်း ပြန်ချ၍ ရသည်။ အလေးမရာတွင် တောင့်တင်းခိုင်မာလာ၏၊ ကမ္မညတာရုပ်ကြောင့် ဖြစ်၏။ ထိုနောက် ချက်ခြင်း ပျော့ပျောင်း၍ ရသည်၊ မုဒုတာရုပ်ကြောင့် ဖြစ်၏။ ထို့ကြောင့် အပြောင်းအလဲမြန်၏၊ ဖောက်ပြန်မှုမြန်၏၊ ဝိကာရရုပ်ဟု ခေါ်သည်။ ဝိကာရရုပ် သုံးပါးသည် သူ့နေရာနှင့်သူ နေရာတကျ အသုံးများ၏။

## လက္ခဏရုပ်

**လက္ခဏ = အမှတ်အသား**

၁။ ဥပစယ = ဖြစ်စ

၂။ သန္တတိ = ဖြစ်စဉ်

၃။ ဇရတာ = ရင့်ခြင်း

၄။ အနိစ္စတာ = ပျက်ခြင်း

ဥပါဒ်၊ ဌီ၊ ဘင်သည်စိတ်၊ စေတသိက်နှင့်ဆိုင်၍ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာသည် ရုပ်နှင့်ဆိုင်သည်။

အသံ၌ဖြစ်စ၊ ဖြစ်စဉ်၊ ရင့်ခြင်း၊ ပျက်ခြင်းသည်ရှိ၏။ အနံ့တွင် လည်းကောင်း၊ အရသာတွင် လည်းကောင်း၊ အတွေ့အထိတွင် လည်းကောင်း ရုပ်တိုင်းတွင်ရှိ၏။

နိပ္ဖန္နရုပ်၏ အစပိုင်းသည် ဥပစယ၊ ဖြစ်စဉ်သည် သန္တတိ၊ အလယ်ပိုင်း အရင့်ပိုင်းသည် ဇရတာဖြစ်၍ အဆုံးပိုင်းသည် အနိစ္စတာဖြစ်၏။

မဟာဘုတ်ရုပ်ထဲမှ တေဇောဓာတ်သည် စဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းသည် ရှိ၏။ အခြားရုပ်များ အားလုံးလည်း စဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း သည် ရှိ၏။

ဘဝတစ်ခု၌ အစအဆုံး ဥပါဒ်စခြင်းခြင်းသည် ဥပစယဖြစ်၏။ **ဘဝ** တစ်ခု၌ နောက်ထပ် နောက်ထပ် ဖြစ်ခြင်း အစဉ်ကို သန္တတိဟု ခေါ်သည်။ **ဥပမာ**– လျှပ်စစ်မီးလုံး လင်းရာတွင် ဖြတ်ဖြတ်ဖြတ်နှင့် လျှပ်ရှားကာ အလွန် လျှင်မြန်လွန်းသောကြောင့် တဆက်တည်း ဖြစ်နေသည်ဟု ထင်ရ၏။ ဖြတ်ဟူ သော လျှပ်ရှားမှုတစ်ခုတွင် ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာပါ၏။ ဖြတ်ဟူသော ပဌမအစတွင် ဥပစယ ပါ၏။ ဖြတ်ဖြတ်နှင့် ဆက်၍ လျှပ်ရှား နေမှုသည် သန္တတိဖြစ်၏။ ထိုကဲ့သို့ပင် တကိုယ်လုံး၌ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ ပါဝင်သည်။

## ရုပ ရုပ် ဖောက်ပြန်ပြောင်းလဲခြင်း ၂၈–ပါး

ရုပ်ဟူသည်မှာ ဖောက်ပြန်ပြောင်းလဲခြင်း သဘောရှိ၏။ ပြောင်းလဲ သည်ဆိုသည်မှာ ရှေ့နှင့်နောက် မတူအောင် ပြောင်းလဲ၏။ အရင်တမျိုး၊ နောက်တမျိုးဖြစ်၏။ ပူသည်တမျိုး၊ အေးသည်တမျိုး ဖြစ်၏။

ရုပ်သည် နေရာအနှံ့အပြားတွင် ရှိ၏။ အသံထဲတွင် လည်းကောင်း၊ စာလုံးထဲတွင် လည်းကောင်း ရှိ၏။ လက်လှုပ်နေသည်ထဲတွင်လည်း ရှိသည်။ ထမင်းသည် အမာမှ အပျော့ထိ ရှိသကဲ့သို့ ရုပ်ဓာတ်သည်လည်း အမာမှ အပျော့ထိ အဆင့်ဆင့်ခြားနားချက်ရှိ၏။ ကျောက်ခဲတွင် ရုပ်ရှိ၏။ စာအုပ်တွင် ရုပ်ရှိ၏။ လဟာပြင်ထဲတွင်လည်း ရုပ်ရှိ၏။ သို့သော် ရုပ်ချင်း မတူကြပေ၊ အမာနှင့် အပျော့ ကွာခြားပါသည်။

ပြောင်းလဲသည် ဆိုသည်မှာ အရောင်အဆင်း ပြောင်းလဲခြင်းဖြစ်၏။ အဝါရောင်သည် ကြာသော် ဖျော့သွား၏။ ပြောင်းလဲသွား၏။ အဆင်း ပြောင်း လဲကြောင်း မျက်စိက သိ၏။ အသံလည်း ပြောင်းလဲ၏။ အသံပြောင်းလဲ ကြောင်း နားက သိ၏။

ရုပ်သည် မျိုးအားဖြင့် (၁၁)မျိုးရှိ၏။ နိပ္ဖန္နရုပ်မျိုးသည် (၇)မျိုး ဖြစ်၍ အနိပ္ဖန္နရုပ်မျိုးသည် (၄)မျိုးဖြစ်၏။

## ရုပ် ၂၈–ပါး

| | | |
|---|---|---|
| \|\|\|\| | ဘူတရုပ်၊ မဟာဘုတ်ရုပ် | |
| \|\|\|\|\| | ပသာဒရုပ် | |
| \|\|\|\| \|\|\| | ဂေါစရရုပ်၊ ဝိသယရုပ် | |
| \| \| | ဘာဝရုပ် | နိပ္ဖန္နရုပ် |
| \| | ဟဒယရုပ် | |
| \| | ဇီဝိတရုပ် | |
| \| | အာဟာရရုပ်၊ ဩဇရုပ် | |
| \| | ပရိစ္ဆေဒရုပ်၊ အာကာသရုပ် | |
| \| \| | ဝိညတ်ရုပ် | |
| \| \| \| | ဝိကာရရုပ် | အနိပ္ဖန္နရုပ် |
| \| \| \| \| | လက္ခဏရုပ် | |

ခဲတံတွင် နိပ္ဖန္နရုပ် မည်မျှပါဝင်သနည်း။

ခဲတံတစ်ချောင်းထဲတွင်–

ဘူတရုပ် .. ၄
ဝိသယရုပ် .. ၃
ဩဇရုပ် .. ၁

-----

စုစုပေါင်း ၈–ပါး ပါဝင်၏။

ခဲတံထဲတွင် ဩဇရုပ်ပါသည်ဆိုရာ၌ လူတို့စားသောက်နိုင်သေ ဩဇရုပ်မပါသော်လည်း ပိုးကောင်ငယ်တို့စားသောက်နိုင်သော ဩဇရုပ်ပါ၏

မိန်းကလေးတယောက်တွင် နိပ္ဖန္နရုပ်မည်မျှပါဝင်သနည်း။

ဘူတရုပ် -- ၄
ပသာဒ -- ၅
ဝိသယရုပ် -- ၄

ဘာဝရုပ် -- ၁ (ဣတ္ထိဘာဝ)
ဇီဝိတရုပ် -- ၁
ဩဇရုပ် -- ၁
ဟဒယရုပ် -- ၁

-----

စုစုပေါင်း ၁၇ ပါး ပါဝင်၏။

လက်တပိုင်းထဲတွင် နိပ္ဖန္နရုပ်မည်မျှပါဝင်သနည်း။
ဘူတရုပ် -- ၄
ကာယပသာဒရုပ်-- ၁
ဝိသယရုပ် -- ၄
ဘာဝရုပ် -- ၁ (သက်ဆိုင်ရာယောကျ်ား၊ မိန်းမ)
ဇီဝိတရုပ် -- ၁
ဩဇရုပ် -- ၁

-----

စုစုပေါင်း ၁၂ ပါး ပါဝင်၏။

လူတယောက်၏ခေါင်းပိုင်းတွင် နိပ္ဖန္နရုပ်မည်မျှပါဝင်သနည်း။
ဘူတရုပ် -- ၄
ပသာဒရုပ် -- ၅
ဝိသယရုပ် -- ၄
ဘာဝရုပ် -- ၁ (သက်ဆိုင်ရာယောကျ်ား၊ မိန်းမ)
ဇီဝိတရုပ် -- ၁
ဩဇရုပ် -- ၁

-----

စုစုပေါင်း ၁၆ ပါး ပါဝင်၏။

လည်ပင်းမှ ခါးပိုင်းအထိ အလယ်ပိုင်းကိုယ်တွင် နိပ္ဖန္နရုပ် မည်မျှ ပါဝင်သနည်း။
ဘူတရုပ် -- ၄
ကာယပသာဒရုပ်-- ၁

ဝိသယရုပ် -- ၄
ဘာဝရုပ် -- ၁ (သက်ဆိုင်ရာ ယောကျ်ား၊ မိန်းမ)
ဟဒယရုပ် -- ၁
ဇီဝိတရုပ် -- ၁
ဩဇရုပ် -- ၁

------

စုစုပေါင်း ၁၃ ပါး ပါဝင်၏။

ခါးမှ အောက်ပိုင်းကိုယ်တွင် နိပ္ဖန္နရုပ်မည်မျှပါဝင်သနည်း။

ဘူတရုပ် -- ၄
ကာယပသာဒရုပ် -- ၁
ဝိသယရုပ် -- ၄
ဘာဝရုပ် -- ၁
ဇီဝိတရုပ် -- ၁
ဩဇရုပ် -- ၁

------

နိပ္ဖန္နရုပ်ပေါင်း ၁၂ ပါး ပါဝင်၏။

လက်ချောက်တီးခေါ်နေသော လှုပ်ရှားနေသည့်လက်တွင် **နိပ္ဖန္နရုပ်၊** အနိပ္ဖန္နရုပ် စုစုပေါင်းရုပ်မည်မျှပါဝင်သနည်း။

လှုပ်ရှားနေသောလက်တွင်-

**နိပ္ဖန္နရုပ်**

ဘူတရုပ် -- ၄
ပသာဒ -- ၁
ဝိသယရုပ် -- ၄
ဘာဝရုပ် -- ၁ (သက်ဆိုင်ရာ ယောကျ်ား၊ မိန်းမ)
ဇီဝိတရုပ် -- ၁
ဩဇရုပ် -- ၁

------

၁၂

**အနိပ္ဖန္နရုပ်**

| | | | |
|---|---|---|---|
| အာကာသရုပ် | -- | ၁ | |
| ကာယဝိညတ် | -- | ၁ | |
| ဝိကာရရုပ် | -- | ၃ | |
| လက္ခဏာရုပ် | -- | ၃ | ( ဥပစယမပါ) |
| | | ------ | |
| | | ၈ | |

နိပ္ဖန္နရုပ် ၁၂ + အနိပ္ဖန္နရုပ် ၈ = စုစုပေါင်း ၂၀ ပါဝင်သည်။

အသံမပြည်ဘဲ ငြိမ်လျက်ရှိသော လက်တဘက်၌ နိပ္ဖန္နရုပ်၊ အနိပ္ဖန္နရုပ် စုစုပေါင်း ရုပ်မည်မျှပါဝင်သနည်း။

ငြိမ်လျက်ရှိသောလက်တွင်–

**နိပ္ဖန္နရုပ်**

| | | | |
|---|---|---|---|
| ဘူတရုပ် | -- | ၄ | |
| ပသာဒရုပ် | -- | ၁ | (ကာယပသာဒ) |
| ဝိသယရုပ် | -- | ၃ | |
| ဘာဝရုပ် | -- | ၁ | |
| ဇီဝိတရုပ် | -- | ၁ | |
| ဩဇရုပ် | -- | ၁ | |
| | | ------ | |
| | | ၁၁ | |

**အနိပ္ဖန္နရုပ်**

| | | |
|---|---|---|
| အာကာသရုပ် | -- | ၁ |
| ဝိကာရရုပ် | -- | ၃ |
| လက္ခဏာရုပ် | -- | ၃ |
| | | ------ |
| | | ၇ |

နိပ္ဖန္နရုပ် ၁၁ + အနိပ္ဖန္နရုပ် ၇ = စုစုပေါင်းရုပ် ၁၈ ပါးပါဝင်သည်။

၇။ အနာရမ္မဏာ -- အာရုံကို မသိတတ်ပေ၊
၈။ အပ္ပဟာတဗ္ဗ-- ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့နှင့် ပယ်၍မရ၊ ပယ်ရန်လည်းမလို၊

၁။ အဟေတုက

ရုပ်မှန်သမျှ၌ စွဲမြဲခိုင်ခံ့နေသော အခြေအမြစ်မရှိပေ။ လိုချင်စွဲမက်စရာကောင်းသော လှပကောင်းမွန်သည့် အသုံးအဆောင် ပစ္စည်းများသည် ခိုင်ခံ့မှု မရှိပေ။ အရာဝတ္ထုတိုင်း ခိုင်မြဲမှုမရှိကြောင်းမှာကား ထင်ရှားလှပေသည်။ အရောင်အဆင်းဟူသမျှ သည်လည်း မခိုင်မြဲပေ။ ရုပ်ဓာတ်မှန်သမျှ၌ ဇရတာ၊ အနိစ္စတာ ဟူသော လက္ခဏာရုပ် ပါဝင်နေ၏။ ခိုင်ခံ့သော စွမ်းရည်မရှိပေ။ ရင့်ခြင်း၊ ပျက်ခြင်း ဘက်သို့အမြန်နှင့် အနေး ရောက်သွားရပေသည်။ ဤသို့ ခိုင်ခံ့သောစွမ်းရည် မရှိခြင်းကို အဟေတုကဟု ခေါ်သည်။

သက်ရှိသတ္တဝါတို့၏ ကိုယ်တွင်း၌ရှိသော ရုပ်များသည်လည်း တဖြည်းဖြည်းနှင့် အိုလာ၏၊ ပျက်ခြင်းဘက်သို့ ရွေ့လျောလာသည်၊ ထိုသို့ ခိုင်ခံ့သော စွမ်းရည်မရှိသောကြောင့် အဟေတုက ဟုခေါ်သည်။

အလွန်မာကျောသော ကျောက်သံပတ္တမြား၊ အမျက်ရတနာ စိန်တို့ သည်လည်း မခိုင်ခံ့ပေ၊ စွဲမြဲခိုင်ခံ့သော အခြေအမြစ် မရှိကြ။ ထိုရတနာများ တွင် ပါဝင်သော ဇရတာမှာ မထင်ရှားလှသော်လည်း တဖြည်းဖြည်းပြောင်းလဲ ပျက်စီးနေ၏၊ နှစ်ပေါင်းများစွာ ကြာလျှင် ပျက်စီးလာရ၏။

ခွေးနှင့် လူကို နှိုင်းယှဉ်ကြည့်လျှင် လူက မအိုတော့ဘူးဟု ထင်ရ၏။ သို့ရာတွင် လူလည်း အိုရမည် ဖြစ်သည်။ ခွေး၏ ဇရတာသည် ထင်ရှားသော ကြောင့် အိုလွယ်သည်ဟု ထင်ရ၏။

ကမ္ဘာကြီးသည်လည်း ရုပ်ဓာတ်ပင်ဖြစ်သောကြောင့် ဇရတာ ရှိ၏၊ ခိုင်ခံ့သည့် သတ္တိမရှိသောကြောင့် ရင့်ခြင်း၊ ပျက်ခြင်း ဖြစ်လာရသည်။ နောက်ဆုံး ပျက်စီးရပေမည်။

ရုပ်ဓာတ်တို့တွင် ဖြစ်ခြင်း၊ ပျက်ခြင်းသည် ရှိ၏။ ဖြစ်ပြီးနောက် အဘယ်ကြောင့် မတည်တံ့၊ မခိုင်ခံ့ရဘဲ ပျက်စီးရသနည်း ဟုဆိုလျှင် အခြေအမြစ်မရှိ (အဟေတုကဖြစ် ) သောကြောင့် ပျက်စီးရသည်။

ရှင်းလင်းချက်

(၁) ရုပ်ဝတ္ထုတိုင်းတွင် အမြဲအားဖြင့် နိပ္ဖန္နရုပ် ၈ –ခု (မဟာဘုတ် ၄ + ဂေါစရရုပ် ၃ + ဩဇရုပ် ၁ ) ပါဝင်၏။ အသံမြည်သော် သဒ္ဒရုပ်ပင် ပါဝင်၏။

သက်ရှိသတ္တဝါတိုင်းတွင်ကား သဒ္ဒရုပ်သည် အမြဲပါဝင်နေ၏။ ဝမ်းထဲတွင် နှလုံးခုန်သံ၊ လေမြည်သံ၊ သွေးတိုးသံသည်ရှိ၏။

(၂) သစ်ပင်တွင် ဇီဝိတရုပ်မရှိပေ၊ တေဇောဓာတ်ကြောင့် ရှင်သန်လှုပ်ရှားနေ၏။ တေဇောဓာတ်၏ ပေါက်ပွားမှုကြောင့် ဖြစ်သည်။

(၃) အရာဝတ္ထုများကို လည်းကောင်း၊ သက်ရှိသတ္တဝါများကို လည်းကောင်း၊ နိပ္ဖန္နရုပ် ရေတွက် ရာတွင် ဝိသယရုပ်ကို ၄ – ပါးသာ ထည့်သွင်း၏။ ဝိသယရုပ် ၇– ပါးရှိသော်လည်း ဖောဋ္ဌဗ္ဗရုပ်ဖြစ်သည့် ပထဝီ၊ တေဇော၊ ဝါယောသည် မဟာဘုတ်ရုပ် ၄ – ပါးတွင် ပါဝင်နေသောကြောင့် မျိုးတူသုံးမျိုးကို ဖယ်ရှားပြီး၊ ဝိသယရုပ် ၄ – ပါးဟုသာ ထည့်သွင်းခြင်း ဖြစ်ပေသည်။

# ရူပဝိဘာဂ

## ရုပ် (၂၈) ပါး၏စွမ်းရည်များ

၁။ အဟေတုက -- စွဲမြဲခိုင်ခံ့နေသော အခြေအမြစ်မရှိ၊
၂။ သပ္ပစ္စယ -- အကြောင်းရှိမှ ဖြစ်သည်၊သူ့အလိုလိုမဖြစ်ပေ၊
၃။ သာသဝ -- အာသဝတရားတို့၏ ကျက်စား ပျော်မွေ့စရာ ဖြစ်၏၊
၄။ သခ်တ -- အကြောင်းတရားတို့က ပြုလုပ်ထားသောကြောင့် ဖြစ်ပေါ်၏၊
၅။ လောကိယ -- ဖြစ်ခြင်းပျက်ခြင်းမကင်းသော နယ်အတွင်း၌သာ ဖြစ်၏၊
၆။ ကာမာဝစရ -- ကာမတဏှာ၏ ကျက်စားရာနယ်ဖြစ်၏၊

## ရုပ်နှင့်စိတ် ကွာခြားပုံ

ရုပ်သည် အခြေအမြစ်မရှိ (အဟေတုက)ဖြစ်၏။ စိတ်တွင် အမြစ်ရှိ၏။ စိတ်ဆိုးမိလျှင်သော် လည်းကောင်း၊ လိုချင်တောင့်တမိလျှင်သော် လည်းကောင်း၊ ခိုင်ခံ့မြဲမြဲနေ၏။ **ဥပမာ**– စက္ခုပသာဒရုပ်တွင် စွဲမြဲခိုင်ခံ့နေသော အမြစ်မရှိ၊ စိတ်ဆိုးမပြေခြင်းတွင်ကား အမြစ်ရှိသောကြောင့် စွဲမြဲနေ၏။ လိုချင်တပ်မက်စရာကောင်းသော အသုံးအဆောင် ပစ္စည်းများသည် မျက်စိရှေ့၊ သို့မဟုတ် စက္ခုပသာဒ ရှေ့တွင် ထင်မြင်ရုံသာ ထင်မြင်နိုင်သည်။ ဖယ်ရှားလိုက်ပါက ပျောက်ကွယ်သွားနိုင်၏။ သို့ရာတွင် ထိုအရာဝတ္ထုများကို စွဲမက်နေသော လောဘစိတ်သည်ကား ပျောက်ကွယ်မသွားပေ၊ စွဲမြဲနေ၏။

စိတ်တွင်လည်း အာရုံကို သိရုံမျှ သိသော အသိစိတ်သည် အခြေအမြစ်မရှိပေ။ **ဥပမာ**– အဆစ်ကိုက်သည် ဆိုရာတွင် အဆစ်သည် ရုပ်ဖြစ်၏။ ကိုက်ခဲခြင်းကို သိသောစိတ်သည် အကုသလဝိပါက် ဒုက္ခဝေဒနာနှင့်ယှဉ်သော ကာယ ဝိညာဉ်စိတ် ဖြစ်၏။ ထိုအသိစိတ်သည် အခြေအမြစ် မရှိသောကြောင့် ကြာရှည်မခံပေ။ အဆစ်ကိုက်ခြင်းသည် ကြာရှည် မခံပေ။ ရာဉီဥတု ကောင်းလျှင်သော် လည်း ကောင်း၊ ဆေးကု၍သော် လည်းကောင်းပျောက်ကင်းနိုင်ပါသည်။

အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်စိတ်၊ မဟာဝိပါက်စိတ်၊ မဟာကြိယာစိတ်၊ ဈာန်စိတ်၊ လောကုတ္တရာစိတ်တို့သည် အခြေအမြစ်ရှိသည်။

ရုပ်တွင်ကား အခြေအမြစ်မရှိပေ၊ အဟေတုက ဖြစ်၏။ ကုံကော်ပင် အညွန့်ထွက်ခါစဥ် နီရဲနေ၏။ ကြာသော် စိမ်းစိုလာ၏။ ထိုထက်ကြာသော် ဝါလာ၏။ လက်ရှိအခြေအနေက အဘယ့်ကြောင့် ပြောင်းလဲရသနည်းဟူမူ ရုပ်သည် အခြေအမြစ်မရှိ အဟေတုကဖြစ်သောကြောင့် ဖြစ်သည်။

### ၂–သပ္ပစ္စယ

ရုပ်တို့သည် အကြောင်းရှိမှ ဖြစ်သည်၊ သူ့အလိုလို မဖြစ်ပေ။ **ဥပမာ**– သဒ္ဒရုပ်ကို ကြည့်ပါက ပိုမို၍ ထင်ရှား၏။ အသံဖြစ်ပေါ်အောင် ထုထောင်ပေးခြင်းမရှိပါက အသံမဖြစ်နိုင်ပေ။ တစ်ကမ္ဘာလုံးသည် မလှုပ်ရှားဘဲ

တည်ငြိမ်နေပါက အသံ မဖြစ်ပေါ်နိုင်ပေ။ သက်ရှိများသည် လည်းကောင်း၊ သက်မဲ့များသည် လည်းကောင်း ငြိမ်သက်နေပါက အသံ မဖြစ်ပေ။ ထို့ကြောင့် သဒ္ဒရုပ်ကို ပုံစံထား၍ ကျန်သော ရုပ်များသည်လည်း အကြောင်းရှိမှ ဖြစ်ပေါ်နိုင်သည်။

နေ့အခါတွင် နေပူ၏။ နေဟူသော အကြောင်းကြောင့် ပူ၏။ စက္ခုပသာဒသည်လည်း ကံအကြောင်းကြောင့်သာ ပေါ်၏။ လူကလုပ်၍ မရပေ။ ပသာဒရုပ်များသည် စိတ်၊ ဥတု၊ အာဟာရ၊ ဉာဏ်တို့ဖြင့်ပြုလုပ်၍ မရပေ၊ ကံကြောင့်သာ ဖြစ်၏။

ထေရီဂါထာပါဠိတော်၊ သုဘာထေရီဝတ္ထုတွင် ဘိက္ခုနီမသည် မျက်လုံး တစ်ဘက်ကို လူတစ်ယောက်အား ပေးလှူရန် ဆွဲထုတ်ပြီးနောက် ဘုရားရှေ့သို့ ရောက်ရာတွင် မျက်လုံးမှာ ပကတိအတိုင်း အကောင်းဖြစ်သွားလေသည်။ ဘိက္ခုနီမ၏ မျက်လုံးတစ်ဘက်သည် ပျက်စီးခဲ့သော်လည်း ကံ ကြောင့် အသစ်တစ်ဖန် ပြန်ပေါ်ရသည်။ (ထေရီ၊ ပါ၊ ၄၂၀။ ထေရီ-ဋ္ဌ ၂၅၃။)

**၃။ သာသဝ**

ရုပ် ၂၈-ပါးလုံးသည် အာသဝတရားတို့၏ ကျက်စားပျော်မွေ့ရာ ဖြစ်၏။

အာသဝ = ယိုထွက်ခြင်း၊ စီးသွားခြင်း၊
= အလင်း
= ထုံမွှမ်း

ပေါင်ဒါခွက်တွင် ပေါင်ဒါကို ကြာရှည်စွာ ထည့်ထားသော် ခွက်တွင် အမွှေးနံ့သည် စွဲနေ၏၊ မွှေးနေ၏၊ ထုံမွှမ်းသည်ဟု ခေါ်သည်။ ကြာလေကြာလေ စွဲမြဲခြင်း ဓာတ်အား ပြင်းထန်နေ၏။

အာသဝတရားများသည် လောဘ၊ ဒိဋ္ဌိ၊ မောဟဖြစ်၏။ ထိုအာသဝတရား သုံးပါးသည် ယိုထွက်ခြင်း၊ စီးသွားခြင်း စွမ်းရည်လည်းရှိ၍ အလင်းဖြစ်ခြင်း စွမ်းရည်လည်း ရှိ၏။

**မည်ကဲ့သို့ ယိုထွက်သနည်း**

အနာထဲမှ ပြည်ယိုထွက်သကဲ့သို့ ဖြစ်၏။ အနာရှိလျှင် ပြည်ထွက်၏။

လောဘ၊ ဒိဋ္ဌိ၊ မောဟသည်လည်း စိတ်ထဲက ယိုထွက်လာ၏။ အနာထဲက ပြည်ထွက်လျှင် အနာပတ်ဝန်းကျင်တွင် ပြည်စေးများ ကပ်နေပြီး ညစ်ပတ်နေ၏။ ဤကဲ့သို့ပင် စိတ်ထဲမှ လောဘ၊ ဒိဋ္ဌိ၊ မောဟ တရားများ ထွက်နေလျှင် ထိုစိတ်ရှင်၏ တစ်ကိုယ်လုံးသည် ညစ်ပတ်လာ၏။ မသန့်ရှင်းတော့ပေ။ မကောင်းမှု အကုသိုလ်များ အမှားလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ပေတော့မည်။

**မည်ကဲ့သို့စီးသွားသနည်း**

မြစ်ရေသည် မြင့်ရာမှ နိမ့်ရာသို့ တဝေ့ဝေ့ စီးသွားသကဲ့သို့ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည်လည်း ယင်းတို့ ကြိုက်နှစ်သက်ရာ အာရုံဘက် သို့ စီးသွား၏။ အာရုံများသည်ကား ပွဲ၊ ရုပ်သေး၊ ပျော်ပွဲရွှင်ပွဲ၊ ရုပ်ရှင်စသည့် မကောင်းမှုများဖြစ်၏။ လောဘရေစီးကြောင်း အားသန်နေသောကြောင့် အသွားများကြ၏။ ပွဲ၊ ရုပ်ရှင်၊ ပျော်ပွဲရွှင်ပွဲများသို့ သွားပါများသော် ဒိဋ္ဌိဟူသော အမြင်မှားသည် ပါလာ၏။ ပွဲကြည့်သောကြောင့် အိပ်ပျက်ခြင်း၊ ပြောင်လှောင် သရော်မှုများကို တွေ့ရှိနိုင်ခြင်း၊ အချည်းနှီး ငွေကြေးကုန်ကျခြင်း၊ မကောင်းသော မိတ်ဆွေများကို တွေ့ရှိနိုင်ခြင်း စသည့် ဒုက္ခများကို မမြင်နိုင်အောင် မောဟက ဖုံးလွှမ်းထား၏။ သို့သော် အာသဝ ရေစီးကြောင်းသည် အားသန် သောကြောင့် တကိုယ်လုံး မျောပါသွားရသည်။ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ အားကောင်းနေသည်။

သစ်တုံးသည် သူ့အလိုလို မရွေ့လျားနိုင်ပေ။ ရေစီးတွင်ကား ရွေ့လျောနိုင်၏။ ထိုသို့ပင် လူကိုယ်ခန္ဓာသည်လည်း အလိုလို မရွေ့နိုင်ပေ။ အာသဝေါ တရားများကြောင့် ရွေ့နိုင်၏။ သစ်တုံးသည် ရေကြောင့် မျောပါသွားကြောင်းကို မြင်နိုင်သော်လည်း လူ၏ကိုယ်ခန္ဓာသည် အာသဝကြောင့် မျောပါကြောင်းကိုကား သာမန်မျက်စေ့ဖြင့် မမြင်နိုင်ပေ၊ ဉာဏ်မျက် စိဖြင့်သာ မြင်နိုင်၏။

အာသဝတရားသည် အလျှုဒါန ပြုလုပ်စဉ်တွင် ခေတ္တခဏရပ်၏။ သောတာပတ္တိမဂ်ရလျှင် ဒိဋ္ဌိအာသဝ လုံးဝ ခန်းခြောက်သွားနိုင်သည်။ လောဘနှင့် မောဟကားကျန်ရှိသေး၏။ အရဟတ္တမဂ်ရလျှင်ကား အာသဝ တရား လုံးဝ မရှိတော့ပေ။

အာသဝ ရေစီးကြောင်းများပေါ်တွင် မျောပါသွားသော် တေဒင်္ဂရမည့် ထေရီမသော်မှ ဒုက္ခနှင့် တွေ့ရသေးသည်။

သေဒွေးသမီး ပဋာစာရီသည် ကိုဒါသနှင့် လယ်ကွင်းထဲမှာ အတူတကွ နေချင်သည်ကား လောဘ အာသဝဖြစ်၏။ မိဘကို ပစ်၍ ကိုဒါသနှင့် အတူလိုက်သွားလျှင် ဘေးဒုက္ခနှင့် တွေ့မည်ဟု မထင်ဘဲ အကောင်းသာလျှင် တွေ့မည်ဟု ထင်ခြင်းသည် အမြင်မှားသော ဒိဋ္ဌိအာသဝဖြစ်၏။ အမှန်ဖြစ်မည့် အခြေအနေကို မထင်မြင်နိုင်အောင် ဖုံးလွှမ်းထားခြင်းသည်ကား မောဟ အာသဝဖြစ်၏။ ထိုလောဘ၊ ဒိဋ္ဌိ၊ မောဟ အာသဝတရားကြောင့် ပဋာစာရီ သည် အာသဝရေစီးကြောင်းတွင် မျောပါသွားရသည်။

ပဋာစာရီ မျောပါသွားသော ရေစီးကြောင်းသည် ဒုက္ခနှင့် ရင်ဆိုင် တိုးတော့သည်။ ပဋာစာရီတွင် သားနှစ်ယောက် ရရှိလာရာ သားငယ်ကို စွန်ချီ၏၊ သားကြီးေ ရနစ်လေသည်။ ခင်ပွန်းသည်ကိုကား မြွေကိုက်သည်။ မိဘတို့ တိုက်ပြို၍ သေသဖြင့် မီးသဂြိုဟ်သော မီခိုးတို့ကို မြင်၍ မေ့မြော သွားကာ ပဋာစာရီ အရူးဘဝရောက်ခဲ့ရသည်။

ထို့နောက် ပဋာစာရီသည် ရူးလျက်ပင် သာဝတ္ထိပြည် ဘုရားရှင်တရား ဟောတော်မူသည့် နေရာသို့ရောက်၏။ မြတ်စွာဘုရား၏တရားသံကို ကြားသော်၊ စိတ်လည်လာပြီး ဝတ်လစ်စားလစ်မှန်း သိ၏။ အလွန်ပင်ရှက်ကြောက် သွားသည်။ အဝတ်ပြန်ဝတ်၏။ မြတ်စွာဘုရားထံတွင် ဘိက္ခုနီမ လုပ်ရန် ခွင့်တောင်း၍ ဘိက္ခုနီမလုပ်သည်။ ထို့နောက် ဝိနယဓရ တေဒဂ် ရသွားသည်။

နွားစားကျက်ရုပ် (၇) ပါးပင်မက၊ ကျန်ရုပ် (၂၁) ပါးလုံးသည်လည်း အာသဝတရားတို့၏ စားကျက်များဖြစ်သည်။ ထို့ကြောင့် ရုပ် (၂၈) ပါးစလုံး ကို အာသဝတရား၏ ကျက်စားရာ သာသဝဟု ခေါ်သည်။

မပဋာ၏ ရုပ်သည် ကိုဒါသ၏စားကျက်ရုပ်ဖြစ်သည်။ ထို့အတူ ကိုဒါသ၏ရုပ်သည်လည်း မပဋာ၏ စားကျက်ရုပ် ဖြစ်နေသည်။ မပဋာ၏ စိတ်ထဲ မှ လောဘ၊ ဒိဋ္ဌိ၊ မောဟ အာသဝတရားများ ထွက်နေသကဲ့သို့ ကိုဒါသ၏ စိတ်ထဲမှလည်း လောဘ၊ ဒိဋ္ဌိ၊ မောဟ အာသဝတရားများ ထွက်နေသည်။ ထိုဇနီးခင်ပွန်း နှစ်ယောက်ပေါင်းတွင် ရုပ် (၂၈)ပါးရှိသည်။ ရုပ် (၂၈)ပါးသည် ကား လောဘ၊ ဒိဋ္ဌိ၊ မောဟ အာသဝတရားတို့၏ ကျက်စားရာသာ ဖြစ်သည်။

## ၄။ သခ်တ

ရုပ် (၂၈)ပါးသည် အကြောင်းတရားတို့က ပြုလုပ်ထားသောကြောင့် ဖြစ်ပေါ်၏။ ဝါယောဓာတ်သည် လျောင်းခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း ဟူသော ဣရိယာပုထ်လေးပါးက ပြုလုပ်ထားသောကြောင့် မျှတစွာ ပေါ်၏။ ဣရိယာပုထ်လေးပါးကို မျှတအောင် မလုပ်သော် ဝါယောဓာတ် ပျက်စီး၍ ရောဂါများ ရနိုင်၏။ ဣရိယာပုထ်လေးပါး မျှတလျှင် ဝါယောဓာတ် မျှတ၍ ဣရိယာပုထ်လေးပါး မမျှတလျှင် ဝါယောဓာတ်လည်း မမျှတပေ။ ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရား လေးပါးဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရတွင် ဣရိယာပုထ် လှုပ်ရှားသော ဝါယောဓာတ်ကို စိတ်ကဖြစ်စေ၏၊ စိတ်ကြောင့် ရပ်၏၊ စိတ်ကြောင့် ထိုင်၏၊ စိတ်ကြောင့် လျောင်း၏၊ စိတ်ကြောင့် သွား၏။

ရုပ် (၂၈)ပါးစလုံးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်း တရား လေးပါးတို့က ပြုလုပ်ထားသောကြောင့် ဖြစ်ပေါ်နေ၏။ ပသာဒရုပ်များသည် ကံကြောင့် ဖြစ်သည်။ ဝိညတ်ရုပ်သည် စိတ်ကြောင့် ဖြစ်၏။

## ၅။ လောကိယ

ရုပ် (၂၈)ပါးတို့သည် ဖြစ်ခြင်း၊ ပျက်ခြင်း မကင်းသော နယ်အတွင်း၌သာ ဖြစ်၏၊ ဖြစ်ပြီးလျှင် ပျက်ရမည်။ အဆင်းလှခြင်း၊ အသံကောင်းခြင်း၊ ရနံ့မွှေးကြိုင်ခြင်း၊ အရသာ ချိုဆိမ့်ခြင်း၊ အတွေ့အထိနူးညံ့ခြင်း စသည့် ကောင်းသော အချက်များကို လောကလူသားတို့သည် မြတ်နိုးကြ၏။ သို့ရာတွင် ထိုအချက်များသည် ဖြစ်ခြင်း၊ ပျက်ခြင်း မကင်းသော လောကိယတရားများသာ ဖြစ်ကြသည်။ အဆင်းလှ ခြင်း၊ အသံကောင်းခြင်း စသည်များသည် အကြောင်းအားလျော်စွာ ဖြစ်ပေါ် လာကြသော်လည်း တချိန်မှာ ပျက်စီးကြမည်သာ ဖြစ်၏။ အဆင်းလှခြင်း စသော လောကိယတရားမျိုးကို အလွန်လိုလား၍ ရှာဖွေသိမ်းပိုက်ထားကြသူ များသည် ၎င်းတို့ မပျက်စီးမီတွင် နှစ်သိမ့်အားရပြီး ကျေနပ်မှု ရှိကြသော်လည်း ယင်းတို့ ပျက်စီးသောအခါ

အလွန် စိတ်ဆင်းရဲ၍ ဝမ်းနည်းဖွယ်နှင့် တွေ့ကြုံရမည်မှာ မလွဲနိုင်သော အချက်ကြီး ဖြစ်ပေသည်။

အချို့သော သူတို့မှာ ယောက်ျားဘဝနှင့် ပျော်နေလို၍ အချို့မှာကား မိန်းမဘဝနှင့် ပျော်နေချင်ကြ၏။ သို့ရာတွင် ယောက်ျားဘဝဟု ခေါ်သော ပုမ္ဘာဝ၊ မိန်းမဘဝဟုခေါ်သော ဣတ္ထိဘာဝတို့သည် ရုပ်သာဖြစ်သောကြောင့် ဖြစ်ခြင်း၊ ပျက်ခြင်း မကင်းသော နယ်အတွင်း၌သာ ဖြစ်၏။ လောကိယသာ ဖြစ်သည်။ ယောက်ျားဘဝ မိန်းမဘဝနှင့် ပျော်ရွှင်နေသူတို့သည် အစဉ်သဖြင့် မပျော်ရွှင်နိုင်သဖြင့် နောက်ဆုံးတွင် စိတ်သောက ရောက်ရပေသည်။

ထို့ကြောင့် ရုပ်ကို မမက်မောသင့်ပေ။ ရုပ်တို့သည် ဖြစ်လျှင် ပျက်တတ်သော သဘောရှိကြောင်း မှတ်ယူရမည်။ စိတ်ထဲတွင်ရှိသော အသိဉာဏ်ကိုသာ တိုးတက်အောင် ပြုသင့်ပေသည်။

## ၆။ ကာမာဝစရ

ရုပ် (၂၈)ပါးတို့သည် ကာမတဏှာ၏ ကျက်စားရာ နယ်ဖြစ်၏။ တဏှာနှင့်လောဘသည် သဘောတရားအားဖြင့် အတူတူပင် ဖြစ်၏။ တဏှာတွင် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍ သုံးမျိုးရှိသည်။

ကာမတဏှာဟူသည်မှာ ကာမဂုဏ်နှင့် ကာမဘုံဘဝကို လိုလားသော လောဘ အကြမ်းစားဖြစ်၏။ ဘဝတဏှာဟူသည်မှာ ရူပဈာန်၊ အရူပဈာန်နှင့် ၄င်းဘုံဘဝများကို လိုလားသော လောဘအနုစားဖြစ်သည်။ ဝိဘဝတဏှာဟူသည် သေပြီးနောက် ဘဝပြတ်ခဲ့ပြီဟု ထင်၍ ၄င်းပြတ်စဲမှုကို အမြင်မှားနှင့် လိုလားသော လောဘဖြစ်၏။ ထို့ကြောင့် ဝိဘဝတဏှာတွင် အမြင်မှား ပါသည်။

ကာမဂုဏ်တရားများနှင့် ကာမဘုံဘဝကို လိုလားတပ်မက်ခြင်းသည် ကာမတဏှာဖြစ်၏။ ဤဘဝတွင် အနာရောဂါ အပြင်းအထန် ကပ်ရောက်နေသောကြောင့် ဤဘဝကိုပင် မလိုလားတော့ဘဲ နောင်ဘဝတွင်မှ ကောင်းမွန်စွာ ကျန်းကျန်းမာမာ နေထိုင်လိုတော့သည်ဟူ၍ မိမိကိုယ်ကို သတ်သေခြင်းသည်

ကာမတဏှာသာ ဖြစ်၏။ ယခုဘဝပြီးသည့်နောက် နောင်ဘဝ ပြတ်စဲပြီဟု မယူဆပေ၊ နောင်ဘဝကိုပင် တပ်မက်နေ၏။ ထို့ကြောင့် ကာမတဏှာသာ ဖြစ်သည်။

ရူပဈာန်၊ အရူပဈာန်ကို တပ်မက်မောခြင်းသည် ဘဝတဏှာဖြစ်၏။ ဘဝတဏှာသည် ကာမဂုဏ်များကို ပယ်ဖျောက်သောကြောင့် ဗြဟ္မာ့ဘုံသို့ ရောက်နိုင်သည်။

ဝိဘဝတဏှာသည် အဆိုးဆုံးဖြစ်သည်။ ဝိဘဝတဏှာတွင် ယှဉ်သော ဒိဋ္ဌိသည် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။ ဥစ္ဆေဒဒိဋ္ဌိဟူသည်မှာ "သေပြီးလျှင် ငါဘာမျှ မဖြစ်တော့ဘူး" ဟူသော အမြင်မှားဖြစ်၏။

ရုပ် (၁၈)ပါးတို့သည် ကာမတဏှာ၏ ကျက်စားရာ စားကျက်ဖြစ်၏။ ဘဝတဏှာ၊ ဝိဘဝတဏှာ၏ ကျက်စားရာ စားကျက်မဟုတ်ပေ။ မိမိ၏ လိုလားချက်တွင် ရုပ်တရားများ ပါနေသေးသလားဟု စိစစ်ရမည်။ မည်သည့် ရုပ်မဆို ပါနေပါက ကာမတဏှာသာ ဖြစ်၏။ ရုပ်ပါလျှင် ကာမတဏှာ ဖြစ်၏။ ဘဝတဏှာ မဖြစ်နိုင်တော့ပေ။ ဈာန်သည် ရုပ်မဟုတ်ပေ၊ စိတ်စူးစိုက်နေခြင်း ဖြစ်၏။

**၇။ အနာရမ္မဏ**

ရုပ်တရား (၂၈)ပါးတို့သည် အာရုံကို မသိတတ်ပေ။ **ဥပမာ**– မျက်စိသည် အဆင်းအာရုံကို မသိနိုင်ပါ။ စက္ခုပသာဒရုပ်သည် အရောင်အဆင်းကို သိနိုင်သော စွမ်းရည် မရှိပေ။ စက္ခုဝိညာဉ်စိတ်တွင်သာသိနိုင်သော၊ အဆင်းကိုမြင်နိုင်သော စွမ်းရည်ရှိသည်။ သို့သော် စက္ခုဝိညာဉ်စိတ်သည် စက္ခုပသာဒရုပ်ကို မှီနေသည်။ စက္ခုပသာဒရုပ်က အခြေခံပေးသည်။ စက္ခုပသာဒ မရှိဘဲ စက္ခုဝိညာဉ်စိတ်က အဆင်းအာရုံကို မမြင်နိုင်၊ မသိနိုင်။ စက္ခုဝိညာဉ်စိတ်သည် စက္ခုပသာဒရုပ်ကို အခြေခံ၍မြင်သော စွမ်းရည်ရှိသည်။ ထိုကဲ့သို့ အခြားသော ရုပ်များသည်လည်း အာရုံကို မသိနိုင်ကြပေ။

**၈။ အပ္ပဟာတဗ္ဗ**

ရုပ် (၂၈)ပါးသည် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့နှင့် ပယ်၍မရ၊ ပယ်ရန်လည်း မလိုပေ။ ရုပ်သည် ပယ်ရသော မျိုးမဟုတ်၊ ပယ်ရန်လည်းမလို၊ **ဥပမာ**– မျက်စေ့ရုပ်ကို ပယ်က မည်သို့ အကျိုးထူးမည်နည်း။ အချည်းအနှီးသာ ဖြစ် မည်။ အခြားရုပ်များကား ကျန်နေကြဦးမည်။

ကလေးတစ်ယောက် မွေးဖွားလာရာတွင် တစ်ပါးသူက မသင်ကြားပေးမီ၊ ထိုကလေး၌ ငိုသော အတတ်ပါလာ၏။ ငိုခြင်းသည် ဒေါသစိတ်ဖြစ်၏။ ထို့ကြောင့် မွေးစတွင် ဉာဏ်မရှိပေ။ မောဟစိတ်သာရှိသည်။ မောဟစေတသိက် အမှောင်ဓာတ်သည် ပါလာ၍ ပညိန္ဒြေစေတသိက် အလင်းဓာတ်သည် မှိန်နေ၏။ မောဟ အမှောင်ဓာတ်သည် စိတ်ထဲတွင် အစဉ်ပါနေ၏။

ထိုလူကလေးသည် တဖြည်းဖြည်းနှင့် ကြီးပြင်းလာ၏။ ထိုလူကလေးလိမ္မာလာစေရန် ရုပ်ဓာတ် တစ်ခုခုကိုသော် လည်းကောင်း မောဟအမှောင်ဓာတ်ကို လည်းကောင်း၊ မည်သည်ကို ဖျက်ဆီးပစ်ရမည်နည်းဟူမူ မောဟကို ဖျက်ဆီးပစ်ရမည်။ အလင်းဓာတ်ရစေရန် အမှောင်ဓာတ်ကို အလင်း ဓာတ်နှင့် ဖျက်ပစ်ရမည်။ ထို့ကြောင့် မောဟကို ဉာဏ်နှင့် ဖျက်ဆီးရမည်။ ဉာဏ်ရှိစေရန် ဆောင်ရွက်ကြိုးကိုင်ရမည်။

**ဥပမာ**– ကလေးတစ်ယောက်အား (၀)လုံးကို ရေးပြသော် ကလေးသည် (၀)လုံးဟူ၍ မှတ်ထား၏။ သညာဖြစ်သည်။ ထို့နောက် (၀)လုံးကို ဖုံး၍ (၀)လုံးလားဟုမေးလျှင် "မဟုတ်ဘူး" ဟု ဖြေဆိုပေမည်။ "ဟုတ်သည်၊ မဟုတ်ဘူး"ဟူ၍ ခွဲခြားပြောဆိုနိုင်သော ပညာဉာဏ် ရှိလာခြင်းဖြစ်သည်။ (၀)လုံး ဟုတ်သည်၊ မဟုတ်ဘူးဟူ၍ ခွဲခြားပြောဆိုနိုင်သော် မခွဲခြားနိုင်သော မောဟသည် ပျောက်သွား၏။

အကောင်းအဆိုး၊ အတိမ်အနက်၊ အယုတ်အမြတ်ကို ခွဲခြားနိုင်ခြင်းသည် ပညာဖြစ်၏။ ပညာအသိဉာဏ် ရှိလာစေရန် မောဟကိုသာ ပယ်ရမည်။ ရုပ်များကိုပယ်ရန် မလိုပေ။

လူတစ်ယောက်သည် လဖက်စားသောကြောင့် ဗိုက်အောင့်လေထိုး၏။ နောက်ထပ်၍ ဗိုက်မအောင့်စေရန် လဖက်ဟုသောရုပ်ကို ပယ်ရန် မလိုပေ။ သို့သော် လဖက်ကိုစားလိုသော စားချင်သော လောဘကိုသာ ပယ်ရမည်။ လောဘကို ပယ်ဖျောက်မှ ဗိုက်နာခြင်းမှ ကင်းပေမည်။

ပွဲလမ်းသဘင်ကို ကြည့်သောကြောင့် ပျက်စီး၏ "ငါပျက်စီးသည်" ဟူ၍ ပွဲလမ်းသဘင်ကို ပယ်၍ မရပါ။ ပယ်ရန်လည်း မလိုပါ။ ပွဲကြည့်ချင်သော လောဘကိုသာ ပယ်ရှားရမည်။

လူနှစ်ယောက်ရန်ဖြစ်ကြ၏၊ တစ်ယောက်သောသူက အခြားတစ်ယောက်ကို မလိုလားသောကြောင့် ပယ်ရှားရမည်လား၊ ထိုသူကို ပယ်ရှားသုတ်သင်ပါက မိမိလည်း ဒုက္ခရောက်ပေမည်။ ထိုသူကို ပယ်ရန် မလိုပေ။ ထိုသူနှင့် ခိုက်ရန်ဖြစ်ပွားလိုသော သတ်လိုသော မိမိ၏ ဒေါသစိတ်ကိုသာလျှင် ပယ်ရှားပစ်ရမည်။

ထို့ကြောင့် ရုပ်များကို မိမိမကြိုက် မနှစ်သက်သော်လည်း ပယ်၍မရပေ။ ပယ်ရန်လည်း မလိုပေ။ မိမိတွင်ကပ်ရောက်လာသော လောဘ၊ ဒေါသ၊ မောဟ များကိုသာ ပယ်ရှားရမည်။

အရှုပဗြဟ္မာများသည် ရုပ်ကိုလိုလားသော လောဘကို ပယ်ခဲ့ကြ၏။ အကြွမ်းအားဖြင့် ရုပ်ကိုပယ်သည်ဟု ဆိုသည်။

တစ်မြို့နှင့် တစ်မြို့၊ တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည်၊ တစ်ဘက်နှင့် တစ်ဘက်၊ တစ်အုပ်စုနှင့် တစ်အုပ်စုတို့သည် မသင့်မတင့်ဖြစ်လာသော် အစဖျောက်ဖျက်လိုကြ၏၊ ပယ်လိုကြ၏၊ ထိုနည်းမှာ နည်းမှားဖြစ်၏၊ မအောင်မြင်နိုင်ပေ။ တစ်ဘက်နှင့် တစ်ဘက်၊ တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည်မှာ မမုန်းသင့်ပေ၊ မဖယ်ရှား သင့်ပေ။ မိမိစိတ်တွင်းရှိ လောဘ၊ ဒေါသ၊ မောဟကိုသာလျှင် ပယ်ရမည်။

မည်သည့်နေရာတွင်မဆို မိမိကသာ အလျှော့ပေးနိုင်ရပေမည်။ မိမိဘက်က ချို့ယွင်းချက် မရှိစေရပေ။ ချို့ယွင်းခြင်းကို ဖြစ်စေသော လောဘ၊ ဒေါသ၊ မောဟ၊ မာနများကို ပယ်ရှားရမည်။ သည်းခံခြင်းသည် ကောင်းသော အမှုဖြစ်၏။ သို့သော် ကောင်းသော ပစ္စည်းများသည် အရမလွယ်သောကြောင့် သည်းခံခြင်းသည်လည်း အရမလွယ်ပေ။ သည်းခံနိုင်စေရန် ကျင့်ကြံ အားထုတ်ရမည်။ သည်းခံနိုင်ရန် လောဘ၊ ဒေါသ၊ မောဟတို့ကို ပယ်ရမည်။ ရုပ်တို့ကိုကား ပယ်၍မရပါ။ ပယ်ရန်လည်း မလိုပေ။

**ရုပ် (၂၈)ပါး၏ စွမ်းရည်များ**

| | |
|---|---|
| အဇ္ဈတ္တိကရုပ်၊ | ဗာဟိရရုပ် |
| အတွင်းရုပ် | အပြင်ရုပ် |
| (ပသာဒရုပ် -၅ပါး) | (ကျန်ရုပ် -၂၃ပါး) |

များသောအားဖြင့် လူတစ်ယောက်၊ တစ်ယောက်တွင် ရုပ် (၂၇) ခု ရှိ၏။ ထိုရုပ် (၂၇)ခုတွင် အသုံးကျသောရုပ်ကို တန်ဖိုးအထားဆုံးဖြစ်သည်။ နေ့စဉ်နှင့်အမျှ အသုံးကျသော ရုပ်များသည်ကား စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်နှင့် ကာယပသာဒရုပ်ဟုခေါ်သော ပသာဒရုပ် (၅) ခုပင်ဖြစ်သည်။ ဤပသာဒရုပ် (၅) ခုသည် ကာယကံရှင်အတွက် တန်ဖိုးရှိရကား အတွင်းပစ္စည်းအဖြစ်ဖြင့် သိမ်းပိုက်ထားသင့်သောကြောင့် ထိုရုပ်များကို အဇ္ဈတ္တိကရုပ်ဟု ခေါ်သည်။ ကျန်သော ရုပ် (၂၃) ပါးသည်ကား (ပသာဒရုပ် (၅) ပါးကဲ့သို့) အဖိုးများစွာ မထိုက်တန်လှပေ။ ထို့ကြောင့် ဗာဟိရ ရုပ်မျှသာဖြစ်၏။

စက္ခုပသာဒရုပ်၏ တည်နေရာသည် မျက်လုံးအိမ်၏ အတွင်းမျက်လွှာခုနစ်ထပ်၏အောက်၌ သန်းဦးခေါင် ပမာဏရှိသော အသားဆိုင်ဖြစ်၍ အလွန်သေးငယ်လှ၏။ ထိုသေးငယ်သော နေရာနှင့် အခြားနေရာမှ အသားဆိုင်တခုခုကို ပေးပါဆိုလျှင် အခြားနေရာမှ အသားဆိုင်ကိုပေးပေမည်။ မျက်စိအကြည်ဓာတ်၏ တည်နေရာအသားဆိုင် သည်ကား အလွန်သေးငယ်လှသော်လည်း အဖိုးတန်လှသောကြောင့် မပေးနိုင်ပေ။

တန်ဖိုးရှိသည်ဆိုရာ၌ ကာယကံရှင်အတွက်ဖြစ်၏။ကာယကံရှင်အနေဖြင့် အမြတ်နိုးဆုံး၊ အတွင်းကျကျ သိမ်းပိုက်ထားလိုဆုံးသည်ကား ပသာဒရုပ် (၅) ပါးသာလျှင် ဖြစ်၏။ ကျန်သောရုပ် (၂၃) ပါးသည်ကား များစွာ အသုံးမဝင်လှပေ။

သို့သော်ပသာဒရုပ် (၅) ပါး အသုံးဝင်စေရန် ကျန်ရုပ် (၂၃)ပါးက အကူအညီ ပေးနေသည်။ စိတ်စေတနာကြောင့် စက္ခုပသာဒဟု ခေါ်သော မျက်လုံးအကြည်ဓာတ်က လှည့်၍ကြည့်လိုသော် ပတ်ဝန်းကျင်ရှိ မျက်လုံး၊ မျက်သား၊ မျက်တောင် စသည်တို့က လည်းကောင်း၊ အဆင်းအာရုံက လည်းကောင်း ဝိုင်းဝန်းကူညီနေကြရ၏။ ထို့ကြောင့် ကျန်သောရုပ် (၂၃) ပါးသည် လည်းသက်ဆိုင်ရာပသာဒရုပ်များကို ကူညီကြရသည်။ ထို့ကြောင့် ပသာဒရုပ် (၅) ပါးသည် အဇ္ဈတ္တိက (အတွင်းရုပ်) ဖြစ်၍ ကျန်ရုပ် (၂၃) ပါးသည် ဗာဟိရ (အပြင်ရုပ်) ဖြစ်သည်။

အိမ်တစ်အိမ်တွင် အိမ်၏ကောင်းကျိုးကို အတွင်းလူက ဆောင်ရွက်နိုင်၏။ သို့သော် အိမ်တွင်းလူကပင်လျှင် အိမ်သားအားလုံးအတွက် အဆင်းရဲဆုံးပြုနိုင်၏။ အိမ်တွင်းလက်ထောက်ချ၍ သူခိုး ခိုးခြင်း၊ ဓားပြတိုက်ခြင်း၊ ကိုယ်တိုင်ပါဝင်၍ ပြစ်မှုကျူးလွန်ခြင်း စသည်များကို တွေ့ရှိရသည်။ ထိုကဲ့သို့ပင် အဇ္ဈတ္တိက ရုပ်သည်လည်း ကာယကံရှင်အတွက် အချမ်းသာဆုံးဖြစ်အောင်လည်း ပြုလုပ်ပေးနိုင်၏။ အဆင်းရဲဆုံးဖြစ်အောင်လည်း ဖြစ်စေနိုင်သည်။ ချမ်းသာမှု ရရှိစေရန် ကူညီပေးသကဲ့သို့ ဆင်းရဲမှု ရရှိစေရန်လည်း ဒုက္ခပေးနိုင်သည်။

ဥပမာ။ ။ သောတပသာဒရုပ်သည် ကာယကံရှင်ကို ချမ်းသာအောင် ကြည်သာအောင်ကူညီပေး၏။ ကောင်းသော စကားများ၊ စိတ်ချမ်းသာဖွယ်ရာစကား၊ သာယာနာပျော်ဖွယ် စကားကိုကြားစေရန် ဆောင်ရွက်ပေးနိုင်၏။ ထို့အတူပင် ကာယကံရှင် ဆင်းရဲစေရန် နှောင့်ယှက်၏။ မကောင်းသောစကားများ၊ စိတ်မချမ်းမြေ့ဖွယ်ရာ စကားများကို ကြားစေရန် ဆောင်ရွက်ပေး၏။ နားမရှိလျှင် ထိုစကားများကို မကြားနိုင်ပေ။ ထို့ကြောင့် နားသည် ကောင်းကျိုးပေးသည့်နည်းတူဆိုး ကျိုးလည်းပေးသည်။ လူတစ်ဦး တစ်ယောက်က မိမိအား ဂရုမစိုက်ပါဘူးဟု ပြောသံကို ကြားသော် စိတ်ဆိုး၍ ထိုသူအား သတ်ပစ်၏။ ထိုပြစ်ဒဏ်ကြောင့် မိမိလည်း ကြိုးမိန့်ပေး၍ သတ်ခံရသည်၊ နားက ဆိုးကျိုးကို ပေးခြင်းဖြစ်သည်။

ဤကဲ့သို့ပင် ကျန်သော ပသာဒရုပ်များသည်လည်း ကာယကံရှင်အတွက် ချမ်းသာမှုကို ကူညီပေးစွမ်းသကဲ့သို့ ဆင်းရဲဒုက္ခကိုလည်း ဖြစ်စေသည်။ ကာယကံရှင်ကို ချမ်းသာစေရန် ကူညီသည်မှာလည်း ပသာဒရုပ် (၅) ပါးဖြစ်၍ ဆင်းရဲအောင် နှိပ်စက်သည်မှာလည်း ပသာဒရုပ် (၅) ပါးပင်ဖြစ်သည်။ ထို့ကြောင့် ပသာဒရုပ် (၅) ပါးသည် အတွင်းရုပ် (အဇ္ဈတ္တိကရုပ်ဖြစ်၍ ကျန်သော ရုပ် (၂၃) ပါးသည် ဖါသိ ဖါသာ နေသောအပြင် (ဗာဟိရရုပ်များ ဖြစ်ကြသည်။

**ရုပ် (၂၈) ပါး၏ စွမ်းရည်များ**

| ဝတ္ထုရုပ် | အဝတ္ထုရုပ် |
|---|---|
| နေရာ | နေရာမဟုတ် |
| ပသာဒရုပ် -- ၅ | ကျန်ရုပ်-- ၂၂ |
| ဟဒယရုပ် -- ၁ | |
| ----- | |
| ၆ | |

ဝတ္ထုရုပ် (၆) ပါးရှိသည်။ ပသာဒရုပ် (၅) ပါးနှင့် ဟဒယရုပ် (၁) ပါးဖြစ်သည်။ ဝတ္ထုရုပ် (၆) ပါးသည် စိတ်စေတသိက်တို့၏ နေရာဖြစ်သည်။ ကျန်သောရုပ်(၂၂ ) ပါးသည်စိတ် ၊ စေတသိက်တို့၏ နေရာမဟုတ်ပေ။

ဥပမာ။ ။ သွပ်မိုးထားသော အိမ်ပေါ်သို့ မိုးရွာချသော် အသံမြည်၏။ ကာယပသာဒဟု ခေါ်သော ကိုယ်ကာယသည် သွပ်အမိုးနှင့် တူ၏။ ကိုယ်ကာယပေါ်တွင် လာထိသော လေမှုန်လေမွှားသည် မိုးပေါက်နှင့် တူ၏။ မိုးနှင့်သွပ်အမိုး တွေ့ထိ၍ အသံမြည်ခြင်းသည် လေမှုန်လေမွှားနှင့် ကိုယ်ကာယ တွေ့ထိ၍ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်ခြင်းနှင့် တူသည်။ အသံမြည်ခြင်းသည် သွပ်ပြားပေါ်တွင်ဖြစ်၏။ အသံ၏ နေရာသည် သွပ်ပြား ဖြစ်သည်။ ထို့အတူပင် ကာယဝိညာဉ်စိတ်၏ နေရာသည် ကာယပသာဒ ရုပ်ဖြစ်၏ ကာယ ဝိညာဉ်စိတ်သည် တကိုယ်လုံးတွင် ဖြစ်ပေါ်သည်။ အိမ်တစ်အိမ်လုံးတွင် သွပ်ပြားမိုးထားသကဲ့သို့ ကာယပသာဒရုပ်သည်လည်း တကိုယ်လုံးတွင် ပျံ့နှံ့နေသည်။

ထို့ကြောင့် မိုးပေါက်နှင့် သွပ်ပြားတွေ့ထိ၍ ဖြစ်ပေါ်လာသော အသံသည် သွပ်ပြား၌ တည်သကဲ့သို့ လေမှုန်လေမွှားနှင့် ကိုယ်ကာယ တွေ့ထိ၍ ဖြစ်ပေါ်လာသော ကာယဝိညာဉ်စိတ်သည်လည်း ကိုယ်ကာယဟု ခေါ်သော ကာယပသာဒရုပ်တွင် တည်သည်။ ထို့ကြောင့် ကာယပသာဒရုပ်သည် ကာယဝိညာဉ်စိတ်၏ နေရာဖြစ်သည်။ သို့ဖြစ်ရကား ကာယပသာဒရုပ် (၅) ပါးနှင့် ဟဒယရုပ် (၁) ပါးသည် စိတ်စေတသိက်တို့၏ နေရာဖြစ်သည်။

မိုးပေါက်သံသည် တခဏချင်း ပျောက်ကွယ်သကဲ့သို့ ကာယဝိညာဉ် စိတ်သည်လည်း တခဏချင်း ပျောက်ကွယ်သွား၏။ ထို့သို့တခဏချင်း ပျောက်ကွယ်သွားပုံကို ထင်မြင်သိရှိလျှင် အနိစ္စတရားကို သိမြင်နိုင်လာ၏။

သက်ရှိသတ္တဝါတို့၏ ကိုယ်တွင် ကာယပသာဒ ဝတ္ထုရုပ်ရှိသော ကြောင့် ကာယဝိညာဉ်စိတ်ရှိ၏။ အရာဝတ္ထုတွင်ကား ကာယပသာဒဝတ္ထု ရုပ်မရှိသောကြောင့် ကာယဝိညာဉ်စိတ်မရှိပေ။

ကိုယ်ခန္ဓာကို လေမှုန်လေမွှားများ လာတိုးရာတွင် ဖြစ်လိုက် ပျောက် လိုက်ပေါ်၏။ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်လာရာတွင်လည်း ဖြစ်ပြီး နောက် ချက်ခြင်း ပျောက်သွား၏။ အလွန်တည်တံ့၍ ပြတ်သားသော သမာဓိရမှ သာလျှင် လျှင်မြန်စွာ ဖြစ်ခြင်း၊ ပျက်ခြင်းကို သိနိုင်သည်။ ထိုသို့ဖြစ်ပျက်ပုံကို ထင်ထင်ရှားရှားသိမြင်သော် ကြောက်သောစိတ်၊ သည်း မခံနိုင်သောစိတ်၊ ဒေါသစိတ်တို့သည် ပျောက်ကင်းနိုင်သည်။

မျက်စိက အဆင်းကို မြင်သည်ဆိုရာ၌ တခုခုသော အရာဝတ္ထုမှ ထွက်ပေါ်၍ ပျံ့နှံ့လာသော အဆင်းမှုန့်ကလေးများက မျက်စိအကြည် စက္ခု ပသာဒရုပ်ကို လာ၍ ထိခိုက်ကြခြင်းဖြစ်သည်။ ၎င်းအဆင်းရုပ်နှင့် မျက်စိ အကြည်ရုပ်ကို ရူပက္ခန္ဓာဟု ခေါ်သည်။

ထိုရုပ်နှစ်မျိုးတို့ ထိခိုက်မှုကြောင့် မျက်စိအကြည်ဓာတ်ပေါ်မှနေ၍ မြင်စိတ်ပေါ်လာသည်။ ထိုစိတ်ကို ဝိညာဏက္ခန္ဓာဟု ခေါ်သည်။

မြင်စိတ်နှင့် အတူပါလာသော စေတသိက်ဓာတ်အား (၇) မျိုးတွင် ဝေဒနာဟုခေါ်သော ခံစားမှုဓာတ်အားကို ဝေဒနာက္ခန္ဓာ ဟုခေါ်သည်။

သညာခေါ်သော မှတ်သားမှုဓာတ်အားကို သညာက္ခန္ဓာ ဟုခေါ်သည်။

ဖဿခေါ်သော တွေ့ထိမှုဓာတ်အား၊ စေတနာခေါ်သော လှုံ့ဆော်မှု ဓာတ်အား၊ ဧကဂ္ဂတာ ခေါ်သော တည်ငြိမ်မှုဓာတ်အား၊ ဇီဝိတိန္ဒြိယခေါ်သော စောင့်ရှောက်မှုဓာတ်အား၊ မနသိကာရခေါ်သော စိတ်ထဲသို့ရောက်စေရန် ပြုလုပ်သော ဓာတ်အား ဤငါးပါးကို ပေါင်းစု၍ သင်္ခါရက္ခန္ဓာဟု ခေါ်သည်။

ဤကဲ့သို့ မြင်သော အခိုက်၌ ခန္ဓာငါးပါးဖြစ်ပေါ်သည်။ ခန္ဓာငါးပါး တွင် ရုပ်ခန္ဓာတပါး၊ နာမ်ခန္ဓာ လေးပါး ပါဝင်သည်။

မြင်ခိုက် ခန္ဓာငါးပါးတွင် နာမ်ခန္ဓာလေးပါးတို့သည် စက္ခုပသာဒရုပ်ပေါ်မှ နေ၍ ဖြစ်ပေါ်ကြ၏။ စက္ခုပသာဒရုပ်သည် နာမ်ခန္ဓာလေးပါးတို့၏ ဖြစ်ပေါ်ရာ နေရာဌာနဖြစ်သည်။ ထို့ကြောင့် ယင်းကို ဝတ္ထုရုပ်ဟု ခေါ်သည်။

နှာခေါင်းက အနံ့ကိုနံသည်ဟု ဆိုရာ၌ တစုံတခုသော ဝတ္ထုမှ ထွက်ပေါ်၍ ပြန့်နှံ့လာသော အနံ့မှုန့်ကလေးများသည် နှာအကြည် (ဃာနပသာဒရုပ်) သို့လာ၍ ထိခိုက်ကြသည်။ ၎င်းအနံ့ရုပ်နှင့် နှာအကြည်ရုပ်ကို ရုပက္ခန္ဓာ ဟု ခေါ်သည်။

ထိုရုပ်နှစ်မျိုး ထိခိုက်မှုကြောင့် နှာအကြည်ဓာတ်ပေါ်မှနေ၍ နံစိတ်ပေါ် လာသည်။ ထိုစိတ်ကို ဝိညာဏက္ခန္ဓာဟု ခေါ်သည်။ နံစိတ်နှင့် အတူပါသော စေတသိက်ဓာတ်အား (၇) မျိုးတွင် ဝေဒနာ ခေါ်သော ခံစားမှုဓာတ်အားကို ဝေဒနာက္ခန္ဓာဟု ခေါ်သည်။

သညာခေါ်သော မှတ်သားမှုဓာတ်အားကို သညာက္ခန္ဓာဟုခေါ်သည်။

ဖဿခေါ်သော တွေ့ထိမှုဓာတ်အား၊ စေတနာခေါ်သော လှုံ့ဆော်မှုဓာတ်အား ဧကဂ္ဂတာခေါ်သော တည်ငြိမ်နေမှုဓာတ်အား၊ ဇီဝိတိန္ဒြိယခေါ်သောစောင့်ရှောက်မှုဓာတ်အား၊ မနသိကာရခေါ်သော စိတ်ထဲသို့ရောက်အောင် ပြုလုပ်သော ဓါတ်အား၊ ဤငါးပါးကို ပေါင်းစု၍ သင်္ခါရက္ခန္ဓာဟု ခေါ်သည်။

ဤကဲ့သို့ နံသောအခိုက်၌ ခန္ဓာငါးပါးဖြစ်ပေါ်သည်၊ နံခိုက်ခန္ဓာငါးပါးတွင် နာမ်ခန္ဓာလေးပါးတို့သည် ဃာနပသာဒရုပ်ပေါ်မှ နေ၍ဖြစ်ပေါ်ကြသည်။ ဃာနပသာဒရုပ်သည် နာမ်ခန္ဓာလေးပါးတို့၏ ဖြစ်ပေါ်ရာ နေရာဌာနဖြစ်သည်၊ ထို့ကြောင့် ၎င်းကို ဝတ္ထုရုပ်ဟု ခေါ်ရသည်။

ဤနည်းအတိုင်း သောတပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ်၊ ဟဒယရုပ်များသည် နာမ်ခန္ဓာလေးပါးတို့၏ ဖြစ်ပေါ်ရာ နေရာဌာနဖြစ်၍ ဝတ္ထုရုပ်ဟုခေါ်ရသည်။

## ရုပ် (၂၈)ပါး၏ ခွဲမ်းရည်များ

| ဒွါရရုပ် | အဒွါရရုပ် |
| --- | --- |
| စိတ်၊ စေတသိက်နှင့် | စိတ်စေတသိက်နှင့် |
| ကံတို့၏ထွက်ရာ | ကံတို့၏ထွက်ရာ |
| တံခါးရုပ် | တံခါးရုပ်မဟုတ် |
| ပသာဒရုပ် -- ၅ | ကျန်ရုပ် -- ၂၁ |
| ဝိညတ်ရုပ် -- ၂ | |

--------

၇

ပသာဒရုပ် (၅)ပါးသည် ဝီထိ ဒွါရဖြစ်၏၊ ဝီထိစိတ်တို့၏ ထွက်ရာ တံခါး ပေါက်ဖြစ်သည်၊ ဝိညတ်ရုပ်နှစ်ပါးသည် ကမ္မဒွါရဖြစ်၏။ ကာယကံ ဝစီကံ တို့၏ထွက်ရာ တံခါးဖြစ်၏။

တံခါးပေါက် (၇) ခုတွင် စိတ်ထွက်ရာ တံခါးပေါက်သည် (၅)ခု၊ ကံထွက်ရာ တံခါးပေါက်သည် (၂)ခုဖြစ်၏။

မျက်စိထဲက စိတ်ဆိုးသောစိတ်၊ လိုချင်သောစိတ်၊ ကုသိုလ်စိတ်များ ထွက်သည်။ မျက်စိမှ စိတ် (၄၆)ပါး ထွက်၏။

ကံဟူသည် ရှိ၏၊ သို့ရာတွင် မမြင်နိုင်ပေ။ စိတ်ထဲတွင် ရှိသော စေတနာ စေတသိက်ကိုပင် ကံခေါ်ရ၏။ စားဖြင့်ခုတ်ရာတွင် ခုတ်ချက်နှင့် စေတနာသည် ကံဖြစ်သည်။ ကံထွက်ရာတံခါးပေါက်သည် ဝိညတ် (၂) ပါး ဖြစ်၏။ ကာယဝိညတ်နှင့် ဝစီဝိညတ်ရုပ်ဖြစ်သည်။ ကာယဝိညတ်ကို ပိတ်ထားပါက ငြိမ်ထားပါက ကမ္မဒွါရ မပွင့်တော့ပေ။ ကာယကံဆိုးများ ဖြစ်သော ပါဏာတိ ပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ သုရာမေရယ ကံများ မဖြစ်ပေါ်နိုင်တော့ပေ။

ဝစီဝိညတ်ကို ငြိမ်ထားပါက၊ နှုတ်ကိုပိတ်ထားပါက ဝစီကံဆိုးများ ဖြစ်သော မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပများ မထွက်တော့ပေ။

ဆိုးသောကံများ ရှိသကဲ့သို့ ကောင်းသောကံများလည်း ရှိသည်။ ကာယဝိညတ်မှ အလှူပေးခြင်း၊ ဘုရားဦးတိုက်ခြင်း စသောကောင်းသည့် ကံများထွက်နိုင်၏။ ဝစီဝိညတ်မှ တရားစာများ ရွတ်ဖတ်ခြင်း၊ သာယာနာပျော်ဖွယ် စကားပြောဆိုခြင်း စသည့် ကောင်းသော ကံများ ထွက်ပေါ်နိုင်သည်။

ထို့ကြောင့် ကာယကံဆိုးများ၊ ဝစီကံဆိုးများ မထွက်စေရန် ကာယဝိညတ်၊ ဝစီဝိညတ်ကို ပိတ်ထားရမည့်နည်းတူ ကာယကံ ကောင်းများ၊ ဝစီကံကောင်းများ ထွက်ပေါ်စေရန် ကာယဝိညတ်၊ ဝစီဝိညတ်ကို ဖွင့်ထားရမည်။

သူတစ်ဦးတစ်ယောက်က မိမိအကျိုးအတွက် စေတနာကောင်းဖြင့် ပြောသော် မိမိအနေဖြင့် မကျေနပ်ဖွယ်ရာ ဖြစ်သော်လည်း မိမိ၏စိတ်ကို ထိန်းသိမ်းစောင့်စည်း၍ စိတ်ဖြင့် ကာယဝိညတ်၊ ဝစီဝိညတ်တို့ကို ပိတ်ပင်ထားရမည်။

လူတို့နေ့စဉ် ပြုမူပြောဆို နေထိုင်ကြခြင်းသည် ဝိညတ်ရုပ် ၂-ပါးနှင့် ဆိုင်၏။ ပသာဒရုပ် (၅)ပါးသည်ကား မနောကံနှင့်ဆိုင်သည်။ ကောင်းသော စိတ်နှင့် ဝစီဝိညတ်တံခါးကို ဖွင့်သော် ကောင်းသော ဝစီကံများ ထွက်မည် ဖြစ်သောကြောင့် လည်းကောင်း၊ ကောင်းသောစိတ်ဖြင့် ကာယဝိညတ်တံခါး ဖွင့်သော် ကောင်းသော ကာယကံများ ထွက်မည်ဖြစ်သောကြောင့် လည်းကောင်း၊ ကောင်းသောစိတ်ကို မွေးမြူရပေမည်။

## ရုပ် (၂၈)ပါး၏ ခွမ်းရည်များ

| ဣန္ဒြိယရုပ် အတူဖြစ်ဖက် တရားများကို စောင့်ရှောက်တတ်သောရုပ် | | | အနိန္ဒြိယရုပ် အတူဖြစ်ဖက် တရားများကို မစောင့်ရှောက်တတ်သောရုပ် |
|---|---|---|---|
| ပသာဒရုပ် | = | ၅ | |
| ဘာဝရုပ် | = | ၂ | |
| ဇီဝိတရုပ် | = | ၁ | |
| | | ---- | |

တိုင်းပြည်တစ်ပြည်တွင် အုပ်ချုပ်ရေးကောင်းပါက ထိုတိုင်းပြည်သည် တည်တံ့ခိုင်မြဲနိုင်၏။ ထို့အတူပင် လူတစ်ယောက်၏ကိုယ်ကာယ အုပ်ချုပ်ရေး ကောင်းပါက မပျက်စီးနိုင်ပေ။

လူတစ်ယောက်၏ ကိုယ်ကာယတွင် အုပ်ချုပ်သူ (၇)ဦးရှိ၏။ ပသာဒရုပ် (၅)ပါး၊ ဘာဝရုပ် (၁)ပါးနှင့် ဇီဝိတရုပ် (၁)ပါးတို့ ဖြစ်ကြသည်။ အုပ်ချုပ်နိုင်သော ရုပ်ဓာတ်သည် (၈)ပါးဖြစ်သော်လည်း၊ ဘာဝရုပ် (၂)ပါးတွင် လူတစ်ယောက်အတွက် သက်ဆိုင်ရာ ယောကျ်ား၊ မိန်းမ (ပုမ္ဘာဝရုပ်၊ ဣတ္ထိဘာဝရုပ်) တစ်မျိုးသာလျှင် ပါဝင်သည်။

## ပသာဒရုပ် (၅)ပါး

စက္ခုပသာဒရုပ်သည် စက္ခုဝိညာဉ်စိတ် နှစ်ပါးကို အုပ်ချုပ်သည်။ သောတပသာဒရုပ်သည် သောတဝိညာဉ်စိတ် နှစ်ပါးကို အုပ်ချုပ်သည်။ ဃာန ပသာဒရုပ်သည် ဃာနဝိညာဉ်စိတ် နှစ်ပါးကို အုပ်ချုပ်သည်။ ဇိဝှါပသာဒရုပ် သည် ဇိဝှါဝိညာဉ်စိတ် နှစ်ပါးကို အုပ်ချုပ်သည်။ ကာယပသာဒ ရုပ်သည် ကာယဝိညာဉ်စိတ် နှစ်ပါးကို အုပ်ချုပ်သည်။

ထိုပသာဒရုပ် (၅)ပါး အားကောင်းသောသူသည် အုပ်ချုပ်ရေး လုပ်ငန်းများ အားကောင်းနေသောကြောင့် ရွှင်လန်းလျက်ရှိသည်။ အုပ်ချုပ်သူ သည် ပသာဒရုပ်ဖြစ်၍ အုပ်ချုပ်ခံသူသည် ဝိညာဉ်စိတ်ဖြစ်သည်။ ပသာဒရုပ် အားလျော့ပါက ဝိညာဉ်စိတ်တို့သည် အားပျော့၏။ ပသာဒရုပ်အား ကောင်းပါ က ဝိညာဉ်စိတ် အားကောင်းသည်။

## ဘာဝရုပ် (၂)ပါး

မိန်းမနှင့် ယောကျ်ားတို့၏ အသွင်အပြင်သည် မတူကြပေ။ မတူသော ဘာဝရုပ်နှစ်ပါးက အုပ်ချုပ်နေသောကြောင့် ဖြစ်သည်။ ဘာဝရုပ်နှစ်ပါး၏ အမိန့်အရ မိန်းမနှင့် ယောကျ်ားတို့သည် အမူအရာ၊ အနေအထိုင်၊ အသွား အလာ ကွဲပြားနေ၏။ ထို့ကြောင့် ဘဝရုပ် (၂) ပါးသည် အသွင်အပြင် ပုံစံကို အားကောင်းစွာ အုပ်ချုပ်ထားနိုင်သောကြောင့် ဣန္ဒြိယရုပ်မျိုးဖြစ်သည်။

ဣတ္ထိဘာဝရုပ်သည် မိန်းမတို့၏ အသွင်အပြင်၊ ပုံစံနှင့် အမူအရာများကို အုပ်ချုပ်သည်။ ပုမ္ဘာဝရုပ်သည် ယောကျ်ားတို့၏အသွင်အပြင်၊ ပုံစံနှင့် အမူအရာများကို အုပ်ချုပ်သည်။ အသွင်အပြင် ပုံစံသည် သဏ္ဌာနပညတ် ဖြစ်၍ အမူအရာသည် အာကာရပညတ်ဖြစ်၏။ ယောကျ်ားရှာ၊ မိန်းမရှာ ဖြစ်ရခြင်း သည် ဘာဝရုပ် အားပျော့သောကြောင့် ဖြစ်သည်။ ဘာဝရုပ်အား ကောင်းစွာ မအုပ်ချုပ်နိုင်သောကြောင့် ဖြစ်သည်။

**ဇီဝိတရုပ် (၁)ပါး**

ဇီဝိတရုပ်သည် အတူဖြစ်ဖက် ရုပ်များကို မပုပ်မသိုး မပျက်စီးစေရန် အုပ်ချုပ်၏။ ဇီဝိတရုပ်သည် အုပ်ချုပ်သူဖြစ်၍ ကျန်ရုပ် (၂၇)ပါးသည် အုပ်ချုပ်ခံသူ ဖြစ်သည်။ ပသာဒရုပ် (၅)ပါးသည်ပင်လျှင် ဇီဝိတရုပ်၏ အုပ်ချုပ်မှုကို ခံယူရသည်။ ပသာဒရုပ် (၅)ပါးကြောင့် ဝိညာဉ်စိတ် (၅)ပါးကို အုပ်ချုပ် ပြန်သည်။

ရုပ် (၂၈)ပါး၏ ပွမ်းရည်များ

| | | | |
|---|---|---|---|
| သြဠာရိကရုပ် | | | သုခုမရုပ် |
| ကြမ်းသောရုပ် | | | နုသောရုပ် |
| ပသာဒရုပ် | -- | ၅ | |
| ဝိသယရုပ် | -- | ၇ | (ကျန်သောရုပ် ၁၆) |
| | | ----- | |
| | | ၁၂ | |

သြဠာရိကရုပ်ဟူသည်မှာ လက်နှင့် ကိုင်ကြည့်၍ ကြမ်းတမ်းသည်ကို ခေါ်သည်မဟုတ်၊ စိတ်နှင့် အသိလွယ်သော ရုပ်ကို ခေါ်သည်။ လူတစ်ယောက်တွင် ရုပ် (၂၇) ပါးရှိရာ သြဠာရိက ရုပ်သည် (၁၂) ပါးဖြစ်၍ သုခုမရုပ်သည် (၁၅) ပါး ဖြစ်သည်။

လူတစ်ယောက်၏ အဆင်းကို သိသည်ဆိုရာတွင် ဝိသယရုပ်ထဲမှ ရူပဖြစ်၏။ အသံတခုကို ကြားသိခြင်းသည် သဒ္ဒဖြစ်၏။ အနံ့တစ်ခုကို

နံ့သည်ဆိုရာတွင် ဂန္ဓဖြစ်၏။ အရသာတခုကို သိသည်ဆိုရာတွင် ရသဖြစ်၏။ အတွေ့အထိတခုကို ခံစားမိသည်ဆိုရာတွင် ဖောဋ္ဌဗ္ဗဖြစ်၏။ ဝိသယရုပ် (၇) ပါးစလုံးသည် သိရန်လွယ်ကူ၏။ ထို့ကြောင့် ဩဠာရိကရုပ်ဟု ခေါ်သည်။

ပသာဒရုပ် (၅) ပါးသည်လည်း မြင်ရာ၊ ကြားရာ၊ နံရာ၊ စားရာ၊ တွေ့ထိရာတွင် အလွန်သိသာ၏။ စိတ်နှင့်သိသာလွယ်သော ရုပ်ကို ဩဠာရိကရုပ်ဟု ခေါ်ရသည်။

ကျန်သော ရုပ် (၁၆) ပါးသည် စိတ်နှင့် မသိလွယ်နိုင်ပေ။ အလွန်တွေးကြည့်မှသာ သိနိုင်၏။ သုခုမဟူသည်မှာ စိတ်နှင့် အသိခက်သော သိရန်မလွယ်သော ရုပ်ကို ခေါ်သည်။ သုခုမရုပ်ကို ကြံဖန်စဉ်းစား၍ ကြည့်သော်ရ၏။ သို့သော် မလွယ်ကူပေ၊ စဉ်းစားရ ခက်၏။

**အာပေါ**

အာပေါဓာတ်သည် သုခုမရုပ်ဖြစ်သည်။ ခဲတံတစ်ချောင်းတွင် ပထဝီ၊ ဝါယော၊ တေဇော ဓာတ်ပါကြောင်းသိ၏။ ခဲတံကို ကိုင်ကြည့်၍ အေးနေခြင်းသည် တေဇောဓာတ်ဖြစ်၏။ ထိုအအေးဓာတ်၏ မှီရာ အမာခံဓာတ်သည် ပထဝီဓာတ်ဖြစ်၏။ ခဲတံငြိမ်သက်နေခြင်းသည် ဝါယောဓာတ်ဖြစ်သည်။ ထို့ကြောင့် ခဲတံ၏ ပထဝီ၊ ဝါယော၊ တေဇောဓာတ်တို့သည် သိသာလွယ်၏။ အာပေါဓာတ်သည်ကား မထင်ရှားပေ၊ သိရန်ခက်ခဲ၏။ ထို့ကြောင့် အာပေါဓာတ်သည် သိရန်ခက်ခဲသဖြင့် နူးညံ့သော သုခုမရုပ်ထဲတွင် ပါဝင် သွားသည်။

**အာကာသရုပ်**

အာကာသရုပ်သည်လည်း သုခုမရုပ်ထဲတွင် ပါဝင်၏၊ စဉ်းစားရန် သိရန် ခက်ခဲသည်၊ နူးညံ့သည်။ အာကာသရုပ် နှစ်မျိုးရှိသည်။ အဇဋာကာသနှင့် ပရိစ္ဆေဒါကာသဖြစ်၏။ အဇဋာကာသမှာ ကောင်းကင်ကြီးကြီးဖြစ်၍ ပရိစ္ဆေဒါကာသမှာ ရုပ်ကလာပ်မှုန့်များ၏ ကြားသေးဖြစ်သည်။

**ဘာဝရုပ်**

ဘာဝရုပ်သည် သုခုမရုပ်ထဲတွင် ပါဝင်သည်။ ယောကျ်ား၊ မိန်းမကို ခွဲခြား၍ ရခြင်းသည် လွယ်ကူ၏။ သို့သော် ပုံစံကိုသာ သိကြသည်။ဘာဝရုပ်

ကို သေချာစွာ မသိရပေ။ ဘာဝရုပ် အစစ်သည် တကိုယ်လုံးတွင် ပြန့်နှံ့၍ တည်ကိန်းသည်။ ဘာဝရုပ်သည် ပုရိသဓာတ် ဣတ္ထိယဓာတ်ဖြစ်၏။ ပုံစံကို လည်းကောင်း၊ သဏ္ဌာန်ကို လည်းကောင်း မြင်နိုင်သော်လည်း ဘာဝရုပ်ကို ကား မျက်စိဖြင့် မမြင်နိုင်ပေ။

**ဝိညတ်ရုပ်**

ဝိညတ်ရုပ်သည်လည်း သုခုမရုပ်ဖြစ်၏။ ကာယဝိညတ်၊ ဝစီဝိညတ် ကို အသိလွယ်သည်ဟု သာမန်အားဖြင့် ထင်မှတ်၏။ သို့သော် လက်ရမ်းခြင်း၊ လက်ခါခြင်းကိုသာ မြင်ခြင်းဖြစ်၏။ လက်ကို ရမ်းစေသော ထိုဝိညတ်ရုပ်ကို ကား မမြင်နိုင်ပေ။ ဝိညတ်ရုပ်သည် အသိခက်၏။ နူးညံ့သောကြောင့် သုခုမ ရုပ်ထဲတွင် ပါဝင်သည်။

**ဝိကာရရုပ်**

ဝိကာရရုပ်သည်လည်း သုခုမရုပ် ဖြစ်၏။ လဟုတာသည် ပေါ့ပါး သည်။ ပေါ့ပါးကြောင်း ထင်ရှား၏။ ပေါ့ပါးကြောင်းကို သိသာသော်လည်း ပေါ့ပါးကြောင်းကို ဖြစ်စေသော လဟုတာရုပ်ကိုကား မမြင်နိုင်ပေ။ လဟုတာ ရုပ်ကို စိတ်၊ ဥတု၊ အာဟာရက ဖြည့်စွက်ပေးသည်။

နူးညံ့ခြင်းကို ဖြစ်စေသော မုဒုတာရုပ်၊ ခိုင်ခံ့ခြင်းကို ဖြစ်စေသော ကမ္မညတာရုပ်တို့ကို မမြင်နိုင်ပေ။ ထိုကဲ့သို့ ဝိကာရရုပ်သည် မမြင်နိုင်ဘဲ သိရန် ခက်ခဲသောကြောင့် သုခုမရုပ်ထဲတွင် ပါဝင်သည်။

| | | | | |
|---|---|---|---|---|
| ဩဠာရိကရုပ် | ----- | သန္တိကေရုပ် | | |
| သုခုမရုပ် | .----- | ဒူရေရုပ် | | |
| သန္တိကေရုပ် | = | နီးသောရုပ် | - | ၁၂ |
| ဒူရေရုပ် | = | ဝေးသောရုပ် | -- | ၁၆ |

ဩဠာရိကရုပ်ကို သန္တိကေရုပ်ဟု ခေါ်၍ သုခုမရုပ်ကို ဒူရေရုပ် ဟုလည်း ခေါ်သည်။

သန္တိကေရုပ်များသည် အသိဉာဏ်နှင့် နီးစပ်၏။ သိရန်လွယ်ကူသော ရုပ်ဖြစ်သည်။ ဒူရေရုပ်သည်ကား အသိဉာဏ်နှင့် ဝေး၏။ သိရန် ခဲယဉ်းသော ရုပ်ဖြစ်သည်။ သန္တိကေရုပ် (၁၂) ပါးရှိ၍ ဒူရေရုပ် (၁၆) ပါးရှိသည်။

| | | |
|---|---|---|
| ဩဠာရိကရုပ် | ------ | သပ္ပဋိဃရုပ် |
| သုခုမရုပ် | ------ | အပ္ပဋိဃရုပ် |
| သပ္ပဋိဃရုပ် | = | ထိခိုက်သောရုပ် |
| | = | တိုက်ခိုက်သောရုပ် |
| | = | အတိုက်အခံရုပ် |
| အပ္ပဋိဃရုပ် | = | မထိခိုက်သောရုပ် |
| | = | မတိုက်ခိုက်သောရုပ် |
| | = | အတိုက်အခံမဟုတ်သောရုပ် |
| သပ္ပဋိဃရုပ် | -- | ၁၂ |
| အပ္ပဋိဃရုပ် | -- | ၁၆ |

လက်နှစ်ချောင်းထိခြင်း၊ လက်နှင့် အခြားအရာဝတ္ထုတို့ တိုက်ခိုက်မိခြင်းကို သပ္ပဋိဃဟု ခေါ်သည်။

ဝိသယရုပ်က ပသာဒရုပ် (၅) ပါးကိုပါ သွားတိုက်၏။ ဝိသယရုပ်သည် အတိုက်ဖြစ်၍ ပသာဒရုပ်သည် အခံဖြစ်သည်။ သပ္ပဋိဃရုပ်များသည် အချင်းချင်း တိုက်ခိုက်ခံနေကြသည်။ ရူပါရုံသည် စက္ခုပသာဒကို သွားတိုက်သော် စက္ခုဝိညာဉ်စိတ်ပေါ်၏။ အသစ်တခု ထပ်ပေါ်လာသည်။ အာရုံနှင့် ပသာဒတို့သည် သက်ဆိုင်ရာ အတွဲလိုက် တိုက်ထိကြ၏။ ရုပ်နှစ်ခု အတိုက်အခံပြုသမျှ ဝိညာဉ်ရုပ် အသစ်ပေါ်၍ အတိုက်အခံမပြုသမျှ ဝိညာဉ်ရုပ် အသစ်မပေါ်ပေ။ ဝိသယရုပ်နှင့် ပသာဒရုပ် ထိခိုက်သော် ဝိညာဉ်ဟူသော အကျိုးတရားသည် ဖြစ်ပေါ်သည်။

ရူပဗြဟ္မာပြည်တွင် ဃာန၊ ဇိဝှါ၊ ကာယ ပသာဒရုပ် မရှိသောကြောင့် ယင်းတို့ကို တိုက်မည့်အတိုက်ရုပ်၊ (သက်ဆိုင်ရာ ဝိသယရုပ် (၃) ပါးသည်လည်း) မလာတော့ပေ။ ပသာဒရုပ် (၃) ပါးနှင့် ဝိသယရုပ် (၃)ပါး မတိုက်ခိုက်ကြသောကြောင့် အသစ်ဝိညာဉ်ရုပ် (၃) ပါးသည်လည်း မလာတော့ပေ။

**ရုပ် (၂၈) ပါး၏ စွမ်းရည်များ**

| ဥပါဒိန္နရုပ် စွဲလမ်းပြီးလုပ်မိ၍ ရသောရုပ် (ကမ္မဇရုပ်) | အနုပါဒိန္နရုပ် စွဲလမ်းပြီးလုပ်မိ၍ ရသောရုပ်မဟုတ် |
| --- | --- |

ပသာဒရုပ် -- ၅

ဘာဝရုပ် -- ၂

-- ၇ - ဇကဲ

ဟဒယရုပ် -- ၁

ဇီဝိတရုပ် -- ၁

အဝိနိဗ္ဘောဂရုပ် ၈ ၉

---- အနေကဲ

အာကာသရုပ် -- ၁ ၁၈

စွဲလမ်းမှုရှိလာလျှင် နှုတ်ကဖြစ်စေ၊ ကိုယ်ကဖြစ်စေ ဆောင်ရွက်လုပ်ကိုင်လာတော့သည်။ ထိုသို့ လုပ်ကိုင်သော် ဇကဲ (၇) မျိုးသော ရုပ်တို့ကို ရပေမည်။ ပသာဒရုပ် (၅)ပါး၊ ဘာဝရုပ် (၂)ပါး၊ ဟဒယရုပ် (၁)ပါး၊ ဇီဝိတရုပ် (၁)ပါးသည် စွဲလမ်းပြီး လုပ်မိ၍ရသော ရုပ်မျိုးဖြစ်သည်။

သေးငယ်သော ပုရွက်ဆိပ်၊ ခြပုန်းတို့သည် လည်းကောင်း၊ ကြီးမားသောဆင်၊ ခြင်္သေ့တို့သည်လည်းကောင်း၊ အာရုံတစ်ခုခုကို စွဲလမ်း၍ လုပ်မိသော လုပ်ငန်းရှိပါက နောင်ဘဝတွင် ဇကဲရုပ် (၇)မျိုးကို ရပေမည်။

သစ်ပင်တွင်ကား စွဲလမ်းမှုမရှိပေ။ သစ်ပင်တွင် စိတ်လည်း မရှိသဖြင့် စွဲလမ်းမှုကြောင့် ဆောင်ရွက်လုပ်ကိုင်မှုလည်း မရှိပေ။ ထို့ကြောင့် သက်မဲ့အရာဝတ္ထုများတွင် ဥပါဒိန္နရုပ်များ မရှိပါ။

ကောင်းသည်ကိုဖြစ်စေ၊ ဆိုးသည်ကိုဖြစ်စေ စွဲလမ်း၍လုပ်ဆောင်ပါက နောင်ဘဝတွင် သင့်တော်ရာ ဥပါဒိန္နရုပ်များကို ရပေမည်။ ယခုဘဝတွင် ခွေး၊ လူဖြစ်ရခြင်းသည် ယခင်ဘဝက စွဲလမ်းမှုဖြင့် ဆိုးသည် ကောင်း သည်ကို လုပ်ဆောင်ခဲ့သောကြောင့် ဖြစ်သည်။

ဘုရားရဟန္တာတို့တွင် စွဲလမ်းမှု မရှိပေ။ ဘုရားရဟန္တာတို့သည် လှုပ်လှုပ်ရှားရှားဖြင့် အလုပ်လုပ်ခြင်းရှိ၏။ သို့သော် စွဲလမ်းမှုမရှိပေ။ ထို့ကြောင့် ဘုရားရဟန္တာတို့တွင် ဥပါဒိန္နရုပ်မရှိပေ။ သာမန်လူ၊ သတ္တဝါတို့တွင်ကား မည်သည့်အလုပ်ကို မဆို စွဲလမ်းမှု ရှိသောကြောင့် ဥပါဒိန္နရုပ်ရှိသည်။

ရုပ် (၂၈)ပါး၏ စွမ်းရည်များ

| သနိဒဿန | အနိဒဿန |
|---|---|
| မြင်ခြင်းကိုခံယူ နိုင်ခြင်းရှိသောရုပ် ဝဏ္ဏခေါ်ရူပါရုံ | မြင်ခြင်းကို ခံယူ နိုင်ခြင်းရှိသောရုပ်မဟုတ်။ |
| အဆင်းရုပ် -- ၁ | ကျန်ရုပ် -- ၂၇ |

မြင်သော အလုပ်ကို စက္ခုဝိညာဉ်စိတ်က လုပ်၏။ မြင်ခြင်းကို ခံယူနိုင်သော စွမ်းရည်ရှိသည့် ရုပ်ကား အဆင်းရုပ်ဖြစ်၏။ အဆင်းသည် မြင်ခြင်းကို ခံယူနိုင်၏။ လူတစ်ယောက်သည် ကုလားထိုင်တွင် ထိုင်၍ စာရေးခြင်းအလုပ်ကို လုပ်သကဲ့သို့ စက္ခုဝိညာဉ်စိတ်သည် မြင်သောအလုပ်ကို လုပ်သည်။ စာရေးခြင်းကို ခံယူသည်မှာ စက္ခုဖြစ်သကဲ့သို့ မြင်ခြင်းကို ခံယူသည်မှာ အဆင်းဖြစ်၏။ အဆင်းသည် မြင်၍ရကောင်းသော ရုပ်ဖြစ်သည်။

ယောကျာ်းမိန်းမကို မြင်၍ရသလား၊ ပရမတ်နည်းအားဖြင့် မမြင်နိုင်ပေ။ ယောကျာ်းဟုခေါ်သော ပုမ္ဘာဝရုပ်၊ မိန်းမဟုခေါ်သော ဣတ္ထိဘာဝရုပ်တို့သည် မြင်ခြင်းကို မခံယူနိုင်ကြပေ။ အနိဒဿနရုပ်များဖြစ်သည်။

အရောင်များ ပေါင်းစပ်၍ ဖြစ်ပေါ်နေသည်ကိုပင် အဆင်းခေါ်၏။ စင်စစ်အားဖြင့် အဆင်းသည် မြင်ခြင်းကိုခံယူနိုင်သော အားသာလျှင် ဖြစ်ပေသည်။

စက္ကူသည် အပြား၊ လေးထောင့်ဖြစ်၏။ သို့သော် အပြား၊ လေးထောင့်သည် တကယ်မရှိပေ။ အပြားလေးထောင့်သည် ပုံစံသာလျှင်ဖြစ်၏။ ထိုကဲ့သို့

ပင် စက္ခုု၏အရောင်သည်လည်း ပုံစံဖြစ်၏။ စက္ခုု၏ အဖြူ အနီ အရောင် သည် အဆင်း၏ ပုံစံမျှသာဖြစ်သည်။ ထို့ကြောင့် အဆင်းတွင် အရောင် သီးခြား မရှိပေ။ မျက်စိဖြင့်မြင်၍ ရကောင်းသည်။

မြေဖြူတွင် အမှုန့်ကလေးများ ရှိ၏။ အမှုန့်ကလေး တစ်မှုန့်တွင် မြင်ခြင်းကို ခံနိုင်သော အားရှိ၏။ ထိုအမှုန့်များ စုပေါင်းထားပါက အတုံး၊ အပြား၊ ရှည်ရှည်၊ အနီ၊ အဖြူ၊ အပြာ စသည်ဖြစ်၏။ အတုံး၊ အပြား၊ အနီ၊ အဖြူသည် မြင်ခြင်းကို ခံယူနိုင်သော အားများစုပေါင်းထားခြင်းဖြစ်သည်။ အဆင်း၏ပုံစံမျှသာ ဖြစ်သည်။

မီးသည် အနုစားအားဖြင့် ဘူတရုပ်ထဲမှ တေဇောဖြစ်၏။ အကြမ်း အားဖြင့် မီးဖိုထဲမှ မီးဖြစ်၏။ မီးကို တေဇောဟုခေါ်သည်။ မီးကို မြင်၍ ရသလား။ အကြမ်းအားဖြင့် (သုတ္တန်နည်းအားဖြင့်) မြင်၍ရကောင်းသည်။ သို့သော် သေချာစွာ စိစစ်ပါက မီးသည် တေဇောဓာတ်ဖြစ်၏။ တေဇောဓာတ် ပါဝင် သော ဘူတရုပ်လေးပါးသည် မြင်ခြင်းကို မခံယူနိုင်သော အနိဒဿန ရုပ်မျိုး ဖြစ်သည်။

စင်စစ်အားဖြင့် အဆင်းဓာတ်အားကိုသာလျှင် မြင်၍ရ၏။ ကျန်သော ဓာတ်အားများကိုကား မြင်၍မရပေ။ အဆင်းဓာတ်အားမှအပ စိတ်၊ စေတသိက်၊ ရုပ် (၂၇)ပါးနှင့် နိဗ္ဗာန်ကိုကား မမြင်နိုင်ပေ။ ၄င်းတို့သည် မြင် ခြင်းကို မခံယူ နိုင်ကြပေ။

စိတ်၊ စေတသိက်၊ ရုပ် (၂၇)ပါးနှင့် နိဗ္ဗာန်တို့ကို မျက်စိဖြင့် မမြင် နိုင်သောကြောင့် "တကယ်စင်စစ်ရှိပါ၏လား" ဟူ၍ မေးနိုင်၏။ ယင်းတို့သည် မျက်စိဖြင့် မမြင်နိုင်သော်လည်း စင်စစ်ရှိကြသည်။ နေ့စဉ် ပြုမူ၊ ပြောဆို၊ ကြံစည် ဖြစ်ပျက် နေကြခြင်းသည် စိတ်၊ စေတသိက်၊ ရုပ် (၂၇)ပါးတို့နှင့် သက်ဆိုင်ရာတွင် အကျုံးဝင်လျက်ရှိသည်။

အနံ့ကို နှာခေါင်းကသာ သိနိုင်၏။ မျက်စိဖြင့် မမြင်နိုင်ပေ။ အရသာ ကို လျှာကသာ သိနိုင်၏။ မျက်စိဖြင့် မမြင်နိုင်သော်လည်း ရှိသည်။ ထို့အတူ ပင် နိဗ္ဗာန်ကိုလည်း မျက်စိဖြင့် မမြင်နိုင်ပေ။ သို့သော် ရှိ၏။ ဝိပဿနာဉာဏ် အဆင့်အတန်း ကုန်စင်အောင် ကျင့်သောနည်းဖြင့်သာ မြင်နိုင်သည်။

## ရုပ် (၂၈)ပါး၏ ခွဲမ်းရည်များ

| ဂေါစရဂ္ဂါဟိက အာရုံကို ဖမ်းယူနိုင်သောရုပ် | အဂေါစရဂ္ဂါဟိက အာရုံကို ဖမ်းယူနိုင်သောရုပ် မဟုတ်။ |
|---|---|

ပသာဒရုပ် -- ၅

| | | |
|---|---|---|
| စက္ခုပသာဒ | အဝေးဖမ်း | ကျန်ရုပ်–၂၃ |
| သောတပသာဒ | | |
| ဃာနပသာဒ | | |
| ဇိဝှါပသာဒ | အနီးဖမ်း | |
| ကာယပသာဒ | | |

စက္ခုပသာဒနှင့် သောတပသာဒရုပ်များသည် အဝေးတွင် ရှိသော သက်ဆိုင်ရာ အာရုံများကို ဖမ်းယူနိုင်သည်။ အလွန်နီးကပ်သော အာရုံများကို မဖမ်းယူနိုင်ပေ။ စက္ခုပသာဒရုပ်သည် အဝေးဖမ်းဖြစ်ကြောင်း မိမိမျက်စိကို မိမိပြန်မမြင်နိုင်ခြင်းက သက်သေခံလျက်ရှိသည်။ အရာဝတ္ထုတခုကို မျက်စိ ရှေ့တွင် မျက်စိနှင့် ထိလုခမန်း အလွန်နီးကပ်စွာ ထားပါက ထိုအရာဝတ္ထုကို သေချာစွာ မမြင်နိုင်တော့၊ ဝါးသွားပေမည်။

ထိုကဲ့သို့ပင် နားနှင့် အလွန်ဆုံး နီးကပ်တွေ့ထိသော အသံကို သေချာစွာ ပီပီသသ မကြားရတော့ပေ။ ဝါးသွား၏။

ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒရုပ်တို့သည် အနီးဖမ်းဖြစ်၏။ ယင်းတို့ကို လာထိမှသာ ဖမ်းယူနိုင်၏။ လာမထိပါက မဖမ်းယူနိုင်။ ဥပမာ– ရေမွှေးနံ့သည် နှာခေါင်းကို လာထိမှသာ နှာခေါင်းက ရေမွှေးနံ့ ကို ဖမ်းယူနိုင်၏။ အစားအစာ တခုခုသည် လျှာပေါ်သို့ ရောက်မှသာ လျှာက အရသာကို ဖမ်းယူနိုင်သည်။ ထိုကဲ့သို့ပင် အရာဝတ္ထုတခုခုက ကိုယ်ခန္ဓာကို လာထိမှပင်၊ ကိုယ်ကအတွေ့အထိကို ဖမ်းယူနိုင်သည်။

အဆင်း၊ အသံ၊ အနံ့၊ အရာသာ၊ အတွေ့အထိကို စိတ်က သိနိုင်၏၊ သို့ရာတွင် အစားအစာများကို လက်ကယူဆောင်ဖမ်းပေးမှ ပါးစပ်က

စားနိုင်သကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိများကို ဂေါစရဂ္ဂါဟိက ရုပ်များက ဖမ်းယူပေးမှသာ စိတ်က သိရပါသည်။

အိပ်ပျော်နေစဉ် နှလုံးသွင်းခြင်းမရှိသောကြောင့် အာရုံများကို မဖမ်းယူနိုင်ပေ။ ဥပမာ – ဘေးက စကား လာပြောသော်လည်း မကြားရပေ။ အသံရှိသော်လည်း နှလုံးသွင်းခြင်းမရှိ၍နားက ဖမ်းယူနိုင်ခြင်းမရှိ၊ နှာခေါင်းသို့ ရေမွှေးနံ့ လာတိုးကြောင်း၊ အသားကို လေတိုး ထိခိုက်ကြောင်း စသည်တို့ကို နှလုံးသွင်းခြင်း မရှိသောကြောင့် ဃာနပသာဒ၊ ကာယပသာဒတို့က မဖမ်းယူနိုင်ကြပေ။

ဂေါစရဂ္ဂါဟိက ရုပ် ( ၅ ) ပါးသည်၊ ကံကြောင့် ဖြစ်ပေါ်သည်။

### ရုပ် (၂၈) ပါး၏ စွမ်းရည်များ

| | |
|---|---|
| အဝိနိဗ္ဗောဂရုပ် | ဝိနိဗ္ဗောဂရုပ် |
| ခွဲခွါ၍ မရသောရုပ် | ခွဲခွါ၍ ရသောရုပ် |
| ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော | ကျန်ရုပ် -- ၂၀ |
| ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ | |
| \|\|\|\| ၊၊၊၊ | |

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ရသ၊ ဩဇာရုပ် (၈) ပါးသည် ခွဲခွါ၍ မရသော ရုပ်များဖြစ်ခြင်းကြောင့် အဝိနိဗ္ဗောဂရုပ်ဟု ခေါ်သည်။

### ရူပသမုဋ္ဌာန
### ရုပ်ကိုဖြစ်စေသောအကြောင်း
### ကံ၊ စိတ်၊ ဥတု၊ အာဟာရ

| | | |
|---|---|---|
| ကံ | .. အကုသိုလ်ကံ ၁၂+ကာမကုသိုလ်ကံ ၈ + ရူပကုသိုလ်ကံ ၅ = | ၂၅ |
| စိတ် | .. ဒွေးပဉ္စဝိညာဉ် ၁၀၊ အရူပဝိပါက် ၄ ကြဉ်သောစိတ် = | ၇၅ |
| ဥတု | .. အပူအအေးခေါ်တေဇောဓါတ် = | ၁ |
| အာဟာရ | .. ဩဇာခေါ်အာဟာရ = | ၁ |
| | | --- |
| | | ၁၀၂ |

ကံ

ကံဆိုသည်မှာ ကာယကံ၊ ဝစီကံ၊ မနောကံအနေနှင့် ဖြစ်သော အကုသိုလ်စိတ် ၁၂၊ ကာမကုသိုလ်စိတ် ၈၊ ရူပကုသိုလ်စိတ် ၅၊ ပေါင်း = (၂၅) ပါး၌ရှိသော စေတနာစေတသိက်ကို ဆိုလိုသည်။

ကံ = ကမ္မ = ပြုလုပ်ခြင်း
= ပြုလုပ်သူ
= အလုပ်သမား

စာရေးရာတွင် ဖေါင်တိန်သည် အလုပ်သမား အစစ်လား၊ မဟုတ်ပေ။ လက်သည် အလုပ်သမားအစစ်လား၊ မဟုတ်ပေ။ ထိုသို့ဖြစ်လျှင် စိတ်သည် သာ အလုပ်သမားအစစ်လား၊ စိတ်လည်း မဟုတ်ပေ။ စိတ်ထဲတွင်ရှိသော စေတနာ စေတသိက်သာလျှင် အလုပ်သမားအစစ် ဖြစ်ပေသည်။ စေတနာ စေတသိက်သည် စိတ်ကိုစာရေးရန် စေ့ဆော်ပေး၏။ စိတ်ကလက်ကို၊ လက်က ဖေါင်တိန်ကို စာရေးရန် ခိုင်းစေပြန်၏။ ထို့ကြောင့် အလုပ်သမားအစစ်မှာ စေတနာ စေတသိက်ဖြစ်၏။ စေတနာစေတသိက်သည် ကံဖြစ်သည်။

စာရေးတိုင်း စေတနာပါ၏။ စာတကြောင်းဖြစ်စေရန် လက် ၁၀– ခါ၊ ၁၅၊ ခါလှုပ်ရ၏။ လက် ၁၀ –ခါ၊ ၁၅ – ခါ လှုပ်စေရန် စေတနာက ၁၀– ခါ၊ ၁၅– ခါ ဆွဲပေးရ၏။ စေတနာသည် အရုပ်ကြိုးဆွဲသူနှင့် တူသည်။ အရုပ်သည် ကိုယ်လက်အင်္ဂါနှင့် တူ၏။ စေတနာစေတသိက်သည် စိတ်နှင့် ပေါင်း၍ ကိုယ်လက်အင်္ဂါကို လှုပ်ရှားအောင်ဆောင်ရွက်၏။ ထို့ကြောင့် စေတနာ စေတသိက်သည်သာလျှင် အလုပ်သမားဖြစ်၏၊ ကံဖြစ်သည်။

မဟာကုသိုလ်စိတ်နှင့် ယှဉ်သော စေတနာစေတသိက်သည် ကောင်း၏။ ကောင်းသောအလုပ်ကို လုပ်ပေး၏။ အကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာ စေတသိက်သည် မကောင်းပေ။ မကောင်းသော အလုပ်ကို လုပ်ပေး၏။

အလုပ်လုပ်ရာတွင် လူချင်းမကွာလှသော်လည်း အလုပ်လုပ်ခြင်းက ကွာခြားသောကြောင့် အကျိုးပေးလည်း ကွာခြားသွား၏။ ကံ၏ အဟုန်သည် ပြင်းထန်၏။ အကုသိုလ်ကံကြောင့် မကောင်းသော ဘဝသို့ ရောက်စေ၏။ ကံက တယောက်နှင့် တယောက် ကွာခြားသွားအောင် ပြုလုပ် ပေးပါသည်။

အကုသိုလ်ကံက အပါယ်လေးပါးတွင် ကျရောက်မည့် ရုပ်များကို ဖြစ်စေ၏။ ကာမကုသိုလ်ကံက အကန်း၊ အပင်း၊ အဆွံ့၊ အအ၊ အဂ်ါ ကျား၊ မ မဟုတ်သူ၊ ကျားရော မရော ဟုတ်သူ၊ အဟိတ်၊ ဉာဏ်ထိုင်းသူ ဒွိဟိတ်၊ ဉာဏ်ကောင်းသူ တိဟိတ်၊ လူနတ် ရုပ်များဖြစ်စေသည်။ ရူပကုသိုလ်ကံက ရုပ်ကို ဖြစ်စေသော် ရူပ (၁၆) ဘုံရှိ ဗြဟ္မာရုပ်များကို ဖြစ်စေသည်။

ကံသည် ကောင်းသော နေရာ၊ မကောင်းသော နေရာ၊ နေရာတကာ သို့ပို့ပေးနိုင်သည်။ ဥပမာ– လူတယောက်သည် ရိုက်မှု ဖြစ်ပွါး၍ ရဲက ထောင် သို့ပို့ပေးရာတွင် ရဲသည် အဖျားပိုင်းဖြစ်၏။ စင်စစ်ကား ထိုသူ၏ မကောင်းမှု စေတနာကံက သာလျှင် ထောင်သို့ပို့ပေးခြင်းဖြစ်သည်။

အကုသိုလ်ကံတွင် လောဘနှင့် ယှဉ်သော စေတနာသည် မပြည့်ပေ၊ ဆာသည်၊ ငတ်သည်။ လောဘသည် ကံတော့နှင့် တူ၏။ ကံတော့သည် နခမ်းပိတ်၍မရ ဆက်၍ ကျယ်သွားသကဲ့သို့ လောဘသည်လည်း ပြည့်စုံ သည်ဟု မရှိပေ။ ထပ်တလဲလဲ လိုလားနေသည်။ လောဘနှင့် ယှဉ်သော စေတနာက အကျိုးပေးသော် မပြည့်ပေ။ ဆာသော ငတ်သော အကျိုးကိုသာ ပေး၏။ လောဘအားကြီးပါက ပိုမို၍ မွဲတေနိုင်သည်၊ မပြည့်သော အကျိုး ကိုသာ ရရှိမည်။

ဂေါတမမြတ်စွာဘုရားသခင် လက်ထက်တော်က အာနန္ဒာဟု အမည် ရသော ကုဋေ (၈၀) ကြွယ်ဝသော သေဌေးတယောက် ရှိသည်။ ထိုသေဌေးတွင် သားတယောက်ရှိရာ မိမိ၏ သားအား ကုဋေ (၄၀) ရှိသည်ဟု အသိပေးထား သည်။ ခိုင်ခံ့သော ပစ္စည်းများကို မြေထဲတွင် မြှုပ်နှံထားသည်။

အာနန္ဒာသေဌေးကြီးသည် အလွန်ကပ်စေးနဲ လောဘကြီးသောသူ ဖြစ်ရကား မိမိ၏ သားအား ကုဋေ (၄၀) သည် မများလှကြောင်း၊ ပေးလျှင်၊ လှူလျှင် အကျိုးရှိ၏ဟု လောကတွင် လူတို့ ပြောဆိုနေကြသည်မှာ မှား ကြောင်း၊ ရသေ့ကို လှူလျှင် မိမိ၏ ပစ္စည်းများသာ တဘက်သတ် ကုန်ဆုံး သွားရပြီး တပြားတချပ်မျှ ပြန်မရကြောင်း စသည်ဖြင့် အလှူဒါန ပေးကမ်း စွန့်ကြဲခြင်းကို ပိတ်ပင်ပြောဆိုလေသည်။ အာနန္ဒာသေဌေးကြီး ပြောဆိုတိုင်း ပြောဆိုတိုင်း လောဘနှင့်တွဲသော စေတနာကသာ ခိုင်းစေ၏။ လောဘဖြင့် ပြော၏။ လောဘဖြင့် လုပ်ကိုင်သည်။

သို့သော် လောဘနှင့် တွဲသော စေတနာအကျိုးပေးသော် ဆာသော ငတ်သော၊ ညံ့သော အကျိုးကိုသာ ရရှိပေသည်။ တသက်လုံးတွင် လောဘနှင့် တွဲသော စေတနာနှင့် ပြုမူပြောဆိုဆောင်ရွက်ခဲ့သောကြောင့် မကောင်းသော စေတနာက အကျိုးပေးရကား အာနန္ဒာသေဌေးကြီး သေဆုံးသော် အိမ်ခြေ တထောင်ရှိသော သူတောင်းစားရွာတွင် သွားဖြစ်၏။ သူ၏ မကောင်းသော ကံက ထိရောက်စွာ အကျိုးပေးလိုက်ခြင်း ဖြစ်သည်။

သေဌေးကြီး ပဋိသန္ဓေနေစဉ်ကပင် ထိုရွာရှိ သူတောင်းစားများ တောင်းခံ၍ မရပေ၊ ငတ်ကုန်ကြ၏။ ဆက်တိုက် ငတ်ကြရာ ဖခင်ဖြစ်သူ သေဆုံးသွားသည်။ မိခင်သည် မသေရုံမျှသာ အလွန်ဆင်းရဲစွာ မွေးဖွားခဲ့ ရသည်။ ကလေးသည် အကုသိုလ်ကံကြောင့် သရဲသဘက်ကဲ့သို့ အလွန် ရုပ်ဆိုးလှသည်။ အာနန္ဒာသေဌေးဘဝက လောကတွင် အလှူခံကို အမုန်းဆုံး ဖြစ်သော မကောင်းသည့် စေတနာက အရုပ်ဆိုးအောင် ဖန်တီးပေးလိုက်သည်။

တရွာလုံးက သူယုတ်မာကို ရှာကြရာ ထိုကလေးအား တွေ့၏။ မိခင် ကိုယ်တိုင်ကပင် အလွန်ငတ်မွတ် ခေါင်းပါးလာရကား သားနှင့် ခွဲခွာသွား၏။ ခွဲခွာသွားသော အခါမှ မိခင်သည် အစာရေစာ တောင်းခံရရှိ သွားသည်။

ထို့ကြောင့် အာနန္ဒာသေဌေးကြီးသည် သေဌေးဘဝက လောဘနှင့် တွဲသော မကောင်းသည့် စေတနာထားခဲ့သောကြောင့် မကောင်းသော အကျိုး ကိုသာ ရရှိပေသည်။

ကောသလမင်း၏ မိဖုရားကြီး မလ္လိကာသည် အစက အလွန်ဆင်းရဲ သော်လည်း မြတ်စွာဘုရားအား ကောင်းသော စေတနာဖြင့် မုန့်လှူခဲ့သော ကံ ကြောင့် မိဖုရားကြီးအဖြစ်သို့ ရောက်ရသည်။

ဂေါတမမြတ်စွာဘုရားရှင် လက်ထက် ပန်းသည်မ တယောက်သည် ပန်းရောင်းခြင်းဖြင့် အသက်မွေးရသည်။ တနေ့ ပန်းခူးသွားရာ ရွာအပြင်ဘက် သို့ ရောက်သော် မြတ်စွာဘုရား ဆွမ်းခံကြွလာသည်ကိုမြင်၏။ ဘုရားရှင် အား အလွန်ကြည်ညိုသဖြင့် ပါလာသော မုန့်ကို လှူ၏။ ဘုရားရှင်သည် ပန်းသည်မ၏ သဒ္ဓါတရားတက်ကြွပုံကို သိ၍ အာနန္ဒာကို လှည့်ကြည့်၏။ အာနန္ဒာက အနေကထိုင် ခင်းပေးသော် မြတ်စွာဘုရားသည် မုန့်ကို မြိန်ရှက် စွာ ဘုဉ်းပေး၍ ဆွမ်းခံဆက်ကြွတော်မူသည်။

ထိုနေ့သည် ရာဇဂြိုဟ်ပြည်နှင့် ကောသလတိုင်း၊ သာဝတ္ထိပြည်၏ကြား ကာသိရွာတွင် နယ်စပ်တိုက်ပွဲ ဖြစ်သောနေ့ဖြစ်၏။ သာဝတ္ထိဘက်မှ အရေးနိမ့် သောကြောင့် ကောသလမင်းကြီးသည် မြင်းတစီးဖြင့် ထွက်ပြေးရာ ပန်းသည်မ ပန်နှုးနေသောနေရာသို့ ရောက်သည်။ ကောသလမင်းကြီးသည် မြင်းပေါ်မှ ဆင်း၍ အနားယူနေသော် ပန်းသည်မသည် အနံ့မွှေးသော ပန်းကို ပေး၏၊ ရေလည်း ရှာပေးသည်။

ကောသလမင်းကြီးသည် ပန်းသည်မကို နေပြည်တော်သို့ ခေါ်သွားပြီး ကျေးဇူးတရားကို ထောက်ထားသောအားဖြင့် အဂ္ဂမဟေသီဘွဲ့ပေးကာ မိဖုရားခေါင်ချုပ်အဖြစ် ခန့်ထားချီးမြှင့်သည်။ မလ္လိကာ မိဖုရားကြီးဟု အမည်တွင်ခဲ့သည်။

## စိတ်

" ကံသဘောဖြင့် အကြွေးဖြစ်၊ စိတ်သဘောဖြင့် လက်ငင်းဖြစ်" ဟူသည့်အတိုင်း အကုသိုလ်စိတ် ၁၂- ပါး၊ မဟာကုသိုလ်စိတ် (၈) ပါးသည် ကံကြောင့်ဖြစ်သော ရုပ်ကို အတိတ်အနေဖြင့် အကြွေးဖြစ်စေသည်။ စိတ်ကြောင့် ဖြစ်သောရုပ်ကို ပစ္စုပ္ပန်အနေဖြင့် လက်ငင်းဖြစ်စေသည်။

**မည်သည့်စိတ်ကြောင့် မည်သည့်ရုပ်ကို ဖြစ်စေကြောင်း**

ဒွေးပဉ္စဝိညာဉ် (၁၀)၊ အရူပဝိပါက် (၄) သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

ဒွေးပဉ္စဝိညာဉ် (၁၀) တို့သည် ယှဉ်ဘက် စေတသိက်ဓာတ် အားနည်း၍ အားမရှိသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်။

အရူပဝိပါက် (၄) သည် ရုပ်မရှိသော အရူပ (၄) ဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စများကို ဆောင်ရွက်လျက် အမြဲနေသောကြောင့် ရုပ်ကို မဖြစ်စေနိုင်။

## ရုပ်ကိုဖြစ်စေသောစိတ်



ရုပ်ကိုဖြစ်စေသောစိတ် (၇၅) ပါးတွင် မနောဓာတ် (၃) ၊ တဒါရုံ (၁၁)၊ ရူပဝိပါက် (၅) ပေါင်း (၁၉) ပါးသည် စိတ္တဇရုပ် ရိုးရိုးကိုသာ ဖြစ်စေနိုင်သည်။

အပ္ပနာဇော (၂၆) သည် စိတ္တဇရုပ်ရိုးရိုးကိုလည်း ဖြစ်စေသည်။ ဣရိယာပုထ်ကိုလည်း ခိုင်စေသည်။

ကာမဇော (၂၉) ၊ ဝုဋ္ဌော (၁) ၊ အဘိညာဉ် (၂) ၊ ပေါင်း (၃၂)ပါး သောစိတ်တို့သည် ရုပ်ရိုးရိုး၊ ဣရိယာပုထ်နှင့် ဝိညတ်ရုပ်များကိုလည်း ဖြစ်စေ

သည်။ ဝိညာဏ်ရုပ်ကို ဖြစ်စေသောစိတ် (၃၂) ပါးတို့တွင် သောမနဿဇော (၁၃) ပါးသည် ရုပ်ရိုးရိုး၊ ဣရိယာပုထ်၊ ဝိညတ်နှင့် ငိုခြင်းကိုလည်း ဖြစ်စေသည်။

အရူပကုသိုလ်၊ အရူပကြိယာသည် ကာမဘုံတွင်လည်းရုပ်ဖြစ်စေနိုင်၏။ အရူပဝိပါက်သည်ကား အရူပဘုံတွင်သာဖြစ်နေ၏။ ရုပ်ကိုကား မဖြစ်စေနိုင်။

တရားကို ထိရောက်စွာ အားထုတ်သော သူတယောက်သည် ငုတ်တုတ်ထိုင်လျက်နေ၏။ လဲလည်းမလဲ၊ ကိုင်ကြည့်၍ လည်းမသိ၊ ခေါ်လည်း မကြား ဖြစ်နေသည်မှာ အဘယ်ကြောင့်နည်း။

ဈာန်ဝင်စား၍ ဈာန်ဇောများ ဆက်ကာဆက်ကာကျ နေသူ တယောက်သည် ထိုင်လျက်ပင်ငြိမ်နေသည်။ လှုပ်ရှားခြင်းမရှိ၊ ခေါ်၍လည်း မကြား၊ ထိ၍မသိပေ။ အဘယ်ကြောင့်ဆိုသော် ဈာန်ဇောသည် အပ္ပနာဇောထဲတွင် ပါဝင်၏။ အပ္ပနာဇောသည် စိတ္တဇရုပ်ရိုးရိုးကို ဖြစ်စေသည်။ ထိုင်ခြင်း ဣရိယာပုထ်ကိုလည်း မလဲမပြိုရအောင် ခိုင်ခံ့စေနိုင်သည်။

ဖိုလ်ဝင်စား၍ ဖိုလ်ဇောများသည် ဆက်ခါဆက်ခါကျနေသူလည်း ဈာန်ဝင်စားသူနှင့် အလားတူ ဣရိယာပုထ်ခိုင်ခြင်း၊ ခေါ်၍မကြား၊ ထိ၍ မသိခြင်း တူညီသည်။ ခြားနားချက်ရှိသည်မှာ ဈာန်ဝင်စားသူသည်၊ ကသိုဏ်း နိမိတ်တခုခုကို သိလျက်ငြိမ်နေသည်။ ဖိုလ်ဝင်စားသူသည် နိဗ္ဗာန်ကို သိလျက် ငြိမ်နေသည်။

ဈာန်ဝင်စားနေသော ပုဂ္ဂိုလ်သည် စကားပြောသလား။

ဈာန်ဝင်စားနေသော ပုဂ္ဂိုလ်သည် စကားမပြောပါ။ ကိုယ်အင်္ဂါ အစိတ်အပိုင်းကလည်း လှုပ်ရှားခြင်းမရှိပါ။ ထိုင်၊ ရပ်၊ လျောင်း၊ သွား၊ ဣရိယာပုထ်သည်လည်း ပျက်မသွားပါ။ စကားပြောခြင်း၊ ကိုယ်အင်္ဂါလှုပ်ရှားခြင်းသည် ဝိညတ်ရုပ်နှင့် သက်ဆိုင်သည်။ ဈာန်ဇော၊ ဖိုလ်ဇောများသည် ဝိညတ်ရုပ်ကို မဖြစ်စေနိုင်ပါ။ ဣရိယာပုထ်ကို ခိုင်စေသည်။

ဖိုလ်ဝင်စားသူလည်း ဈာန်ဝင်စားသူကဲ့သို့ပင်ဖြစ်၏။ စကားမပြော လှုပ်ရှားခြင်းမရှိ၊ ထိုင်ခြင်းရပ်ခြင်းမှလည်း မပျက်ပေ။ အဘယ်ကြောင့်ဆိုသော်

ဈာန်ဇော၊ ဖိုလ်ဇော၌ ပါဝင်သော အပ္ပနာဇောသည် ဣရိယာပုထ်ကို ခိုင်မြဲစေသည်။ ဝိညတ်ရုပ်ကို မဖြစ်စေနိုင်။

## ဈာန်ဝင်စားသူနှင့် ဖိုလ်ဝင်စားသူ၏ ခြားနားချက်

ဈာန်ဝင်စားသူက ပညတ်နိမိတ်တခုခုကို အာရုံပြုလျက် ငြိမ်နေသည်။ ဖိုလ်ဝင်စားသူက ရုပ်နာမ်ချုပ်ငြိမ်းသော နိဗ္ဗာန်ကို အာရုံပြုလျက် ငြိမ်နေသည်။

ဈာန်သည် မသေခင်လည်း ဈာန်လျော၍ ပျက်တက်သည်။ သေသော အခါတွင်ကား ကျိန်းသေပျက်ပေမည်။ မဂ်နှင့် ဖိုလ်တို့သည် လျောကျ၍လည်းမပျက်၊ သေသော်လည်း မပျက်ပေ။ ဘဝအဆက်ဆက် ကူးသော်လည်း မပျက် တော့ပေ။ မဟာပရိနိဗ္ဗာနဓာတ်နှင့် ဆက်စပ်တော့သည်။

ဈာန်ရပြီးသောသူသည် သေပြီးနောက် အောက်ဘဝများသို့လည်း ရောက်နိုင်သေး၏။ မဂ်ဖိုလ်ရသူသည်ကား နိမ့်ကျသော အောက်ဘဝများသို့ မကျနိုင်တော့ပေ။ အထက်သို့သာ တက်လှမ်းနိုင်သည်။

ဈာန်သည် သမထလမ်းဖြစ်၏။ လောကုတ္တရာမဂ်ဖိုလ်လမ်းသည်ကား ဝိပဿနာလမ်းဖြစ်သည်။

-------

## မည်သည့်စိတ်က မည်သည့်ရုပ်ကို ဖြစ်စေကြောင်း



(၁) ရုပ်ရိုးရိုး
(၂) ဣရိယာပုထ်
(၃) ဝိညတ်
(၄) ရယ်ခြင်း၊ ငိုခြင်း

## စိတ္တဇရုပ်ကလာပ်နှင့် စိတ္တပစ္စယ ဥတုဇရုပ်ကလာပ်




### စိတ္တဇရုပ်ကလာပ်

| | | |
|---|---|---|
| စိတ္တ | -- | စိတ်ကြောင့် |
| ဇ | -- | ဖြစ်ပေါ်သော |
| ရုပ် | -- | ရုပ် |
| ကလာပ် | -- | အပေါင်းအစု |
| စိတ္တဇရုပ်ကလာပ် | -- | စိတ်ကြောင့်ဖြစ်ပေါ်သော ရုပ် အပေါင်းအစု |

### စိတ္တပစ္စယဥတုဇရုပ်ကလာပ်

| | | |
|---|---|---|
| စိတ္တ | -- | စိတ်ကို |
| ပစ္စယ | -- | အကြောင်းခံ၍ |
| ဥတု | -- | ဥတုကြောင့် |
| ဇ | -- | ဖြစ်ပေါ်သော |
| ရုပ် | -- | ရုပ် |
| ကလာပ် | -- | အပေါင်းအစု |
| စိတ္တပစ္စယ ဥတုဇရုပ် ကလာပ် | -- | စိတ်ကိုအကြောင်းခံ၍ ဥတုကြောင့် ဖြစ်ပေါ်သော ရုပ်အပေါင်းအစု၊ |

စိတ်တခုဖြစ်ပေါ်လျှင် စိတ္တဇရုပ်တခုသာ ဖြစ်၏။ နောက် စိတ္တဇရုပ်က အဆင့်ဆင့် ပေါက်ပွားလာမည်။ စိတ္တပစ္စယ ဥတုဇရုပ် ကလာပ်များ ဖြစ်သည်။ အကြမ်းအားဖြင့် စိတ္တပစ္စယဥတု ဇရုပ် (၄) ခုရှိသည်။ နည်းချင် နည်းမည်၊ များချင် များပေမည်။

ရုပ်ကိုဖြစ်စေသောကံ -- ၂၅

ကံကြောင့် ဖြစ်သောရုပ် -- ၁၈

ကံ -------------------- |||| ။ || ၁၈/ ဧကံအနေကံ

- စိတ် ---------------- || ၁၅/ ဧကံအနေကံ

- ။ ဥတု ------------- | ၁၃/ အနေကံ

- ။ ။ အာဟာရ ------ ||| ၁၂/ အနေကံ

ကံ ။ ။ ။ ---- |||| ။။ ----

|||| ။ || .. ပသာဒရုပ် ၅၊ ဘာဝရုပ် ၂၊ ဟဒယရုပ် ၁၊ ဇီဝိတရုပ် ၁၊

|| .. ဝိညတ်ရုပ် ၂၊

| -- သဒ္ဒရုပ် ၁၊

||| -- ဝိကာရရုပ် ၃၊

။။ ။။ ། -- အဝိနိဗ္ဘောဂ (၈) အာကာသ (၁)

**ကံကြောင့် ဖြစ်သောရုပ် ၁၈**

ဧကံ .. |||| ။ ||

အနေကံ .. |||| ။။ ।

ကံ၊ စိတ်၊ ဥတု၊ အာဟာရ

|

| | |

|||| ။။ |

ကံ၊ စိတ်၊ ဥတု၊ အာဟာရ

ကံကြောင့် ဖြစ်သောရုပ် (၁၈) ပါးတွင် အနေကံ (၉)ခုပါဝင်ရာ ထို အနေကံ (၉)ခုထဲတွင် တေဇောဓာတ်ပါ၏။ တေဇောသည် ဥတုပင် ဖြစ်သည်။ ဥတုကြောင့် ဥတုဇရုပ် (၁၃)ပါးသည် ဖြစ်နေပြန်သည်။ ထိုဥတုဇ ရုပ် (၁၃)ပါး တွင် တေဇောဓာတ်ပါ၏။ တေဇောသည် ဥတုပင်ဖြစ်သည်။ ဥတုကြောင့် ဥတုဇရုပ် (၁၃)ပါးသည် ထပ်မံဖြစ်ပြန်၏။ ဤသို့အားဖြင့် အဆက်ဆက် ပြန့်ပွားသည်။

ရုပ် (၂၈)ပါး

| | | |
|---|---|---|
| ကံ | -- | ၉ |
| စိတ် | -- | ၂ |
| စိတ်၊ ဥတု | -- | ၁ |
| စိတ်၊ ဥတု၊အာဟာရ | -- | ၃ |
| ကံ၊ စိတ်၊ ဥတု၊အာဟာရ | -- | ၉ |
| န ကုတောစိသမုဋ္ဌာန် | -- | ၄ |
| | | ----- |
| | | ၂၈ |

န ကုတောစိသမုဋ္ဌာန် = မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ခြင်း ၊ (လက္ခဏာရုပ်၊)

လက္ခဏာရုပ်သည် မည်သည့်အကြောင်းကြောင့်မှ မဖြစ်ကြောင်း



ကံကြောင့် စက္ခုပသာဒရုပ်သည် ဖြစ်ပေါ်၏။ ကံသည်စက္ခုပသာဒရုပ်ကိုသာ ဖြစ်စေနိုင်သည်။ အစ၊ အလယ်၊ အဆုံးကို လုပ်ပေးသည် မဟုတ်ပေ။ အသံတစ်ခု ပေါ်လာရာတွင် အစ၊ အလယ်၊ အဆုံး ပါ၏။ အစမပါဘဲ အလယ်၊ အဆုံး မဖြစ်နိုင်။ စမိလျှင် အလယ် အဆုံး ပါရသည်။ အစသာလျှင်၊ အလယ်သာလျှင်၊ အဆုံးသာလျှင် ပြုလုပ်၍ မရပေ။ ထို့ကြောင့် အစ၊ အလယ်၊ အဆုံး အမှတ်အသားသည် ရုပ်ကလာပ်တို့၌ ပင်ကိုယ်သဘောအားဖြင့် အလိုလို ပါပြီးသားဖြစ်၍ ကံစသော အကြောင်းတရားလေးပါးကြောင့် မဖြစ်ပေ။ မည်သည့် အကြောင်းကြောင့်မျှလည်း မဖြစ်နိုင်ပေ။

လက္ခဏာ ရုပ်လေးပါးသည် ပစ္စည်းတစ်ခု မဟုတ်သောကြောင့် မည်သည့် အကြောင်းကြောင့်မျှ မဖြစ်နိုင်ပေ။ ရုပ်၏အခြင်းအရာ၊ အမှတ်အသားမျှသာ ဖြစ်သောကြောင့် ရုပ်ထဲတွင်ထည့်ခေါ်၏။ (ရုပ်အစစ် မဟုတ်ပေ။)

ရုပ်ဟူသည် ရှေ့နောက်မတူအောင် ဖောက်ပြန်သော သဘော ရှိ၏။ အဘယ်ကြောင့်ဆိုသော် ကံ၊ စိတ်၊ ဥတု၊အာဟာရ အကြောင်း တရားလေးပါး ကြောင့် ဖောက်ပြန်ရသည်။

### ဘဝရုပ်ဖြစ်ခြင်း



**မိန်းမဖြစ်ခြင်းအကြောင်း**

(၁) လိုလားခြင်း၊

(၂) ကာမဂုဏ်ခံ့ရဲ‌သော ကံကို လုပ်မိခြင်း၊

**ယောကျ်ားဖြစ်ခြင်းအကြောင်း**

(၁) လိုလားခြင်း၊

(၂) ကာမဂုဏ်ကို ငြီးငွေ့ခြင်း၊

ထိုအကြောင်းနှစ်ချက်တို့တွင် အချက်တစ်ချက်နှင့်တိုက်ဆိုင် ပါက မိန်းမ ယောကျ်ားဖြစ်သည်။

ကောင်းသောလုပ်ငန်းတစ်ခုကို ယောကျ်ား လေးယောက်သည် အတူတူ လုပ်ကြ၏။ နှစ်ယောက်ကား စိတ်အားထက်သန်စွာ လုပ်၏။ ကျန်နှစ်ယောက် ကား စိတ်အား ထက်သန်ခြင်းမရှိဘဲ လုပ်သည်။ စိတ်အားထက်သန်စွာ လုပ်သော သူနှစ်ယောက်ထဲက တစ်ယောက်သည် ကာမဂုဏ်စိတ်နှင့် တွဲလုပ် ၏။ ထိုသူသည် နောက်ဘဝတွင် အလွန် အထက်တန်းကျသော အမျိုးသမီး တစ်ယောက် ဖြစ်သွားနိုင်သည်။

ကျန်တစ်ယောက်ကား ကာမဂုဏ်စိတ်မပါဘဲ စိတ်အား ထက်သန် စွာ အလုပ်လုပ်သောကြောင့် နောက်ဘဝတွင် မြင့်မြတ်သော အမျိုးသား တစ်ယောက်ဖြစ်သွားနိုင်သည်။

စိတ်မထက်သန်ဘဲ အလုပ်လုပ်သောသူနှစ်ယောက်တွင် တစ်ယောက် ကား ကာမဂုဏ်စိတ်နှင့်တွဲလုပ်သောကြောင့် အောက် တန်းစားအမျိုးသမီး ဖြစ်သွားနိုင်သည်။

ကျန်တစ်ယောက်ကား စိတ်အားထက်သန်စွာ မပြုလုပ်သော် လည်း ကာမဂုဏ်စိတ်နှင့် တွဲဘက်၍ မပြုလုပ်သောကြောင့် အောက်တန်းစား ယောကျ်ားတစ်ယောက်ဖြစ်သွားနိုင်သည်။

**ကလာပ်စည်း**

ကလာပ = ကလာပ် = အပေါင်းအစည်း

= ဝတ္ထုပစ္စည်းများကို စုပေါင်း၍စည်းထားခြင်း၊

= ရုပ်များကိုစုစည်းခြင်း။

ကမ္မဇကလာပ် -- ၉
စိတ္တဇကလာပ် -- ၆
ဥတုဇကလာပ် -- ၄
အာဟာရဇကလာပ်-- ၂

---

၂၁

ကမ္မဇကလာပ် = ကံကြောင့်ဖြစ်သောရုပ်တို့၏ အပေါင်းအစည်း၊
စိတ္တဇကလာပ် = စိတ်ကြောင့်ဖြစ်သောရုပ်တို့၏ အပေါင်းအစည်း။
ဥတုဇကလာပ် = ဥတုကြောင့်ဖြစ်သော ရုပ်တို့၏ အပေါင်းအစည်း။
အာဟာရဇကလာပ် = အဟာရကြောင့်ဖြစ်သော ရုပ်တို့၏ အပေါင်းအစည်း။

ရုပ်ဓာတ်တို့သည် မည်သည့်ရုပ်မျှ တစ်ခုတည်းမနေ၊ အပေါင်းအစည်းဖြင့်နေသည်။

|||| .. ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊

။ ။ .. ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ
ဤရှစ်ပါးကို ခွဲခွာ၍ မရသောကြောင့် အဝိနိဗ္ဘောဂဟုခေါ်သည်။
အဝိနိဗ္ဘောဂ (၈)ပါးကို ကလာပ်စည်းအားဖြင့် သုဒ္ဓဋ္ဌကဟုလည်းခေါ်သည်။

သုဒ္ဓဋ္ဌက

| သုဒ္ဓ | အဋ္ဌက |
|---|---|
| သန့်ရှင်းသော | ရှစ်ခုပေါင်း |

သန့်ရှင်းစွာဖြစ်ပေါ်နေသော ရှစ်ခုအပေါင်းအစည်းဖြစ်သည်။ ဥပမာ– ရေကို အခြားမည်သည့်အရောင်အသွေးမျှ မရောသေးမီတွင် သုဒ္ဓဋ္ဌက ကလာပ်ဟု ခေါ်သည်။ ဤ(၈)ပါး အပြင် အခြားမည်သည်မျှ မပါသေးပေ။

## ကမ္မဇကလာပ် (၉) စည်း

။။ ။ ။ ၊ ၊ .. စက္ခုဒသက ကလာပ်

။။ ။ ။ ၊ ၊ .. သောတဒသက ကလာပ်

။။ ။ ။ ၊ ၊ .. ဃာနဒသက ကလာပ်

။။ ။ ။ ၊ ၊ .. ဇိဝှါဒသက ကလာပ်

။။ ။ ။ ၊ ၊ .. ကာယဒသက ကလာပ်

။။ ။ ။ ၊ ၊ .. ဣတ္ထိဘာဝဒသက ကလာပ်

။။ ။ ။ ၊ ၊ .. ပုမ္ဘာဝဒသက ကလာပ်

။။ ။ ။ ၊ ၊ .. ဝတ္ထုဒသက ကလာပ်

။။ ။ ။ ၊ ၊ .. ဇီဝိတ နဝက ကလာပ်

### စက္ခုဒသက ကလာပ်

စက္ခု -- စက္ခုပသာဒ
ဒသက -- (၁၀) ခု

ကလာပ် -- အဖွဲ့အစည်း။

စက္ခုဒသက ကလာပ် = စက္ခုပသာဒ ပါဝင်သော (၁၀)ခုပေါင်း အဖွဲ့ အစည်း။

ဖွဲ့စည်းပုံမှာ

| | | |
|---|---|---|
| အဝိနိဗ္ဘောဂ | -- | ၈ |
| ဇီဝိတရုပ် | -- | ၁ |
| စက္ခုပသာဒရုပ် | -- | ၁ |
| | | ------ |
| | | ၁၀ |

သောတဒသက ကလာပ် = သောတပသာဒ ပါဝင်သော (၁၀)ခု ပေါင်း အဖွဲ့အစည်း။

ဖွဲ့စည်းပုံမှာ

| | | |
|---|---|---|
| အဝိနိဗ္ဘောဂ | -- | ၈ |
| ဇီဝိတရုပ် | -- | ၁ |
| သောတပသာဒရုပ် | -- | ၁ |
| | | ------ |
| | | ၁၀ |

ဃာနဒသက ကလာပ်=ဃာနပသာဒ ပါဝင်သော (၁၀)ခုပေါင်း အဖွဲ့အစည်း။

ဖွဲ့စည်းပုံမှာ

| | | |
|---|---|---|
| အဝိနိဗ္ဘောဂ | -- | ၈ |
| ဇီဝိတရုပ် | -- | ၁ |
| ဃာနပသာဒရုပ် | -- | ၁ |
| | | ------ |
| | | ၁၀ |

ဝတ္ထုဒသက ကလာပ်

ဝတ္ထု -- နေရာ
စိတ်၊ စေတသိက်တို့၏နေရာ ဟဒယ ရုပ်ဖြစ်သည်။

ဉာဏ်ဟူသော ပညိန္ဒြေ စေတသိက်သည် ဦးနှောက်တွင် မနေပေ၊ နှလုံးခေါ်သော ဟဒယထဲမှာ နေသည်။ စိတ်၊ စေတသိက် တို့သည် ဟဒယ ထဲ၌သာ နေသည်။

ဝတ္ထုဒသက ကလာပ် = ဟဒယဝတ္ထု ပါဝင်သော(၁၀)ခု ပေါင်း အဖွဲ့ အစည်း။

ဖွဲ့စည်းပုံမှာ

| | | |
|---|---|---|
| အဝိနိဗ္ဘောဂ | -- | ၈ |
| ဇီဝိတရုပ် | -- | ၁ |
| ဟဒယရုပ် | -- | ၁ |
| | | ------ |
| | | ၁၀ |

ဇီဝိတနဝက ကလာပ် = ဇီဝိတရုပ် ပါဝင်သော (၉)ခုပေါင်း အဖွဲ့အစည်း၊

ဖွဲ့စည်းပုံမှာ

| | | |
|---|---|---|
| အဝိနိဗ္ဘောဂ | -- | ၈ |
| ဇီဝိတရုပ် | -- | ၁ |
| | | ------ |
| | | ၉ |

## စိတ္တဇကလာပ် (၆) စည်း။

| | | |
|---|---|---|
| \|\|\|\| ॥ ॥ | .. | သုဒ္ဓဋ္ဌက ကလာပ် |
| \|\|\|\| ॥ ॥ । | .. | ကာယဝိညတ္တိနဝက ကလာပ် |
| \|\|\|\| ॥ ॥ । । | .. | ဝစီဝိညတ္တိသဒ္ဒ ဒသက ကလာပ် |

|||| ။ ။ ၊ ။ .. လဟုတာဒိ ဧကာ ဒသက ကလာပ်

|||| ။ ။ ။။ ၊ .. ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ်

|||| ။ ။ ၊ ။။ .. ဝစိဝိညတ္တိသဒ္ဒလဟုတာ ဒိတေရသက ကလာပ်

စိတ္တဇကလာပ် = စိတ်ကြောင့်ဖြစ်သောရုပ်တို့၏အပေါင်းအစည်း။

သုဒ္ဓဋ္ဌက ကလာပ် = သန့်ရှင်းစွာဖြစ်ပေါ်နေသော (၈)ခု အပေါင်းအစည်း။ အဝိနိဗ္ဘောဂရုပ် (၈)ပါးဖြစ်သည်။ ဤရုပ်(၈)ပါးသည် မည်သည့်နည်းနှင့်မျှ ခွဲ၍မရ၊ မည်သည့်အရာမျှ မရောဘဲ မပေါင်းစည်းရသေးမိ တည်ရှိသည်။

|||| ။။ သုဒ္ဓဋ္ဌက ကလာပ်

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော အဝိနိဗ္ဘောဂရုပ် (၈)ပါးဖြစ်သည်။

မည်သည့်ရုပ်ကလာပ် မှုန့်၌မဆိုအနည်းဆုံး (၈)မျိုးပါဝင် နေသည်။ အသေးဆုံး၊ အနုဆုံးဖြစ်သော ရုပ်ထဲတွင်ပင် ဤအဝိနိဗ္ဘောဂခေါ် သုဒ္ဓဋ္ဌက ကလာပ် (၈)ခုသည် ပါဝင်သည်။ ရေမှုန့်တမှုန့်တွင် လည်းကောင်း၊ လေမှုန့်တွင် လည်းကောင်း၊ ဤသုဒ္ဓဋ္ဌက ကလာပ်စည်း (၈)ခု ပါဝင်နေ၏။ သေးလွန်း၍သာ မမြင်နိုင်ပေ။

မည်သည့်ရုပ်ကလာပ်မှုန့်တွင်မဆို သုဒ္ဓဋ္ဌက ကလာပ် (၈)ခုပါဝင်နေသော်လည်း ရေမှုန့်၊ လေမှုန့်၊ မြေမှုန့်၊ မီးမှုန့်ဟူ၍ ကွဲပြား နေ၏။

၁။ ပထဝီဓာတ်အားများသော်၊ ထက်သန်လွန်ကဲသော် မြေမှုန့်ဖြစ်၏။

၂။ အာပေါဓာတ်များသော်၊ ထက်သန်လွန်ကဲသော် ရေမှုန့်ဖြစ်၏။

၃။ တေဇောဓာတ်များသော်၊ ထက်သန်လွန်ကဲသော် မီးမှုန့်ဖြစ်၏။

၄။ ဝါယောဓာတ်များသော်၊ ထက်သန်လွန်ကဲသော် လေမှုန့်ဖြစ်၏။

ဓာတ်အားများသည်ဆိုရာ၌ အရေအတွက် ပိုလာခြင်းမဟုတ်၊ ဓာတ်ပြင်းသည်၊ ပိုလွန်ကဲသည်ဟု ဆိုရာ၏။ အမှန်ကား ပထဝီ (၁)၊ အာပေါ(၁)၊ တေဇော (၁)၊ ဝါယော (၁) သာ ရှိ၏။

မည်သည့်အမှုန့်ကလေးမဆို၊ သုဒ္ဓဋ္ဌက ကလာပ်သာ ဖြစ်သော်လည်း၊ အထက်၌ ပြထားသကဲ့သို့ ဓာတ်တစ်ခုက အားများ သွားပါက မီးမှုန့်၊ ရေမှုန့်၊ လေမှုန့်၊ မြေမှုန့်ဟူ၍ ကွဲသွားကြ၏။

စိတ်ကြောင့်ဖြစ်သော ရုပ်ထဲတွင်လည်း အဝိနိဗ္ဘောဂရုပ် (၈) ပါး ပါဝင်နေသည်။ စိတ်ကြောင့်ဖြစ်သော ရုပ်ထဲ၌ ပထဝီဓာတ် လွန်ကဲလာပါက တကိုယ်လုံး တောင့်တင်းပြီး တက်ခြင်းများဖြစ်တတ်သည်။ အာပေါဓာတ် လွန်ကဲလာပါက မျက်ရည်၊ ချွေး၊ တံတွေး၊ သွားရည် စသည် ဖြစ်လာပါသည်။ တေဇောဓာတ်လွန်ကဲလာပါက တကိုယ်လုံးပူခြင်း၊ မျက်နှာနီရဲလာခြင်း၊ ရင်ပူလာခြင်း ဖြစ်ပါသည်။ ဒေါသဖြစ်သောအခါ၌ တေဇောဓာတ်လွန်ကဲလာပါသည်။ ဝါယော ဓါတ် လွန်ကဲပါက ဗိုက်အောင့်ခြင်း၊ လေထိုးခြင်း၊ ကတုန်ကရင် ဖြစ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

·|| || ။။ ၊ ကာယဝိညတ္တိနဝက ကလာပ်

ကာယဝိညတ်ရုပ် ပါဝင်သော (၉)ခု ပေါင်းအဖွဲ့အစည်း

ဖွဲ့စည်းပုံမှာ

| | | |
|---|---|---|
| အဝိနိဗ္ဘောဂ | -- | ၈ |
| ကာယဝိညတ် | -- | ၁ |

------

၉

ငြိမ်သက်နေသော လူတစ်ယောက်တွင် သုဒ္ဓဋ္ဌကကလာပ် စည်းပါဝင်သည်။ သို့သော် အသံမပြည်ဘဲ ကိုယ်လက်အင်္ဂါများ လှုပ်ရှားနေလျှင် - ဥပမာ -စာရေးနေပါက၊ ကိုယ်လက်အင်္ဂါအစိတ်အပိုင်း တို့တွင် ကာယဝိညတ္တိနဝက ကလာပ်(၉)ကို တွေ့ရ၏။

| | | |
|---|---|---|
| ငြိမ်နေလျှင် | -- | သုဒ္ဓဋ္ဌက ကလာပ် |
| လှုပ်ရှားနေလျှင် | -- | ကာယဝိညတ္တိနဝက ကလာပ်။ |

॥ ॥ ။။ ၊၊ဝစီဝိညတ္တိသဒ္ဒ ဒသက ကလာပ်

ဝစီဝိညတ်နှင့် သဒ္ဒပါဝင်သော(၁၀)ခုပေါင်းအဖွဲ့အစည်း။

**ဖွဲ့စည်းပုံမှာ**

| | | |
|---|---|---|
| အဝိနိဗ္ဘောဂ | -- | ၈ |
| ဝစီဝိညတ် | -- | ၁ |
| သဒ္ဒ | -- | ၁ |
| | | ------ |
| | | ၁၀ |

လူတစ်ယောက် စကားပြောနေသောအခါတွင် ဝစီဝိညတ္တိသဒ္ဒ ဒသက ကလာပ် ပါဝင်သည်။ ဝစီဝိညတ္တိဟူသည်မှာ နှုတ်ဖြင့် သိစေခြင်း ဖြစ်သည်။ အသံပါ ရောပါသွားသည်။

॥ ॥ ။။ ။၊ လဟုတာဒိဧကာဒသက ကလာပ်

လဟုတာ၊ မုဒုတာ၊ ကမ္မညတာ ပါဝင်သော (၁၁)ခု ပေါင်း အဖွဲ့အစည်း။

**ဖွဲ့စည်းပုံမှာ**

| | | |
|---|---|---|
| အဝိနိဗ္ဘောဂ | -- | ၈ |
| လဟုတာ | | |
| မုဒုတာ | | |
| ကမ္မညတာ | -- | ၃ |
| | | ------ |
| | | ၁၁ |

ကျန်းမာ ရွှင်လန်း ပေါ့ပါးနေခိုက်၊ ငြိမ်နေသောအခါဖြစ်သည်။ ကမ္မဋ္ဌာန်းထိုင်၍ ငြိမ်နေသောအခါတွင် ရိုးရိုးသုဒ္ဓဋ္ဌက ကလာပ်မဟုတ်၊ လဟုတာဒိဧကာ ဒသက ကလာပ်ဖြစ်သည်။

လဟုတာသည် ပေါ့ပါးခြင်းကိုဖြစ်စေသည်၊ မုဒုတာသည် နူးညံ့ခြင်း၊ ကမ္မညတာသည် ခိုင်ခံ့ခြင်းကို ဖြစ်စေသည်။

## ။ ။ ။။ ၊ ။ ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ်

ကာယဝိညတ်နှင့် လဟုတာ၊ မုဒုတာ၊ ကမ္မညတာ ပါဝင်သော (၁၂)ခု ပေါင်း အဖွဲ့အစည်း။

**ဖွဲ့စည်းပုံမှာ**

| | | |
|---|---|---|
| အဝိနိဗ္ဘောဂ | -- | ၈ |
| ကာယဝိညတ် | -- | ၁ |
| လဟုတာ | | |
| မုဒုတာ | | |
| ကမ္မညတာ | -- | ၃ |

-------

၁၂

ကာယဝိညတ် ပါဝင်လာသောကြောင့် ကိုယ်လက်အင်္ဂါ လှုပ်ရှားမှုများ ဖြစ်ပေါ်သည်။ လဟုတာပါဝင်သောကြောင့် ပေါ့ပေါ့ပါးပါး သွက်သွက် လက်လက် ရှိသည်။

**ဥပမာ**– သွက်သွက်လက်လက် စာရေးသည့်အခိုက်၊ သွက် သွက် လက်လက် လမ်းသွားခိုက်၊ သွက်သွက်လက်လက် အလုပ်ကိစ္စ များကို ဆောင် ရွက်သည့်အခိုက်တွင် ကာယဝိညတ္တိ လဟုတာဒိဒွါဒသက ကလာပ် ပါဝင် သည်။

## ။ ။ ။။ ၊ ၊ ။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက

ဝစီဝိညတ်၊ သဒ္ဒနှင့် လဟုတာ၊ မုဒုကာ၊ ကမ္မညတာ ပါဝင် သော (၁၃)ခု ပေါင်း အဖွဲ့အစည်း။

**ဖွဲ့စည်းပုံမှာ**

| | | |
|---|---|---|
| အဝိနိဗ္ဘောဂ | -- | ၈ |
| ဝစီဝိညတ် | -- | ၁ |
| သဒ္ဒ | -- | ၁ |

လဟုတာ
မုဒုတာ
ကမ္မညတာ -- ၃

------

၁၃
အသံထွက်၍ စကားကို သွက်သွက်ဖြင့် နူးနူးညံ့ညံ့ပီသစွာ ပြောနေသည့်အခိုက်တွင် ဖြစ်ပေါ်သည်။

**စိတ်ကြောင့်ဖြစ်သောရုပ်တို့သည်–**

၁။ တည်ငြိမ်နေခိုက်၊ အိပ်ပျော်နေခိုက်တွင်ဖြစ်သည်။
၂။ ရိုးရိုးလှုပ်ရှားနေခိုက်။
၃။ ရိုးရိုးစကားပြောခိုက်။
၄။ ကျန်းမာသွက်လက်နေခိုက်၊ သတိနှင့် ငြိမ်သက်စွာနေခိုက်။
၅။ အထူးသွက်လက်စွာလှုပ်ရှားနေခိုက်။
၆။ သွက်လက်စွာ စကားပြောခိုက်တွင်ဖြစ်ပေါ်သည်။

## ဥတုဇကလာပ် (၄)စည်း

ဥတုကြောင့်ဖြစ်သောရုပ်တို့ ပေါင်းစည်းဖွဲ့စည်းတည်နေပုံ။

|| || ။။ .. သုဒ္ဓဋ္ဌက ကလာပ် ၈၊

|| || ။။ ၊ .. သဒ္ဒနဝက ကလာပ် ၉၊

|| || ။။ ၊ ၊ ၊ .. လဟုတာဒိဧကာဒသက ကလာပ် ၁၁၊

|| || ။။ ၊ ၊ ၊ ၊ .. သဒ္ဒလဟုတာဒိဒွါဒသက ကလာပ် ၁၂၊

ဤကလာပ်စည်းများသည် သတ္တဝါတို့၏ အတွင်း၌ရှိ၏။ သုဒ္ဓဋ္ဌက ကလာပ်နှင့်သဒ္ဒနဝက ကလာပ်နှစ်ခုသည်ကား အပြင်မှာလည်း ရှိသည်။

|| || ။။ .. သုဒ္ဓဋ္ဌက ကလာပ်။

အဝိနိဗ္ဘောဂရုပ် (၈) ခုပင်ဖြစ်သည်။

|| || ။။ ၊ .. သဒ္ဒနဝက ကလာပ်။

သဒ္ဒပါဝင်သော (၉)ခု ပေါင်းအဖွဲ့အစည်း။

စားပွဲတစ်ခုတည်းတွင် ဥတုဇကလာပ်သာရှိ၏။ ကမ္မဇ ကလာပ်မရှိပေ။ ဥတုဇကလာပ်တွင်လည်း ငြိမ်နေခိုက် သုဒ္ဓဋ္ဌက ကလာပ်တစ်မျိုးသာရှိ၏။ အသံမြည်နေပါက သဒ္ဒနဝက ကလာပ် ရှိသည်။ သုဒ္ဓဋ္ဌက ကလာပ်လည်း ရှိသည်။

အရာပစ္စုတိုင်းတွင် ဥတုဇရုပ်ကလာပ် နှစ်မျိုးရှိ၏။ စားပွဲနှင့် မော်တော်ကားသည် တန်ဖိုးအားဖြင့် ကွာခြားသော်လည်း ကလာပ်စည်းအားဖြင့်ကား နှစ်မျိုးလုံးတူ၏။ ထိုသို့တူညီသော အမှတ် အသားသိခြင်း ကို သာမညလက္ခဏာဟု ခေါ်သည်။ ယင်းသာမညလက္ခဏာကို သိသောသူသည် ဆင်းရဲများစွာ မတွေ့ရတော့ပေ။ ဆင်းရဲခြင်းကို လျော့ပေး၍ ချမ်းသာခြင်းကို တိုးပွားစေ၏။

လူအချင်းချင်း ဆက်ဆံရာတွင် သာမညလက္ခဏာကိုသိသော သူတွင် မာနမရှိပေ။ မာန၊ ဒေါသ၊ မောဟ များကို ပယ်ရှားနိုင်၏။

|| || ။။ ၊ ၊ ၊ လဟုတာဒိဧကာဒသက ကလာပ်

လဟုတာ စသည်ပါဝင်သော (၁၁)ခုပေါင်း အဖွဲ့အစည်း။

(ဆည်းဆာ) အချိန်တွင် ဥတုသည်ကောင်း၏၊ သာယာ၏၊ ဥတု၏ အကူအညီကြောင့် လဟုတာဒိဧကာဒသက ကလာပ်သည် လူတို့၏ ကိုယ်ထဲတွင် ဖြစ်ပေါ်နေ၏။ ထို့ကြောင့် လူတို့သည် ကြွကြွရွရွ လှုပ်လှုပ်ရှားရှား ဖြစ်ပေါ်နေကြ၏။

|| || ။။ ၊ ၊ ၊ ၊ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်

သဒ္ဒ၊ လဟုတာ စသည်ပါဝင်သော (၁၂)ခုပေါင်း အဖွဲ့အစည်း ။

သီချင်းဆို၍ ပေါ့ပါးစွာ သွားလာခြင်းဖြစ်သည်။ ဥတု သာယာသော် သီချင်းဆိုချင်လာ၏။ ပေါ့ပါးလာ၏။ ရွှင်လန်းမြူးတူးလာ၏။

## အာဟာရဇကလာပ် (၂)

|| || ||| .. သုဒ္ဓဋ္ဌက ကလာပ်

|| || |||| ||| .. လဟုတာဒိဧကာဒသက ကလာပ်

### အာဟာရဇကလာပ်

အဟာရကြောင့်ဖြစ်သော ရုပ်တို့၏ဖွဲ့စည်းတည်နေပုံ

|| || ||| .. သုဒ္ဓဋ္ဌက ကလာပ်

အစာစားလိုက်ပါက အာဟာရဖြစ်လာ၏။ အသားတိုးလာ၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဟူသော သုဒ္ဓဋ္ဌက ကလာပ်များ တိုးလာသည်။ အရိုး၊ အသား၊ အဆီ စသည် တိုးပွားလာခြင်းသည် သုဒ္ဓဋ္ဌက ကလာပ်တိုးခြင်းဖြစ်၏။

မိုးရေကအပင်မပေါက်၊ မိုးရေကြောင့်အပင်ပေါက်သကဲ့သို့ သစ်သီး ထမင်း စသည့် အစားအစာများက အသားမဖြစ်ပေ။ အစားအစာ များကြောင့် အသားဖြစ်သည်။

### || || |||| ||| လဟုတာဒိဧကာဒသက ကလာပ်

သင့်တော်ထူးသော အစားအစာကိုစားရလျှင် လဟုတာဒိဧကာ ဒသက ကလာပ် ပွားများ၏။ ပေါ့ပါးနိုင်သော အစားအစာ၊ အရည် ။ ဥပမာ– အရက်ကို သောက်ရလျှင် ထိုပေါ့ပါးခြင်းစသော ရုပ်ဓာတ်များ ပွားများလာနိုင်သည်။ အားကောင်း လာသည်။

အာဟာရသည် တနည်းနည်းဖြင့် အသားထဲသို့ ရောက်သွားရမည်။ အစာအာဟာရကြောင့် အသားထဲက ထိုကလာပ်များ ပေါက်ဖွားလာသည်။ ထက်မြက်သော အစားစာကို စားလျှင် အချိုသော အစားအစာများသည် လဟုတာဘက်သို့ ရောက်သွား၍ အချိုအစားစာသည် မုဒုတာဘက်သို့ ရောက်သွားကာ အချိုသော အစားအစာများသည် ကမ္မညတာဘက်သို့ ရောက်သွားသည်။ ထို ထက်မြက်သော အစားအစာ များသည် လဟုတာဒိ

ဧကာဒသက ကလာပ်များကို အားကောင်းစေ၏။ အတွင်း၌ သာရှိသည်။ အပြင်၌မရှိပေ။

မည်သည့်အစားအစာပဲဖြစ်ဖြစ် အာဟာရဇ ကလာပ်နှစ်မျိုးထဲမှ တစ်မျိုးမျိုးကို ပွားစေ၏။

| | | |
|---|---|---|
| သတ္တဝါတဦးဦး၏ကိုယ်တွင်းတွင် ကမ္မဇကလာပ် | .. | ၉ |
| စိတ္တဇကလာပ် | .. | ၆ |
| ဥတုဇကလာပ် | .. | ၄ |
| အာဟာရဇကလာပ် | .. | ၂ |
| ရုပ်ကလာပ် | = | ၂၁ |

ရှိနိုင်သည်။

| ကိုယ် | ရုပ် | ကလာပ် |
|---|---|---|
| အထက်ပိုင်း | ၂၇ | ၂၀ |
| အလယ်ပိုင်း | ၂၄ | ၁၇ |
| အောက်ပိုင်း | ၂၃ | ၁၆ |

လူတစ်ယောက်၏အထက်ပိုင်းတွင် ရုပ် (၂၇)ပါး ရှိနိုင်သည်။

| | | |
|---|---|---|
| မဟာဘုတ် | -- | ၄ |
| ပသာဒရုပ် | -- | ၅ |
| ဂေါစရရုပ် | -- | ၄ |
| ဘာဝရုပ် | -- | ၂ (ကျား၊ မ၊ ခွဲနိုင်၏) |
| ဇီဝိတရုပ် | -- | ၁ |
| ဩဇာရုပ် | -- | ၁ |
| အာကာသရုပ် | -- | ၁ |
| ဝိညတ်ရုပ် | -- | ၂ |
| ဝိကာရရုပ် | -- | ၃ |
| လက္ခဏရုပ် | -- | ၄ |
| | | ၂၇ - ပါး |

သတ္တဝါတစ်ဦး အထက်ပိုင်းတွင် ဟဒယရုပ် မရှိပေ။ ဟဒယရုပ်သည် နှလုံးအိမ်တွင်းတွင် တည်ကိန်းသည်။ ထို့ကြောင့် ဦးခေါင်းပိုင်းတွင် ရုပ် (၂၈)ပါး ရှိသည့်အနက် (၂၇)ပါး ရှိနိုင်သည်။

သတ္တဝါတစ်ဦးဦး၏ ဦးခေါင်းပိုင်း၊ အထက်ပိုင်းတွင် ရုပ်ကလာပ်စည်း (၂၀)ရှိနိုင်သည်။

| | | | |
|---|---|---|---|
| ကမ္မဇကလာပ် | -- | ၈ | စည်း |
| စိတ္တဇကလာပ် | -- | ၆ | |
| ဥတုဇကလာပ် | -- | ၄ | |
| အာဟာရဇကလာပ် | -- | ၂ | |
| | | ----- | |
| | | ၂၀ | |

ကမ္မဇကလာပ် ၉- စည်းရှိရာ ဝတ္ထုဒသက ကလာပ် မပါပေ။ ဝတ္ထုဒသက သည် ဟဒယပါဝင်သော (၁၀)ခုပေါင်းဖြစ်သောကြောင့် နှလုံးတွင် တည်ကိန်းသော ဟဒယ ဝတ္ထုသည် ဦးခေါင်းပိုင်းတွင် မပါပေ။ ထို့ကြောင့် ကမ္မဇကလာပ်မှ (၈)စည်းသာ ပါဝင်သည်။

သတ္တဝါတစ်ဦးဦး၏ အလယ်ပိုင်းတွင် ရုပ် (၂၄)ပါး ပါဝင်နိုင် သည်။

ရုပ် (၂၈)ပါး ရှိရာတွင် ပသာဒရုပ်လေးပါး (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ) သည်၊ ဦးခေါင်းပိုင်းတွင်သာ ရှိသောကြောင့် အလယ်ပိုင်းတွင် မပါဝင်ပေ။ ထို့ကြောင့် ရုပ်(၂၈) ပါးတွင် ပသာဒရုပ် (လေးပါး)ကို နုတ်သော် (၂၄)ပါး သာ ကျန်ရှိသည်။

အလယ်ပိုင်းတွင် ကလာပ်စည်းအားဖြင့် (၁၇)စည်း ပါဝင်သည်။

| | | | |
|---|---|---|---|
| ကမ္မဇကလာပ် စည်း | -- | ၅ | စည်း |
| စိတ္တဇကလာပ် စည်း | -- | ၆ | စည်း |
| ဥတုဇကလာပ် စည်း | -- | ၄ | စည်း |
| အာဟာရဇကလာပ်စည်း | -- | ၂ | စည်း |
| | | ------ | |
| | | ၁၇ | စည်း |

ကမ္မဇကလာပ်တွင် စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဃာနဒသက ကလာပ်၊ ဇိဝှါဒသက ကလာပ်စည်း (၄) စည်း မပါပေ။

သတ္တဝါတစ်ဦးဦး၏ အောက်ပိုင်းတွင် ရုပ် (၂၃)ပါး ပါဝင်နိုင် သည်။ ရုပ် (၂၈)ပါးရှိရာတွင် ပသာဒရုပ် (၄)ပါး (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ) နှင့် ဟဒယရုပ်သည် အောက်ပိုင်းတွင်မရှိပေ။ ထို့ကြောင့်ထို ငါးပါးကို နုတ်သော် ရုပ် (၂၃)ပါး သာ ကျန်တော့သည်။

အောက်ပိုင်းတွင် ကလာပ်စည်းအားဖြင့် (၁၆)စည်း ပါဝင်သည်။

| | | | |
|---|---|---|---|
| ကမ္မဇ ကလာပ် စည်း | -- | ၄ | စည်း |
| စိတ္တဇ ကလာပ် စည်း | -- | ၆ | စည်း |
| ဥတုဇ ကလာပ် စည်း | -- | ၄ | စည်း |
| အာဟာရဇ ကလာပ်စည်း | -- | ၂ | စည်း |

-----

၁၆

ကမ္မဇကလာပ်စည်းတွင် စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဃာနဒသက ကလာပ်၊ ဇိဝှါဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ် ပေါင်း (၅)စည်း မပါဝင်ပေ။ ထို့ကြောင့် ကမ္မဇကလာပ် (၄)စည်းသာ ပါဝင်သည်။

ဝိညတ်ရုပ်နှစ်ပါးတွင် ဝစီဝိညတ်သည် နှုတ်ကိုသာ ဆိုလိုသည် မဟုတ်၊ အသံဖြစ်အောင် လှုပ်ရှားသည်ကိုပင် ဝစီဟုမှတ်ယူသည်။ ထို့ကြောင့် ဝစီသည် ပဓာနအားဖြင့် နှုတ်ကိုပြောသော်လည်း ကိုယ်ထဲ တွင်လည်း ထည့်ထားသည်။ သတ္တဝါ၏ ဦးခေါင်းပိုင်း ၊ အလယ်ပိုင်း၊ အောက်ပိုင်းတို့တွင် ပါဝင်နိုင်သည်။

လူတစ်ယောက် စိတ်ဆိုးရာ ဒေါသစိတ် ဖြစ်၏။ ဒေါသစိတ် သည် ပူ၏။ သို့သော် ဆုတ်နစ်သော ဒေါသသည် အေး၏၊ စိတ်ဆိုးသော ဒေါသ ကြောင့် မျက်နှာနီလာ၏။

ကြောက်သောကြောင့် မျက်နှာသည် ဖြူဖတ်ဖြူရော်ဖြစ်လာ သည်။ ဤသို့အားဖြင့် ဒေါသစိတ်ကြောင့် ပူသောရုပ်ဓာတ်၊ အေးသော ရုပ်ဓာတ် ဖြစ်ပေါ်လာသည်။

ဒေါသစိတ်သည် ရုပ်ကိုဖြစ်စေနိုင်၏။ စိတ် (၈၉)ပါး ရှိသည့်အနက် စိတ်မှာ ဒွေး ပဉ္စဝိညာဉ်စိတ် (၁၀)၊ အရူပဝိပါက် (၄)ခု မှတပါး ကျန်သောစိတ် (၇၅)ပါးသည် ရုပ်ကို ဖြစ်စေနိုင်သည်။

ရုပ်ကိုဖြစ်စေသော စိတ် (၇၅)ပါး သည်နှလုံးတွင်နေ၏။ ရုပ်ကို မဖြစ်နိုင်သောစိတ် (၁၄)ပါး သည်နှလုံးတွင် မနေပါ။ ဒေါသစိတ်သည် နှလုံးထဲက သွေးမှာ နေ၏။ ဒေါသစိတ်ပြင်းသော် ရုပ်ပူ၏၊ သွေးနှင့် ရောပြီး တကိုယ်လုံး နီကာ မွန်ထူသွားသည်။

သောမနဿစိတ်သည် နှလုံးထဲက သွေးထဲရောက်သော် သောမနဿ ရုပ်များသည် တကိုယ်လုံး ပြန့်နှံ့သွား၏။ လေထဲတွင် ပြန့် သွား၏၊ ဝါယော ဓာတ်ဖြစ်၏၊ ဝါယောသည် လှုပ်ရှား ထောက်ကန်ခြင်းသဘောရှိ၏။ လက်တချောင်းလှုပ်ခြင်းသည် ဝါယောဓာတ်ကြောင့် ဖြစ်သည်။

သွေးထက် လေဓာတ်က ပို၍မြန်၏၊ နှလုံးထဲက သောမနဿ စိတ် ကြောင့် မျက်နှာသည် ပြုံးရယ်ခြင်းကိုပြုလုပ်၏။ ဝါယောဓာတ်လျင် မြန်မှု ကြောင့် ဖြစ်သည်။

ကာမသောမနဿဇောသည် ရုပ်ရိုးရိုး၊ ဣရိယာပုထ်၊ ဝိညတ် ရုပ်၊ နှင့် ပြုံးရယ်ခြင်းကို ဖြစ်စေသည်။ အသက်ရှည်စေရန် အတွက် ကုသိုလ် ပြုံးရယ်ခြင်းမျိုး ပြုလုပ်ရမည်။ အကုသိုလ်ပြုံး ရယ်ခြင်းမျိုးကား မကောင်းပေ၊ အပျော်သက်သက် ဖြစ်၏။ စေးကပ်သော ပိတ်ဖွဲ့သော အဆိပ်ကျန်ရစ်နိုင် သည်။ အကုသိုလ် ပြုံးရယ်ခြင်းမျိုးကား လောဘဇောသန်၏။ ထိန၊ မိဒ္ဓ လည်း ပါဝင်သည်။ ဥပမာ – ပွဲကြည့်ခြင်းသည် အကုသိုလ်ဖြစ်၏။ သေချာစွာ စိစစ်ကြည့်သော် မသာယာ နိုင်ပေ၊ လောဘစိတ်ယှဉ်တွဲ၏၊ မကောင်းကျိုးကို ပေးနိုင်သည်။

## ရုပ် (၂၈)ပါး

.. ကလာပ်စည်းတို့၏ကြားတွင် ဖြစ်သောကြောင့် မပါပေ။

.. ကလာပ်စည်းတို့၏ ဥပါဒ်(အစပိုင်း)၊ ဌီတိ (အလယ်ပိုင်း)၊ အနိစ္စတာ (အဆုံးပိုင်း)ဖြစ်သောကြောင့် မပါပေ။ အမှတ်အသားမျှသာ ဖြစ်၏။

ကမ္မဇကလာပ်စည်း ၉- စည်း၊ စိတ္တဇကလာပ်စည်း ၆-စည်း၊ ဥတုဇကလာပ်စည်း ၄- စည်း၊ အာဟာရဇကလာပ်စည်း ၂- စည်း တို့တွင် သက်ဆိုင်ရာ ကလာပ်စည်းများ၌ ဘူတရုပ် (၄)ပါး၊ ပသာဒရုပ် (၅)ပါး၊ ဝိသယရုပ် (၇)ပါး၊ ဘာဝရုပ် (၂)ပါး၊ ဟဒယရုပ် (၁)ပါး၊ ဇီဝိတရုပ် ဩဇာရုပ် (၁)ပါး၊ စုစုပေါင်း နိပ္ဖန္နရုပ် ၁၈-ပါး အားလုံးတို့သည် ပါဝင်ကြ၏။

နိပ္ဖန္နရုပ် (၁၀)ပါးတွင် ကလာပ်စည်းများ၌ ဝိညတ်ရုပ် (၂)ပါး၊ ဝိကာရရုပ် (၃)ပါး၊ ပေါင်း(၅)ပါး သာလျှင်ပါဝင်၏။ အာကာသ ရုပ်(၁)ပါး၊ လက္ခဏာရုပ် (၄)ပါးသည် ကလာပ်စည်းများတွင် မပါဝင်ပေ။ အာကာသရုပ်သည် ကလာပ်စည်းတို့ ကြားတွင်ဖြစ်သော ကြောင့် မပါပေ ။ လက္ခဏာရုပ်သည် ကလာပ်စည်းတို့၏ အစ၊ အလယ်၊ အဆုံး၊ အမှတ်အသားမျှသာ ဖြစ်သောကြောင့် မပါပေ။

ရုပ် – ဖေါက်ပြန်

- သမုဒ္ဒေသ အကျဉ်းပြခြင်း
- ဝိဘာဂ
  - ဝေဖန်ခြင်း
- သမုဋ္ဌာန ဖြစ်ပုံပြခြင်း
- ကလာပ
  - ပေါင်းစည်းခြင်း။
- ပဝတ္တိက္ကမ ဖြစ်စဉ်ပြခြင်း

## ရူပပဝတ္တိက္ကမ
## ရုပ်၏ဖြစ်စဉ်ကိုပြခြင်း။

ကာမဘုံသား၊

- ပဝတ္တိအခါ ဖြစ်စ
- ပဋိသန္ဓေအခါ ဆက်စပ်၍ဖြစ်စ

လူတစ်ယောက်တစ်ယောက်တွင် ရုပ်(၂၈)ပါး လုံးကလာပ် (၂၁)စည်းလုံးသည်၊ ထိုက်သင့်သလို အပြည့်အစုံဖြစ်နေ၏။ ယောကျ်ား တစ်ယောက်၊ မိန်းမတစ်ယောက်တွင် ရုပ် (၂၇)ပါး၊ ကလာပ်စည်း (၂၀) ရှိသည်။

အဘိဓမ္မာဝတာရဋီကာကျမ်းအရ ဇီဝိတနဝကကလာပ်သည် အစာအိမ်အတွင်းချက်သော ပါစကတေဇောဓာတ်တွင်သာရှိသည်။ အစာချက်သော မီးပင်ဖြစ်သည်။ ထို့ကြောင့် ယောကျ်ားတစ်ဦးဦး၏ ဦးခေါင်းပိုင်းတွင် ကလာပ်စည်း (၁၈) စည်းသာ ပါဝင်သည်ဟု ဆိုနိုင်သည်။ ကမ္မဇကလာပ်ထဲမှ ဣတ္ထိဘာဝဒသက ကလာပ်နှင့် ဇီဝိတနဝက ကလာပ် မပါဝင်ပေ။ မိန်းမတစ်ဦးဦး၏ဦးခေါင်းပိုင်းတွင်လည်း ကလာပ်စည်း (၁၈)စည်းသာ ပါဝင်သည်။ ပုမ္ဘာဝဒသက ကလာပ် နှင့် ဇီဝိတနဝက ကလာပ် ယုတ်လျော့သည်။

လူတစ်ယောက်သည် အဘယ်ကြောင့် ဖျားသနည်း၊ အစာကြေပုံအချိုးမကျသောကြောင့်ဖြစ်သည်။ ပိုသည့်အပိုင်းကပို၍၊ လျော့သည့်အပိုင်းက လျော့နေသည်။ ပါစက တေဇောကြောင့်ဖြစ်သည်။ ပါစကတေဇော ပျက်ပြားလျှင် ဇီဝိတ နဝက ကလာပ်လည်း ချို့ယွင်းသည်။ ဇီဝိတနဝက ကလာပ်သည်

လည်း ကမ္မဇကလာပ်စည်းထဲတွင် ပါဝင်၏။ ထို့ကြောင့် ဖျားနာရခြင်းသည် အတိတ်က လုပ်ခဲ့မိသောကံ (စေတနာ) ကြောင့်သာဖြစ်၏။ ကံကြောင့်သာလျှင် ခေါင်းကိုက်ခြင်း၊ ဖျားနာခြင်း စသည်တို့ ဖြစ်ရသည်။ (နတ်များတွင်ကား ခေါင်းကိုက်ခြင်း၊ ဝမ်းနာခြင်း၊ ဖျားနာခြင်း၊ မရှိပေ။)

**ပဋိသန္ဓေနေခြင်း**
**ကာမဘုံသား**

ပဋိသန္ဓေ

- သံသေဒဇ
  အညှိ၌ဖြစ်ခြင်း
- ဩပပါတိက
  ဥပပါတ်ကျလာသကဲ့သို့ ဖြစ်ခြင်း
- ဂဗ္ဘသေယျက
  အမိဝမ်း၌ဖြစ်ခြင်း
  - အဏ္ဍဇ
    အဥ၌ဖြစ်ခြင်း
  - ဇလာဗုဇ
    ရေကြည်၌ ဖြစ်ခြင်း

သံသေဒဇ မျိုး= ဝေဠုဝတီ၊ စိဉ္စမာဏ၊ ပဒုမ္မဒေဝီ၊ ပေါက္ခရသာတိ စသည်။
ဥပပါတ် မျိုး = (၃၁)ဘုံလုံးတွင်ဖြစ်နိုင်သည်။
အဏ္ဍဇ မျိုး = ငှက်၊ ကြက် စသည်၊
ဇလာဗုဇ မျိုး = လူ၊ အောက်တန်းစား၊ ဘီလူး၊
(ဂဗ္ဘသေယျက) တိရစ္ဆာန် စသည်။

**ကာမဘုံသား**
**သံသေဒဇ ပဋိသန္ဓေရှင် စ၍တည်ပုံ**

စက္ခုဒသက ကလာပ်
သောတ ဒသက ကလာပ်
ဃာန ဒသက ကလာပ်
ဇိဝှါ ဒသက ကလာပ်

ကာယ ဒသက ကလာပ်
ဘာဝ ဒသက ကလာပ် တပြိုက်နက်ဖြစ်၍တည်
ဝတ္ထု ဒသက ကလာပ် (အများဆုံး)။

သံသေဒဇမျိုးသည် အညှိပေါ်၌မှီ၍ ပဋိသန္ဓေနေခြင်း ဖြစ်သည်။ ပဋိသန္ဓေတည်ရာတွင် အပြည့်အဝ အများဆုံးတည်နိုင်သော သန္ဓေရှင်သည် ဂါကလာပ် (၇)ခုလုံး ပါဝင်နိုင်သည်၊ လျော့သည့် သန္ဓေရှင်များလည်းရှိသည်။ လျော့သည့် သန္ဓေရှင်သည် စက္ခု၊ သောတ၊ ဃာန၊ ဘာဝ တစ်ခုခု လျော့နိုင်၏။ အောက်တန်းစား နတ်မျိုး၊ ဘီလူးမျိုး လည်း သံသေဒဇ ဖြစ်နိုင်သည်။

အချို့သောပိုးမွှားကောင်များ၊ လိပ်ပြာ စသည်တို့သည် သံသေဒဇ ဖြစ်ကြသည်။ ဣသယမုလေပင်မှ ဖြစ်ပွားတတ်သည်။

သတ္တဝါတစ်ဦးဦး၊ တကောင်ကောင်တွင် မျက်စိ မပါက စက္ခု ဒသက ကလာပ်လျော့နေ၏။ နားမပါက သောတဒသက ကလာပ် လျော့နေ၏။ မိန်းမမဟုတ်၊ ယောကျ်ား မဟုတ်သည့်သူသည် ဘာဝဒသက ကလာပ် လျော့နေသည်။

## ဩပပါတိက ပဋိသန္ဓေရှင် စ၍တည်ပုံ

စက္ခုဒသက ကလာပ်
သောတ ဒသက ကလာပ်
ဃာန ဒသက ကလာပ်
ဇိဝှါ ဒသက ကလာပ် တပြိုက်နက်ဖြစ်၍တည်
ကာယ ဒသက ကလာပ် (အများဆုံး)။
ဘာဝ ဒသက ကလာပ်
ဝတ္ထု ဒသက ကလာပ်

ဩပပါတိက ပဋိသန္ဓေရှင်သည်၊ ပဋိသန္ဓေနေရာတွင် အများ ဆုံးဖြစ်လျှင် ကလာပ်(၇)ခုစလုံးနှင့် ဖြစ်၍ လျော့လျှင် စက္ခု၊ သောတ၊ ဃာန၊ ဘာဝ ကလာပ်များ လျော့သည်။

နတ်ပြည်ခြောက်ထပ်မှနတ်များ၊ ကမ္ဘာဦးလူများ၊ ဘုရား လက်ထက်က အမ္ဗပါလီအမျိုးသမီးစသည့် ပုဂ္ဂိုလ်တို့သည် ဥပပါတ် သန္ဓေမျိုးဖြစ်သည်။

ကမ္ဘာဦးအစတွင် ဖြစ်ကြသော သူတို့သည် သံသေဒဇကြောင့်သော်လည်းကောင်း၊ ဩပပါတ်ကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ ထို့ကြောင့် ကြက်မနှင့်ကြက်ဥတွင် မည်သည်ကစ၍ ဖြစ်သနည်းဟူသော ပြဿနာ၌ ကြက်မကစ၍ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ကြက်မသည် ရှေးဦးစွာ သံသေဒဇကြောင့်သော် လည်းကောင်း၊ ဩပပါတ်ကြောင့်သော် လည်းကောင်း ဖြစ် သည်။

## ဂဗ္ဘသေယျက ပဋိသန္ဓေရှင် စ၍တည်နေပုံ

ကာယ ဒသက ကလာပ်
ဘာဝ ဒသက ကလာပ် တပြိုက်နက်ဖြစ်၍တည်
ဝတ္ထု ဒသက ကလာပ် (အများဆုံး) ။

ဂဗ္ဘသေယျက ပဋိသန္ဓေရှင်သည် ပဋိသန္ဓေ နေရာတွင် အများဆုံးဖြစ်လျှင် ကလာပ် (၃)စည်း အားလုံးပါဝင်၍ လျော့ပါက ဘာဝ ဒသက ကလာပ် လျော့သည်။

အဏ္ဍဇနှင့် ဇလာဗုဇသည်လည်း ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ကလာပ်စည်း (၃)မျိုးဖြင့်သာ အများဆုံး တည်နိုင်၏။ လျော့ပါက ဘာဝဒသက ကလာပ်သည် လျော့နိုင်သည်။

ထိုကလာပ်(၃)ခု ပေါင်းစည်းလျှင် ပမာဏအားဖြင့် အထူးပင် နူးညံ့၏၊ သေးငယ်၏။ ပုံစံပြရသော် မွေးခါစ ကလေး၏ ဆံပင်ကဲ့သို့ အလွန်နူးညံ့သည့် ဆံပင်တစ်ပင်ကို ယူပါ၊ အကြိမ် (၁၀၀) ချက်ထားသော ဆီထဲသို့ ဆံပင်၏အဖျားကို နှစ်ပါ၊ ထို့နောက် ဆွဲထုတ်ယူ၍ ခါပစ်ပါ၊ ထိုဆံပင်ဖျားတွင် ကျန်ရစ်သော ဆီပမာဏမျှသည် ကလာပ်အားဖြင့် (၃)စည်း၊ ရုပ်အားဖြင့် (၃၀) ပေါင်းစုထားသော အစိုင်အခဲဖြစ်သည်၊ စ၍ တည်နေပုံ ဖြစ်၏၊ ထိုအစိုင်အခဲတွင် ပဋိသန္ဓေစိတ် ပါလာသည်။

မဟာဝိပါက်စိတ် (၈)ခုနှင့် ပဋိသန္ဓေ နေခဲ့သူများတွင် ပင်ကိုယ်အားဖြင့် ရွှင်လန်းစွာ နေလေ့ရှိသူများသည် သောမနဿစိတ်ဖြင့် နေခဲ့ကြသည် တည်ကြည်စွာ နေလေ့ရှိသူများသည် ဥပေက္ခာဖြင့်နေခဲ့ကြသည်။ ရွှင်လန်းသူများထဲတွင် ပို၍ ရွှင်လန်းသူက အသင်္ခါရိကဖြင့် နေခဲ့သည်။ ရွှင်လန်းနည်းသူက

သသင်္ခါရိက ဖြင့်နေခဲ့သည်။ ရှင်လန်းသူထဲတွင် ပင်ကိုယ်ဉာဏ် ကောင်းသူက ဉာဏသမ္ပယုတ်ဖြင့်နေခဲ့၍ ပင်ကိုယ်ဉာဏ် မကောင်းသူက ဉာဏဝိပ္ပယုတ်ဖြင့် နေခဲ့သည်။

တည်ကြည်သူထဲတွင် ပို၍တည်ကြည်သူက သသင်္ခါရိက ဥပေက္ခာ စိတ်ဖြင့် နေ၍ တည်ကြည်နည်းသူက အသင်္ခါရိက ဥပေက္ခာ စိတ်ဖြင့်ဖြစ်၏။ တည်ကြည်သူထဲတွင် ဉာဏ်ကောင်းသူက ဉာဏသမ္ပယုတ်ဖြင့်နေ၍ ဉာဏ်နည်းသူက ဉာဏဝိပ္ပယုတ်ဖြင့်နေ၏။

မြတ်စွာဘုရား၏ပဋိသန္ဓေစိတ်သည် သောမနဿ၊ ဉာဏ သမ္ပယုတ်၊ အသင်္ခါရိက၊ မဟာဝိပါက်စိတ်ဖြစ်သည်။

ပဋိသန္ဓေစိတ်သည် ဝတ္ထုဒသက ကလာပ်ထဲမှ ဝတ္ထုရုပ်ပေါ်တွင် အမှီပြု၍ ပါလာ၏။ အများအားဖြင့် အသက်ဟုပင် ခေါ်ကြသည်။ စင်စစ်ကား အသက်မရှိပေ။ မြတ်စွာဘုရားက နိဿတ္တ၊ နိဇ္ဇီဝ ဟူ၍ ဟောကြားသည်။ သတ္တ ဟူ၍ မရှိ၊ အသက်မရှိ ဟူ၍ ဆိုလိုသည်။ ဝတ္ထုရုပ်တွင် ကလာပ်စည်းနှင့် စိတ် စေတသိက်သာ ပါရှိသည်။

ဥပမာ – နာရီတွင်အသက်ရှိသောကြောင့် တချက်ချက်ဖြင့် လှုပ်ရှားသွားလာနေ၏။ သို့သော် နာရီစက်ကို ဖွင့်လှစ်ရှာဖွေကြည့်ပါက အသက်ကို မတွေ့ရပေ။ စက်ဂီယာ၊ လက်တံ၊ ခွေးသွားစိတ် စသည်ဖြင့်သာ တွေ့ရသည်။

ထိုကလာပ် (၃)စည်း စလုံးသည်၊ ကမ္မဇ ရုပ်များဖြစ်၏။

ပဋိသန္ဓေစိတ်နှင့် ဥပါဒ်ခြင်းပြိုင်၍ ကာယ၊ ဘာဝ၊ ဝတ္ထု၊ ကလာပ် (၃) စည်း၊ ရုပ် (၃၀)တို့ ဖြစ်ကြသည်။ ထိုနောက် စိတ်၏ ခဏငယ်နှင့် တိုင်းထွာသော် ခဏတိုင်း ခဏတိုင်း အချိန်များ၌ ကမ္မဇရုပ် များသည် အသစ် အသစ် ထပ်ကာထပ်ကာ ဖြစ်ကြ၏။




## ရုပ်၏ ဖြစ်၊ တည်၊ ပျက်ပုံ

သတ္တဝါတို့ သေဆုံးသည်ကို သမ္မုတိမရဏ ဟု ခေါ်၏။ ရုပ်တရား နာမ်တရားတို့သည်လည်း သေဆုံးနေ၏။ သို့သော် လူတိုင်း မသိပေ။ ကမ္မဇ ရုပ်များ ပျက်စီး သေကျေသည်ကို ခဏိကမရဏဟု ခေါ်သည်။ ခဏတိုင်း သေနေ၏။

မီးသည်တဖြတ်ဖြတ်နှင့် ဖြစ်လိုက် ပျက်လိုက် ဖြစ်နေ၏။ ထိုကဲ့သို့ပင် ကမ္မဇရုပ်များသည် လည်းကောင်း၊ အရာဝတ္ထုများသည် လည်းကောင်း၊ အစဉ် တစိုက် တည်ငြိမ်မှုမရှိဘဲ ဖြတ်ဖြတ်နှင့် ဖြစ်လိုက်ပျက်လိုက် ဖြစ်နေ၏။ မည်သည့် အရာဝတ္ထုမဆို ရုပ်ရှိသည်။ ရုပ်ရှိလျှင် ဖြစ်လိုက် ပျက်လိုက်နေ၏။ ရုပ်တစ်ခု ဖြစ်၍ ပျက်သောအခါ စိတ်သည် (၁၇)ခု ဖြစ်၍ ပျက်သွား၏။ ထို့ကြောင့် စိတ်သည် ရုပ်ထက် (၁၇)ဆ မြန်၏။

စိတ်တစ်ခုတွင် အခိုက်အတန့်ပေါင်း (ဥပါဒ်၊ ဌီ၊ ဘင်) ဟူ၍ သုံးခုထား၏။ အခိုက်အတန့်တစ်ခုနှင့် ပြိုင်၍ ကလာပ် (၃)စည်း တသုတ် ဖြစ်ပေါ်လာ၏။ စိတ်တစ်ခုတွင် အခိုက်အတန့် (၃)ခု ဖြစ်တည် ပျက်ဟု ဖြစ်သဖြင့် စိတ် (၁၇) ခုတွင် အခိုက်အတန့်ပေါင်း (၅၁)ခု ဖြစ် တည်ပျက်သည်။

စကားနှစ်လုံးကို တပြိုင်နက်ပြော၍ မဖြစ်နိုင် သကဲ့သို့ စိတ်သည်လည်း တပြိုင်နက်နှစ်ခု မဖြစ်ပေ။ တစ်ခုပြီးမှ တစ်ခုဖြစ် ပေါ်၏။ မည်သည့်အခါမျှ မထပ်ပေ။ ရုပ်သည်ကား ထပ်၍ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ရုပ်သည် အကောင်အထည် ရှိသည်။ စိတ်ကား အကောင်အထည် မရှိပေ။

ပဋိသန္ဓေနေစဉ် ကလာပ် (၃)မျိုး (၃)စည်းရှိ၍ ဌီ အချိန်တွင် ကလာပ် (၃)မျိုး (၆) စည်း ရှိ၏။ ဘင် အချိန်တွင် ကလာပ် (၃)မျိုး (၉)စည်းရှိသည်။ ဘဝင်ဖြစ်စဉ်လည်း ထိုကဲ့သို့ပင်ဖြစ်သည်။

**ပဋိသန္ဓေနေပြီးနောက် ကလာပ် (၃) မျိုး စသည်ဖြစ်ပေါ်ပုံ**

ပဋိသန္ဓေတည်သည်မှစ၍ ၁၁– သတ္တာဟ (၁၁– ပတ်၊ ၇၇– ရက်) ပြည့်သည့်တိုင်အောင် ကာယ၊ ဘာဝ၊ ဝတ္ထုကလာပ် (၃)မျိုးသာ ဆက်ကာဆက်ကာဖြစ်နေ၏။ ၁၂– သတ္တာဟ အတွင်းသို့ ရောက်သော (၇၈) ရက်မြောက် သောနေ့၌ စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဃာနဒသက ကလာပ်၊ ဇိဝှါဒသက ကလာပ်၊ ဤကလာပ် (၄)စည်းထပ်မံဖြစ်ပေါ်သည်။

အတိုချုပ်အားဖြင့် –

| | | | |
|---|---|---|---|
| မတည် | – ၃ | – စည်း၊ | ၃၀ ရုပ် |
| နောက်တိုး | – ၄ | – စည်း၊ | ၄၀ ရုပ် |
| အားလုံးပေါင်း | – ၇ | – စည်း၊ | ၇၀ ရုပ် |

ကလေးအတွက် အစားအစာသည် ချက်ကြိုးမှဝင်၏။ ကလေးသည် မိခင် ၏ အစာအိမ်ကို မှေးတွယ်သည့်ပမာ တွယ်ထား၏။ မိခင်စားသော အစာသည် ချက်ကြိုးမှ လျှောကာ၍ သူငယ်၏ဝမ်းဗွင်းသို့ ရောက်သောအခါ ထိုအစာကို ချက်ရန်ပါစက ပေဇောဓာတ်မီး ဖြစ်ပေါ်သည်။ ၄င်းဓာတ်မီး၌ ဩဇဋ္ဌမက ကလာပ် ပါလာသည်။

## ပဋိသန္ဓေနေသည်မှစ၍ မွေးဖွားလာပုံ

**ပဋိသန္ဓေနေသည်မှစ၍** ပဌမ (၇)ရက်အတွင်း၌ ရေကြည်ပေါက်အားဖြင့် တည်နေသည်။ ဒုတိယ (၇)ရက်အတွင်း၌ အမြှုပ်အားဖြင့် တည်နေသည်။ တတိယ (၇)ရက်အတွင်း၌ သားတစ် သွေးခဲအားဖြင့် တည်နေသည်။ စတုတ္ထ(၇) ရက်အတွင်း၌ မာသော အသားခဲအားဖြင့် တည်နေသည်။ ၄င်းမာသောအသားခဲသည် ကြက်ဥပုံစံ လုံးဝိုင်း၍ အနည်းငယ် ရှည်လျားသည်။

ပဥ္စမ (၇) ရက်အတွင်း၌ ခက်မငါးဖြာ ပေါ်လာသည်။ ကြက်ဥ ပုံစံလုံးဝိုင်းနေရာမှ ခြေနှစ်ဘက်၊ လက်နှစ်ဘက်၊ ဦးခေါင်း ပေါ်ထွက် လာမည့်ငါးနေရာမှ အဖုကလေးငါးခု ပေါ်ထွက်လာသည်။

ဆဋ္ဌ၊ သတ္တမ၊ အဋ္ဌမ၊ နဝမ၊ ဒသမ၊ ဧကာဒ သမထိ (၇) (၆)လီအတွင်း၌ ခက်မငါးဖြာမှအထက် တရွေ့ရွေ့ရင့်ကျက်ပြီး တိုးတက်ကြီးပွားလာ၏။ ထိုကာလအတွင်း၌ ခြေချောင်း လက်ချောင်း ပုံစံများ၊ နား၊ နှာခေါင်း၊ မျက်လုံး၊ ပါးစပ် ပုံစံများနှင့် ခြေသည်းလက်သည်း၊ ဆံပင်၊ မွေးညင်းများပါ ပေါ်ထွက်လာသည်။

ဒွါဒသမ သတ္တာဟ (၁၂)ခုမြောက်သော (၇) ရက်၌ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ဒသက ကလာပ် (၄)စည်းတို့ ပေါ်ပေါက်ပြီးနောက် တစတစ ကိုယ်အင်္ဂါ ဖွံ့ဖြိုးတိုးတက် ကြီးပွားလျက် နေတော့၏။

စက္ခု၊ သောတ စသည်ပေါ်ပြီးနောက် တစတစ ကြီးထွားရင့်ကျက်လာရာ (၇) လ၊ (၈)လ၊ (၉) လ၊ (၁၀)လ ရောက်သောအခါများတွင် ဖွားမြင်ကြသည်။

အချို့သောသူတို့မှာ ကံအားနည်းသောကြောင့် (၁၂)သတ္တာဟ တွင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါတို့မှ တစ်ခုခုလျော့လာသည်။ အချို့မှာ မျက်စိအကြည်ဓာတ် (စက္ခုဒသက ကလာပ်) မပါဘဲ အချို့မှာ ဘာဝဒသက ကလာပ် လျော့နိုင်၏။ ဝမ်းတွင်းပါမျိုးလည်းဖြစ်သည်။

အသိဉာဏ်အားဖြင့် အမိဝမ်းတွင်းတွင် သန္ဓေစတည် ကတည်းက အသိဉာဏ် ရှိ၏။ သို့ရာတွင် များစွာ မပြတ်သားပေ။ ဝမ်းတွင်းတွင် နေရသည်မှာ ပင်ပန်း၏။ ပင်ပန်းသဖြင့် စိတ်မခိုင်ပေ၊ သမာဓိ မရှိပေ။

## ကမ္မဇရုပ်နှင့် ဥတုဇရုပ်စ၍ဖြစ်ပုံ

ကမ္မဇကလာပ်သည် ပဋိသန္ဓေ၏ ဥပါဒ်အချိန်ကစ၍ ဖြစ်သည်။ ဥတုဇရုပ်သည် ပဋိသန္ဓေ၏ ဌီ အချိန်ကစ၍ ဖြစ်၏။

မဟာဘုတ်(၄)ပါးတွင် တေဇော ပါဝင်သည်။ တေဇောကို တန်ခိုး၊ စွမ်းရည် ထက်မြက်ခြင်းဟု အဓိပ္ပါယ် ယူဆနိုင်၏။ မည်ကဲ့သို့ စွမ်းရည် ထက်မြက်သနည်းဟူသော် ရုပ်ကလာပ်တစ်ခု ထပ်မံ၍ ပေါက်ဖွားပေးနိုင်လောက်အောင် စွမ်းရည်ထက်၏။

ထိုတေဇောသည် ပဋိသန္ဓေ၌ ဖြစ်သော ကာယဒသက ကလာပ်ထဲတွင် ပါနေ၏။ တေဇောသည် ပဋိသန္ဓေ၏ ဥပါဒ်အချိန်၌ သူ၏ အစွမ်းကို မထုတ်သေးပေ။ ဌီ အချိန်တွင်ကား တေဇော၏အားသည် ကြီးလာ၏၊ ထက်လာ၏။ ထို့ကြောင့် တေဇောမှ ဥတုဇရုပ် ကလာပ်များ ဖြစ်သည်။ ဥတုကြောင့်ဖြစ်သည်၊ ဥတုက မွေးဖွားခြင်း ဖြစ်၏။

ရှင်းလင်းရသော်၊ ကမ္မဇသည် အမေဖြစ်၍ ကံသည် သားဖြစ်၏။ ကမ္မဇ ကလာပ်တွင် ပါဝင်သော တေဇောက အမေဖြစ်၍ ဥတုဇက သားဖြစ်၏။ တဖန် ဥတုဇက အမေဖြစ်၍ ကမ္မဇကသားဖြစ်ပြန်သည်။

ဥတုဇရုပ်ကို ကမ္မဇရုပ်ထဲမှ တေဇောက မွေးဖွား၏။ ကမ္မဇရုပ် ထဲမှာ ပါဝင်သော တေဇောသည် ဖြစ်ပြီးနောက် မပျက်ခင်ကြား (ဌီ ကာလ) တွင် ဥတုဇရုပ်ကလာပ်များကို (၇) ကြိမ်၊ (၈) ကြိမ် ပေါက်ဖွားသည်။ ကံ၏ အရှိန်အားကိုလိုက်၍ ဖြစ်သည်။ ကံ အနည်းအများ ကန့်သတ်ချက် မရှိပေ။ ကံ၏အရှိန်အင်အားမရှိပါက အလျဉ်း မပေါက်ဖွားသည်လည်း ရှိသည်။

ဥတုဇရုပ်ဟူသည် ဥတုဟုခေါ်သော တေဇောက ပေါက်ဖွားသောကြောင့် ဥတုဇရုပ်ဟု ခေါ်၏။

## ကမ္မဇရုပ်နှင့် ဥတုဇရုပ်စဉ်ဖြစ်ပုံ

### ပဋိသန္ဓေ



## စိတ္တဇရုပ် စ၍ဖြစ်ပုံ




စိတ္တဇရုပ်များသည် ပဋိသန္ဓေ၏ နောက်ပဌမဘဝင်၏ ဥပါဒ်မှစ၍ စိတ်တို့၏ ဥပါဒ် တိုင်း ဥပါဒ်တိုင်း ဖြစ်ကြသည်။ စိတ်သည် ဥပါဒ်မှာ အားရှိ၏။ ရုပ်သည် ဌီမှာ အားရှိ၏။ အားရှိသောအချိန်မှာ ရုပ်များကို ပေါက်ဖွားကြသည်။

ပဋိသန္ဓေ၏ ဥပါဒ်ချိန်တွင် အားမရှိသေးသောကြောင့် စိတ္တဇရုပ် မဖြစ်သေးပေ။ ပဋိသန္ဓေနောက်ဘဝင်များ၌ ဥပါဒ်ချိန်တွင်ကား အားရှိလာသောကြောင့် စိတ္တဇရုပ်များ ဖြစ်၏။

စိတ်တစ်ခုပေါ်လျှင် စိတ္တဇ ကလာပ်ပါလာ၏။ ထိုစိတ္တဇကလာပ် ထဲတွင် တေဇောဓာတ်ပါလာ၏။ ထိုတေဇောဓာတ်က ဥတုဇရုပ် (၇)ခု၊ (၈)ခုကို ဖြန့်သွား၏။ ထိုမှတဖန်ထပ်၍ (၇)ခု၊ (၈)ခု ဖြာထွက်သွားပြန်သည်။ နောက်တိုးမှန်သမျှ ဥတုဇရုပ်များဖြစ်သည်။

ထို့ကြောင့် ဥတုဇရုပ်သည်၊ ကမ္မဇရုပ်၏ သားဖြစ်သည့်အပြင် စိတ္တဇရုပ်၏ သားလည်း ဖြစ်သည်။

## ဥတုဇရုပ် စ၍ဖြစ်ပုံ

ပဋိသန္ဓေ၏ ဥပါဒ်တွင် ကံကြောင့် ကမ္မဇရုပ်ဖြစ်၏။ ထိုကမ္မဇ ရုပ်တွင် တေဇောခေါ်သော ဥတုပါ၏။ ထိုတေဇောက ဥတုဇရုပ်များကို ပေါက်ဖွား ပြန်၏။

ထို့ကြောင့် ---

ကံ ----> ကမ္မဇ (တေဇော) ----> ဥတုဇရုပ်

ပဋိသန္ဓေနောက် ဘဝင်စိတ်၏ ဥပါဒ်တွင် စိတ္တဇရုပ်ဖြစ်၏။ စိတ်ကြောင့် ဖြစ်သည်။ ထိုစိတ္တဇရုပ်တွင် တေဇောပါ၏။ တေဇောခေါ် ဥတုက ဥတုဇရုပ် များကို ပေါက်ဖွားပေးပြန်သည်။

ထို့ကြောင့် ---

စိတ် ----> စိတ္တဇ (တေဇော) ----> ဥတုဇရုပ်

တနည်းနှိုင်းရသော်

| အမေကြီး | အမေ | သား |
|---|---|---|
| ကံ | ကမ္မဇ (တေဇော) | ဥတုဇရုပ် |
| စိတ် | စိတ္တဇ (တေဇော) | ဥတုဇရုပ် |

လူတို့သည် အိုမင်းကြသည်။ တာဝတိံသာ အောက်နတ်တို့ သည်လည်း အိုမင်းကြသည်။ အကြောင်းမှာ နေ၏ အပူရှိန်ကြောင့် ဥတုမမျှသဖြင့် အိုမင်းကြရ၏။ တာဝတိံသာမှ အထက်တွင်ကား နေမရှိသဖြင့် ဥတုမျှတသောကြောင့် ပုံစံအားဖြင့် အိုခြင်းမရှိကြပေ။

## အာဟာရဇရုပ်စဉ် ဖြစ်ပုံ



## အာဟာရဇ ရုပ်စဉ်ဖြစ်ပုံ

ပဋိသန္ဓေနောက် စိတ်တစ်ခုခုမှ စိတ္တဇရုပ် ဖြစ်ပေါ်ရာတွင် ထိုစိတ္တဇရုပ်ထဲမှ အဝိနိဗ္ဘောဂရုပ် (၈)ခု၌ တေဇောနှင့် ဩဇာပါသည်။ တေဇောမှာ ဥတုဖြစ်၍ ဩဇာမှာ အာဟာရဖြစ်သည်။ ဥတုက ဥတုဇရုပ်များ ပေါက်ဖွား၍ အာဟာရမှ အာဟာရဇရုပ်များ ပေါက်ဖွားသည်။

ဥတုဇရုပ်ထဲတွင် လည်းကောင်း၊ အာဟာရဇရုပ်ထဲတွင် လည်းကောင်း၊ တေဇောနှင့် ဩဇာပါ၏။ ထိုတေဇောနှင့် ဩဇာသည် ဥတုနှင့် အာဟာရဖြစ်၏။ ထိုဥတုနှင့် အာဟာရတို့မှ တဖန် ဥတုဇရုပ်နှင့် အာဟာရရုပ်များ ပေါက်ဖွား ပြန်သည်။

ရုပ်ကလာပ်တခုဖြစ်ပေါ်တိုင်း အဝိနိဗ္ဘောဂ (၈) ခုပါ၏။ ထိုအဝိနိဗ္ဘောဂ (၈) ခုတွင် တေဇောနှင့် ဩဇာသည် အမဖြစ်၏။ ကျန်ရုပ်တို့သည်ကား အဖိုများ ဖြစ်၏။

စိတ်က ရုပ်ကလာပ်ကို ပေါက်ဖွားလျှင် ဥပါဒ်အချိန်မှ ပေါက်၏။ ကံက ရုပ်ကလာပ်ကို ပေါက်ဖွားလျှင် အချိန်ပြည့် ခဏတိုင်း ခဏတိုင်း ပေါက်ဖွါးသည်။

ဥတုနှင့် အာဟာရရုပ်များက ရုပ်ကလာပ်များကို ပေါက်ဖွားလျှင် ကား ဌီ အချိန်မှာ ပေါက်ဖွားသည်။

လူသတ္တဝါများသည် ကံ၏ စီမံကိန်းများကြောင့် ဖြစ်ပေါ်လာရ၏။ မိမိကိုယ်၌က အလုပ်ကောင်းလုပ်ခဲ့လျှင် ကိုယ်ခန္ဓာ အချိုးအစားအရုပ်လှပ၍ အလုပ်ဆိုး လုပ်ခဲ့မိပါက အရုပ်ဆိုးပေမည်။ ကံထဲတွင် ပါဝင်သော တေဇောက ပေါက်ဖွား လာသည်။ ကံက အရင်းခံဖြစ်၏။ ကံက မူရင်းဖြစ်သည့် အတိုင်း အလုပ်ချင်းကွာသည်နှင့် အမျှ လူပုံစံ၊ စိတ်နေစိတ်ထားတို့သည်လည်း မတူနိုင်ပေ။ နား၊ နှာခေါင်း၊ လက်၊ ခြေထောက် စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများတွင်ရှိသော အရေးအသား၊ အကြောင်းရင်းများပင်လျှင် မတူညီနိုင်တော့ပေ။ ထို့ကြောင့် ကံကသာလျှင် စီမံကိန်းချပေးနေသည်။

## ရုပ် (၂၄) ပါးသည် မဟာဘုတ်ရုပ် (၄) ပါးပေါ်တွင်မှုတည်နေကြောင်း

> |||| .. ဘူတရုပ် (၄)
>
> | | | | |
> | | | | |||
> ॥
> |
> |
> |
> |
> ॥
> | | |
> | | | |
>
> (အထက်ပါ ၁၀ ကြောင်းကို ကွင်းဖြင့်ပေါင်း၍) ဥပါဒါရုပ် – ၂၄

ရုပ် (၂၄) ပါးသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဘူတရုပ် (၄) ပါးပေါ်တွင် မှုတည်နေ၏။ ဘူတရုပ်ခေါ်သော မဟာဘုတ်ရုပ် (၄) မျိုးသည်သာလျှင် အမာခံဖြစ်လေသည်။ ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက “ ဘုတ်ကြီးလေးတန်၊ အမာခံ၊ အရံရုပ်သေး၊ နှစ်ဆယ့်လေး” ဟူ၍ မိန့်ဆိုခဲ့ပေသည်။

အဝိနိဗ္ဘောဂရုပ် (၈) ပါးတွင် အမာခံသည် ပထဝီဖြစ်၏။ ကျန် (၇) ပါးသည် ပထဝီပေါ်တွင် မှီနေ၏။ သတ္တဝါတဦး၏ ကိုယ်တွင် လည်းကောင်း၊ အရာဝတ္ထုများတွင် လည်းကောင်း၊ နေရာတိုင်းတွင် ပထဝီသည် အမာခံဖြစ်၏။ ဤနေရာ၌ ပထဝီဟူသည် နောက်ဆုံးပထဝီဖြစ်သော ပရမာဏုမြူတစ်မှုန့် ကိုသာလျှင် ဆိုလို၏။ ထိုပရမာဏုမြူသည် ရုပ်အားဖြင့် အား (၈) အား ပါဝင်နေ သည်။ ပထဝီပေါ်တွင် မှုတည်နေ၏။ ထိုပရမာဏုမြူတွင် တေဇော ခေါ်သော အပူအအေးသည်ရှိ၏။ အပူအအေးနှင့် အမာခံပထဝီကို ဖွဲ့စည်းသော အာပေါလည်း ရှိ၏။ လှုပ်ရှားမှု၊ ငြိမ်သက်မှုဖြစ်သော ဝါယောသည်လည်း ရှိ၏။ ဝဏ္ဏခေါ် အဆင်းသည်လည်းရှိသည်။ ဝဏ္ဏသည်လည်း ပထဝီတွင်သာ မှီနေ သည်။ ဥပမာပြရသော် မြေဖြူခဲတခဲကို ချေပါက

နောက်ဆုံးတွင် ပရမာဏုမြူကို ရပေမည်။ ထိုပရမာဏုမြူတွင်လည်း မြေဖြူခဲကဲ့သို့ အဖြူရောင် ရှိသေး၏။ ထိုအမှုန့်၏ အဖြူရောင်သည် အမှုန့်ကလေးတခုပေါ်တွင်သာ ရှိ၏။ ထို့ကြောင့် အဆင်းခေါ် ဝဏ္ဏသည်လည်း ပထဝီပေါ်တွင်သာ မှီနေပါသည်။

ကံ့ကော်ရွက် ထွက်စတွင် အနီရောင်ရှိသော်လည်း၊ ကြာသော် အစိမ်းရောင်ဖြစ်လာ၏။ ဝဏ္ဏခေါ်သော အနီရောင်၊ အစိမ်းရောင်၊ ပြောင်းလဲခြင်းသည် တေဇာကြောင့်ဖြစ်၏။ တေဇောသည် ပထဝီပေါ်တွင် မူတည်နေ၏။ ပထဝီပေါ်တွင် မှီခိုနေသော တေဇော၏ အားပေးကူညီမှုကြောင့် အရောင်ပြောင်းလဲခြင်းဖြစ်၏။ ထို့ကြောင့် ဝဏ္ဏသည် ပထဝီပေါ်တွင် မှီခိုနေသော်လည်း တေဇောကိုလည်း အားပြုမှီခိုနေသည်။

အစိမ်းရောင်သည် ငြိမ်သောအပေါ်တွင် လည်းကောင်း၊ လှုပ်သောအပေါ်တွင် လည်းကောင်း စိမ်းရ၏၊ ဝါယောဖြစ်သည်။ အစိမ်းရောင်နှင့် ပထဝီအမာဓာတ်ကွဲမသွားစေရန် အာပေါကိုလည်း အမှီပြုနေရသည်။

ထို့ကြောင့် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်စသည့် ဝဏ္ဏသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော မဟာဘုတ်လေးပါးပေါ်တွင် မှီခို နေသည်။ တေဇောအားသည် အရောင်ပြောင်းလဲသည့် နေရာတွင် အင်အားအကြီးဆုံးဖြစ်၏။ လူတို့သည်လည်း တေဇောကြောင့် အဆင်းသဏ္ဌာန်များ ရွေ့လျားပြောင်းလဲလာရသည်။ ပထဝီသည် အမာခံ ပြောင်းလဲလာရသောကြောင့် အရေးကြီး၏။ မဟာဘုတ်ရုပ်ကြီးလေးပါးသည် သူ့နေရာနှင့်သူ အရေးကြီးကြသည်။

ဝဏ္ဏသည် မဟာဘုတ်လေးပါးပေါ်တွင် မှီခိုနေသကဲ့သို့ ထို့အတူပင် ကျန်သော ရုပ် (၂၃) ပါးသည်လည်း မဟာဘုတ်ရုပ်လေးပါးပေါ်တွင် မှီခိုမူတည်နေသည်။

## ဩဇာရုပ်

ရုပ်ကလာပ်မှုန့်ရှိတိုင်း ဩဇာရှိ၏။ ဩဇာသည် မည်သည့် နေရာတွင် မဆိုရှိသည်။ အဝိနိဗ္ဘောဂရုပ် (၈) ပါးတွင် ပါဝင်နေသည်။

လူ၏ ခန္ဓာကိုယ်ထဲတွင် ဩဇာရှိ၏။ သက်ရှိတွင် ရှိသော ဩဇာသည် အဇ္ဈတ္တဩဇာဖြစ်၍ သက်မဲ့တွင် ရှိသော ဩဇာသည် ဗဟိဒ္ဓဩဇာဖြစ်သည်။

ဩဇာ

| အဇ္ဈတ္တဩဇာ | ဗဟိဒ္ဓဩဇာ |
| --- | --- |
| သက်ရှိ | သက်မဲ့ |

**မည်သည့်ဩဇာက ရုပ်ကလာပ်ကို ပေါက်ဖွားပေးနိုင်ကြောင်း**

အဇ္ဈတ္တဩဇာနှင့် ဗဟိဒ္ဓဩဇာတွင် အဇ္ဈတ္တဩဇာကသာ ရုပ်ကလာပ်ကို ပေါက်ဖွားပေးနိုင်သည်။ ဗဟိဒ္ဓဩဇာက ရုပ်ကလာပ်ကို မပေါက်ပွားစေနိုင်ပေ။ သို့သော် အဇ္ဈတ္တဩဇာသည် ရုပ်ကလာပ်ကို ပေါက်ဖွားရာတွင် ဗဟိဒ္ဓဩဇာ၏ အကူအညီကို ယူရသည်။

အကျွန်ုပ်တို့သည် အာဟာရအလို့ငှာ ထမင်းစားကြ၏။ ထမင်းသည် ဗဟိဒ္ဓဩဇာဖြစ်၏။ အကျွန်ုပ်တို့၏ ကိုယ်တွင်းတွင်ရှိသော အဇ္ဈတ္တဩဇာရုပ်ကလာပ်များကို ပေါက်ဖွားပေးနိုင်ရန် ထမင်းဟူသည့် ဗဟိဒ္ဓဩဇာက အကူအညီပေးနေရ၏။ ဗဟိဒ္ဓဩဇာ၏ အကူအညီမရသော် အဇ္ဈတ္တဩဇာသည် ရုပ်ကလာပ်များကို မပေါက်ဖွား နိုင်တော့ပေ။ ထိုအခါ အကျွန်ုပ်တို့သည် အားအင်ကုန်ခန်းချည့်နဲ့လာရသည်။

ဥပမာ ပြရသော် မျို့စေ့သည် အပင်ကို ပေါက်နိုင်စေ၏။ မျိုးစေ့သည် အဇ္ဈတ္တဩဇာနှင့်တူသည်။ သို့သော် မိုးရေမရရှိပါက မျိုးစေ့ပင်လျှင် အပင်မပေါက်နိုင်ပေ၊ မိုးရေသည်ဗဟိဒ္ဓဩဇာနှင့်တူ၏။ မိုးရေမရရှိသောကြောင့် မျိုးစေ့များ မပေါက်နိုင်သကဲ့သို့ ဗဟိဒ္ဓဩဇာ မရလျှင်လည်း အဇ္ဈတ္တဩဇာသည် ရုပ်ကလာပ်များကို မပေါက်ပွားစေနိုင်ပါ။

ဗဟိဒ္ဓဩဇာ၏ အရင်းခံသည် ဥတုဖြစ်၍ အဇ္ဈတ္တဩဇာ၏ အရင်းခံသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဖြစ်သည်။

**သန္တတိပညတ်နှင့် သဏ္ဌာန ပညတ်**

ဝိပဿနာတရားအားထုတ်ပါက စိတ်၊ ရုပ်တို့၏ ပေါ်ပေါက်ပုံ၊ ဖြစ်ပုံ၊ ပျက်ပုံ၊ အတည်အကျမရှိဘဲ တဖွားဖွားပေါ်၊ ဖြစ်ပျက်နေကြောင်း တွေ့ရပေမည်။

လူတိုင်း၏ ကိုယ်တွင် ရှိသော စိတ်နှင့် ရုပ်တို့သည် အတည်အကျမရှိပေ။ တဖွားဖွားပေါ်၍ တဖြတ်ဖြတ် ကူးပြောင်းနေ၏။ သို့သော်လည်း ထိုသို့တဖွားဖွားပေါ်၊ ဖြစ်၊ ပျက်နေကြောင်း မသိဘဲ သန္တတိပညတ်က ဖုံးလွှမ်းထားသောကြောင့် အစဉ်တစိုက် တည်နေသည်ဟု ထင်နေကြ၏။ သန္တတိပညတ်က ဖုံးလွှမ်းထားသောကြောင့် စိတ်၊ ရုပ်တို့ ပြောင်းလဲပုံကို မသိကြပေ။

ဥပမာ ။ ။ ညအခါ၌ အကျွန်ုပ်တို့ အသုံးပြုသော လျှပ်စစ်မီးလုံးများတွင် စီးဆင်းနေသော လျှပ်စစ်ဓာတ်အားသည် အဆက်မပြတ် ဖြစ်ပေါ်နေသည် မဟုတ်ပေ။ ဖြတ်ဖြတ်ဖြတ်ဖြတ်နှင့် ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်နေ၏။ အဟောင်းတခုပျောက်၊ အသစ်တခုပေါ်၊ အဟောင်းပျောက်၊ အသစ်ပေါ်နေ၏။

ဆီမီးတောက်မီးလျှံနှင့်လည်း ဥပမာ ပေးနိုင်သေး၏။ ဆီထဲတွင် ရေမှုန် ရေမွှားကလေးများ ရှိ၏။ ထိုရေမှုန်ရေမွှားကလေးများသည် အခိုးထဲသို့ ထွက်သွား၏။ အသစ်တဖန်ပေါ်လာသည်။ ရှေ့နောက်အစဉ်အဆက် ကူးပြောင်းနေ၏။ သန္တတိပညတ်က ဖုံးလွှမ်းထားသောကြောင့်သာ အစဉ်တစိုက် ဖြစ်နေသည်ဟု ထင်နေ၏။

မီးတောက်သည် ပုံစံအားဖြင့် လုံးလုံးရှည်ရှည် ချွန်ချွန်ဖြစ်နေ၏။ သဏ္ဌာနပညတ်ဟုခေါ်သည်။ မီးမှုန်မီးမွှားကလေးမှန်း မသိဘဲ မီးတောက်ဟုပင် ထင်မှတ်၏။ သဏ္ဌာနပညတ်က ဖုံးလွှမ်းထားသောကြောင့် ဖြစ်သည်။ မီးမှုန့်ကလေးများသည် တခုပြီးတခု ဖြစ်ပျက်နေမှန်း မသိဘဲ၊ အစဉ်အစဉ် ဖြစ်ပျက်နေမှန်း မသိဘဲ တခုတည်း ဖြစ်ပေါ်နေသည်ဟု ထင်မှတ်ခြင်းသည် သန္တတိပညတ်က ဖုံးထားသောကြောင့်ဖြစ်၏။

မီးတောက်ကြီး ငြိမ်းမသွားစေရန် ဆီကို ထပ်ထပ် ထည့်ပေးရ၏။ လူ၏ခန္ဓာကိုယ်ကိုလည်း မပျက်စီးစေရန်၊ အသက်ရှည်စေရန်၊ အာဟာရ ထပ်ထည့် ပေးရသည်။

မီးမှုန်များကို ဆီကရ၏။ လူ၏ ကိုယ်ထဲမှ အမှုန်အမွှားများကို ကံ၊ စိတ်၊ ဥတု၊ အာဟာရ မှ ရသည်။

မြစ်ရေအလျဉ်နှင့်လည်း ဥပမာ ပေးနိုင်သေးသည်။ မြစ်ရေပြင်ကြီးဟု ထင်နေခြင်းသည် အကယ်စင်စစ် ရေပြင်ကြီးမဟုတ်ပေ။ မမြင်နိုင်လောက်သော အမှုန်အမွှားကလေးများသာ ဖြစ်၏။ အမှုန်အမွှားကလေး မြောက်မြားစွာ စုပေါင်းသော် ရေပြင်ကဲ့သို့ ဖြစ်နေသည်။

မြစ်ရေသည် တစက္ကန့်နှင့် တစက္ကန့်မတူပေ၊ ရွေ့လျားနေသည်။ သောတဟု ခေါ်၏။ စင်စစ်ကား ရေမှုန်ရေမွှားကလေးများသည် တရွေ့ရွေ့ စီးဆင်းနေခြင်းဖြစ်သည်။

ရေမှုန် ရေမွှားကလေးများဟု မထင်ဘဲ ရေပြင်ကြီး ရေထုကြီးဟု ထင်စေရန် သဏ္ဌာန ပညတ်က ဖုံးထား၍ ပြောင်းလဲမှုမရှိဘဲ အစဉ်ဖြစ်နေသည်ဟု ထင်စေရန်၊ သန္တတိပညတ်က ဖုံးထားသည်။

## စိတ်သက်နှင့် ရုပ်သက်

အာရုံရုပ်



ပသာဒရုပ်

ဥပါဒ် ဋ္ဌီ ဘင်

ရုပ်တခုသည် စိတ္တက္ခဏ (၁၇)ခုစာ ကြာမှပျက်၏။

ရုပ် ၁ – ကြိမ် ----- စိတ် ၁၇ – ကြိမ်

ဥပါဒ် ဋ္ဌီ ဘင် (၃) ခု ပေါင်းကို ခဏကြီး (၁) ဟုခေါ်၏။

ဥပါဒ် ဋ္ဌီ၊ ဘင် -------- ခဏကြီး (၁)

ဥပါဒ် (၁) ၊ ဋ္ဌီ (၁) ၊ ဘင် (၁) ခုစီကို ခဏငယ် (၁) ခုစီဟုခေါ်၏။

ဥပါဒ် ၁ = ခဏငယ် (၁)

ဋ္ဌီ ၁ = ခဏငယ် (၁)

ဘင် ၁ = ခဏငယ် (၁)

ခဏငယ် ၃ = ခဏကြီး (၁)

ရုပ်တခုမှာ ခဏကြီး (၁) ၊ ခဏငယ် (၃) ခု ရှိ၏။ စိတ်တခုမှာလည်း ခဏကြီး(၁) ၊ ခဏငယ် (၃) ခု ရှိ၏။ ရုပ်တခု၏ ခဏကြီး (၁) သည် စိတ်တခု ၏ ခဏကြီး (၁၇) ခု နှင့်ညီမျှ၏။

စိတ်မှာ ဥပါဒ်ခဏ၊ ဋ္ဌီခဏ၊ ဘင်ခဏ သည်ညီမျှ၍ တို၏။ ရုပ်မှာ ဥပါဒ်ခဏနှင့် ဘင်ခဏသည်တို၍ ဋ္ဌီခဏသည်ရှည်၏။

ရုပ်၏ ဥပါဒ်ခဏသည် စိတ်၏ ဥပါဒ်ခဏနှင့် ညီမျှ၏။ ရုပ်၏ ဘင်ခဏသည် စိတ်၏ ဘင်ခဏနှင့် ညီမျှသည်။ ရုပ်၏ ဋ္ဌီခဏသည် ရှည်သော ကြောင့် စိတ်၏ ခဏငယ် (၄၉) ခုစာ ကြာအောင် ရှည်၏။

ရုပ်၏ဥပါဒ်ခဏ = စိတ်၏ ဥပါဒ်ခဏ

ရုပ်၏ဘင်ခဏ = စိတ်၏ ဘင်ခဏ

ရုပ်၏ဋ္ဌီခဏ = စိတ်၏ ခဏငယ် (၄၉)

DONATED BY



* INTERNATIONAL BUDDHISM CULTURE DIRECTOR ASSOCIATION
* THE MYANMAR HONOURABLE AMBASSADOR OF KOREA
* KOREA MYANMAR FRIENDSHIP INTERCHANGE FEDERATION

**CHAIRMAN**
**MOK TAK-HYE EUN**

#449-4 Seokyo-Dong,Mapo-gu,Seoul 121-210, Korea
TEL : 82-2-338-2158, 338-0567, 325-3315
FAX : 82-2-322-0170
H.P : 011-229-6061
E-mail : moktak 1 @ korea.com